United Nations
Educational, Scientific and
Cultural Organization

open access

# ဇာတ်လမ်းအခြေပြု ထောက်လှမ်းရေးသားခြင်း

## စုံစမ်းထောက်လှမ်းခြင်း အထူးပြု ဂျာနယ်လစ်များလက်စွဲ

BY MARK LEE HUNTER နှင့် အတူ Nils Hanson ၊ Rana Sabbagh ၊, Luuk Sengers၊, Drew Sullivan ၊, Flemming Tait Svith ၊ Pia Thordsen တို့ပါဝင်ရေးသားကြသည်။

ဘာသာပြန်ခြင်းနှင့် ပုံနှိပ်ခြင်းကို ၏အကူအညီဖြင့်ဆောင်ရွက်ပါသည်။

မာတိကာ


အဖွင့်
ဇာတ်လမ်းအခြေပြုထောက်လှမ်းရေးသားခြင်း
စုံစမ်းထောက်လှမ်းအထူးပြုဂျာနယ်လစ်များလက်စွဲ
(ယားနစ်ကာ့ကလင်စ်) ဆယ်သွယ်ရေးနှင့်သတင်းအချက်အလက်ဌာန၊ လက်ထောက်အထွေထွေညွှန်ကြားရေးမှူး၊ ယူနက်စကို

မိတ်ဆက်
Mark Lee Hunter
YousriFouda (အယ်ဂျာဇီးရားရုပ်သံစုံစမ်းထောက်လှမ်းရေးအထူးပြုသတင်းထောက်ချုပ်) ၏အမှာစာ(စာ..)

အခန်း (၁)
စုံစမ်းထောက်လှမ်းရေးသတင်းစာပညာဆိုတာဘာလဲ။ စုံစမ်းထောက်လှမ်းရေး အခြေပြုသတင်းနှင့်အခြားသတင်းများမတူကြပါ။
Mark Lee Hunter and Nils Hanson

အခန်း (၂)
ကြိုတင်မျှော်မှန်းတွေးဆခြင်း။ ကြိုတင်မျှော်မှန်းတွေးဆမှုကိုအသုံးပြုခြင်း - စုံစမ်းထောက်လှမ်းခြင်း၏ ဗဟိုချက်
Mark Lee Hunter, LuukSengers နှင့် PiaThordsen

အခန်း (၃)
အထောက်အထားခိုင်လုံအောင်ဆန်းစစ်ခြင်း။
ဖွင့်ထားသော တံခါးများမှဝင်ခြင်း ၊ နောက်ခံအချက်အလက်များကိုရှာဖွေခြင်းနှင့်တွေ့ရှိမှုများကိုသုံးသပ်ခြင်း
Mark Lee Hunter

အခန်း (၄)
လူသားသတင်းရင်းမြစ်များကိုအသုံးပြုခြင်း
Nils Hanson နှင့် Mark Lee Hunter

အခန်း (၅)
အောင်မြင်သည့်အရေးအသားဖန်တီးရေးအတွက်အချက်အလက်များကိုဖွဲ့စည်းခြင်း
Mark Lee Hunter နှင့် Flemming Svith

အခန်း (၆)
ရေးသားခြင်း
Mark Lee Hunter

အခန်း (၇)
စာမူစစ်ဆေးခြင်း
စာမူအရည်အသွေးစစ်ဆေးရာတွင်သုံးသောနည်းလမ်းများနှင့်စောင့်ထိန်းရမည့် ကျင့်ဝတ်များ
Nils Hanson, Mark Lee Hunter, PiaThordsenESifh Drew Sulliva

အခန်း (၈)
စာမူကိုပုံနှိပ်ခြင်း
Mark Lee Hunter ရေးသားသည်။



ပုံနှိပ်ထုတ်ဝေသူ
ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့၊ ဆယ်သွယ်ရေးနှင့်သတင်းအချက်အလက်ကဏ္ဍ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး
1, rueMiollis 75732 Paris Cedex 15 France
HYPERLINK "http://www.unesco.org/webworld"
http://www.unesco.org/webworld
UNESCO ပုံနှိပ်ထုတ်ဝေရေး www.unewco.org/publishing


မူပိုင်ခွင့်© UNESCO 2011


ISBN 9 789231 041891


ယခုစာအုပ်ပါစာရေးသူတို့၏အရေးအသားများတွင်နိုင်ငံတစ်နိုင်ငံ၊ နယ်မြေတစ်ခု၊ မြို့တစ်မြို့၏ တရားဝင်ရပ်တည်မှုကိုလည်းကောင်း သို့မဟုတ်ထိုနေရာများမှအုပ်ချုပ်သူများ၏ တရားဝင်အဆင့်အတန်းကို လည်းကောင်း၊ ထိုနေရာများ၏နယ်နိမိတ်သတ်မှတ်ချက်များနှင့်ပတ်သက်၍သော်လည်းကောင်း အမည်နာမများနှင့်ရည်ညွှန်းဖော်ပြချက်များသည်ပါရှိခဲ့လျှင်ထိုအသုံးအနှုန်းများမှာ ယူနက်စကို၏ ရပ်တည်မှုနှင့်မည်သို့မျှသက်ဆိုင်ခြင်းမရှိပါကြောင်းရှင်းလင်းလိုပါသည်။ ယခုစာအုပ်တွင်ဖော်ပြထားသည့်အချက်အလက်များအတွက်စာရေးသူများတွင်သာ တာဝန်ရှိပြီး စာစုတိုင်းမှာ ယူနက်စကို၏ အမြင်များ မဟုတ်ယူနိုင်ပါ။



မျက်နှာဖုံးဒီဇိုင်း - Anne Barcat

ဘာသာပြန်သူ - နွဲ့ကေခိုင်

ပုံနှိပ်ထုတ်ဝေသူ- UNESCO

## ဇာတ်လမ်းအခြေပြုထောက်လှမ်းရေးသားခြင်း
## စုံစမ်းထောက်လှမ်းအထူးပြုဂျာနယ်လစ်များလက်စွဲ

မီဒီယာများ၏ တာန်ခံမှု၊ အဆင့်အတန်းမြင့်မားစွာ တာဝန်ကျေပြွန်နိုင်မှု၊ကျင့်ဝတ်စောင့်ထိန်းမှုများနှင့် ပတ်သက်ပြီး အခြေအတင် ဆွေးနွေးငြင်းခုံမှုများ ပေါ်ထွက်လာနိုင်အောင် ယူနက်စကိုအနေဖြင့် မပြတ်အားထုတ်လျှက် ရှိပါသည်။ ဂျာနယ်လစ်များသည်၎င်းတို့၏ လုပ်ငန်းကို မည်သို့ အကောင်းဆုံး ဆောင်ရွက်နိုင်မည်ဆိုသည်ကို ထိုဆွေးနွေးမှုများက လမ်းညွှန်ပေးသွားမည်ဟုလည်း ယုံကြည်သည်။ အာရပ်ဒေသ စုံစမ်းထောက်လှမ်းရေးအထူးပြု ဂျာနယ်လစ်များနှင့် ပူးပေါင်းကာ ၂၀၀၉ ခုနှစ်တွင် ယူနက်စကိုက အာရပ်ဘာသာဖြင့် စုံစမ်း ထောက်လှမ်းရေးအထူးပြု ဂျာနယ်လစ်များလက်စွဲ စာအုပ်ကို မိတ်ဆက်ခဲ့ပါသည်။ ထိုစာအုပ်၏ အမည်မှာ “ဇာတ်လမ်းအခြေပြု ထောက်လှမ်းရေးသားခြင်း - စုံစမ်းထောက်လှမ်းရေးအထူးပြုဂျာနယ်လစ်များလက်စွဲ ”ဟု အမည်ရသည်။ စုံစမ်းထောက်လှမ်းရေး အထူးပြုသတင်းစာပညာဟူသော သဘောတွင် အာဏာလက်ကိုင်ရှိသူတစ်ဦးက အခြားသူများ မသိနိုင်အောင် ဖုံးကွယ်ထားသော အရေးကိစ္စများကို ဖော်ထုတ်ခြင်း၊ သို့မဟုတ် ထိုသူက မရည်ရွယ်ထားသော်လည်း ဖုံးကွယ်ထားသကဲ့သို့ ရှိနေသည့် သတင်းများကို စုံစမ်းထောက်လှမ်းခြင်းများပါဝင်သည်။ ထိုကဲ့သို့သော လျှို့ဝှက်မှုများ၏ နောက်ကွယ်တွင် တပုံတပင်ရှိနေတတ်သော ရှုပ်ထွေးသည့် အကြောင်းအရာများ၊ အခြေအနေများကို ကျိုးကြောင်းဆင်ခြင်သုံးသပ်ကာ အများပြည်သူထံသို့အရောက် ဖွင့်ထုတ်တင်ပြခြင်းဖြစ်သည်။ ဤနည်းအားဖြင့် စုံစမ်းထောက်လမ်းရေးအထူးပြု သတင်းစာပညာသည် ယူနက်စကိုကအလေးထားလှုပ်ရှားနေသည့် မီဒီယာ လွပ်လပ်ခွင့်နှင့် ပြည်သူတို့၏ ကြားသိပိုင်ခွင့်အတွက် အရေးပါသော အခန်းကဏ္ဍမှ အကျိုးပြုနေပါသည်။ မီဒီယာက ပြည်စောင့်ခွေးအဖြစ် ထမ်းဆောင်ရန် တာဝန်ယူရခြင်းမှာ ဒီမိုကရေစီစနစ်တစ်ခု၏ သဘောသဘာဝပင် ဖြစ်သည်။ ထို့ကြောင့်ပင် ယူနက်စကိုအနေဖြင့် ကမ္ဘာအရပ်ရပ်တွင် စုံစမ်းထောက်လှမ်းရေးအထူးပြု သတင်းစာပညာက အားကောင်းလာစေရေးအတွက် အပြည့်အဝ ကူညီအားပေးလျက် ရှိပါသည်။ ယခု ထုတ်ဝေလိုက်သော စာအုပ်မှာလည်း စုံစမ်းထောက်လှမ်းရေး အထူးပြုသတင်းစာပညာ ပြန့်ပွားရေးအတွက် အရေးပါသော အထောက်အပံ့တစ်ခုဖြစ်မည်ဟု ယုံကြည်ပါသည်။ ဂျာနယ်လစ်များနှင့် မီဒီယာသမားများ၊ ဂျာနယ်မီဒီယာသင်တန်းပေးသူများအတွက် ဤစာအုပ်တွင် တန်ဖိုးရှိသော အကြောင်းအရာများ ပါဝင်နေမည်ဟု မျှော်လင့်ပါသည်။

ယားနစ်ကာ့ကလင်စ်

ဆယ်သွယ်ရေးနှင့် သတင်းအချက်အလက်ဌာန၊ လက်ထောက်အထွေထွေ ညွှန်ကြားရေးမှူး၊ ယူနက်စကို

# " ဇာတ်လမ်းအခြေပြုထောက်လှမ်းရေးသားခြင်း စုံစမ်းထောက်လှမ်းရေးအထူးပြုဂျာနယ်လစ်များလက်စွဲ "

ယခုလက်စွဲစာအုပ်တွင် စုံစမ်းထောက်လှမ်းရေး အထူးပြုသတင်းစာပညာ၏ အခြေခံနည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများကို လမ်းညွှန်ဆွေးနွေးသွားမည်ဖြစ်သည်။ စုံစမ်းထောက်လမ်းရေးအထူးပြုသတင်းစာပညာဘာသာရပ်တွင် လစ်ဟာနေသော စာအုပ်စာတမ်းလိုအပ်ချက်တစ်ခုကိုလည်း ဤစာအုပ်က ဖြည့်ဆည်းနိုင်ပါလိမ့်မည်။ စုံစမ်းထောက်လှမ်းရေး အထူးပြုသတင်းစာပညာလက်စွဲအများစုမှာ သတင်းအချက်အလက်ကို မည်သို့မည်ပုံ ရှာဖွေရမည်ဟူသော သင်ခန်းစာအပေါ်တွင် များစွာနေရာပေးလေ့ရှိကြသည်။ သတင်းထောက်တစ်ဦး အနေဖြင့် မိမိတို့ရှာဖွေနေသော သတင်းအချက်အလက်ကို ရှာဖွေ တွေ့ရှိသွားသည်နှင့် တစ်ပြိုင်နက် ထိုသတင်းကို ရေးသားနိုင်ပြီဟု ထင်မှတ်နေပုံ ရသည်။ ယခု စာအုပ်ကမူ ထိုနည်းမျိုးကို မညွှန်းပေ။ ဤစာရေးသူများကမူ သတင်းအချက်အလက်ကို လိုက်ရှာရခြင်းသည် အရေးအကြီးဆုံးဟု မမှတ်ယူပေ။ ထို့ထက် ပို၍ အဓိကကျသည်မှာ သတင်းထောက်များအနေဖြင့် မိမိတို့ တွေ့ရှိချက်များအား ဖွဲ့ပုံ ဖွဲ့နည်းဖြစ်သည်။ ဤအချက်ကြောင့်ပင် ယခုစာအုပ်မှာ တင်ဆက်ပုံအားဖြင့် ကြည့်လျှင် ထူးခြားသည်ဟု ဆိုနိုင်သည်။

ဖြစ်ရပ်များနှင့် ဇာတ်လမ်းများသည် စုံစမ်းထောက်လှမ်းသော လုပ်ငန်းစဉ် တစ်လျှောက် အဆင့်တိုင်းကို တွဲချိတ်ပေးသော အင်္ဂတေ အုတ်မြစ်များ ဖြစ်လာကြသည်။ သတင်းတစ်ပုဒ်အတွက် စုံစမ်းထောက်လှမ်းရေး စတင်ချိန်ကပင် ပြုလုပ်ရသော သုတေသနများ၊ ရှာဖွေတွေ့ရှိချက်ကို ရေးသားမှုများ၊ တည်းဖြတ်ပြင်ဆင်ခြင်းဖြင့် တန်ဖိုးတက်စေခြင်းများ၊ ပုံနှိပ်ထုတ်ဝေခြင်းများ ပြုလုပ်သည့်အဆင့်တိုင်းအတွက် ဇာတ်လမ်းများမှာ သတင်း၏ ကျောရိုးမကြီးပင်ဖြစ်သည်။ ထိုနည်းလမ်းမျိုးကို စာရေးသူအနေဖြင့် ဇာတ်လမ်းတစ်ခုကို လေ့လာဖော်ထုတ်နေစဉ် မိမိတွေ့ရှိနိုင်သည့် ရလဒ်ကို ကြိုတင်မှန်းဆပြီး ထိုမှန်းဆချက်ကိုအခြေခံကာတည်ဆောက်ထားသော စုံစမ်းနည်းမျိုးဟု ခေါ်ဆိုလိုသည်။ အဘယ့်ကြောင့်ဆိုသော် သတင်းထောက်အနေနှင့် မိမိရေးမည်ဟု ဆုံးဖြတ်ထားသော အကြောင်းအရာအတွက် အချက်အလက် ရှာဖွေစီကုံးရာတွင် စုံစမ်းထောက်လှမ်းမှု၏ ရလဒ်ကို ကြိုတင်မှန်းဆထားပြီးဖြစ်သောကြောင့်ဖြစ်သည်။ သို့သော် ထိုမှန်းဆချက်အတိုင်း ဖြစ်နေမည်လောဟူသော သဘောထားဖြင့် သတင်းကို စုံစမ်းနေသော်လည်း လက်တွေ့တွင်မူ မိမိစိတ်မှန်းမှာ တကယ့်အဖြစ်နှင့် လွဲကောင်းလွဲမည်ကိုလည်းကောင်း၊ တည့်တည့်ပင်မှန်ကောင်း မှန်နေလိမ့်မည်ဆိုသော အချက်ကိုလည်းကောင်း လက်ခံထားသည်။ သတင်း တစ်ပုဒ်ကို ထောက်လှမ်းရာတွင် အဆင့်ဆင့် ဆောင်ရွက်ရသော ဖြစ်စဉ်တစ်ခုတွင် ဇာတ်လမ်း၏ ဖြစ်နိုင်ခြေကို မှန်းဆထားရခြင်းက ပထမဆုံး ခြေလှမ်းဟု ဆိုနိုင်ပေသည်။ထိုချည်းကပ်ပုံမျိုးကို အောက်ပါလုပ်ငန်းအဆင့်ဆင့်တွင် မြင်နိုင်ပါသည်။

- ဇာတ်လမ်း၏ ကျောရိုးကို အတွေးဖြင့် မှန်းဆထားခြင်းအားဖြင့် သတင်းထောက်သည် မိမိရွေးချယ်ထားသော သတင်းအတွက် လိုအပ်သောအချက်များကို မည်သည့်နေရာမှ ရှာရမည်ကို အလွယ်တကူ သိနိုင်သည်။ ဇာတ်လမ်းမှ ဖြစ်နိုင်ခြေများကို ကြိုတင်တွက်ဆထားနိုင်ခြင်းအားဖြင့် အယ်ဒီတာများအနေဖြင့် ဤသတင်းကို ဖော်ထုတ်ရန် ဖြစ်နိုင်၏၊ မဖြစ်နိုင်အခြေအနေကိုလည်းကောင်း၊ ကုန်ကျစရိတ်ကိုလည်းကောင်း၊ မည်သို့အကျိုးရှိနိုင်သည်ကို လည်းကောင်း၊ စုံစမ်းဖော်ထုတ်ရန် နည်းများကိုလည်းကောင်း တွက်ဆနိုင်ကြမည်ဖြစ်သည်။
- ထောက်လှမ်းမှုအတွက် လိုအပ်သော သုတေသန၊ လုပ်ငန်းစဉ်များတွင် သတင်းထောက်၊ သို့မဟုတ် စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် မိမိတို့သတင်း စီကုံးရေးသားရာတွင် လိုအပ်သောအမည်၊ အချက်အလက် မှန်သမျှကို စုဆောင်းကြရမည်။ သတင်းတစ်ပုဒ်ဖြစ်မြောက်လာရေးအတွက် မိမိတို့သက်ဆိုင်ရာ အပိုင်းကို ကိုယ်စီ စုဆောင်းရေးသားကြရသည်။
- တစ်ချိန်တည်းတွင် သတင်းတန်ဖိုးမြင့်မားစေရေးအတွက် အရေးအသားများကို စစ်ဆေးနိုင်ကြပြီး ကျင့်ဝတ်အရသော်လည်းကောင်း၊ ဥပဒေအကြောင်းအရသော်လည်းကောင်း၊ အငြိအစွန်းမရှိစေအောင် စိစစ်ကြရမည်။

- နောက်ဆုံးအဆင့်တွင် ရေးသားထားသော သတင်းတစ်ခုလုံးကို လူအများစိတ်ဝင်စားမှုကို ချက်ချင်းဆွဲယူနိုင်သည့် ဝါကျများဖြင့် အတိုချုံး စီကုံးရေးသားကြရမည်။ ထိုအခါ မိမိတို့ စုံစမ်းဖေါ်ထုတ်ထားသော ဇာတ်လမ်းမှာ သတင်းတန်ဖိုးအရ အများက ဖတ်ချင်သော၊ သတင်းထောက်များအတွက် ဘေးကင်းသော၊ လူပြောစမှတ်တွင်လောက်အောင် မှတ်မှတ်ရရဖြစ်စေသော သတင်းတစ်ပုဒ်အဖြစ် ပေါ်လွင်လာပြီဖြစ်သည်။

သတင်းဖြစ်ရပ်များကို ကြိုတင်တွေးဆချက်များအပေါ်အခြေခံကာ စုံစမ်းထောက်လှမ်းသည်ဟုဆိုရာတွင် မိမိတို့ကြုံရာကျပန်း စိတ်ကူးရသလို မိမိဘာသာဇာတ်လမ်းကို တီထွင်လိုက်ခြင်းမျိုးကို ဆိုလိုသည်မဟုတ်ပေ။ စုံစမ်းဖော်ထုတ်မှုရလာဒ်ကို စုံစမ်းမှုမစတင်မီကပင် ကြိုတင်မှန်းဆတွေးတောထားခြင်းကို လုပ်ငန်းရှင်ကြီးများက သုံးလေ့ရှိကြသည်။ စီးပွားရေး အတိုင်ပင်ခံလုပ်ငန်းများတွင်လည်းကောင်း၊ လူမှုရေး သိပ္ပံဆိုင်ရာ သုတေသနများတွင်လည်းကောင်း၊ ပြည်သူ့ရဲလုပ်ငန်းများတွင်လည်းကောင်း ကျယ်ပြန့်စွာ အသုံးပြုကြပါသည်။ စုံစမ်းထောက်လှမ်းရေး အထူးပြုသတင်းရေးနည်းဖြင့် သတင်းလိုက်ရာတွင် လိုရာခရီး ရောက်နိုင်စေရန်အတွက် ထိုသုတေသန ဆောင်ရွက်မှုများတွင် ကြိုတင်တွေးတောမှန်းဆချက် (hypothesis) များကို သုံးသကဲ့သို့ပင် ထိုနည်းကို သတင်းစာပညာတွင် သုံးလိုက်ခြင်းဖြစ်ပါသည်။ အသုံးမကျသည့် ကိစ္စများကိုရှောင်နိုင်သည့် အခြေအနေများရှိပါလျက်နှင့် လျစ်လျူရှုထားခြင်းများဖြင့် ပြည့်သော ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲရန် ဦးတည်ထားသည့် သတင်းစာပညာ ဖြစ်သောကြောင့်ပင်။

ဤကဲ့သို့သော နည်းလမ်းကို အသုံးပြုရန်ကြိုးစားခဲ့သည့်ခရီးမှာ ရှည်လျားခဲ့ပြီး မိမိတို့နှင့် အတူဆောင်ရွက်ခဲ့သော လုပ်ဖော်ကိုင်ဖက်များ၏ ဝိုင်းဝန်းအားထုတ်မှုကြောင့်လည်း ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။ ၁၉၉၀ တွင် စာရေးသူက ပြင်သစ်နှင့် အမေရိကမှ စုံစမ်းထောက်လှမ်းရေးသတင်းရေသားနည်းများကို နှိုင်းယှဉ် သုံးသပ်သော ပါရဂူဘွဲ့စာတမ်း တစ်စောင်ကို လုပ်ငန်းအတွေ့အကြုံရှိသူ ဘွဲ့လွန်ကျောင်းသားတစ်ဦးအဖြစ် ရေးသားခဲ့ခြင်းမှ အစပြုခဲ့သည်။ ထိုစဉ်က Francis Balle ၏ ကြီးကြပ်မှုအောက်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုစာတမ်းရေးသားခြင်းကြောင့်ပင် နောက်တွင် ပဲရစ် တက္ကသိုလ်၏ Institut Francis De Press တွင် ရာထူးတစ်ခုရလာခဲ့ပြီး နောက်ထပ် ၁၂ နှစ်တာ ကာလလုံးတွင် ရက်ရောပျူငှာသော၊ လှိုက်လှိုက်လှဲလှဲ လက်တွဲခဲ့ကြသော လုပ်ဖော်ကိုင်ဖက်များနှင့် အတူ လုပ်ငန်း ဆောင်ရွက်ခွင့် ရခဲ့သည်။ အားတက်သရော ရှိလှသော မဟာတန်းကျောင်းသားများတို့ကြောင့်ပင်လျှင် ယခုလက်စွဲတွင် တင်ပြထားသော နည်းလမ်းများကို လက်တွေ့ကိစ္စများတွင် စမ်းသပ်လေ့ကျင့်မှုအနေဖြင့် အသုံးပြုနိုင်ရန် အကြောင်းဖန်လာခဲ့သည်။ သတင်းထောက် တစ်ဦးတည်းက စမ်းသပ်ရုံမျှဖြင့် မလုံလောက်နိုင်သော အနေအထားမျိုးတွင် သူတို့အကူအညီက အရေးပါခဲ့သည်။

စာရေးသူအတွက်၂၀၀၁ ခုနှစ်မှာ စာပို့ချမှုမှ အနားယူနိုင်ပြီး မိမိကြိုက်ရာလေ့လာမှုတစ်ခုခုကို ပြုလုပ်နိုင်သော အခွင့်အရေး ရလိမ့်မည်ဟု ထင်ထားသောနှစ်ဖြစ်သည်။ INSEAD ကမ္ဘာ့စီးပွားရေးကျောင်းသို့ ရောက်ရှိနေသော နှစ်လည်းဖြစ်သည်။ သုတေသနနှင့်ဆိုင်သော ယာယီ အလုပ်တစ်ခုကို လက်ခံထားရာမှ တွဲဖက်ပါမောက္ခတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရန် အကြောင်းဖန်လာခဲ့သည်။ ထိုအခြေအနေများကြောင့်ပင် Yves Doz, Luk Van Wassenhove, Ludo Van der Hayden, Kevin Kaiser နှင့် အခြားလုပ်ဖော်ကိုင်ဖက်များထံမှ အတွေ့အကြုံများ၊ အရိုးခံ အကြံပေးမှုများကို ရရှိခဲ့ခြင်းဖြစ်သည်။ ယခုလက်စွဲစာအုပ်ဖြစ်မြောက်လာစေရေးတွင် ထိုသူတို့မှာ တိုက်ရိုက်မပါဝင်ခဲ့ကြသော်လည်း ထိုသူတို့၏ သြဇာကား မသေးလှပေ။ ထိုပညာရှင် အသိုင်းအဝိုင်းသည် မီဒီယာသမားတို့၏ လုပ်ပုံကိုင်ပုံများကို သီအိုရီပိုင်း၊အတွေးအမြင်အပိုင်းမှ သုံးသပ်ကြည့်ရန် တိုက်တွန်းခဲ့ကြသူများ ဖြစ်သည်။

သူတို့သည် သတင်းစာပညာဖြင့် လောကအကျိုးအတွက် မည်သို့ ပိုမိုလုပ်ဆောင်နိုင်မည်ကို ဝိုင်းဝန်းတွေးတောခဲ့ကြသည်။ ယခုစာအုပ်တွင် ပါဝင်ရေးသားခဲ့ကြသူတို့ကဲ့သို့ပင် စာရေးသူသည်လည်း စုံစမ်း ထောက်လှမ်းရေး သတင်းလောကတွင် ဂျာနယ်လစ်အဖြစ် ထဲထဲဝင်ဝင် ပါဝင်ဖြစ်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင်ပင် Global Investigative Journalism ကမ္ဘာလုံးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အထူးပြုသတင်းစာပညာကွန်ရက်ကို ဖွဲ့စည်းရာတွင်

စာရေးသူနှင့် လုပ်ဖော်ကိုင်ဖက်များ ပါဝင်ခဲ့သည်။ ထိုအဖွဲ့ကြီးကို ဦးဆောင်သူ Danish Institute for Computer- Assisted Reporting ဌာနမှ Nils နှင့် Invetigative Reporters and Editor Inc, မှ Brant Houston တို့နှင့်အတူ လှုပ်ရှားခဲ့ကြပြီး စုံစမ်းထောက်လှမ်းရေးသားမှုများနှင့် ပတ်သက်ပြီး အကောင်းဆုံး နည်းလမ်းများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အထူးသဖြင့် ထိုဆွေးနွေးမှုများနောက်ပိုင်းတွင် စုံစမ်းထောက်လှမ်းရာ၌ ဇာတ်လမ်းကို ကြိုတင် မှန်းဆချက်များ တည်ဆောက်ကာ ဆောင်ရွက်ရသည့် နည်းမျိုးကို အခြားနိုင်ငံများတွင် အသုံးပြုကြသည်ကိုလည်း တွေ့ရှိခဲ့ရသည်။ ထိုနည်းကခေတ်စားလာကြောင်း မငြင်းနိုင်သည့် အမှတ်အသားများပင်ဖြစ်သည်။ ထိုကွန်ရက်က ၂၀၀၅ ခုနှစ်တွင် ကျင်းပသော ကွန်ဂရက်တွင်မူ ပထမဆုံးအကြိမ်အဖြစ် စုံစမ်းထောက်လှမ်းရေး အထူးပြုသတင်းရေးသားရာတွင် ဇာတ်ကြောင်းကြိုတင်မှန်းဆမှုအား အခြေခံသည့်နည်းကို အကယ်ဒမစ် အယူအဆတစ်ခုအဖြစ် တင်ပြနိုင်ခဲ့သည်။ ထိုပွဲတွင်ပင် ဟော်လန်မှ Luuk Sengers Esifh ဒိန်းမတ်မှ, Flemming Swith တို့က ၄င်းတို့တီထွင်ထားသော ရိုးရှင်းပြီး အားကောင်းလှသည့် ဒေတာအဆောက်အအုံကြီးကို ပြသခဲ့ပါသည်။ ထို့ပြင် စုံစမ်းထောက်လှမ်းရေး အထောက်အကူပြု အခြားသော ကွန်ပျူတာစနစ်ကိုအခြေခံသည့် နည်းလမ်းများကိုလည်း ဝေမျှခဲ့ကြသည်။ ထိုနည်းလမ်းများမှာ ပရောဂျက်တစ်ခုကို စီမံခန့်ခွဲရန်အတွက်ပင် အသုံးချနိုင်သည်ကိုလည်း တွေ့ရသည်။ ထိုအချိန်တွင် စာရေးသူတို့အားလုံး ချက်ချင်းသဘောပေါက်လိုက်သည်မှာ လက်ထဲတွင် တွေ့ရှိထားပြီးဖြစ်သော နည်းလမ်းများ အားလုံးမှာ တစ်စု တစ်စည်းတည်း ပေါင်းလိုက်လျင် ပိုမို ထိရောက်သွားနိုင်သည်ကိုပင်ဖြစ်သည်။

ထို့နောက်တွင်မူ ခြောက်လတစ်ကြိမ်ကျင်းပသော စုံစမ်းထောက်လှမ်းရေး အထူးပြုသတင်းကွန်ရက်၏ ကွန်ဂရက်များတွင် ကြားရသော အပြုသဘောဆောင်သည့် တုံ့ပြန်မှုများ၊ ဝေဖန်ထောက်ပြမှုများကို ကျွန်တော်တို့ လက်ခံရရှိပြီးနောက် လက်စွဲစာအုပ်တစ်အုပ်ရေးသားရန် လိုအပ်ချက်များရှိလာကြောင်း တွေ့ခဲ့ရသလို ရေးချင်စိတ်များလည်း ပေါ်ပေါက်လာကြသည်။ ပူးပေါင်းလုပ်ဆောင်လိုသူများလည်း တစ်ချိန်တည်းတွင် ပေါ်ထွက်လာပြန်သည်။

ဆွီဒင်မှ Nils Hanson သည် ထိုအထဲမှ တစ်ဦးပင်ဖြစ်သည်။ သူသည် နောင်တွင် ယခုစာအုပ်ကို ဝိုင်းဝန်းရေးသားသည့်အထဲတွင် ပါဝင်လာခဲ့သည်။ သူသည် သတင်းများကို ရေးသားတင်ဆက်ရာတွင် သတင်း အရေအတွက်ကိုရော အရည်အသွေးကိုရောလည်း အားကောင်းအောင်လုပ်ပေးနိုင်သည့် ကျွမ်းကျင်သူတစ်ဦးလည်း ဖြစ်သည်။ စာရေးသူတို့အသိုင်းအဝိုင်းတွင် စုံစမ်းထောက်လှမ်းခြင်းအခြေပြု သတင်းရေးသားနည်းကို အသုံးချရန်မှာ အချိန်ကြာသည့် ကိစ္စဖြစ်သည်ဟုလည်းကောင်း၊ ငွေကြေးအကုန်အကျများလွန်းသည်ဟုလည်းကောင်း၊ အန္တရာယ်များ သည်ဟူ၍လည်းကောင်းယူဆခဲ့ကြသူများ ဒုနှင့်ဒေးပင် ဖြစ်သည်။ အကယ်၍အချို့ကိစ္စများကို အန္တရာယ် မဖြစ်လာအောင် စီမံနိုင်သည့်အစွမ်းရှိလျှင် စုံစမ်းထောက်လှမ်းရေးသားရသော သတင်းများမှာ ထိထိမိမိဖေါ်ထုတ် ရေးသားနိုင်သည့် အရည်အသွေးပြည့်သတင်းများဖြစ်ပါကြောင်း ပြသရန် ယခုလက်စွဲစာအုပ်မှာ ခြေလှမ်းတစ်ရပ်ပင် ဖြစ်သည်။

ထိုသို့စုပေါင်းရေးသားကြရာတွင်လည်း အားလျော့မသွားအောင် အထောက်အပံ့ပေးခဲ့ကြသည်များထဲတွင် လန်ဒန်မြို့တွင် စုံစမ်းထောက်လမ်းရေး သတင်းစာပညာဌာန ပေါ်ပေါက်လာခြင်းနှင့်အတူ နွေရာသီ သင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့ခြင်းလည်းပါဝင်ခဲ့သည်။ ထိုဌာနကို တည်ထောင်ခဲ့သူ Gavin McFadyen နှင့် အဖွဲ့ဝင်များသည် သတင်းများကို ထောက်လှမ်းရန်သင်ကြားနည်းများကိုနှစ်အတော်ကြာ စမ်းသပ်နိုင်ရန် အခွင့်အရေးကို ပေးအပ်ခဲ့ကြသည်။ လန်ဒန်တွင် ဘောလ်ကန်ရေးရာ ကျွမ်းကျင်သူ အမေရိကန်တစ်ဦးဖြစ်သည့် Drew Sullivan က စနစ်တကျ စီစဉ်ကျူးလွန်ကြသော ရာဇဝတ်မှုကြီးများကို ဖော်ထုတ်ရေးသားရာတွင် သုံးသောနည်းများကို အခြားသတင်းများ အတွက်လည်း သုံးနိုင်ကြကြောင်း ဟောပြောနေသည်များကိုလည်း ကြားသိလာရသည်။ နောက်ဆုံးတွင်

ယခုစာအုပ်တကယ်ဖြစ်အောင် စေ့ဆော်လာသူမှာ အာရပ်စုံစမ်းထောက်လှမ်းရေး အထူးပြု သတင်းစာပညာ အသင်းကြီး၏ ဒါရိုက်တာ Rana Sabbagh နှင့် ၎င်း၏ မိတ်ဆွေ ဒိန်းမတ်နိုင်ငံသား Pia Thordsen တို့ပင်ဖြစ်သည်။ ကြိုတင် တွေးဆ ခန့်မှန်းချက်ဖြင့် စုံစမ်းထောက်လှမ်းသောနည်းကို ထောက်ခံခဲ့ကြသော သူတို့နှစ်ဦးက ယခုစာမူကို ၂၀၀၇ ခုနှစ် နွေဦးတွင် ထုတ်ဝေရန်အတွက် စာရေးသူအား တည်းဖြတ်ရေးသားရာတွင် ပင်တိုင်တာဝန်ယူရန် အလုပ်အပ်ခဲ့ကြသည်။ အာရပ်နိုင်ငံများတွင် ၎င်းတို့ကျင်းပခဲ့သော ဆွေးနွေးပွဲများတွင်လည်း ယခုစာအုပ်တွင် ပါဝင်သည့်အကြောင်းအရာများအား မည်သို့ရေးသားကြမည်ကို ပရိသတ်ထဲသို့ ချပြပြီး စမ်းသပ်ရန် စာအုပ် ရေးသားနေချိန်တွင် အခွင့်အရေး ရခဲ့ကြသည်။ ARIJ အဖွဲ့နှင့်အတူ ထိုလုပ်ငန်းစဉ်ကြီးကို International Media Support နှင့် ဒိန်းမတ်ပါလီမန်တို့က ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။ ထိုပရောဂျက်ကို ပွင့်လင်းပြီး မိတ်ဆွေကောင်းများသဖွယ် ပူးပေါင်းဆောင်ရွက်လိုသော ဆန္ဒရှိသူ Mogen Schmidt နှင့် Xianhong Hw တို့ရှိရာ ယူနက်စကိုသို့ သယ်ဆောင်ခဲ့ရာတွင် Andrea Cairola ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။

နောက်ဆုံးတွင် ထိုစာမူသည် ယူနက်စကိုမှ ထုတ်ဝေသော စာအုပ်အဖြစ် ၂၀၀၉ ခုနှစ်တွင် ယင်းဝက်ဘ်ဆိုက် မှ အခမဲ့ ဒေါင်းလုပ်ရယူသည့် အဆင့်သို့ ရောက်ရှိလာခဲ့သည်။ ထို့ပြင် အခြားသော ဝက်ဘ်ဆိုက်ဒ်ပေါင်း ၂၀၀ခန့်ကလည်း ထိုစာအုပ်ကို ၎င်းတို့၏ စာမျက်နှာများပေါ်တွင် တွဲထားခဲ့ကြသည်။ ဖြစ်ရပ်အခြေပြု ထောက်လှမ်းရေးသားခြင်း-စုံစမ်းထောက်လှမ်းရေး အထူးပြုဂျာနယ်လစ်များ လက်စွဲ စာအုပ်သည် ထိုဘာသာရပ်ကို ရေးသားကြသော စာအုပ်များ သမိုင်းထဲတွင် အပျံ့နှံ့ဆုံး စာအုပ်တစ်အုပ်ဖြစ်လာခဲ့သည်။ စာအုပ်မှ အချို့သော အစိတ်အပိုင်းများကို ကောက်နှုတ်၍ အခြားသော လက်စွဲစာအုပ်များထဲတွင်ထည့်ကာ အသုံးပြုခြင်းများလည်း ရှိခဲ့ကြသည်။ ထိုဖြစ်ရပ်များမှာ အစဟုပင် ဆိုနိုင်ပါသေးသည်။ ဤသတင်းရေးသားနည်းမှာ ဆက်လက်၍ ပြောင်းလဲနေပါဦးမည်။ လမ်းသစ်များလည်း ဖေါက်နိုင်ပါလိမ့်ဦးမည်။

စုံစမ်းထောက်လှမ်းခြင်း အခြေပြုသတင်းလိုက်နည်းမှာ ကျွမ်းကျင်မှု ဧရိယာတစ်ခု ဖြစ်နိုင်သလို အသက်မွေးဝမ်းကြောင်း ပညာတစ်ခုလည်း ဖြစ်နိုင်သည်။ မိသားစုကြီးသဖွယ် ကျယ်ပြန့်နေသော ပညာရပ်လည်း ဖြစ်သည်။ စာရေးသူကမူ ထိုမိသားစုထဲတွင် နေထိုင်ခဲ့သူဖြစ်သည်။။ ထိုမိသားစုကြီး ကျယ်ပြန့်လာသည်ကိုလည်း ကြုံတွေ့ခဲ့ရသည်။ သင်တို့သည်လည်း ထိုမိသားစုဝင်များက ဂုဏ်ပြုရသော၊ လေးစားရသော စုံစမ်းထောက်လှမ်းရေး အထူးပြု ဂျာနယ်လစ်များ ဖြစ်နိုင်ကြပါသည်။ ဂျာနယ်လစ်လုပ်ရည်ကိုင်ရည်ထက်မြက်မှု၊ ကျင့်ဝတ်စောင့်ထိန်းမှုနှင့် ကောင်းမွန်သော ဆက်ဆံရေးများအားဖြင့် ထိုမိသားစုဝင်များ ဖြစ်နိုင်ကြပါပြီ။

Mark Lee Hunter

အယ်ဒီတာနှင့် စီစဉ်ရေးသားသူ
ပဲရစ်-အားဟုစ်- အန်မန်- လန်ဒန်- လဲလီဟမ်းမား

# Yousri Fouda (အယ်ဂျာဇီးရားရုပ်သံ စုံးစမ်းထောက်လှမ်းရေးအထူးပြု သတင်းထောက်ချုပ်) ၏ အမှာစာ

အယ်ဂျာဇီးရားကို ၁၉၉၆ မှာ တည်ထောင်ပြီးကာစ အချိန်ပေါ့။ အုပ်ချုပ်ရေးအဖွဲ့ကို ကျွန်တော်က သမရိုးကျ မဟုတ်တဲ့စိတ်ကူးတစ်ခုကို တင်ပြဖို့ ရဲဆေးတင်လိုက်ပါတယ်။ တစ်လကို နှစ်ကြိမ် ခရီးထွက်နေရာကနေ ရုံးကို ပြန်လာရမယ့်အစား နှစ်လလုံးလုံး ရုံးက ကိုယ်ရောင်ဖျောက်နေဖို့ ခွင့်ပြုမလားလို့ မေးလိုက်တယ်။ ပြန်လာတဲ့ အခါမှာတော့ ကျွန်တော့မှာ ၄၅ မိနစ်စာ သတင်းတစ်ခု ပါလာမယ်ပေါ့။

အဲဒီတုန်းက အခြေအနေက အာရပ်တီဗွီတစ်ခုမှာ အများဆုံး သတင်းထောက်တစ်ယောက် ကိုယ်ယောင် ဖျောက်သွားလို့ရတဲ့ အချိန်ဟာ လေးဆယ့်ငါးမိနစ်ထက် မပိုဘူး။ အဲဒါတောင်မှ ပျောက်သွားတဲ့ အချိန်မှာ နှစ်လစာလောက် အလုပ်ပြီးပါမှ။ ( တကယ်က ကျွန်တော် နည်းနည်းလေးတော့ ချဲ့ကားပြောတာပါဗျာ။) ကျွန်တော် ထင်သလိုပါပဲ။ ကျွန်တော့်စကားကို ကရုဏာသက်သလိုလို ရယ်သံ နည်းနည်းထွက်လာတယ်။ ကျွန်တော် အလုပ်နဲ့ ပတ်သက်ပြီး စိတ်ဓါတ်ကျသွားမတတ်ပါပဲ။

ဒါပေမယ့် တစ်လ နှစ်လလောက်ကြာတော့ အယ်ဂျာဇီးရားရဲ့ ဥက္ကဋ္ဌ Hamad Bin Thames Al Thani က ကျွန်တော့်ကို အဲဒီ ၄၅ မိနစ်စာ အစီအစဉ်မျိုးကို အစမ်းလုပ်ကြည့်ဖို့ ခွင့်ပေးတယ်ဗျာ။ အကြောင်းပြချက်တော့ ရှိမှာပေါ့။ ကျွန်တော် အဲဒီအတွက်ရတဲ့ ဘက်ဂျက်ကတော့ တကယ့်ကို နည်းနည်းလေးပါဗျာ။ ပြီးတော့ မြေစမ်း ခရမ်းပျိုးဖြစ်နေတဲ့ အဲဒီလိုအစီအစဉ်ကို လန်ဒန်မှာနေပြီး အစီရင်ခံစာ ရေးတင်ဖို့၊ ရိုက်ကူးဖို့နဲ့ တည်းဖြတ်ဖို့တွေကို လုပ်ခွင့်ရတယ်။ ဒီအချိန်မှာ ချူကလီးယားလုပ်ငန်းတွေက ထွက်လာတဲ့ အဆိပ်တွေကြောင့် နို့တိုက်သတ္တဝါတွေ မှာဖြစ်တဲ့ ထောင့်သန်းရောဂါအကြောင်းဆိုတာက ကျွန်တော်အာရုံကျပြီး လိုက်လို့ကောင်းမယ့် သတင်းမျိုးပဲ။ ကိုယ်တိုင် စိတ်ဝင်စားတာ အပြင် မကြာသေးခင်ကပဲ ဗြိတိသျှအစိုးရက ဆက်ဒမ်ဟူစိန်ရဲ့ အီရတ်ကို အရပ်ဘက်သုံးရော စစ်သုံးအတွက်ပါ နှစ်မျိုးစလုံး သုံးလို့ရတဲ့ ချူကလီးယားထုတ်လုပ်ရေးပစ္စည်းတွေကို ရောင်းပေးတဲ့ကိစ္စနဲ့ ပတ်သက်နေတဲ့ ချူကလီးယား ယိုစိမ့်မှုဖြစ်စဉ်ကလည်း ဖြစ်ပြီးကာစအချိန်ဆိုတော့ သွားမယ်ဆိုရင် အကြောင်းပြချက်ကလည်း ကောင်းကောင်း ရှိနေတာပေါ့။ အဲဒီအချိန်က ကုလသမဂ္ဂရဲ့ ပိတ်ဆို့အရေးယူမှုအရ အီရတ်ကို စစ်ရေးဘက်မှာ သုံးလို့ရတဲ့ မည်သည့် အရပ်ဘက် ပစ္စည်းမဆို တင်ပို့ရောင်းချခြင်း မပြုရလို့ ကန့်သတ်ထားတဲ့ ကာလဖြစ်တာကြောင့် ဒီလို ဗြိတိသျှက ရောင်းပေးတာဟာ နိုင်ငံတကာ ဥပဒေနဲ့ မညီညွတ်ပါဘူး။

အဲဒီခေတ်ကစံချိန်စံညွှန်းနဲ့ဆိုရင်တောင်မှ အစမ်းရိုက်ကူးခဲ့တဲ့ ဒီအစီအစဉ်ဟာ တကယ်ကို လူပြောစမှတ် ဖြစ်လောက်အောင်ကို အောင်မြင်ခဲ့ပါတယ်။ အာရပ်ဒေသစုံစမ်းထောက်လှမ်းရေး အထူးပြုသတင်းစာ သမားတွေ အတွက်တော့ လမ်းသစ် ဖေါက်ဖြစ်တာပါပဲ။ အဲဒီနောက်တော့ မမျှော်လင့်ထားဘဲ အဲဒီအစီအစဉ်ကို တီဗွီလိုင်း များစွာကနေ ထုတ်လွှင့်ခဲ့တယ်။ အကြိမ်ကြိမ် ပြခဲ့ကြတယ်ဆိုပါတော့။

အာရပ်အစိုးရအများစုက အယ်ဂျာဇီးရားကို ရှုံ့ချတိုက်ခိုက်ခဲ့ကြပေမယ့်လည်း ကိုင်ရိုမှာ ကျင်းပတဲ့ ရေဒီယိုနှင့် တီဗွီအစီအစဉ်ထုတ်လုပ်သူများပွဲတော်မှာတော့ ဒီကာတာအခြေစိုက်ရုပ်သံဟာ အဲဒီအစီအစဉ်ကြောင့် ဆုတစ်ခုပိုက်ပြီး ပြည်တော်ပြန်ခဲ့တယ်။ အဲဒီတစ်ကြိမ်ဟာ အယ်ဂျာဇီးရားအနေနဲ့ ဒီလိုသတင်းအစီအစဉ်ပြိုင်ပွဲမှာ ပထမဆုံး အကြိမ်အနေနဲ့ နောက်ဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်တာပါ။ ဒါပေမယ့် အဲဒီကနေစလို့ နောက်ဆယ်နှစ်အထိ အယ်ဂျာဇီးရားဟာ ထိပ်တန်းလျှို့ဝှက်ချက် Sirri Lilghaya လို့ခေါ်တဲ့ ရုပ်သံအစီအစဉ်ကို ထုတ်လွှင့်ဖို့ အစပြုခဲ့ ပါတော့တယ်။

အာရပ်သတင်းစာတွေမှာ အရင်ကလည်း ဒီလို စုံစမ်းထောက်လှမ်းမှု အခြေခံ သတင်းတွေရေးသားတင်ပြနိုင်ဖို့ ကြိုးစားခဲ့ကြတာလေးတွေရှိပါတယ်။ ဒါပေမဲ့ အာရပ်ဒေသကြီးတစ်ခုလုံးကို ၂၄ နာရီ ထုတ်လွှင့်ပေးနေတဲ့ သတင်းနဲ့

လတ်တလော အဖြစ်အပျက်တွေကို ရိုက်ကူးတင်ပြနေတဲ့ အယ်ဂျာဇီးရား ရုပ်သံကတော့ အာရပ် ပရိသတ်အတွက် တင်ပြပုံ အသစ်တစ်ခုကို မိတ်ဆက်ပေးခဲ့တာပါ။ ကျွန်တော့်အနေနဲ့တော့ ဒီလို သတင်းမျိုးကို ရိုက်ကူးပြီဆိုရင် လူတွေစိတ်ဝင်စားတာနဲ့အတူ ဘေးအန္တရာယ်တွေ၊ ဒုက္ခတွေနဲ့တွဲပြီး လာတတ်တယ်ဆိုတာ မသိထားလို့ မဟုတ်ပါဘူး။ ဒီလောကမှာ အန္တရာယ် မကင်းတာလဲ အမှန်ပါပဲ။ အာရပ်ဒေသတစ်ခွင်က လူငယ်သတင်းထောက်တွေနဲ့ ရုပ်သံထုတ်လုပ်ရေးမှူးတွေဟာ အသည်းအသန်စုံစမ်းထောက်လှမ်းရတဲ့ သတင်းမျိုးကို လိုက်ဖို့ စိတ်ဝင်စားကြပေမဲ့ သူတို့ရှေ့မှာ ဆီးကာထားတဲ့အခက်အခဲတွေဟာ မသေးပါဘူး။

နံပါတ်တစ် အခက်အခဲကတော့ သတင်းလုပ်ငန်းကို လုပ်နေကြတဲ့ အဖွဲ့အစည်းတွေဟာ သတင်းအရည်အသွေးကောင်းကောင်းထုတ်ရမယ်ဆိုတဲ့ ယဉ်ကျေးမှုထက်စာရင် သတင်းကို အရေအတွက် များများထုတ်တဲ့ ယဉ်ကျေးမှုမျိုးကို ပိုနီးနီးစပ်စပ်လက်ခံ နေကြတာပါပဲ။ နောက်တစ်ခုကတော့ အရည်အသွေးကောင်းတဲ့ သတင်းထုတ်လွှင့်မှု တစ်ခုဟာ အဆင့်မြင့်မြင့် ပညာတတ်တွေရဲ့ ကျွမ်းကျင်တဲ့ စီမံခန့်ခွဲမှု၊ သင်တန်းတွေတက်ပြီး စဉ်ဆက်မပြတ်လေ့လာနိုင်မှု၊ ဟန်ချက်ကျကျ စုစည်းမိနေတဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ပေါင်းစုလုပ်အား၊ ငွေအင်အားနဲ့ အချိန်ဒါတွေလိုတယ်။ အချိန်ယူပြီး သေချာ စေ့စပ်အောင် လိုက်ထားတဲ့ သတင်းတစ်ပုဒ်ကို မချိုးကျူးပဲ နေနိုင်တဲ့ အယ်ဒီတာတို့၊ မန်နေဂျာတို့ကို ဒီလောကမှာ အင်မတန် တွေ့ခဲပါတယ်။ ဒါပေမဲ့ သူတို့နှုတ်က ချိုးကျူးဖို့ ဝန်မလေးပေမယ့် ခင်ဗျားကို အဲဒီလိုသတင်းမျိုးရေးနိုင်အောင် စီစဉ်ပေးဖို့ကိုတော့ သူတို့ဒီလောက် မရက်ရောနိုင်ပါဘူး။ သူတို့ဟာလည်း သတင်းထောက်ကို အမြဲလိုလို ဒုက္ခပေးနေတာပဲလို့ ဆိုနိုင်တယ်။ ဒါပေမဲ့ သူတို့ကို ဒုက္ခပေးတဲ့သူတွေလို့ မမြင်ဘဲ အချိန်ယူပြီးလုပ်ရတဲ့အလုပ်ကို အားမပေးတဲ့ အစဉ်အလာကို ပြောင်းပစ်တဲ့နေရာမှာ ကူညီမယ့် သူမျိုးတွေလို့မြင်ရင် ပိုကောင်းမယ်။ တစ်ခုတော့ ရှိတာပဲဗျာ။ ဒီလိုစွန့်စားရင်းနှီးရတာများတဲ့ သတင်းရေးသားမှုမျိုးမှာ ခေတ်နောက်ကျကျန်ခဲ့တဲ့ ကိစ္စက ကျွန်တော်တို့ရဲ့ မျိုးရိုးဗီဇကြောင့် ဖြစ်တဲ့ရောဂါမဟုတ်တာ ဝမ်းသာစရာပဲ။ ဒါပေမယ့် ခက်တာက ကျွန်တော်တို့ဟာ အိမ်က မီးဖိုချောင်ဖူလုံရေးကိုတောင် ကောင်းကောင်းတာဝန် မယူနိုင်သူ ဖြစ်နေရင်လည်း ကိုယ့်အိမ်အပြင်ဘက် စိန်ခေါ်မှုတွေကို ရင်ဆိုင်တော့မယ့် လူအဖြစ် ကောင်းချီးပေးကြတာကို လက်ခံနိုင်ဖို့ မထိုက်တန်ပြန်ဘူး။


ဒုတိယ စိတ်ပူရတာကတော့ ကျွန်တော်တို့ရဲ့ လုံခြုံရေးပဲ။ ဂျာနယ်လစ်အလုပ်ကို ရွေးချယ်တာဟာ ကိုယ့်ဒုက္ခကိုယ်ရှာတာနဲ့ အတူတူပဲလို့ပြောကြတယ်။ အဲဒီစကားက ကျွန်တော်တို့လို ထောက်လှမ်းရေးအခြေပြု သတင်းကိုမှ လိုက်ချင်သူတွေအတွက် ကွတ်တိပဲ။ ဘယ်လောက်လုံခြုံရေး အန္တရာယ်ရှိနိုင်သလဲလို့ တွက်ချက်ရတာကိုကကို ဒီအလုပ်ရဲ့ တစ်စိတ်တစ်ပိုင်းပဲ။ ဘယ်သတင်းကမှတော့လည်း ကိုယ့်အသက်တစ်ချောင်းလောက် တန်ဖိုး မရှိဘူးလို့ ဆိုတယ်မဟုတ်လား။ လွယ်သယောင်ရှိပေမဲ့ စိုးရိမ်စရာ ကိစ္စတွေ ရှိနေနိုင်တဲ့ သတင်းမျိုးပဲလို့ ရေးနေကျမဟုတ်တဲ့ နေရာမျိုးတွေမှာ တွေးကောင်း တွေးလိမ့်မယ်။ အာရပ်ကမ္ဘာဟာ စွန့်စားချင်နေကြတဲ့ ငယ်ငယ်ရွယ်ရွယ် ဂျာနယ်လစ်တွေ တစ်ပုံကြီးပါပဲ။ သူတို့ဟာ တစ်ခါတစ်လေမှာ ကိစ္စတစ်ခုဟာ လုံခြုံရေးအတွက် ဘယ်လောက် အန္တရာယ် ရှိနိုင်သလဲ၊ ဘာတွေ ပြင်ဆင်သွားရမလဲ၊ ဘယ်လို အသက်ဘေးက လွတ်မြောက်နိုင်မလဲ ဆိုတာတွေကို သိပ်မသိပဲ စွန့်စားချင်ကြတယ်။ ဒီလို သတ္တိမျိုးက ချီးကျူးစရာပါ။ ဒါပေမဲ့ မသိနားမလည်ပဲ ကမူးရှူးထိုးလုပ်တာဟာ အန္တရာယ်ကို ဇွတ်တိုးဝင်သလိုပါပဲ။ ဒီလို ပြဿနာမျိုး ကြုံလာရင် တစ်စိတ်တစ်ပိုင်းအားဖြင့် တာဝန်ရှိသူတွေကတော့ မီဒီယာလုပ်ငန်းတွေနဲ့ သင်တန်းကျောင်းတွေပါပဲ။ နောက်ထပ် တာဝန်ရှိသူတွေကတော့ စီမံခန့်ခွဲရေးအပိုင်းက လူတွေပေ့ါ။ ဒါပေမဲ့ အဓိက တာဝန်ယူရမဲ့သူကတော့ ဂျာနယ်လစ်ကိုယ်တိုင်ပါပဲ။ အကယ်၍ ဒီအန္တရာယ်တောထဲမှာ တစ်စုံတစ်ယောက်က သေဆုံးခဲ့ရတယ်ဆိုရင်၊ သူကိုယ်တိုင်က သေမလားရှင်မလား မသိနိုင်တဲ့အခြေအနေမျိုးမှာ ဆိုရင် ပေးဆပ်ရမဲ့သူကတော့ ဂျာနယ်လစ်ကိုယ်တိုင်ပါပဲ။

တတိယစိုးရိမ်စရာကတော့ ဥပဒေရေးရာဘက်က ကြည့်ရင် စုံစမ်းထောက်လှမ်းရေးအခြေပြု သတင်းလိုက်နည်းဆိုတာ မြေမြှုပ်မိုင်း ထောင်ထားတဲ့ ကွင်းကို ဖြတ်လျှောက်ရသလိုပါပဲ။ ကိုယ်လိုက်ရတဲ့ သတင်းထဲမှာ အဂတိလိုက်စားမှုတွေ၊ လုပ်သင့်လုပ်ထိုက်တာကိုမလုပ်ဘဲ မျက်ကွယ်ပြုထားတာတွေ၊ စနစ်တစ်ခုလုံး ပျက်စီးနေတာတွေကို တွေ့နိုင်တယ်။ အဲဒီလို စုပြုံတိုးနေတဲ့ အကုသိုလ်တွေနဲ့တွေ့ရရင်တော့ တကယ့်တရားရေးဘက် ရောက်မယ့် အမှုကြီးပါပဲ။

ဒီအမှုမျိုးမှာ ရှုပ်ထွေးတဲ့ ကိစ္စတွေမှာ ဘယ်လိုတွေ ဖြစ်နေတာလဲ၊ ဘာကြောင့် ဖြစ်နေတာလဲဆိုတာနဲ့ စတင်တဲ့ မေးခွန်းတွေကို ကိုယ်တိုင်ဖြေဖို့ကြိုးစားရတော့တာပါ။ လူအများကောင်းကျိုးအတွက် လုပ်နေရတာဖြစ်တဲ့အတွက်ကြောင့် တစ်ခါတစ်လေမှာတော့ မိမိကိုယ်ကို နေရာတကာ လူသိခံလို့မရတဲ့ အခြေအနေတွေဖြစ်နေပြန်တယ်။ ဒီနေရာမှာ ပြည်သူအကျိုးဆိုတာနဲ့ ပြည်သူ့အကျိုးကို မမြင်ဘဲ ကျော်သွားတာနဲ့ကလည်း ကွဲပြားဖို့လိုသေးတယ်။ သတင်းထောက် အချို့လောက်ကသာ ဒါကို ကွဲပြားကြတယ်။ ဒီလိုသိတဲ့အထဲမှာ သတင်းထူးကို လည်းတင်ပြနိုင်ပြီး တရားလည်း အစွဲမခံရအောင် လုပ်နိုင်တယ်ဆိုတဲ့သူက ပိုတောင်ရှားပါသေးတယ်။ ဒီလို တရားစွဲမခံရပဲ အမှန်တရားကို ဖေါ်ထုတ်နိုင်ဖို့ ဥပဒေရေးရာတွေကို သိထားဖို့ လိုပါမယ်။

စတုတ္တစိုးရိမ်စရာကတော့ နိုင်ငံရေးဘက်ကလာတာပဲဗျို့။ အာရပ်အစိုးရ တော်တော်များများဟာ သူတို့ပြည်သူတွေကို အသိပညာတွေ ပြည့်ဝအောင် လုပ်ပေးဖို့ဆိုတာဟာ အန္တရာယ်ကိုဖိတ်ခေါ်တာပဲလို့ ထင်ကြတဲ့သူတွေ ဖြစ်တယ်။ အဲဒီအချက်ကို ခေါင်းထဲ အမြဲတမ်းထည့်ထားပြီး ပြည်သူတွေကို အမှန်တရားကို ပြောပြဖို့ တာဝန်ရှိတယ်ဆိုတဲ့ သတင်းသမားတွေရဲ့ ကောင်းမြတ်တဲ့ ဦးတည်ချက်ကို မပျောက်ဘဲ နိုင်ငံရေးသမားတွေနဲ့ ဆက်ဆံနိုင်မှ တော်ကာကျမယ်။ ကျွန်တော်တို့ရဲ့ စာဖတ်သူတွေ၊ ရုပ်သံပရိတ်သတ်တွေ၊ အုပ်ချုပ်သူတွေနဲ့ အုပ်ချုပ်ခံလူတန်စားတွေ အားလုံးကို အမှန်တရားက ဘာဆိုတာကို ပြနိုင်ရမယ်။ အာရပ်နိုင်ငံရေးလောကမှာတော့ နိုင်ငံရေးသမားတွေဟောတဲ့ တရားကို ယုံကြည်လို့မရတာဟာ တခြားကမ္ဘာ့အရပ်ရပ်ထက် နည်းကောင်းနည်းနိုင်တယ်။ ဒါပေမယ့် အာရပ်နိုင်ငံရေးက သူ့ဟာနဲ့သူတော့ စိတ်ဝင်စားစရာ ကောင်းတာတွေရှိတယ်။ တစ်ချို့ဂျာနယ်လစ်တွေကလည်း ဒီလို စိတ်ဝင်စားစရာ ကိစ္စမျိုးတွေကို မက်တယ်။ သို့သော် ဒီလိုကိစ္စမျိုးတွေကိုလိုက်တဲ့ သတင်းထောက်တွေမှာ အတွေ့အကြုံနဲ့ ဗဟုသုတ အများကြီးတော့လိုတယ်။ နိုင်ငံရေးသမားတွေနဲ့ ဂျာနယ်လစ်တွေကြား ဆက်ဆံရေးဟာ တစ်နည်းအားဖြင့် ပြည့်တန်ဆာတွေနဲ့ ဆက်ဆံရေးနဲ့ ဆင်ဆင်ပါပဲ။ နိုင်ငံရေးသမားရော၊ ပြည်ကြီးဒါလီရော ဂျာနယ်လစ်အတွက်တော့ သတင်းရင်းမြစ်တွေချည်းပါပဲ။ သူတို့နှစ်ယောက်စလုံးကလည်း ဂျာနယ်လစ်ကိုတစ်ခုမဟုတ် တစ်ခုအတွက် အသုံးချချင်ကြတာပဲ။ သူနိုင်ရင် ငါရှုံးမယ်ဆိုတဲ့ Zero Sum ဂိမ်းတော့မဟုတ်ဘူး။ ဂျာနယ်လစ်အတွက် မိမိလည်း အသက်မသေ၊ လိုရာပန်းတိုင်လည်း ရောက်စေမယ့် တတိယနည်းလမ်းတစ်ခုကတော့ ရှိစမြဲပဲ။

စုံစမ်းထောက်လှမ်းရေး အခြေပြုသတင်းလိုက်ရာမှာ ပဥ္စမအခက်အခဲကတော့ ရှေးကတည်းက နှုတ်ပြောနဲ့ပဲ သတင်းကို ဝေမျှတတ်ကြတဲ့ ယဉ်ကျေးမှုထွန်းကားတဲ့နေရာမျိုးမှာ ကိန်းဂဏန်းတွေ ၊ အချက်အလက်တွေ၊ စာရင်းအင်း တွေကို အခြေခံပြီးပြောတာက ဆွဲဆောင်မှုမရှိတာပဲ။ ကဗျာတွေ၊စာတွေနဲ့ ဖွဲ့စည်းပုံတွေကို လူတွေက ပိုလက်ခံတယ်။ ကံကောင်းတာကတော့ သတင်းထောက်တွေအနေနဲ့ အချက်အလက်တင်ပြပုံကို ပြုပြင်နိုင်တာပါပဲ။ ကျွမ်းကျွမ်းကျင်ကျင် ပြနိုင်ရင် အကျိုးရှိနိုင်တာပါပဲ။ ဒီလိုသတင်းမျိုးမှာ ရင်းနှီးမြှုပ်နှံခဲ့တာကနေ ပြန်ရမယ့် အကျိုးအမြတ်လည်းရှိမှာပါ။ အဓိက ကတော့ လူ့အဖွဲ့အစည်းတစ်ခုဟာ စုံစမ်းထောက်လှမ်းပြီးရလာတဲ့ သတင်းရဲ့တန်ဖိုးအပေါ် နားလည်သလား နားမလည်ဘူးလား ဆိုတာပါပဲ။ ပြည်သူအများက ကျွန်တော်တို့ဘက်ပါလာဖို့က ပညာပေးဖို့တော့ လိုပါဦးမယ်။ ဒီလို မလုပ်ပြန်ရင်လည်း စုံစမ်းထောက်လှမ်းတာကိုပဲ သူလျှိုလို့ အစွပ်စွဲခံရဖို့ အတော်နီးစပ်ပါတယ်။ မနှစ်က အီဂျစ် အမျိုးသမီးငယ် ဘယ်နှစ်ယောက်က အစ္စရေးနိုင်ငံသားတွေနဲ့ လက်ထပ်ခဲ့သလဲဆိုတဲ့ သတင်းမျိုးရေးတုန်းက သူလျှိုလို့ စွပ်စွဲခဲ့ကြသလိုပေါ့။ ဒီလို သတင်းမျိုးမှာ စိတ်ပိုင်းဆိုင်ရာအရ၊ ခံစားချက်အရ၊ လူမှုရေးအရ နာကျင်ခံစားရတွေဟာ တွဲပြီး ပါလာတတ်ပါတယ်။ အင်အားစိုက်ထုတ်ရတာများသလို ကိုယ့်ဘဝ ကိုယ်လည်း မြှုပ်နှံလိုက်ကြရတယ်။ ဒီသတင်း လောကမှာ အောင်မြင်တဲ့သူတစ်ယောက် ဖြစ်ချင်ရင်တော့ ခပ်ရှိုးရှိုး သာမန်ဘဝကို နှုတ်ဆက်နိုင်မှပဲရမယ်ဗျို့။။ ဒါပေမဲ့ ဘဝမှာ အမြဲတမ်း ဒီလိုနေရမယ်တော့လည်းမဟုတ်ပါဘူး။ ခင်ဗျားမှာ သိုသိပ်ပြီး ပြင်းပြတဲ့ စိတ်ထက်သန်မှုမျိုး ရှိနေရင်တော့ ခင်ဗျားမမှုပါဘူး။ ကွင်းဆက်တွေကို လိုက်ရင်း ဆက်စပ်စဉ်းစားရင်း အဆုံးသတ်ကိုရောက်တဲ့အခါ ခင်ဗျား အူမြူးပျော်ရွှင်ရမှာပါ။ ဒါတွေအပြင် ခင်ဗျားအတွက် အရသာအရှိဆုံးအချိန်ကတော့ ခင်ဗျားမသိတဲ့လူ တစ်ယောက်ယောက်က ခင်ဗျားအနားချဉ်းကပ် လာပြီး "ခင်ဗျားကို ကျေးဇူးတင်လိုက်တာဗျာ" လို့ ပြောတဲ့အခါမျိုးပဲ။ အဲဒီလိုနဲ့ပဲ ခင်ဗျားဟာ နောက်ထပ် သတင်းတစ်ပုဒ် အတွက် စွန့်စားဖို့ အားပြည့်သွားပြန်ရော ။



# အကြောင်းအရာ

၁

## စုံစမ်းထောက်လှမ်းရေးသတင်းစာပညာဆိုတာဘာလဲ။

စုံစမ်းထောက်လှမ်းရေး အခြေပြုသတင်းနှင့် အခြားသတင်းများ မတူကြပါ။

MARK LEE HUNTER AND NILS HANSON ရေးသားသည်။

ဤအဆင့်တွင် စိတ်ကူးကောင်းတစ်ခုကိုရှာဖွေသည်။ ဘာကိုလုပ်ရမလဲစိတ်ကူးသည်။
ဘာကြောင့်လုပ်သင့်သလဲတွေးသည်။

## အခန်း(၁)

# စုံစမ်းထောက်လှမ်းရေး အခြေပြုသတင်းနှင့် အခြားသတင်းများမတူကြပါ။

စုံစမ်းထောက်လှမ်းရေး အခြေပြုသတင်းလိုက်နည်းဟူသည်မှာ အဘယ်နည်း။ မည်သို့ဖော်ထုတ် ရေးသားရသနည်း။ အဘယ့်ကြောင့် ဤသတင်းမျိုးကိုတင်ပြသင့်သနည်း။

ထိုစာနယ်ဇင်းပညာမျိုးအတွက် သမိုင်းတွင် အရေးပါသော အဖြစ်အပျက်တစ်ခုမှာ ဝါးတားဂိတ်အရေး ဖြစ်ခဲ့သည်။ သို့သော် ဝါးတားဂိတ်အပြီး ရာစုဝက်မျှ ကြာသောအချိန်ထိ အများပြည်သူကရော၊ ဂျာနယ်လစ်များကရော ထိုမေးခွန်းများအတွက်အဖြေကို သတ်သတ်မှတ်မှတ်သဘောမတူနိုင်ကြသေးပဲရှိ၏။ မိမိတို့ စာရေးသူများကမူ ဤသို့ ယူဆပါသည်။

စုံစမ်းထောက်လှမ်းရေးအခြေပြု သတင်းစာပညာဟူသည် နိုင်ငံရေးအာဏာရှိသူတစ်ဦးက ရည်ရွယ်ချက် ရှိရှိဖြင့် သို့မဟုတ် မတော်တဆအားဖြင့် အများပြည်သူမသိအောင် ဖုံးအုပ်ထားသည့်အရာများကို လှစ်ပြရသည့်အလုပ်ဟု ယူဆသည်။ ရှုပ်ထွေးသော အချက်အလက်များနှင့် အခြေအနေများနောက်ကွယ်တွင် အမှန်တစ်ရား တစ်ခုရှိမည်။ ထိုအမှန်တရားကို ထောက်လှမ်းရန် နာမည်ဖော်နိုင်သော သတင်းရင်းမြစ်များသာမက လူလုံးမပြနိုင်သော လျှို့ဝှက်ထား ရမည့် သတင်းရင်းမြစ်များကိုလည်း လိုအပ်သည်။ အထောက်အထားစာရွက်စာတမ်းများလည်း လိုသည်။

ရိုးရိုးသတင်းတင်ပြမှုများတွင် အခြားသူများကပေးသော "ပေးသတင်း" ဟု ဆိုနိုင်သည့် အချက်အလက်များ ပေါ်တွင် အခြေခံကာရေးရသည်။ (ဥပမာ - ပေးသတင်းကို ရဲ၊ အစိုးရဌာနများနှင့် ကုမ္ပဏီများထံမှ ရလေ့ရှိသည်။ သူတစ်ပါးလှုပ်ရှားမှုအပေါ် တုံ့ပြန်ရေးသားရသည့် သတင်းမျိုးပေ။ သို့သော် သတင်းထည့်ခိုင်းတိုင်း ရေးသားပေး နေသည်ဟု မဆိုလိုပေ။ စုံစမ်းထောက်လှမ်းရေးအခြေပြု သတင်းတင်ပြပုံကမူ ထိုပေးသတင်းမျိုးနှင့် ကွာခြားသည်။ မိမိက အားထုတ်စုဆောင်းရသော သတင်းအချက်အလက်များအပေါ်တွင် အခြေခံကာ တင်ပြရသည့် "လိုက်သတင်း" ဟု ဆိုရမည်။ မိမိလုပ်ရမည့်တာဝန်ကို မိမိဘာသာတက်ကြွစွာ ရှာယူရခြင်းဖြစ်သည်။ ထို့ကြောင့် ရံဖန်ရံခါ ထို လိုက်သတင်းမျိုးကို ကိုယ်ထူကိုယ်ထ သတင်းဟု ဆိုကြသည်။

ရိုးရိုးသတင်းများသည် ကမ္ဘာလောကကြီး၏ အရေးအရာများကို တင်ပြရာတွင် သေချာသော အချက်အလက်များပေါ်တွင် အခြေခံကာ တစ်ဖက်ဖက်သို့ မယိမ်းဘဲ တင်ပြကြရသည်။ စုံစမ်းထောက်လှမ်းသော သတင်းလိုက်နည်းတွင်မူ မိမိတို့ ရေးသားတင်ပြမည့်သတင်းဖြင့် အမှန်တရားကို ဖေါ်ထုတ်ပြီး ကမ္ဘာကြီး၏ ကမောက်ကမဖြစ်မှုများကို ပြင်ဆင်မည်ဟူသော စိတ်ထားအခြေခံဖြင့် ဆောင်ရွက်ရသည်။ ထိုသဘောမှာ အများကောင်းကျိုးအတွက် လိမ်သင့် လိမ်ကြရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ တာဝန်သိစိတ်ဖြင့် အမှန်တရားကို ရှာဖွေကာ ကမ္ဘာကြီးကို ပြုပြင်ရန်ဖြစ်သည်။

အချို့သော သတင်းစာပညာရှင်များပြောသကဲ့သို့ စုံစမ်းဖေါ်ထုတ်မှု အခြေခံသတင်းစာပညာသည် လုပ်ကောင်းသော အရာဖြစ်သည်ဟုဆိုရုံဖြင့် မလုံလောက်ပေ။ သမားရိုးကျ သတင်းတင်ဆက်ပုံကို သေသေချာချာ ပိုကောင်းအောင်လုပ်ထားသော သတင်းမျိုးလည်း ဖြစ်၏။ရိုးရိုး သတင်းနှင့် ထောက်လှမ်းရေးအခြေခံသတင်းတို့သည် ဘ ခြောက်လုံးဟုခေါ်သော ဘယ်သူလဲ၊ ဘာဖြစ်တာလဲ၊ ဘယ်မှာလဲ နှင့် ဘယ်အချိန်မှာ ဖြစ်သလဲ ဆိုသော မေးခွန်းများကို အခြေပြုထားခြင်းသာဖြစ်သည်။ သို့သော် ဘ ခြောက်လုံးပါ အဘယ့်ကြောင့် ဖြစ်ရသနည်း ဆိုသော မေးခွန်းက ထောက်လှမ်းရေးအခြေခံ သတင်းတစ်ပုဒ်အတွက် ဘယ်လို ဖြစ်ရတာပါလိမ့် ဟူသော အချက်ဖြစ်လာခဲ့သည်။ အခြားသော ဘ ခြောက်လုံးပါ အချက်များကို ရေးသားရာတွင်လည်း ကရော်ကမည် ရေးသား၍ မရ။ သေသေချာချာ အားထုတ်ထားသော အချက်များ ဖြစ်ရမည်။ ဘယ်သူလဲ ဟူသော ဘ တစ်လုံးကို ပြောရာတွင် နာမည်တစ်လုံးကိုမျှ ဘွဲ့တစ်ခုကိုမျှ ဖော်ပြရုံဖြင့် မလုံလောက်နိုင်တော့ပေ။ ထိုသူ၏ ဘဝဇာတ်ကြောင်း၊ စရိုက်နှင့် စတိုင်တို့ကပါ သတင်း၏ အသက်ဖြစ်လာကြမည်။ ဘယ်အချိန်လဲ ဟူသည့် နောက်ထပ် ဘ တစ်လုံးကို တင်ပြရာတွင် လက်ငင်း ဖြစ်ပျက်နေသော

## အခန်း(၁)

ကိစ္စချည်းကိုသာမဟုတ်။ ဖြစ်ကြောင်း ကုန်စင်ကို ပြန်ပြောင်းပြောပြနိုင်သော ဇာတ်လမ်းသဘောပါရမည်။ ဘာဖြစ်တာလဲ ဟူသော နောက်ထပ် ဘ တစ်လုံးသည် ဖြစ်ပျက်ခဲ့ပြီးသမျှကို အစီရင်ခံရုံမျှဖြင့် မလုံလောက်။ မည်သည့်အကြောင်းကြောင့် မည်သည့်အကျိုး ဖြစ်လာသည်ကို ရှင်းပြနိုင်သည့် ဘ တစ်လုံး ဖြစ်စေရမည်။ ထိုနည်းတူပင် ဘယ်နေရာမှာလဲ ဟူသော ဘ သည် လိပ်စာတစ်ခုထက် ပိုမိုပြည့်စုံရပေမည်။ တည်နေရာ၏ နောက်ခံအခြေအနေကို ဖေါ်ပြနိုင်ရမည်။ ထိုနေရာမျိုးတွင် ကြုံတွေ့ရတတ်သော ဖြစ်နိုင်ခြေရှိသည့် အကြောင်းအရာများကို ဆင်ခြင်နိုင်ရမည်။ ဖေါ်ပြပါ ဘ ရေးသားနည်းများအားလုံးသည် စုံစမ်းထောက်လှမ်းရေးအခြေပြု သတင်းစာပညာ၏ အစိတ်အပိုင်းများဖြစ်ကြသည်။ အပြောင်းမြောက်ဆုံး သတင်းတစ်ပုဒ်တွင် အားကောင်းသော ရသသဘော ပါဝင်သွားနိုင်ပြီး ဖတ်သူကြည့်သူ၏ ဘဝင်ကို ထိစေနိုင်သည်။

အတိုချုပ်ပြောရလျှင် သတင်းထောက်တစ်ဦး၏ ဘဝတွင် သမားရိုးကျ ပေးသတင်းများရေးရခြင်း ရှိသလို စုံစမ်းထောက်လှမ်း၍ ရေးသားရသော လိုက်သတင်းများလည်း ရှိနိုင်သည်။ ထိုအခြေခံကွဲပြားမှုများ ရှိနေသော သတင်းအမျိုးအစား နှစ်ခုအတွက် လိုအပ်သော အရည်အချင်းမှာ ကွဲပြားသလို အလုပ်လုပ်ပုံလည်း ကွဲသည်။ သတင်းတစ်ပုဒ်ဖြစ်လာရန် အဆင့်ဆင့် ဆောင်ရွက်ရသော နေရာတွင်လည်း ကွဲသလို ပန်းတိုင်သည်လည်း ကွဲပြားကြပါသည်။ အောက်ပါ ဇယားတွင် ထိုသတင်း အမျိုးအစားနှစ်ခု မည်သို့ ကွာခြားသည်ကို နှိုင်းယှဉ်ပြထားသည်။ ထိုဇယားမှ ကော်လံ နှစ်ခုပါ အချက်များသည် တစ်ဖက်နှင့် တစ်ဖက် လုံးလုံးမဆိုင်သလို ဖတ်ရန်မသင့်ပေ။ ထိုကော်လံ နှစ်ခုပါ အချက်များမှာ ပေါင်း၍ မရနိုင်တော့လောက်အောင် ဆန့်ကျင်ဘက်ဖြစ်နေကြခြင်းမျိုးတော့မဟုတ်ပြန်ပါ။ အကယ်၍ သတင်းထောက်တစ်ဦး၏ လုပ်ပုံကိုင်ပုံသည် ဘယ်ဘက်ကော်လံပါ အခြေအနေများနှင့် ကိုက်ညီလျှင် ထိုသူသည် ပေးသတင်းကို တင်ပြနေရသူဖြစ်ပြီး ညာဖက် ကော်လံပါ အခြေအနေများနှင့်ကိုက်ညီလျှင် စုံစမ်းထောက်လှမ်းရေးအခြေပြု သတင်းများဘက်သို့ ရောက်ရှိလာပြီဖြစ်သည်။

| **သမားရိုးကျသတင်းများ** | **စုံစမ်းထောက်လှမ်းမှု အခြေပြုသတင်းများ** |
| --- | --- |
| သတင်းအချက်အလက်များကို စုဆောင်းတင်ပြရာတွင် ပုံမှန် အချိန်ဇယားတစ်ခု၏ ဘောင်အတွင်းမှ ဆောင်ရွက်ရသည်။ (နေ့စဉ်သတင်း၊ အပတ်စဉ်သတင်းနှင့် လစဉ်သတင်း စသည်ဖြင့် ) | သတင်းအချက်အလက်များ အချိတ်အဆက် မမိမချင်း အပြည့်စုံဆုံး၊ အခြေအနေသို့မရောက်မချင်း ပရိသတ်ထံ ချမပြနိုင်ပေ။ |
| သုတေသနလုပ်ရသည့် အပိုင်း လျင်မြန်စွာပြီးနိုင်သည်။ သတင်းရေးပြီးလျှင် ဤသတင်းနှင့် ပတ်သက်ပြီး ထပ်မေးစရာ မရှိတော့ ။ | သတင်းမှာ ကျိန်းသေဖြစ်ပျက်ခဲ့ကြောင်း မပြနိုင်မချင်း သုတေသနအလုပ်ကို ဆက်လုပ်နေရသည်။ ပုံနှိပ်ပြီးသည့် နောက်ပိုင်းတွင်ပင် ဆက်နားစွင့်နေရသေးသည်။ |
| သတင်းသည် လိုအပ်သော အချက်အလက်အားလုံးကို လိုရင်း တိုရှင်းဖော်ပြထားသည်။ သတင်းမှာအတော်ပင် တိုနိုင်သည်။ | သတင်းတွင် ဖြစ်ကြောင်း ကုန်စင်ပါနိုင်သမျှ ပါအောင် ထည့်ရသည်။ ရှည်ကောင်း ရှည်သွားနိုင်သည်။ |
| သတင်းရင်းမြစ်ကို ဖော်ပြပေခြင်းအားဖြင့် သတင်းမှန်ကန်ကြောင်း တင်ပြပြီးဖြစ်သည်။ မိမိတို့ သတင်း | သတင်းရင်းမြစ်ကို မပြနိုင်ခြင်း (သို့မဟုတ်) သတင်းရင်းမြစ်က ပြောသော အချက်ကို မှန်ကန်ကြောင်း တင်ပြနိုင်ရန် |

| | |
|---|---|
| မှန်ကန်ကြောင်း သက်သေအထောက်အထား စုဆောင်းရန် မလို။ | လိုအပ်ခြင်းကြောင့် သက်သေအထောက်အထားကို စုဆောင်းထားရန် လိုသည်။ |
| **သတင်းရင်းမြစ်နှင့် ဆက်ဆံရေး** | |
| သတင်းပေးသူတွင် ရည်ရွယ်ချက်ကောင်း ရှိလိမ့်မည်ဟု ယူဆတတ်သည်။ တစ်ခါတစ်ရံ ထိုသူ၏ စိတ်ရင်းကို ဆန်းစစ်ခြင်းပင် မပြုလုပ်။ | သတင်းရင်းမြစ်၏ စိတ်ရင်းကို မဆန်းစစ်၍ မရပေ။ မည်သည့် သတင်းအရင်းမြစ်ကမဆို တလွဲပြောနိုင်သည်။ မှန်မမှန် မစစ်ဆေးပဲ မည်သည့်အချက်ကိုမှ သတင်းထဲတွင် မဖော်ပြနိုင်။ |
| သတင်းရင်းမြစ်သည် တရားဝင်ပြောရေးဆိုခွင့် ရှိသူဖြစ်လျှက် မိမိ၏ ဆောင်ရွက်ချက်များနှင့် မိမိဖြစ်လိုသည့် ဆန္ဒများကို ပွင့်လင်းစွာ အသိပေးနိုင်သည်။ | အစစ်အမှန်ဖြစ်နေသောအကြောင်းအရာများကို သတင်းထောက် မသိအောင် ဖုံးကွယ်ထားသည်။ အာဏာပိုင်များနှင့် ဌာနဆိုင်ရာများသည် မိမိတို့၏ အကြောင်းများ ဖေါ်ထုတ်ခြင်း ခံရမည်ကို စိုးရွံ့ကြ၏။ |
| သတင်းထောက်သည် မိမိ၏ သတင်းရင်းမြစ်များ သိထားသလောက် မသိရပေ။ | သတင်းရင်းထောက်သည် မိမိ၏သတင်းရင်းမြစ်တစ်ဦးချင်းက သိထားသော အချက်များထက် ပိုမိုသိရှိသွားသူဖြစ်သည်။ ထိုသူတို့ထံမှ ရသောအချက်အလက်များအားလုံး ပေါင်းထား သည်ထက်ပင် သူသိခဲ့ရသည်ကပိုများနေ တတ်သည်။ |
| သတင်းရင်းမြစ်များအားလုံးကို အမည်ရင်းဖြင့် ဖော်ပြနိုင်သည်။ | သတင်းရင်းမြစ်များ၏ အမည်ကို လုံခြုံရေးအရ ဖေါ်ပြခြင်း မပြုနိုင်ပေ။ |
| **အကျိုးရလဒ်မှာ** | |
| သတင်းတင်ပြမှုထွက်ပေါ်လာသောအခါ တကယ့်အပြင်လောကတွင် ဖြစ်ပျက်နေသော အရာကို အရှိအတိုင်း တင်ပြသည်ဟု မှတ်ယူလေ့ရှိသည်။ တင်ပြသူသည် ပြည်သူကို သတင်းပေးရုံမှတပါး အခြားမျှော်လင့်ချက်ထား၍ မရနိုင်ပေ။ | သတင်းထောက်သည် အပေါ်ယံ မြင်နေရသော အရာများကို မြင်ရသည့်အတိုင်း တင်ပြရန် ငြင်းဆန်သူဖြစ်သည်။ အခြေအနေတစ်ခုကို စူးစမ်း ထွင်းဖောက်ကြည့်ရန် ရည်ရွယ်သည်။ ကမောက်ကမများကို ပြုပြင်လိုသည်။ မတော်တရော်ကို ရှုတ်ချရန်ဖြစ်သည်။ အခြေအနေပေးလျှင် ထိုကမောက်ကမဖြစ်သော အခြေအနေထက် ပိုကောင်းသော အခြေအနေတစ်ရပ်ကို ညွှန်ပြမည်။ |
| တင်ပြလာသော သတင်းမှာ သတင်းထောက်၏ ကိုယ်ထိလက်ရောက် အားထုတ်မှုနှင့် မပတ်သက်လှပေ။ | သတင်းထောက်၏ ကိုယ်ထိလက်ရောက် အားထုတ်မှု မပါပဲ ထိုသတင်းထွက်ပေါ်လာနိုင်မည်မဟုတ်ပေ။ |
| တင်ပြလာသော သတင်းမှာ စိတ်လှုပ်ရှားစရာ သိပ်မရှိလှပါ။ ထိုသတင်းတွင် ဇာတ်လမ်း တစ်ခုလို အဆုံးသတ် | တင်ပြလာသော သတင်း၏ ဖွဲ့စည်းပုံမှာ ဇာတ်လမ်းတစ်ပုဒ်နှယ် ဖြစ်သည်။ ထိုဇာတ်လမ်းအတွက် သတင်းထောက်က |

| | |
|---|---|
| မပါရှိ။ ဆက်လက်ဖြစ်နေဦးမည့် ဖြစ်ရိုးဖြစ်စဉ် တစ်ခုမျှသာ။ | သို့မဟုတ် သတင်းရင်းမြစ်ကပြလိုသော အဆုံးသတ်ကောက်ချက်ဆွဲမှု ပါရှိသည်။ အကျိုးရလဒ် တစ်ခုကျန်ရစ်နေမည်။ |
| သတင်းထောက်သည် ဘက်မလိုက်ဘဲ ကြားနေသူဖြစ်ရန် ကြိုးစားသည်။ သတင်းတွင် တင်ပြထားသူတို့ကြား မည်သည့်ဘက်တွင်မှ မရပ်ဖြစ်အောင်နေသည်။ | သတင်းထောက်သည် တရားမျှတမှုကို ရှာဖွေရန် အရာရာကို သတိနှင့် စူးစမ်းသည်။ နစ်နာရသူများ၊ ဖေါက်ပြန်သူများနှင့်တကွ သူရဲကောင်းများကို ဖေါ်ထုတ်သည်။ သတင်းထောက်သည် စီရင်ချက်တစ်ခု ကိုသော်လည်းကောင်း၊ အပြစ်ဒဏ်ကိုလည်းကောင်း သတင်းတင်ပြမှု အားဖြင့် ချမှတ်သည်။ |
| သတင်းထောက်က အမှားလုပ်မိသော အခါမျိုးတွင် ပြဿနာ မကြီးလှ။ | သတင်းထောက်က မှားသွားသောအခါမျိုးတွင် အပြစ်ဒဏ်က အသင့်စောင့်နေသည်။။ တရားခွင်တွင် ပေးသော အပြစ်ကိုသော်လည်းကောင်း၊ တရားခွင်မှ မဟုတ်ဘဲ အခြားအရပ်မှ လာသော အပြစ်ဒဏ်ကိုလည်း ခံကြရသည်။ အမှားပါသွားသော အခါ သတင်းထောက် နှင့်တကွ မီဒီယာပါ နာမည်ပျက်နိုင်သည်။ |

စုံစမ်းထောက်လှမ်းသော သတင်းလိုက်နည်းမှာ ရိုးရိုးသတင်းလိုက်နည်းထက်စာလျှင် ပိုမိုအားစိုက်ရသည်ဟု ထင်ပါသလော။ မှန်ပါသည်။ အမှန်တကယ်ပင် ပို၍ပင်ပန်းပါသည်။ အဆင့်တိုင်းတွင် အလုပ်ပိုလုပ်ရသည်။ သို့သော် အလုပ်တွင်အောင်လည်းလုပ်၊ ပျော်အောင်လည်း လုပ်နိုင်သည့် အနေအထားလည်း ရှိပါသည်။ အကျိုးကျေးဇူး ပိုများသည်ကား အသေအချာပင်ဖြစ်သည်။ သတင်းထောက်နှင့် သူ၏ အဖွဲ့အစည်းအတွက် ပြည်သူများအတွက်ပါ အကျိုးများမည်ပင်။

ပြည်သူတို့အတွက် ကောင်းကျိုး

ပြည်သူတို့သည် တန်ဖိုးကြီးအောင် အားထုတ်ထားသောသတင်းများကို နှစ်ခြိုက်ကြသည်။ အခြားနေရာတွင် ရှာမရသော သတင်းများ၊ ယုံကြည်လောက်သော သတင်းများကို ပေးသောအခါတွင် ပို၍ တန်ဖိုးထားကြသည်။ သူတို့ဘဝအတွက် အရေးကြီးသောအရာများကို ဆောင်ရွက်ပေးနေသည်ဟု ယုံကြည်ကြသည်။ ထိုသတင်းများမှာ နိုင်ငံရေးလည်း ဖြစ်နိုင်သလို ဘဏ္ဍာရေး သို့မဟုတ် သူတို့သုံးနေသည့် ကုန်ပစ္စည်းတစ်ခု၏ အကြောင်းလည်း ဖြစ်နိုင်သည်။ သူတို့ဘဝအတွက် အရေးပါသော ထိုအကြောင်းအရာများကို သတင်းထောက်က တင်ပြသောအခါတွင် သူတို့ဘဝများတွင် အပြောင်းအလဲ တစ်စုံတစ်ရာ ဖြစ်သွားခြင်းက အရေးကြီးသော ကိစ္စဖြစ်သည်။ ထို့ကြောင့် မှတ်သားကြရန်မှာ စုံစမ်းထောက်လှမ်းရေး အခြေပြုသတင်းများသည် ဂျာနယ်လစ်တို့၏ ထုတ်ကုန်ပစ္စည်းများ မဟုတ်ပေ။ ဝန်ဆောင်မှုတစ်ခုသာ ဖြစ်သည်။ ထိုဝန်ဆောင်မှုကား လူသားတို့၏ ဘဝများ ပိုမိုတောင့်တင်းခိုင်မာလာအောင်၊ ပို၍ သာယာဝပြောလာအောင် ဆောင်ရွက်ပေးသော ဝန်ဆောင်မှုပင်ဖြစ်သည်။

## အခန်း(၁)

သတင်းထောက်၏ မီဒီယာအဖွဲ့အစည်းအတွက် ကောင်းကျိုး

သတင်းတစ်ပုဒ်ကို စုံစမ်းထောက်လှမ်း ရယူခြင်းမှာ တတ်နိုင်သူများသာ လုပ်သော အလုပ်ဖြစ်သည်ဟူသော အပြောမျိုးကို သတင်းထောက်အနေနှင့် လက်ခံရန် မသင့်ပေ။ သတင်းပေါင်းများစွာသည် ငွေရေးကြေးရေးအရ အရှုံးပေါ်နိုင်သည်။ သို့သော် မီဒီယာအနေဖြင့် စုံစမ်းထောက်လှမ်းခြင်းအမှုကို မှန်မှန်ကန်ကန်ပြုလျှင်ကား ၎င်းတို့၏ ဂုဏ်သိက္ခာမြင့်တက်လာသည်သာဖြစ်သည်။ ထိုဂုဏ်ကြောင့်ပင် ဝင်ငွေလမ်းဖြောင့်နိုင်သည်။ အပတ်စဉ်ထုတ် ပြင်သင်စာစောင် Canrad Enhaine´ နှင့် ဗြိတိန်ထုတ် The Economist တို့မှာ နမူနာကောင်းများပင် ဖြစ်ကြသည်။ ထို့ပြင် ထိုကဲ့သို့သော မီဒီယာများမှာ လူ့အဖွဲ့အစည်းအပေါ် ဩဇာညောင်းသကဲ့သို့ အများပြည်သူကို ကောင်းကျိုး ဖြစ်ထွန်းစေသည့် သတင်းပေးနိုင်သူအဖြစ် ဈေးကွက်တွင် ကောင်းစွာ ယှဉ်ပြိုင်နိုင်သည်။

သတင်းထောက်အတွက် ကောင်းကျိုး

ဆယ်စုနှစ်များစွာပင် စုံစမ်းထောက်လှမ်းရေး အခြေပြုသတင်းရေးသားနည်းကို စာရေးသူတို့ သင်ကြားပေးခဲ့ကြသည်။ သင်တန်းသားများထံမှ စုံစမ်းထောက်လှမ်းရေးကြောင့် ရန်သူတွေ မပေါ်လာနိုင်ဘူးလား ဟူသော မေးခွန်းမျိုးကို အဖန်များစွာ ကြားခဲ့ရသည်။ မိမိအလုပ်ကို ကောင်းစွာ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်လျှင် သတင်းထောက်အနေနှင့် ရရှိလာသော မိတ်ဆွေအရေအတွက်မှာ ရန်သူအရေအတွက်ထက် များစွာ ကျော်လွန်ပါလိမ့်မည်။ မိမိ၏ လုပ်ငန်းပိုင်းတွင်လည်း အသိအမှတ်ပြုခံရသည့် ကျွမ်းကျင်သူ တစ်ဦးဖြစ်လာသလို သတင်းလောက မဟုတ်သည့်နေရာများတွင်လည်း လေးစားသမှု ရှိကြမည်။ ထိုကဲ့သို့သော အခြေအနေမျိုးကို ရိုးရိုးပေး သတင်းကို ရေးသော ဂျာနယ်လစ်တစ်ဦး ကြုံတွေ့နိုင်မည်မဟုတ်ပေ။ ထိုသတင်းမျိုးရေးသူကို အလွယ်တကူပင် အခြားတစ်ယောက်နှင့် အစားထိုးပစ်နိုင်ကြသည်။ လုပ်ငန်းခွင်တွင် သူ၏ နေရာမှာ မကျယ်ဝန်းလှပေ။ စုံစမ်းထောက်လှမ်းမှု၏ အရေးအကြီးဆုံး ရလဒ်မှာ မိမိကိုယ်တိုင်က အံ့ဩဖွယ်ရာကောင်းလောက်အောင် ပြောင်းလဲလာခြင်း ဖြစ်သည်။ ထိုသတင်းထောက်မျိုးသည် ပို၍ ကြံ့ခိုင်လာသည်။ မိမိတွေ့လိုသော အမှန်တရားကို သူတပါးက မိမိလက်ထဲ ထည့်ပေး၍ သိရလိုက်သည်ထက်စာလျှင် မိမိဘာသာ ရှာဖွေနိုင်သူအဖြစ် ယုံကြည်လာသောကြောင့် ဖြစ်သည်။ မိမိ၏ သံသယစိတ်ကို ဆန်းစစ်နေခိုက်တွင် မိမိ၏ ကြောက်စိတ်များကို ဖယ်ရှားတတ်လာသည်။ လောကကို သစ်လွင်သော၊ လေးနက်သောအမြင်မျိုးဖြင့် နားလည်တတ်လာသည်။ သတင်းစာလောကသည် လူများစွာကို အဆိုးမြင်တတ်သော၊ ပျင်းရိသောသူများအဖြစ် မွေးထုတ်လိုက်သည်။ ထိုသူများမှာ အသုံးမကျတော့သူများ ဖြစ်လာကြသည်။ စုံစမ်း ထောက်လှမ်းခြင်းကြောင့် သတင်းထောက်မှာ ထိုအဖြစ်မျိုး မကြုံရတော့ပေ။ အချုပ်အားဖြင့်ဆိုရသော် မိမိ၏ သတင်းစာပညာအရည်အသွေးနှင့် မိမိကိုယ်ကို ဂရုစိုက်နိုင်လျှင် စုံစမ်းထောက်လှမ်းရေးသားတင်ပြသော သတင်းမှာ အကျိုးများလှပေသည်။ စုံစမ်းထောက်လှမ်းခြင်းကြောင့် သင်ကိုယ်တိုင်နှင့် ပရိသတ်များ၊ သင်၏ လုပ်ဖော်ကိုင်ဖက်များကိုယ်တိုင် ကြိုးစားအားထုတ်မှု၏ ရလဒ်ကို မြင်ကြရပေလိမ့်မည်။

ဒီသတင်းက အလုပ်ဖြစ်မှာလား

စုံစမ်းထောက်လှမ်းရေးလုပ်တိုင်း ကောင်းသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဟုတော့ မဆိုနိုင်ပေ။ မိမိ၏ စိတ်ထက်သန်မှုရှိနေသည့်တိုင်အောင် ထိုစိတ်အားထက်သန်နေမှုမှာ မည်သည့်နေရာကလာသည်ကို ပြန်လည် တွေးဆ ရမည်။ ပုဂ္ဂိုလ်ရေး အငြိုးအတေးများနှင့် စိတ်ဒဏ်ရာဆူးပါက်နေမှုများအတွက် အချို့က စုံစမ်းထောက်လှမ်းခြင်း အမှုကို ပြုကြသည်။ အချို့အတွက်မူ စုံစမ်းထောက်လှမ်းရေးသတင်းကို ခက်ခက်ခဲခဲပင် လိုက်စရာမလိုဘဲ ရလိုက်သည့်အတွက် လွယ်တာကို ကောက်ရေးလိုက်ကြခြင်းမျိုးလည်း ဖြစ်နိုင်သည်။ များစွာသောစုံစမ်းထောက်လှမ်းရေး အထူးပြု သတင်းထောက်များသည် မိမိ ပရိသတ်အတွက် မိမိတို့ လိုက်နေသော သတင်းက အရေးပါမပါဆိုသည်ကို လည်းကောင်း၊ အဘယ့်ကြောင့် အရေးပါခြင်း၊မပါခြင်းများ ဖြစ်ရသည်ကိုလည်းကောင်း မဆန်းစစ်မိကြပေ။

## အခန်း(၁)

သို့ဖြစ်ရာ သတင်းတစ်ခုကို စုံစမ်းရန် သင့်မသင့် ရရှိလာမည့်အကျိုးအားဖြင့် တွက်ဆစဉ်းစားနေချိန်တွင် မိမိကိုယ်ကို အောက်ပါ မေးခွန်းများဖြင့် စမ်းသပ်ကြည့်ပါ။

- ထိုအဖြစ်အပျက်က လူပေါင်းမည်မျှအပေါ် အကျိုးသက်ရောက်မှု ရှိသနည်း (သားကောင် မည်မျှ ကြီးသနည်း)
- အကျိုးသက်ရောက်မှု မည်မျှအားပြင်းသနည်း (ရေတွက်၍ ရသော အရာများဖြင့် ချိန်ဆခြင်းဖြစ်သည်။ သို့ရာတွင် မည်ရွေ့မည်မျှဆိုသည်က အရေးကြီးသလို၊ ရေတွက်၍ မရသောသက်ရောက်မှုကြောင့် ထိခိုက်သွားမှုများကိုလည်း ထည့်တွက်ရန် လိုပါသည်။ လူတစ်ဦး သေဆုံးသွားလျှင် အသက်သာမက ထိုသူ၏ ဘဝလည်း ပျက်စီး သွားခြင်းကြောင့် ရေတွက်နိုင်သောပမာဏကိုသာမက မရေတွက်နိုင်သော အခြေအနေများကိုပါ ထည့်တွက် ရမည်။)
- အဖြစ်အပျက်မှာ ကောင်းကျိုးဖြစ်စေခဲ့သော အရာဖြစ်လျှင် အခြားနေရာများအတွက် နမူနာယူစရာ ဖြစ်နိုင်ပါမည်လား။
- သို့မဟုတ် ထိုအဖြစ်အပျက်ကြောင့် နစ်နာရသူများ ရှိနေနိုင်ပါသလား။
- ထိုသူတို့၏ နာကျင်ခံစားရမှုများမှာ ရှောင်လွှဲနိုင်ပါသလား။
- မည်သို့ရှောင်လွှဲနိုင်ပါမည်နည်း။
- ကောင်းသည်ဆိုသည် မဟုတ်၊ အဖြစ်အပျက်တိုင်းသည် လူထုကို မဖြစ်မနေအသိပေးရန် လိုအပ်ပါသလား။
- နောက်ထပ် မဖြစ်စေလိုခြင်းဆန္ဒ သို့မဟုတ် နောက်ထပ် ထိုအဖြစ်မျိုးကို ထပ်မံပေါ်ပေါက်လာ စေလိုသော ဆန္ဒဖြင့် လူထုကို အသိပေးသင့်ပါသလား။

ဤစာရေးသူတို့၏ ခံယူချက်ကမူ-

ကမ္ဘာသည် နာကျင်ခံစားရခြင်းများနှင့် ပြည့်နှက်နေသည်။ ထိုနာကျင်မှုပေါင်းများစွာအတွက်မိမိက ဘာမျှ ဝင်လုပ်ပေး၍ မရပေ။ လူတို့၏ အမှားများ နှင့် ကောင်းမှုပြုရန်ပျက်ကွက်ခြင်းတို့ကြောင့် ဖြစ်နေကြရသည်။ သို့သော် လူတို့၏နာကျင်ခံစားရမှုများကို ဖြစ်စေသော ရက်စက်ခြင်းများ၊ အသုံးမကျမှုများကို လျော့ပါးစေသည့် မည်သည့် အကြောင်းအရာမျိုးမဆို စုံစမ်းဖော်ထုတ်သင့်သော သတင်းမျိုးချည်းသာ ဖြစ်သည်ဟုသာ ဆိုချင်ပါသည်။


ဂျာနယ်လစ်အနေဖြင့် မည်သည့်စုံစမ်းမှုကိုမျှ မပြုလုပ်မီ လူသားအကျိုးပြုရှုထောင့်ကို ဦးစားပေးစဉ်းစားမိပါစေ။ မိမိ၏ အလုပ်အကိုင် အောင်မြင်ရန်မှာ ပဓါန မဟုတ်ပေ။ စုံစမ်း ဖော်ထုတ်ရခြင်းသည် လက်နက်တစ်မျိုးကို အသုံးပြုရသကဲ့သို့သာဖြစ်ပြီး သင်သည် အကိုင်အတွယ်မတတ်လျှင် သူတစ်ပါး ထိခိုက်နိုင်သည်ကို နားလည်ရပါမည်။ ထိုလက်နက်ဖြင့် တမင်တကာ နာကျင်စေလိုသောအခါတွင်လည်းကောင်း၊ မိမိ၏ ပေါ့ဆမှုကြောင့်လည်းကောင်း တစ်ပါးသူတို့ ထိခိုက်နိုင်သည်။ Wood Ward နှင့် Bernstein တို့က ဝါးတားဂိတ်အရေးတွင် သတင်းထောက်အနေဖြင့် ကျော်ကြားခဲ့ပါသည်။ သို့သော် ရာထူးပြုတ်သွားသော သမ္မတ နစ်ဆင်နှင့်အတူ အပြစ်မရှိသော ဝန်ထမ်းများစွာကို အလုပ်ပြုတ်ခဲ့ရသည့်အဖြစ်မျိုး ရှိခဲ့သည်။ သင်၏ အလုပ်သက်တမ်းတစ်လျှောက်တွင် အချို့သော ပုဂ္ဂိုလ်များ၏ ဘဝကို အကောင်းဆုံးဖြစ်အောင်လုပ်နိုင်သလို အဆိုးဆုံးဖြစ်အောင်လည်း လုပ်နိုင်သည်။ မိမိကြောင့် အဆိုးကို ဖြစ်စေမည်လော၊ အကောင်းကို ဖြစ်စေမည်လော။ မည်သူတို့ကို မည်သို့ ထိခိုက်စေနိုင်သနည်း။ အဘယ့်ကြောင့်နည်းဟူသောအချက်နှင့် ပတ်သက်၍ သတိကြီးစွာထားသင့်သည်။ အခြားသူများ၏ ဘဝကို စုံစမ်းထောက်လှမ်းမှု မပြုမီ မိမိ၏ စိတ်ရင်းကို ပြန်စစ်ဆေးသင့်သည်။ အကယ်၍ မိမိထောက်လှမ်းမည့် ဖြစ်ရပ်တစ်ခုမှာ အခြားသူများအတွက် အရေးကြီးသည့် ကိစ္စတစ်ခုမဟုတ်လျှင် သင့်အနေနှင့် သေချာပါပြီ။ သင်သည် သင်၏ ကိုယ်ကျိုးအတွက် ဖော်ထုတ်လိုခြင်းဖြစ်လိမ့်မည်။ တကယ်လုပ်သင့်သောအလုပ်ဟုတ်ပါရဲ့လား ပြန်စဉ်းစားပါဦး။

## အခန်း(၁)

မိမိတို့ ဂျာနယ်လစ်သက်တမ်းတစ်လျှောက်တွင် စုံစမ်းဖော်ထုတ်ခြင်းများစွာ ပြုလုပ်ခဲ့ပါသည်။ လုပ်တိုင်းလိုလိုပင် တစ်ချိန်ချိန်တွင် တစ်စုံတစ်ယောက်က ထိုသို့မေးလာသည်ကို ကြုံရတတ်ပါသည်။ ခင်ဗျား ဘာကြောင့် မေးခွန်းတွေမေးနေရတာလဲ၊ ဒါတွေ သိရရင် ခင်ဗျား ဘာလုပ်မလဲ၊ ခင်ဗျားမှာ ဒီလို မေးပိုင်ခွင့် ရှိသလား၊ ထိုကဲ့သို့သော မေးခွန်းများနှင့် ကြုံတွေ့ရသောအချိန်၌ သင့်အတွက် ပြန်ဖြေစရာ အဖြေကောင်းကောင်း တစ်ခု မရှိနေခဲ့သောကြောင့် "အများပြည်သူက ခုလိုဖြစ်နေတာတွေ သိခွင့်ရှိတယ်။ ဒါကြောင့် ကျုပ်က စုံစမ်းနေရတာ" ဟု သင်က ဆိုလိုက်လျှင် လမ်းဆုံးပြီဖြစ်သည်။ ရှေ့ဆက်တိုးနိုင်တော့မည်မဟုတ်။ အမြဲလိုလိုပင် စာရေးသူတို့မှာ အောက်ပါအတိုင်း ရှင်းပြလေ့ ရှိပါသည်။ "အခု လုပ်နေတာတွေက ခင်ဗျားအတွက်ရော အခြားသူတွေအတွက်ပါ အရေးကြီးတာတွေပါ။ ကျွန်တော် ဒီသတင်းမှာ အမှားတွေ မပါစေချင်ပါဘူး။ ဒီအတွက် ခင်ဗျားကူညီမယ်လို့ မျှော်လင့်ပါတယ်။"

သင့်အနေနှင့် အထက်ပါစကားမျိုးကို ပြောဖြစ်သောအခါတိုင်တွင်လည်း မိမိပြောသော စကားကို မိမိက ယုံကြည်ရန် အရေးကြီးပါသည်။ တစ်ဖက်လူကလည်း သင့်စကားကို ယုတ္တိရှိကြောင်း လက်ခံနိုင်လောက်သည့် အခြေအနေမျိုး ဖြစ်ရမည်။ ပြည်သူတို့သည် ဂျာနယ်လစ်ကို မနှစ်လိုတတ်ကြပေ။ ဂျာနယ်လစ်တို့၏ စိတ်ရင်းစေတနာကို မယုံကြည်နိုင်ကြသောကြောင့်ဖြစ်သည်။ သင်သည် ထိုကဲ့သို့သော ပြည်သူတို့၏ အမြင်မျိုးကို ပြောင်းလဲပစ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

# ကြိုတင်မျှော်မှန်းတွေးဆခြင်း



၂

## ကြိုတင်မျှော်မှန်းတွေးဆမှုကို အသုံးပြုခြင်း စုံစမ်းထောက်လှမ်းခြင်း၏ ဗဟိုချက်

MARK LEE HUNTER, LUUK SENGERS နှင့် PIA THORDSEN တို့ ရေးသားသည်။

ဤအဆင့်တွင် နောင်တွင် မှားသည် မှန်သည်ကို အတည်ပြုနိုင်မည့် အချက်များကို ကျွန်ုပ်တို့ တွေးဆ မျှော်မှန်းကြသည်။

## အခန်း(၂)

# ဇာတ်လမ်းတစ်ပုဒ်၏ ဖြစ်နိုင်ခြေကို ကြိုတင်မှန်းဆချက်ကပင် ဇာတ်လမ်းတစ်ပုဒ်ဖြစ်သလို ထိုဇာတ်လမ်းကို ဆန်းစစ်ရန် နည်းလမ်းလည်းဖြစ်သည်။

အယ်ဒီတာများသည် မိမိတို့စုံစမ်းလိုသော သတင်းအိုင်ဒီယာများကို တင်ပြသောအခါ လက်မခံတတ်ကြဟု သတင်းထောက်များက အမြဲလိုပင် ညည်းညူတတ်ကြသည်။ မှန်ပေသည်။ ထိုအဖြစ်မျိုးမှာ နေရာတိုင်းတွင် ရှိသည်။ သို့သော် တစ်ခါတစ်ရံ အယ်ဒီတာတို့က လက်မခံသည့်သတင်းအိုင်ဒီယာများကို ကြည့်လျှင် သတင်းဟု ဆိုနိုင်လောက်သည့်အရာများမဟုတ်ကြောင်း ပြန်တွေ့ရမည်။ ကြိုတင်ပြင်ဆင်မှုညံ့ဖျင်းသော ပရောဂျက်တစ်ခုဖြစ်ပြီး ဒုက္ခအပေါင်းကိုပင် သယ်ဆောင်လာနိုင်သည့်အရာများဖြစ်နေကြသည်။ ငွေကုန်လူပန်းဖြစ်ကာ အကျိုးမများသည့် အရာမျိုးလည်း ဖြစ်နေနိုင်သည်။ ငယ်စဉ်တုန်းကမူ စာရေးသူတို့လည်း ထိုကဲ့သို့သော သတင်း အိုင်ဒီယာမျိုးကို အယ်ဒီတာထံ ပြဖူးကြပါသည်။ ခြေမသန်သော မြင်းပိန်ကလေးများနှင့်တူသော ထိုသတင်းကလေးများသည် ကျွန်တော်တို့ တက်မစီးမီကပင် အယ်ဒီတာများက သတ်ပစ်လိုက်သဖြင့် သေလုနီးနီးဖြစ်ခဲ့ကြခြင်းကြောင့်သာ ကံကောင်းခဲ့သည်ဟု ဆိုနိုင်သည်။ ဥပမာ- ကျွန်တော် အဂတိလိုက်စားမှုကို ဖော်ထုတ်ချင်တယ် ဟု အယ်ဒီတာထံ သွားပြောလျှင် အခြေအနေမှာ မကောင်းနိုင်ပါ။ အဂတိ လိုက်စားမှုသည် တစ်ကမ္ဘာလုံးမှာ နေရာတိုင်းတွင်ရှိသည်။ အချိန်လုံလောက်စွာယူပြီး လေ့လာကြည့်ပါ။ အချို့သော လာဘ်စားမှုများကို ခြေရာကောက်နိုင်လာပါလိမ့်မည်။ ဤသို့တွေ့လျှင်ပင် မိမိစုံစမ်းဖော်ထုတ်ချင်သည့် ဧရိယာကို သိရုံမျှသာ သိခြင်းဟု ဆိုနိုင်သည်။ ထိုအရာများသည် သတင်းမဟုတ်သေးပေ။ ဂျာနယ်လစ်သည် ထိုဖြစ်ရပ်များကို ဇာတ်လမ်းသဖွယ် တင်ပြနိုင်ပြီဆိုလျှင် သတင်းဟုဆိုနိုင်ပြီ။ အကယ်၍ သတင်းသမားများအတွက် အဂတိလိုက်စားမှုကို ပညာရပ်နယ်ပယ်တစ်ခုအဖြစ် လေ့လာချင်သည်ဆိုလျှင် အချိန်ကြာလာသည်နှင့်အမျှ ထိုနယ်ပယ်တွင် သင်သည် ကျွမ်းကျင်သူတစ်ဦးဖြစ်လာနိုင်ပါသည်။ ထိုသို့ဖြစ်ရာမှာ အချိန်၊ ငွေနှင့် ခွန်အားများစွာ ဖြုန်းတီးရပေဦးမည်။ ထို့ကြောင့် အယ်ဒီတာအနေဖြင့် ထိုကဲ့သို့သော ခေါင်းစဉ်ကြီးမားလှသည့်အကြောင်းအရာမျိုးကို သတင်းထောက်က တင်ပြလာလျှင် ခွင့်မပြုဘဲ ငြင်းပစ်ရခြင်းဖြစ်သည်။

အကယ်၍သင်က အယ်ဒီတာအား ကျွန်တော် အဂတိလိုက်စားမှုအကြောင်း သတင်းလိုက်ချင်ပါသည် ဟု မပြောဘဲ ကျောင်းများတွင် လာဘ်ပေးလာဘ်ယူမှုများ ဖြစ်ပျက်နေရခြင်းမှာ မိဘများ၏ ကျောင်းသားများ ဘဝ အနာဂတ်အတွက် မျှော်လင့်ချက်များကို ဖျက်ဆီးနေရာရောက်ကြောင်း တင်ပြလျှင်မူ အယ်ဒီတာအတွက် ပိုမို စိတ်ဝင်စားဖွယ်ဖြစ်ပေမည်။

ထိုအခိုက်တွင် သင်သတိမမူမိခဲ့လျှင်ပင် သင်သည် မိမိထောက်လှမ်းလိုသော သတင်း၏ အကျိုးအကြောင်းနှင့် ပတ်သက်ပြီး ကြိုတင် မျှော်မှန်းတွေးဆခြင်းကို ပြုလုပ်နေပြီဖြစ်သည်။ သတင်းမှာ မှန်မမှန် သက်သေ မပြနိုင်သေးသော်လည်း ဖြစ်နိုင်ခြေကို သင်က ကြိုတင်မှန်းဆနေပြီဖြစ်သည်။

သင်သည် ယခုအခါ ကျောင်းများတွင် လာဘ်ပေးလာဘ်ယူမှုများ ဖြစ်ပေါ်နေကြောင်း၊ ထိုလာဘ်ပေး လာဘ်ယူမှုများကြောင့် အနည်းဆုံး ကျောင်းသားနှင့် မိဘများကို နစ်နစ်နာနာ ထိခိုက်စေကြောင်း တင်ပြမိနေပြီ။ ခုချိန်ထိ သင်ယူဆထားပုံမှာ မှန်မမှန် မသေချာသေးပေ။ မှန်၏ မှား၏ဟူ၍ ခွဲခြားနိုင်အောင် သင်သည် အချက်အလက်များကို ရှာရတော့မည်။

# အခန်း(၂)

ထိုအချိန်တွင် မိမိ၏ ကြိုတင်မှန်းဆချက်တွင် ဖြစ်နိုင်ခြေကို တွက်သော မေးခွန်းများ ပါလာတော့မည်ဖြစ်သည်။ ထိုမေးခွန်းများသည် ယုတ္တိ ရှိမရှိကိုလည်း စဉ်းစားရတော့မည်။ ထိုအခြေအနေတွင် မိမိ၏ စိတ်ထဲတွင် မှန်းဆထားသော ဖြစ်နိုင်ခြေနှင့် ထိုဖြစ်နိုင်ခြေများ တစ်ကယ်ဖြစ်နေလျှင် မည်သည်တို့ကို တွေ့ရမည်နည်းဟူသော အချက်များကို ခွဲထုတ်ပြီး စဉ်းစားရတော့မည်။ ထိုအချက်များ ဖြစ်ပေါ်နေခြင်း ရှိမရှိကိုလည်း ဆန်းစစ်ကြရတော့မည်။ မိမိတို့ စိတ်ထဲတွင် ဖွဲ့စည်းထားသော မေးခွန်းများကို ချရေးသောအခါတွင်လည်း စကားလုံးများ၏ အဓိပ္ပာယ်ကို သေချာစဉ်စားပြီးမှသာ ရေးကြရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုစာလုံးများက မိမိတို့ရှာဖွေရမည့်အချက်များကို ကိုယ်စားပြုနေပြီး မည်သည်တို့ ဘာကိုရှာဖွေတွေ့ရှိမည်ကိုလည်း သတ်မှတ်ပြဌာန်းနေကြသောကြောင့်ပင်ဖြစ်သည်။

ထိုမေးခွန်းများ၏ အဖြေကို မိမိကြိုက်သလို စီပြီးရေးနိုင်ပါသည်။ အကောင်းဆုံးကမူ မိမိတို့ အလွယ်ဆုံး ဖြေနိုင်မည့် မေးခွန်းမှစပြီး စဉ်းစားခြင်းဖြစ်သည်။ မည်သည့် စုံစမ်းထောက်လှမ်းမှုမျိုးကိုမဆို အစတွင် လွယ်ပြီး နောက်ပိုင်းတွင် ခက်ခဲလာတတ်သည်ချည်းသာဖြစ်သည်။ ဖော်ထုတ်ရန်လိုအပ်နေသည့်အချက်များ၊ သတင်း အရင်းမြစ်များ များသထက်များလာသောကြောင့် ဖြစ်သည်။ ထိုအခါ မိမိက အချက်အလက်များကို စနစ်တကျ စုစည်းရန် ပိုအလုပ်များလာတော့သည်။ တစ်ချိန်တည်းတွင် မိမိ၏ လိုချင်သောသတင်းကို မရလိုက်ဘဲ မိမိနာမည် ပျက်သွားမည်ကို စိုးရိမ်နေရတတ်သည်။

အထက်တွင်ဆိုခဲ့သော စာသင်ကျောင်းများတွင် အဂတိလိုက်စားမှုကြောင့် ကျောင်းသားများ ပညာရေးထိခိုက်မှု ဖြစ်ပေါ်နေခြင်းရှိမရှိဟူသော သတင်းကို စဉ်းစားကြည့်မည်ဆိုပါစို့။ သတင်းစလိုက်ရန် အလွယ်ဆုံး နည်းလမ်းသည် ကျောင်းသားမိဘများနှင့် ကျောင်းမှ ကလေးများကို မေးမြန်းခြင်းပင်ဖြစ်သည်။ ၎င်းတို့၏ မျှော်လင့်ချက်များ၊ စိတ်ပျက်ခြင်းများသည် သဲလွန်စများဖြစ်လိမ့်မည်။

အကယ်၍ ကျောင်းတွင်အဂတိလိုက်စားမှုများ ဖြစ်ပေါ်နေကြောင်း အနည်းဆုံး လူလေးယောက်က ပြောနေပြီဆိုလျှင် သင်သည် ထိုသတင်းကို အတည်ပြုနိုင်ပြီ။ သတင်းရင်းမြစ်အရေအတွက် လေးဦးထက် ပိုနည်းလျှင်မူ အခြေအနေမကောင်းနိုင်ပေ။ အတည်ပြုရာတွင် မိမိအတွက် အန္တရာယ် ရှိနိုင်သည်။ ထိုအခါမျိုးတွင် ကျောင်းများအား လည်ပတ်အုပ်ချုပ် နေပုံကို စတင်လေ့လာကြည့်ပါ။ ကျောင်းစည်းကမ်းများ၊ ကျောင်းနှင့် ပတ်သက်သည့်လုပ်ထုံးလုပ်နည်းများ၊ ထိုကျောင်း၏ ရပ်တည်ချက်များ၊ချမှတ်ထားသော ရေရှည်မျှော်မှန်းချက်များကို သိအောင်လုပ်ပါ။

ကျောင်းများအလုပ်လုပ်ပုံစနစ်ကိုသိလျှင် အဂတိ လိုက်စားမှု ဖြစ်ပေါ်နိုင်ခြေရှိသည့်နေရာများကို သင်ရိပ်မိ လာနိုင်သည်။ ထို့ကြောင့် ကျောင်းတစ်ကျောင်းတွင် ရှိသင့်ရှိထိုက်သောအခြေအနေများနှင့် ယခုလက်ရှိဖြစ်နေသော အခြေအနေများကို နှိုင်းယှဉ်နိုင်ပြီ။

## အခန်း(၂)

**အောက်ပါပုံမှာ အဂတိလိုက်စားမှုသတင်းအား စတင်စဉ်းစားပုံကို အစဉ်အတိုင်း သုံးသပ်ပြသည်။**

ပထမအဆင့်တွင် ဖြစ်ပေါ်နေနိုင်သော ပြဿနာများကို စကားလုံးအားဖြင့် ရေးချလိုက်သည်။ ထို့နောက် ထိုစကားလုံးများကို သေချာသုံးသပ်ပြီး ထိုစကားလုံးများမှ ထွက်ပေါ်လာနိုင်သော မေးခွန်းများကို ဆက်စပ်ရေးချသည်။

အဂတိလိုက်စားမှုကို မည်သို့ အဓိပ္ပါယ် ဖွင့်ဆိုမည်နည်း။
လာဘ်ပေးခြင်း၊ မျက်နှာကြီးရာ ဟင်းဖတ်ပါခြင်း၊
အလုပ်ခန့်ရာတွင် နီးစပ်သူကို ဦးစားပေးခြင်း တို့ကို
ဆိုလိုပါသလား။
ကျောင်းတွင် ထိုအရာများ အမှန်တကယ်
ဖြစ်ပျက်နေပါသလား။

ကျောင်းမည်မျှရှိသနည်း။ မည်သည့်ကျောင်း
အမျိုးအစားများ ဖြစ်ကြသနည်း
ကျောင်းတိုင်းတွင် အဂတိလိုက်စားမှုတစ်ပုံစံ
တည်းဖြစ်ပေါ်နေပါသလား
အဂတိလိုက်စားမှု မဖြစ်စေရန် မည်သည့်
စည်းကမ်းများ တားမြစ်ပေးသနည်း
ထိုစည်းကမ်းများ အဘယ့်ကြောင့်
မထိရောက်ရသနည်း
ကျောင်းကို လည်ပတ်နေသော စနစ်တစ်ရပ်
လုံးတွင် မည်ကဲ့သို့သော အမှုထမ်းများ
ပါဝင်နေကြသည်၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်များ၊
ခံစားခွင့်များကို မည်သို့ သတ်မှတ်ထားသနည်း။

**ပညာရေးကြောင့် ကလေးများ၏ အနာဂတ် ကောင်းမွန်မည် ဟူသော မိဘတို့၏ မျှော်လင့်ချက်ကို ကျောင်းရှိ အဂတိလိုက်စားမှုများက ဖျက်ဆီးနေသည်။**

အဂတိလိုက်စားမှုကို မည်သည့်ကျောင်းသားမိဘက
ကြုံခဲ့ရသနည်း။
ထိုကျောင်းသားမိဘများ၏မျှော်လင့်ချက်မှာအဘယ်နည်း။
ပညာရေးသည် သူတို့၏ မျှော်မှန်းချက် ပန်းတိုင်များသို့
ရောက်ရန် မည်သည့်နည်းဖြင့် ကူညီနိုင်မည်ဟုထိုသူတို့က
ယူဆနေသနည်း

ကလေးများသည် မိမိတို့ကျောင်းတွင်
ဖြစ်ပျက်နေသည်များကို
သတိထားမိပါသလား
သတိထားမိပါက ကလေးများမည်သို့
ထိခိုက်ခံစားနေရသနည်း

ပညာရေးသည် ကလေးတို့၏ဘဝကို
တကယ်ပင် မြှင့်တင်ပေးနိုင်ပါသလား။
မည်သို့မြှင့်တင် ပေးနိုင်သနည်း။

## အခန်း(၂)

# ဖြစ်နိုင်ခြေကို ကြိုတင်မှန်းဆခြင်းအားဖြင့် သတင်းများထောက်လှမ်းစုံစမ်းခြင်း၏ အားသာချက်များ

အထက်တွင်ဖော်ပြထားသော ဥပမာတွင် သတင်းထောက် တစ်ဦးဆောင်ရွက်ရန် လိုသည့်အချက်များ များလွန်းသည်ဟု ထင်ပါသလား။ မှန်ပါသည်။ လုပ်စရာအလွန်များသည်။ အထူးသဖြင့် သတင်းရင်းမြစ်တစ်ခုနှစ်ခုကို မေးပြီး ရေးထားသော သတင်းများ၊ ကြေငြာချက်တစ်ရပ်ကို ဖတ်ပြီး ပြန်ရေးထားသော သတင်းများနှင့် ယှဉ်လိုက်သောအခါ စုံစမ်းထောက်လှမ်းရသည်မှာ တော်တော်များသော အလုပ်ပါတကားဟု ထင်ဖွယ်ရာဖြစ်သည်။ သို့သော် သတင်းလိုက်ရာတွင် ဖြစ်နိုင်ခြေကို ကြိုတင်မှန်းဆချက်တစ်ခု သတ်မှတ်ထားပြီး စုံစမ်းဖော်ထုတ်သောအခါ အခြားနည်းများထက် သက်သာသည့် အားသာချက်ရှိသည်ကို ထင်ရှားစွာ တွေ့ရသည်။

၁။ ဖြစ်နိုင်ခြေကို ကြိုတင်မှန်းဆထားသောအခါ မိမိတွင် ဖြစ်နိုင်၏ မဖြစ်နိုင်၏ကို ခန့်မှန်းရန် တိုင်းထွာစရာ အချက်တစ်ခုရှိနေသည်။ လျှို့ဝှက်ချက်တစ်ခုရှိနိုးနိုးဖြင့်ဘာမှန်းမသိပဲ စုံစမ်းနေရခြင်းထက် သက်သာသည်။

လူတို့သည် မိမိတို့၏ လျှို့ဝှက်ချက်များကို အကြောင်းမရှိဘဲ ထုတ်ပြလေ့မရှိပါ။ မိမိလက်ဝယ် ရောက်ရှိလာသော ထိုသူတို့၏သတင်းအချက်အလက်များမှန်မမှန်ကို ထိုသူတို့အားမေးမြန်းခြင်းက ၄င်းတို့ကိုယ်တိုင် သတင်းထောက်ထံ လျှို့ဝှက်ချက်ကို ပြောလာခြင်းထက် ပို၍ ဖြစ်နိုင်ခြေရှိသည်။ အဘယ့်ကြောင့်ဆိုသော် လူအများစုမှာ လိမ်ညာခြင်းကို မနှစ်သက်သောကြောင့်ဖြစ်သည်။ သင့်တွင် ဖြစ်နိုင်ခြေကို ကြိုတင်မှန်းဆထားပြီး ဖြစ်သောအခါ အခြေအနေတစ်ခုမှာ ထိုမှန်းဆချက်နှင့် ကိုက်မကိုက်စုံစမ်းရာတွင် မေးစရာမေးခွန်းရှိသွား၏။ သူတို့ဆီက အဖြေကို ညစ်ထုတ်ရခြင်း သက်သက်မဟုတ်တော့ပေ။ တစ်ချိန်တည်းမှာပင် ဖြစ်နိုင်ခြေမှ ပုံစံအမျိုးမျိုးဖြစ်နိုင်သည်ကို ဖွင့်ထားသောစိတ်ဖြင့် စောင့်ဆိုင်းနေသူတစ်ယောက် ဖြစ်အောင် မိမိကိုယ်ကို ပြင်ဆင်ထားနိုင်သည်။ မိမိရှာနေသော အချက်အပြင် အခြားမည်သည်တို့ကို ထွက်ပေါ်လာမည်နည်းဆိုသည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်နေသူတစ်ဦး ဖြစ်နေပြန်သည်။

### ၂။ ဖြစ်နိုင်ခြေကို ကြိုတင်မှန်းဆထားခြင်းကြောင့် လျှို့ဝှက်ချက်များ ပိုမိုတွေ့ရှိနိုင်သည်။

ကျွန်ုပ်တို့က လျှို့ဝှက်ချက်ဟု ခေါ်သော အရာတော်တော်များများသည် မည်သူကမျှ စိတ်ဝင်တစား စူးစမ်းခြင်းမရှိခဲ့ကြသည့် အရာများဖြစ်နေတတ်ကြသည်။ မိမိတွင် ကြိုတင်မှန်းဆထားချက်တစ်ခု ရှိသောအခါ အဖြစ်အပျက်တို့ကို ထောက်လှမ်းရာတွင် ထူးခြားမှုများကို မိမိစိတ်မှ အလိုလိုသိနေနိုင်သည်။ ခါတိုင်းထက်ပို၍ အရိပ်အကဲကို ဖမ်းမိနေတတ်သည်။ ထိုအခါ မေးခွန်းထုတ်စရာများလည်း ပေါ်လာသည်။ ပြင်သစ်ထောက်လှမ်းရေး အထူးပြုသတင်းစာဆရာ Edwy Plenel ကပြောဖူးသည်။ ခင်ဗျား တစ်ခုခုကို တွေ့ချင်ရင်၊ မရှာဘဲနဲ့တော့ မရဘူးဗျ ဟုဆိုသည်။ ကျွန်တော်တို့က သူ့အပြောကို ထပ်ဆောင်းပြောချင်ပါသည်။ ခင်ဗျားရှာနေတဲ့ အချက်အလက်တွေထက် ခင်ဗျားပိုမြင်သွားတာချည်းပါပဲဗျာ ဟူ၍ ဖြစ်သည်။

### ၃။ ဖြစ်နိုင်ခြေကို ကြိုတင်တွေးဆထားခြင်းက သင်၏ သတင်းလိုက်သည့်လုပ်ငန်းအဆင့်ဆင့်ကို ပို၍ လွယ်ကူစေသည်။

သင်သည် ဘာကို ရှာရမည်ဟု စိတ်က သိနေသောအခါတွင် ထိုအရာကို အလိုလို ရှာဖွေနေမိတတ်သည်။ ထိုအခါ ကနဦးရှာဖွေစုံစမ်းရေး ခြေလှမ်းများအတွက် အချိန် မည်မျှလိုမည်ကို သင်မှန်းဆနိုင်လာမည်။ ထိုအဆင့်ကပင် စုံစမ်းထောက်လှမ်းရန် လုပ်ငန်းတစ်ခုလုံးကို ပြီးစီးအောင်မြင်ရန် ပထမခြေလှမ်း ဖြစ်လာသည်။ ဤအချက်ကို အခန်း (၂)၏ အဆုံးပိုင်းတွင် ထပ်မံဆွေးနွေးပါဦးမည်။

### ၄။ ဖြစ်နိုင်ခြေကို ကြိုတင်မှန်းဆထားခြင်းမှာ အကြိမ်ကြိမ်သုံးနိုင်သည့် နည်းလည်းဖြစ်သည်။

သတင်းလိုက် နည်းအပိုင်းမှ ပြောမည်ဆိုလျှင် စုံစမ်းထောက်လှမ်းခြင်းအမှုမှာ သင်၏ အလုပ်အကိုင်ကို ပြောင်းပစ်နိုင်ပါသည်။ ပို၍ အရေးကြီးသည်မှာ သင်ကိုယ်တိုင်က ပြောင်းလဲလာခြင်းဖြစ်သည်။ သင့်ကို အခြားသူတစ်ဦးက ဟိုဟာလုပ်ပါ၊ ဒီဟာလုပ်ပါဟု ပြောစရာမလိုတော့ပေ။ ဤကမ္ဘာကြီးမှ ကမောက်ကမဖြစ်နေမှုများ၊ ကသောင်းကနင်း

နိုင်မှုများကို ရင်ဆိုင်နိုင်ဖို့ရာ မည်သည်တို့ဆောင်ရွက်ရန် လိုအပ်သည်ကို သင်မြင်လာပါလိမ့်မည်။ ထိုသို့ မြင်နိုင်ဖို့ရာ သင်သည် ဂျာနယ်လစ်လုပ်ခဲ့ခြင်းမဟုတ်လား။

**၅။ ဖြစ်နိုင်ခြေကို ကြိုတင်မှန်းဆထားခြင်းက အဆုံးသတ်တွင် မိမိ၌ ဇာတ်လမ်းတစ်ပုဒ် ရရှိလာရန် သေချာစေသည်။ ဖြုတ်စပြင်းတောင်းအချက်အလက်များသာ အဖတ်တင်ကျန်ရစ်လိမ့်မည်မဟုတ်။**

စုံစမ်းထောက်လှမ်းရန် ပြုလုပ်ထားရသော ငွေအားလူအားမြှုပ်နှံမှုများနှင့် ရင်းထားရသော အချိန်များ၏ အဆုံးသတ်တွင် အယ်ဒီတာသည် ပုံနှိပ်တင်ပြရန် သတင်းတစ်ပုဒ်ကို လိုချင်ပေလိမ့်မည်။ ကြိုတင်မှန်းဆချက်တစ်ခုကို လက်ထဲကိုင်ထားလျက် စုံစမ်းထောက်လှမ်းခြင်းက သတင်းရေးဖြစ်ရန် များစွာနီးစပ်နိုင်သည်။ မိမိရင်းထားရသော လုပ်အားအတွက် အဆိုးဆုံးဖြစ်နိုင်ခြေနှင့် အကောင်းဆုံး ဖြစ်နိုင်ခြေကို တွက်ဆနိုင်သည်။

အဆိုးဆုံးအခြေအနေတွင် မိမိ၏မှန်းဆချက်အတိုင်း ဖြစ်နိုင်ခြေရှိမရှိ စုံစမ်းပြီးသောအခါ သတင်းဖြစ်သော အရာဟူ၍ ဘာတစ်ခုမှ မရှိသည်ကို အချိန်တိုအတွင်း တွေ့သွားနိုင်သည်။ ထိုအခါ အလဟာသ ရင်းနှီးမြှုပ်နှံမှုများ လုပ်စရာမလိုတော့။

- သတင်းထောက်အတွက် အဆိုးထဲမှ အကောင်း နည်းနည်းပေါ်ထွက်လာနိုင်သော အခြေအနေတွင်မူလက မိမိတွေးထင်ထားသည့်အတိုင်း မှန်ကန်နေပြီး သက်သေအထောက်အထားများ မြန်မြန်စုံစမ်းနိုင်ခြင်းပင် ဖြစ်သည်။
- သတင်းထောက်အတွက် အကောင်းဆုံး အခြေအနေမှာမူ မိမိမူလ ကြိုတင်မှန်းဆချက်သည် လုံးဝ မှန်ကန်နေပြီး သက်သေပြစရာများ တစ်ထွေးကြီး ဖေါ်ထုတ်နိုင်ကာ သတင်းကြီးကြီးတစ်ခု ပိုက်မိလိုက်သော အခြေအနေဖြစ်သည်။

ထို့ထက်ပင် ပိုကောင်းနိုင်သော အခြေအနေများ ရှိနိုင်ပါသေးသည်။ သို့သော် သတိပေးစရာရှိသည် များကိုလည်း ပေးလိုက်ပါရစေ။

## ကြိုတင်မှန်းဆချက်ကြောင့်လည်း ဒုက္ခရောက်နိုင်ပါသည်။

သတင်းထောက်များသည် မိမိ၏ သတင်းများမှန်ခဲ့လျှင် ဘာဖြစ်လာမည်နည်းဆိုသည်ကို တွေးပူလေ့ရှိကြသည်။ ပုဂ္ဂိုလ်ရေး အငြိုးအတေးများရှိလာမည်လား၊ တရားစွဲခံရမည်လား ကြောက်ရွံ့နေရတတ်သည်။ မိမိတို့ တင်ပြသော သတင်းမှာ အမှားကြီးတစ်ခု ဖြစ်နေခဲ့လျှင် ဒုက္ခရောက်ပြီဆိုသည်ကို အတွေ့အကြုံရှိသော သတင်းထောက်များ သိကြပါ၏။ တရားစွဲခံရနိုင်သည်။ တစ်ခါတစ်ရံမှားမှားမှန်မှန် အချုပ်ထဲ ရောက်နိုင်သည်။ သို့သော် ပိုဆိုးပြီး လူမမြင်တတ်သည့် အချက်မှာ မမှန်သော သတင်းတစ်ပုဒ်ကြောင့် ကမ္ဘာကြီးသည် ပိုအရုပ်ဆိုးသွားရခြင်းဖြစ်သည်။

ထို့ကြောင့် သတင်းထောက်များအနေနှင့် ကြပ်ကြပ်မှတ်သားသင့်သည်မှာ မိမိတွေ့ရှိချက်များ မည်သို့ပင်ရှိစေ၊ မူလက ကြိုတင်တွေးထားသည့်အတိုင်း ဖြစ်ကို ဖြစ်ရမည်ဟု ယူဆကာ ခေါင်းမာလျှက် မိမိ အယူအဆကို သက်သေပြနိုင်အောင် မဟုတ်သည်ကိုအဟုတ်လုပ်ပြီး ဆွဲယူရေးသားလျှင် သင်သည်လည်း လူလိမ် ဖြစ်ပြီဆိုသည်ကို ပင်ဖြစ်သည်။ သင်သည် ကမ္ဘာကျော် လူလိမ်ကြီးများနှင့် မထူးပြီ။ အပြစ်မရှိသူကို အမှုဆင်သော ရဲသားနှင့် ဘာမှမခြားပေ။ စစ်တိုက်မည့်ပေါ်လစီကို ပြည်သူအား ဆပ်ပြာရောင်းသလို ရောင်းနေသော နိုင်ငံရေး သမားကဲ့သို့ပင်ဖြစ်မည်။ စုံစမ်းထောက်လှမ်းခြင်း၏ အနှစ်သာရမှာ သင့်အထင်များ မှန်ကန်ကြောင်း ပြရန်မဟုတ်။ အမှန်တရားကို ရှာဖွေရန်ဖြစ်သည်။ ဖြစ်နိုင်ခြေကို ကြိုတင်တွေးဆထားခြင်းမှာ ရှေ့လျှောက် အချက်အလက်များကို

တူးဆွရန် အကူအညီရအောင် လက်နက်တစ်ခု ရှာထားခြင်းသာဖြစ်သည်။ သို့သော် ထိုလက်နက်မှာ အပြစ်မရှိသူများကို အပြစ်ပေးရန် သေတွင်းတူးသည့် လက်နက်လည်း ဖြစ်သွားနိုင်သည်။

သင့်အနေနှင့် ကမ္ဘာကြီးကို ရုပ်ဆိုးအောင် လုပ်ဖို့ရာ မခက်လှပါ။ အပိုအလိုမရှိ ပြောရလျှင် သူမူလက ထင်ထားသော အချက်ကို မှန်ပါသည်ဟု မရရအောင်ပြနိုင်ရန် သင့်အထင်နှင့် ကိုက်သော အချက်များကိုသာ ယူပြီး သင့်အထင်နှင့် မကိုက်သော အချက်များကို မရေးသားမတင်ပြပဲ ပစ်ထားလိုက်ခြင်းအားဖြင့် ကမ္ဘာကြီး၏ အခြေအနေကို ပိုဆိုးသွားအောင် လုပ်နိုင်သည်။ သို့မဟုတ် သင်၏ အမှုမဲ့ အမှတ်မဲ့ ဆောင်ရွက်ချက်ကြောင့်လည်း သူတစ်ပါးကို လိမ်ပြောသကဲ့သို့ပင် ဒုက္ခပေးနိုင်ပါသည်။ ထိုနည်းများကို တစ်ခုမဟုတ် တစ်ခုသုံးကာ မိမိက လက်လွှတ်စပယ် ပြုပြီးနောက် သူတစ်ပါးက မိမိပြဿနာကို လိုက်ရှင်းနေရသောအဖြစ်မျိုးလည်း ကြုံနိုင်သည်။

နေ့စဉ်ပင် သူတစ်ပါးကို ဒုက္ခပေးနေကြသူများစွာရှိပါသည်။ သို့သော် ထိုသူတို့ ရှိနေခြင်းကြောင့် သင်သည်လည်း သူတို့ထဲက တစ်ယောက်ဖြစ်သွားလျှင်မူ ခွင့်လွှတ်နိုင်စရာမရှိပါ။ ကျွန်တော်တို့၏ အယူအဆအရ ပြောပြပါမည်။ ငရဲပြည်တွင် ဂျာနယ်လစ်ပေါင်းများစွာရှိသည်။ သူတို့၏ တလွဲကြိုတင်တွေးဆချက်များကို အတင်း မမှန်မှန်အောင် လုပ်ကြခြင်းအားဖြင့် ငရဲကျသွားပေသည်။ ထို့ကြောင့် သင့်အနေနှင့် ရိုးသားပါ။မိမိတစ်စုံတစ်ရာ ဖြစ်နိုင်ခြေကို မှန်းဆတော့မည်ဆိုလျှင် သေချာစဉ်းစားပါ။ မိမိအထင်ကို မှန်စေသောအချက်များကို စောင့်ကြည့် သလို ထိုအထင်ကို ပျက်ပြယ်စေနိုင်သော အချက်များကိုလည်း ရှာဖွေပါ။ မိမိ၏ သတင်းအရည်အသွေးကို စစ်ဆေးနိုင်ရန် အချက်များအား အခန်း (၇) တွင် အကျယ် ဆွေးနွေးပါဦးမည်။

# ကြိုတင်မှန်းဆချက်၏ သဘောသဘာဝ

## ၁။ အကယ်၍မိမိစိတ်ထဲမှ ကြိုတင်မှန်းဆချက်မမှန်ခဲ့လျှင် အရေးမကြီးပါဟု အဘယ့်ကြောင့်သဘောထားနိုင်သနည်း။

စုံစမ်းထောက်လှမ်းမည့်သတင်းတစ်ပုဒ်၏ ဖြစ်နိုင်ခြေကို ကြိုတင်မှန်းဆပြီး ဇာတ်လမ်းဆင်ထားခြင်းသည် သိပ္ပံပညာ စမ်းသပ်ချက်များတွင် အသုံးပြုခဲ့သော နည်းများကဲ့သို့ အိုဟောင်းနေပြီဖြစ်သော နည်းတစ်ခုသာ ဖြစ်သည်။ ရဲများ အမှုလိုက်သည့်အခါတွင် သုံးသကဲ့သို့ စီးပွားရေးအတိုင်ပင်ခံလုပ်ငန်းများတွင်လည်း အသုံးပြုသည်။ (ထိုနည်းများကို ဂျာနယ်လစ်တို့ လောကတွင် အသုံးပြုရန် မကြာသေးခင်က မွေးစားခဲ့ခြင်းဖြစ်သည်) အနှစ်သာရအားဖြင့် ထိုနည်းမှာ စိတ်ကို လှည့်စားထားခြင်း တစ်ခုဟု ဆိုနိုင်သည်။ မိမိလက်ဝယ်တွင် ရှိထားသော အချက်အလက်များပေါ်တွင် အခြေခံကာ ဖြစ်နိုင်ခြေရှိသည့်အရာတစ်ခုကို မှန်းဆထားလိုက်ခြင်း ဖြစ်သည်။။ ထိုမှန်းဆချက်မှာ မှန်သည် မှားသည်သိရအောင် နောက်ထပ် စုံစမ်းဖေါ်ထုတ်မှုများ ပြုလုပ်ရသည်။ ထိုအပိုင်းတွင် မိမိတွေ့လာသော အချက်များကို စစ်ဆေးရခြင်းများပါဝင်လာသည်။ အထက်တွင် ဆွေးနွေးထားသကဲ့သို့ပင် မိမိ၏ ကြိုတင်တွေးထင်ချက်တစ်ခုလုံးကို မှန်ကြောင်း အထောက်အထားမတွေ့နိုင်လျှင် ထိုတွေးထင်ချက်မှ ဆက်စပ်ပြီး ထွက်လာသော မေးခွန်းများကို ဖြေစရာ လိုတော့မည် မဟုတ်ပေ။ သို့ဖြစ်ရာ မိမိ၏ ကြိုတင်မှန်းချက် အဟောင်းကြီး ကိုပစ်ပြီး သတင်းလိုက်ခြင်း၏ ပထမဆုံးအဆင့်သို့ ပြန်ဆင်းကာ နောက်ထပ် ကြိုတင်မှန်းဆချက်တစ်ခုကို ပြန်စဉ်းစား နိုင်သည်။ ကြိုတင်မှန်းဆချက်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ မှန်၏ မမှန်၏ အထောက်အထားကို မမြင်ရနိုင်လျှင် အရမ်းကာရော ဆဝါးခြင်းတစ်ခုထက် မပိုနိုင်ပေ။

အကယ်၍ မိမိတွေးထင်ချက်ကို ထောက်ခံနေသော သက်သေများ ဖေါ်ထုတ်နိုင်လျှင် မိမိမှာ သတင်းတစ်ပုဒ်ကို ပိုက်မိပြီ။ ထိုသို့မပိုက်မိပဲ အစကို ပြန်သွားပြီး ကြိုတင်မှန်းဆချက် နောက်ထပ်အသစ်တစ်ခု လုပ်ရလျှင်လည်း မဆိုးလှပါ။ အဘယ့်ကြောင့်ဆိုသော် သင်မူလက စဉ်းစားမိသော ဇာတ်လမ်းထက်ပိုကောင်းသော ဇာတ်လမ်းတစ်ပုဒ်ကို တွေ့နိုင်သောကြောင့်ဖြစ်သည်။

## ၂။ ကြိုတင်မှန်းဆချက်တစ်ခုကို အဆင်ပြေအောင် ရေးဖွဲ့ခြင်း

မိမိ၏ ပထမဆုံး ကြိုတင်မှန်းဆချက်တစ်ခုမှာ ဝါကျသုံးကြောင်းထက် ပိုမရှည်သင့်ပါ။ ဝါကျနှစ်ကြောင်းသည် အနေတော်ပင်ဖြစ်သည်။ နှစ်ကြောင်း သုံးကြောင်းထက်ရှည်လျှင် သူတစ်ပါးကို

## အခန်း(၂)

သင်လိုက်ချင်နေသော သတင်းအကြောင်းပြောပြဖို့ရာ ခက်နေသည်မှာ သေချာပြီ။ ထို့ထက်ပိုပြီး ရှည်လျင်ကား မိမိလိုက်ချင်နေသည့် သတင်းကို မိမိနားမလည်ဟူသော အဓိပ္ပါယ် ပေါက်နိုင်သည်။

ကြိုတင်မှန်းဆချက် တစ်ခုသည် ဇာတ်လမ်းတစ်ခုသာဖြစ်သည်။ ထိုသို့ ဇာတ်ကြောင်းတစ်ခုကို အလိုလို ပြောပြနေသော ကြိုတင်မှန်းဆချက်တစ်ခု ရေးချဖြစ်ရန် အရေးကြီးပါသည်။ မိမိတွင် အစကတည်းက ရေးစရာ ဇာတ်လမ်း တစ်ခုရှိနေရန် သေချာနေသောကြောင့်ဖြစ်သည်။ ဇာတ်ကြောင်းတစ်ခုကို စဉ်းစားပြီး အချက်အလက်စုဆောင်းနေသောအခါ မိမိသည် ရောက်တတ်ရာရာ အချက်အလက်ကို လိုက်စုနေသူ တစ်ဦးမဟုတ်တော့။ ကမ္ဘာကြီးကိုပြောင်းလဲစေချင်သူတစ်ဦးက မိမိသိထားသော ဇာတ်လမ်းတစ်ပုဒ်အား ပရိသတ်ကို ဝေမျှလိုခြင်းမျိုးသာဖြစ်သည်။ ကြိုတင်မှန်းဆချက်ဖြင့် စုံစမ်းဖေါ်ထုတ်သောကြောင့် ဇာတ်ကြောင်းကို ပုံဖေါ်ပြီး ပြောပြရသည်မှာ ပိုလွယ်လာသည်။ အယ်ဒီတာ၊ စာအုပ်ထုတ်ဝေသူနှင့် ပရိသတ်ထံသို့တင်ပြရာတွင် အခက်အခဲ မရှိတော့။

အခြေခံအားဖြင့် ဇာတ်လမ်းတစ်ပုဒ်သည် အနည်းဆုံး အောက်ပါဝါကျ သုံးကြောင်းပါ အကြောင်းအရာများကို ခြုံငုံမိလေ့ရှိသည်။

- ယခုအခါ ဆိုးရွားသော အဖြစ်အပျက်များကို ကြုံတွေ့နေရသည် (ထိုအရာများသည် မဖြစ်သင့်ဘဲ ဖြစ်ပျက်လျက် ရှိပြီး အခြားကောင်းမွန်သော နေရာများမှ အတွေ့အကြုံများနှင့် လားလားမျှ မတူဘဲ ဆန့်ကျင်လျှက် ရှိသည်)
- လက်ရှိအခြေအနေများမှာ အောက်ပါအကြောင်းများကြောင့် ဖြစ်လာရသသည်။
- လက်ရှိအခြေအနေကို မပြုပြင်ခဲ့သော် ဤသို့ဤပုံဖြစ်လာနိုင်သည်။ ဤပုံဤနည်းကို သုံးကာ ပြုပြင်နိုင်စရာ အကြောင်းရှိသည်။

အထက်ပါ ဝါကျများကို ကြည့်ပါ။ ထိုဝါကျများတွင် အချိန်ကာလအလိုက် အဖြစ်အပျက်များကို တန်းစီ ဖေါ်ပြထားသည်။ သို့သော် (၁) မှ (၃) အထိ ဖေါ်ပြထားသော အချိန်ကာလများသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဟူ၍ အစဉ်အတိုင်း ဖေါ်ပြထားခြင်းမျိုး မဟုတ်။ အဖြစ်အပျက်တို့ကို အောက်ပါအတိုင်း တန်းစီထားသည်။

- လက်ရှိဖြစ်ပျက်နေသော ပြသာနာ (ပစ္စုပ္ပန်)
- အဖြစ်အပျက်တို့၏ အကြောင်းရင်းခံများ (အတိတ်)
- ဤပြသနာကို အဆုံးသတ်ရန် ဆောင်ရွက်ရမည့်အရာ ( အနာဂတ်)

သို့ဖြစ်ရာ ကြိုတင်မှန်းဆချက်တစ်ရပ်ကို ဖွဲ့စည်းသည့် အချိန်မှာပင် ကျွန်တော်တို့လက်ထဲတွင် ဇာတ်လမ်း အသွားအလာကို ရရှိနေပြီဖြစ်သည်။ ဇာတ်လမ်းထဲတွင် ဇာတ်ကောင်များသည် နေရာနှင့် အချိန်အလိုက် လှုပ်ရှားနေကြသည်။ ဤအချိန်တွင် အရေးကြီးသောအချက်မှာ ဇာတ်ကြောင်းကို ပြေပြစ်စွာ ပြောပြနိုင်ရန် ဖြစ်ပြီး လက်ထဲရောက်လာသော အချက်အလက်များစွာကို ဇာတ်လမ်းထဲ ပြွတ်သိပ်မထည့်မိစေရန် ဖြစ်သည်။

ကြိုတင် မှန်းဆချက်ရှိထားသောကြောင့် ဇာတ်ကြောင်းကို ကောက်ရသည်မှာ မခက်လှပါ။ အကယ်၍ အချက်အလက်များစွာ လက်ထဲရောက်လာပြီး ဘာလုပ်ရမှန်းမသိ မွန်းကြပ်သလို ခံစားလာရသောအချိန်တွင် စုံစမ်း ထောက်လှမ်းမှုကို ခေတ္တ ရပ်နားပါ။ မိမိ၏ သတင်းကို မိမိပြန်သုံးသပ်ပါ။ လက်ထဲရောက်လာသော အချက်အလက်များ အရ ဇာတ်လမ်းမှာ မည်မျှ ပုံပေါ်လာပြီနည်း။ အကယ်၍ ထိုအချက်အလက်များက မိမိတည်ဆောက်ထားခဲ့သော ကြိုတင်မှန်းဆချက်များနှင့် လွဲနေခဲ့ပြီဆိုလျှင် မိမိ၏ အယူအဆကို ပြောင်းပစ်ရန် ဝန်မလေးပါနှင့်။ အထင်သည် အထင်တစ်ခုထက် မပိုနိုင်သော အခြေအနေများစွာ ရှိပါသည်။

ထို့ပြင် ဖြစ်ပျက်နေသော ပြဿနာတစ်ရပ်ကို မည်သို့အဆုံးသတ်နိုင်မည်မဟုတ်ဟု သတင်းသမားအနေဖြင့် အဆိုတင်သွင်းကာ အကြံပြုနိုင်ရန်မှာ များစွာ ခက်ခဲပါသည်။ အကယ်၍ ဖြေရှင်းပုံ ဖြေရှင်းနည်းကို မိမိအနေနှင့် မပေးနိုင်သော အခြေအနေတွင် မမှန်ကန်သော တရားမျှတမှု မရှိသော လက်ရှိအခြေအနေများကို ရှုတ်ချရုံသာ

တတ်နိုင်ပါမည်။ သို့သော် မိမိ၏ သတင်းတွင်ပါဝင်သော လူပုဂ္ဂိုလ်တစ်ဦးက ထိုပြဿနာကို ဖြေရှင်းနိုင်ရန် အဖြေကို ရှာဖွေနေသူဆိုပါစို့။ ထိုသူ၏ အမြင်ကို ပါအောင်ထည့်သွင်းပါ။

**၃။ကြိုတင် မှန်းဆချက်ကို ထိရောက်စေမည့် အချက်လေးချက်**

ဖြစ်ရပ်ကို ကြိုတင်မှန်းဆထားခြင်းသည် ရှုပ်ထွေးလှသည့်ကိစ္စတစ်ခု မဟုတ်ပါ။ သို့သော် သင့်အနေနှင့် ဘဝင်ကျနိုင်သည့် ကြိုတင်မှန်းဆချက်တစ်ခုဖြစ်လာရန် အကြိမ်ကြိမ် ပြန်ပြင် ရေးသားရလေ့ရှိသည်။ အကယ်၍ ခင်ဗျားက ကျွန်တော်တို့ထက် ပါရမီ ရင့်သန်သူဖြစ်လျှင်မူ မပြောတတ်ပါ။ ပါရမီအခံကောင်းလွန်းသူတွေရှိကြောင်း ကျွန်တော်တို့ လက်ခံပါသည်။ သင် အဆင်ပြေသည့် ကြိုတင်မှန်းဆချက်တစ်ခုကို ဖေါ်ထုတ်နိုင်ရန်အတွက် သတိထားသင့်သည့် အချက်လေးချက်ရှိသည်။

**စိတ်ကူးဉာဏ်ကွန့်မြူးပါ**

ဂျာနယ်လစ် တော်တော်များများသည် ဖြစ်ပျက်ခဲ့သော၊ တွေ့မြင်ရသော အခြေအနေများကို တင်ပြ ရေးသားသူများ ဖြစ်တတ်ကြသည်။ အခြေအနေတစ်ခု ပေါ်လာလျှင် ထိုအခြေအနေအလိုက် တုံ့ပြန်ဆောင်ရွက် ရသူများ ဖြစ်နေကြသည်။ စုံစမ်း ထောက်လှမ်းရေးအခြေပြု သတင်းများတွင်မူ ဂျာနယ်လစ်သည် ဖြစ်ခဲ့ပြီးသား ကြုံခဲ့ပြီးသား ကိစ္စများကို ပြန်ရေးပြရသူ မဟုတ်ပါ။ ရှိပြီးသားသတင်းကို ပြန်ရေးနေရခြင်းမျိုးမဟုတ်ဘဲ သတင်း ဖြစ်နိုင်ခြေရှိသည့်နောက်သို့ လိုက်နေရခြင်းဖြစ်သည်။ ထို့ကြောင့် ရေရာသေချာခြင်းမရှိသည့် အခြေအနေ တစ်ခုသို့ ခုန်ဝင်သွားသလို ဖြစ်နိုင်သည်။ ထိုအခိုက်တွင်တွင် ဖြစ်နိုင်ခြေရှိသည်များကို မိမိက စိတ်ကူးထားရသည်။ ထိုစိတ်ကူး ပုံဖော်ရသည့်အလုပ်မှာ ဉာဏ်ကစားရသည်။

**တိကျပါ။**

မိမိ၏ ကြိုတင်မှန်းဆချက်တွင် အိမ် ဟုရေးလျှင် ထိုအိမ်သည် တိုက်လား၊ တဲလား ကွဲဖို့လိုပါသည်။ အဖြေများပေါ်လာရန် အတွက် မေးခွန်းများမှာ အရေးကြီးသောကြောင့်ပင် ဖြစ်ပါသသည်။ ကြိုတင်မှန်းထားချက်ကို ဖေါ်ပြရာတွင် တိကျလေလေ၊ စုံစမ်းစိစစ်ရသည်မှာ လွယ်ကူလေလေပင် ဖြစ်ပါသည်။

**ယခင်အတွေ့အကြုံကို ပြန်ပြောင်းအသုံးချပါ**

ယခင်က ကြုံခဲ့ဖူးသည်များကို လက်ငင်းအခြေအနေကို သုံးသပ်ရာ၌ ပြန်ပြောင်းအသုံးပြု ဆင်ခြင်နိုင်သည်။ ယခင်အတွေ့အကြုံများအားဖြင့် မိမိ၏ ကြိုတင်မှန်းဆချက်ကို အချောသတ်နိုင်သည်။ သို့သော် အတွေ့အကြုံ မည်မျှပင်များသည်ဆိုစေဦးတော့၊ မိမိအတွက် အံ့ဩစရာ အတွေ့အကြုံသစ်များ အချိန်မရွေး ပေါ်လာတတ်သည်ကို သတိပြုရမည်။ အချို့မှာမိမိတွင် လူလေးစားရလောက်အောင် အတွေ့အကြုံများ ရှိနေလျှင်ပင် မိမိကိုယ်ကို လျှော့တွက်တတ်ကြသည်။

ပြင်သစ်ကုမ္ပဏီကြီးတစ်ခုကို စားသုံးသူများက သပိတ်မှောက်ပါသည်။ ထိုကုမ္ပဏီကြီး၏ အဆိုအရ ထိုသပိတ်မှာ မအောင်မြင်ဟု သိရသည်။ ကျွန်တော်တို့ ထိုသတင်းကို စုံစမ်းသောအခါ သူ့ပြောပုံနှင့် လွဲနေသည်။ ကျွန်တော်တို့ အသိများသည် ထိုကုမ္ပဏီကို သပိတ်မှောက်ခဲ့သူတွေချည်း ဖြစ်နေသည်။ အကျိုးသက်ရောက်မှု မရှိဆိုသည်မှာ ဖြစ်နိုင်၏လော။

**မည်သည့်ဘက်မျှမလိုက်ပဲ စဉ်းစားဆောင်ရွက်ပါ။**

တစ်ဖက်ဖက်သို့မလိုက်ပဲ ကြားနေနိုင်ရေးဟုဆိုရာတွင် အောက်ပါ သုံးချက် ပါဝင်သည်။

- အမှန်တရားကို ရှာဖွေတွေ့ရှိလာသောအခါ ထိုအချက်များကို မိမိတို့ ပုဂ္ဂလ သဘောထားဖြင့် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်ခံကြရမည်။ တစ်နည်းအားဖြင့် မိမိတွေ့ရှိချက်များအပေါ် သစ္စာရှိရမည်။ ထိုအချက်များကြောင့် မိမိကြိုတင်မှန်းဆထားသည်များမှာ သုံးမရသည့် အဖြစ်သို့ ရောက်သွားစေဦးတော့ ထိုအချက်များကို လက်ခံရမည်ဖြစ်ပြီး မိမိတို့၏ ကြိုတင်ခန့်မှန်းချက်ကိုသာ အသစ်ပြန်လည်တည်ဆောက်ရမည်။ မိမိမှန်ကြောင်း ပြလိုသည့်အတွက် အမှန်တရားများကို မှိန်ဖျော့သွားအောင် မလုပ်ရ။
- မိမိ၏ အယူအဆများသည် အချိန်မရွေး မှားသွားနိုင်ကြောင်း လက်ခံထားပြီးမှ စုံစမ်းထောက်လှမ်းသည့် အမှုကိုပြုပါ ။ မိမိအမှားကို လက်ခံနိုင်သည့် သဘောထားမျိုးမရှိလျှင် အခြားသူများထံမှ အကူအညီကို ရဖို့ရာ ခဲယဉ်းသည်။ မိမိပြောသမျှကို အမှန်ချည်းထင်နေသူကို မည်သူက ကူညီချင်မည်နည်း။ ထိုသူသည် အခြားသူများက ပြန်ဆွေးနွေး၍မရဘဲ မိမိပြောသမျှကို အမှန်ဟုယူဆလျက် လက်ခံခိုင်းသူတစ်ဦးသာ မဟုတ်ပါလား။
- နောက်ဆုံးအနေဖြင့် သတိပေးလိုသည်မှာ တွေ့ရှိလာသော အချက်အလက်များ အပေါ်တွင်ဘက်လိုက်ဖေါ်ပြခြင်း မပြုဘဲ သစ္စာရှိရှိသာမက ပြဿနာများပေါ်ထွန်းနေသော ကမ္ဘာကြီးကို ပိုကောင်းလာစေလိုသော မိမိ၏ မူလရည်ရွယ်ချက်ကိုလည်း သစ္စာရှိရမည်ဖြစ်သည်။ ထိုဆန္ဒသည် လက်ဆုပ်လက်ကိုင်ပြ၍ မရသောအရာတစ်ခုဖြစ်သော်လည်း မိမိအနေဖြင့် မေ့လျော့၍ မရစကောင်း။ သတင်းကို စုံစမ်းထောက်လှမ်းနေချိန်တွင် မိမိသည် ဖြစ်ကြောင်းကုန်စင်ကို မှတ်တမ်းတင်ရုံသက်သက် လုပ်ရှားနေသူမဟုတ်။ မိမိသည် မိမိနေထိုင်ရာ လောကကို အကောင်းဖက်သို့ ပြုပြင်ပြောင်းလဲလိုသူဖြစ်သည်။ အမှန်ကို အမှန်အတိုင်းသာပြောမည်။ အမှန်ကို သုံးသပ်ရာတွင်လည်း မိမိရပ်တည်မှု မှန်ကန်ရမည်။ သို့မှသာ ပြုပြင် ပြောင်းလဲရေးသမားကောင်းတစ်ယောက် ဖြစ်လာနိုင်မည်။ အကယ်၍ တကယ်ဖြစ်ပျက်နေသော အခြေအနေမှန်များကို လက်မခံနိုင်လျှင် ရည်ရွယ်ထားသည့်အတိုင်း ပြုပြင်ပြောင်းလဲနိုင်မည်မဟုတ်။ တစ်နည်းဆိုရသော် အချက်အလက်များ၊ သက်သေများအပေါ် သုံးသပ်ရာတွင် ဘက်မလိုက်ပဲတွေ့လျှင်တွေ့သည့်အတိုင်း သုံးသပ်ရန်အတွက် အမှန်တရား၏ မျက်နှာကို ကြည့်ခြင်းဟူသော ဘက်လိုက်မှုတစ်ရပ်လိုပေသည်။ လောကကို တည့်မတ်လိုသော စိတ်ဖြင့် တွေ့ရှိချက်များအပေါ် အရှိကို အရှိအတိုင်း သုံးသပ်ကြရမည်။

### ၄။ မိမိ၏ ကြိုတင် မှန်းဆချက်များ မမှန်တော့ပြီဆိုလျှင်

လွယ်ပါသည်။ ဖြစ်သမျှအကြောင်း အကောင်းဟုလက်ခံလိုက်ရုံသာ။ ဖြစ်နိုင်ခြေကို နောက်တစ်ကြိမ် ထပ်မှန်းကြည့်မည်။

ထိုအခါမျိုးတွင် ပြဿနာ ဖြစ်တတ်သည်မှာ မိမိ၏ မဖြစ်နိုင်တော့သော ကြိုတင်မှန်းဆချက်ကို စွန့်လွှတ်ရန်လည်းကောင်း၊ ထိုမူလ တွေးဆထားသောအရာနှင့် ဆန့်ကျင်နေသော နောက်အယူအဆတစ်ခုကို ကောက်ယူရန်သော်လည်းကောင်း ခက်ခဲနေတတ်ခြင်းပင် ဖြစ်သည်။ မိမိ၏ တွေးထင်ယူဆထားသော ကိစ္စက မှားနေပြီဟု ပထမဆုံး သိနိုင်သောအချိန်သည် မည်သည့်အချိန်မျိုး ဖြစ်သနည်း။ မိမိလက်ဝယ်တွင် အချက်အလက်များ တစ်ပုံတစ်ပင်ရှိလာသော်လည်း ထိုအချက်အလက်များသည် ဆက်စပ်တွေးတောပြီး ကျိုးကြောင်းဆင်ခြင်၍ရသောအရာများမဟုတ်ကြသော အချိန်မျိုးဖြစ်သည်။ ထိုအခါဖြစ်နိုင်သည်မှာ မိမိလိုက်သော လမ်းကြောင်းပေါ်က အချက်အလက်များက လွဲနေပြီလား။ မိမိကြိုတင်တွေးဆချက်က မှားနေပြီလား တစ်ခုခုပင် ဖြစ်သည်။

### တရားဝင်ထုတ်ပြန်ကြေညာချက်များကို အခြေခံ၍ စုံစမ်းထောက်လှမ်းခြင်း

သတင်းလိုက်ရာတွင် အချိန်တိုင်း၌ ဖြစ်နိုင်ခြေကို ကြိုတင်မှန်းဆထားရန် လိုအပ်မည်မဟုတ်ပေ။ တစ်ခါတစ်ရံတွင် သတင်းထောက်က အစိုးရ၏ ကြေညာချက်၊ တစ်စုံတစ်ယောက်က မီဒီယာသို့ တရားဝင်

အသိပေးလာသော အချက်များကို အခြေပြုပြီးစဉ်းစားနိုင်သည်။ သူတို့ပြောလာသည်ကိုပင် မိမိ၏ မှန်းဆချက်အဖြစ် လက်ခံစဉ်းစားကြည့်ခြင်းသည်လည်း နည်းလမ်းတစ်ခုဖြစ်သည်။ ရိုးစင်းသော်လည်း အံ့သြဖွယ်ရာရလဒ်ကောင်းများ တွေ့ရတတ်သည်။

တစ်စုံတစ်ဦးက ကတိကဝတ်များပေးထားသော်လည်း လက်တွေ့တွင် ထိုကတိကဝတ်များကို အကောင်အထည်ဖော်နိုင်ခဲ့သည့် အနေအထားများ ကိုကြည့်ကာ အပြောနှင့်လက်တွေ့ ကွာဟနေပုံကို ရှာဖွေရန်မှာ စုံစမ်းထောက်လှမ်းခြင်းအများစုကို ဆောင်ရွက်ရန် အခြေခံနည်းလမ်းတစ်ခုပင်ဖြစ်သည်။ သို့ဖြစ်ရာ ကိစ္စတစ်ခုနှင့်ပတ်သက်ပြီး မည်သို့မည်ပုံ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မည်သို့မည်ပုံ ဖြစ်စေရမည်ဖြစ်ကြောင်း ပြောဆိုထားသော တရားဝင်ထုတ်ပြန်ချက်အပေါ် အခြေခံစဉ်းစားခြင်းမှာ လက်တွေ့ကျသည်။ ထိုအရာများ တကယ်ဖြစ်ပေါ်နေခြင်း ရှိမရှိ ဆန်းစစ်ရခြင်းက သတင်းထောက်၏အလုပ်ဖြစ်လာသည်။

သာဓက။ ။

စုံစမ်းထောက်လှမ်းရေး သတင်းစာလောကတွင် နာမည်ကြီးခဲ့သော ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ ပြင်သစ်တွင် ဖြစ်ပျက်ခဲ့သော ရောဂါပိုးဝင်နေသောသွေးကို ရောင်းချခဲ့သော အမှုဖြစ်သည်။ ထိုသတင်းကို စုံစမ်းထောက်လှမ်းခဲ့သူမှာ Anne-Mavie Costeret သည်။ မျိုးရိုးဗီဇကြောင့် သွေးမတိတ်သည့်ရောဂါ ရှိသူ အမျိုးသာတစ်ဦးက ဆက်သွယ်ခဲ့ရာမှ ထိုသတင်းကိုရရှိခဲ့ခြင်းဖြစ်သည်။ ထိုသွေးမတိတ်သော ရောဂါသည် မျိုးရိုးဗီဇအရ မိခင်မှသားငယ်သို့ ကူးစက်နိုင်ပြီး အရေပြားတွင် သွေးထွက်သော ဒဏ်ရာတစ်ချက်ရလျှင်ပင် သွေးမတိတ်ဘဲ သေသွားနိုင်သည့် ရောဂါမျိုးဖြစ်သည်။ ထိုဖြစ်ရပ်ပေါ်ပေါက်လာခဲ့သောအချိန်မှာ AIDS ကူးစက်ရောဂါကို စတင်တွေ့ရှိခဲ့ရသော ကာလဖြစ်ပြီး ပြင်သစ်အစိုးရသည် ထို HIV ပိုင်းရပ်စ်ပါသော သွေးများကို ပိုင်းရပ်စ်ရှိမှန်း သိပါလျက်နှင့် သွေးမတိတ်ဝေဒနာ ရောဂါရှင်များနှင့် သူတို့၏ မိသားစုများထံ ရောင်းချခဲ့သည်။

သတင်းထောက် ကက်စတာရက်က ထိုသို့ရောင်းချခဲ့သော အစိုးရဌာနသို့ သွားရောက်မေးမြန်းခဲ့ရာ ထိုဌာနကရောင်းချခဲ့သောသွေးတွင် AIDS ဖြစ်စေသော ပိုင်းရပ်စ်များ ပါဝင်နေကြောင်းကို ဝန်ခံခဲ့သည်။ သို့သော် ၄င်းတို့၏ ရှင်းပြချက်တွင် အောက်ပါ ဆင်ခြေများပါဝင်နေခဲ့သည်။

- ထိုသို့ ရောင်းချလိုက်သောအချိန်က ရောင်းချခဲ့သည့် သွေးများထဲတွင် AIDS ရောဂါပိုးပါသွားကြောင်း မည်သူမျှ မသိခဲ့ပ။
- သွေးတွင် ရောဂါပိုးများမပါသွားအောင် လုပ်နိုင်သည့် နည်းကိုလည်း ထိုအချိန်က မသိကြသေးပါ။ ဈေးကွက်ထဲတွင်လည်း ထိုသို့ သန့်စင်ပေးနိုင်သူ မရှိသေးပါ။
- ထိုဌာနအနေဖြင့် အတတ်နိုင်ဆုံးထိုရောဂါပိုးများ နောက်ထပ် ပျံ့ပွားခြင်းမရှိအောင် ထိန်းချုပ်ခဲ့ရပြီး AIDS ရောဂါ ကူးစက်ခြင်းမခံရသေးသော မည်သူတစ်ဦးတစ်ယောက်ကမျှ ထိုဌာနကရောင်းလိုက်သော သွေးကြောင့် ကူးစက်ခံရခြင်း မရှိစေရန် ဆောင်ရွက်ခဲ့ပါသည်ဟူ၍ ဖြစ်သည်။

အဆိုပါဌာနက မီဒီယာကို အထက်ပါအတိုင်း အသိပေးခဲ့ရာတွင် ယုတ္တိရှိသယောင်ယောင် ထင်ရသည်။ သို့သော် ကက်စတာရက်က ထိုအချက်များကိုပင်အခြေခံကာ မှန်မှန် စုံစမ်းခဲ့သည်။ တစ်ဖြည်းဖြည်း သူတွေ့ရှိလာရသည်မှာ ထိုအချက်များအားလုံး တစ်ခုမျှမမှန်ကန်ဆိုသည်ကိုပင်ဖြစ်သည်။ တရားဝင်ထုတ်ပြန်ချက်နှင့် ပြောင်းပြန်ဖြစ်နေကြောင်းကို ပြသနေသည့် အချက်များတွင်-

- ထိုအချိန်က သိပ္ပံနည်းကျလေ့လာချက်များက ဖော်ပြသည်မှာ AIDS ရောဂါကိုဖြစ်စေသော ပိုင်းရပ်စ်များ သွေးများထဲတွင် ရှိနေသည်ကို ထိုဌာနက သိရှိခဲ့ကြောင်းပင်ဖြစ်သည်။ အမှန်စင်စစ် ထိုဌာနကို ၄င်းတို့၏ ထုတ်ကုန်သွေးများထဲတွင် ရောဂါပိုးပါဝင်နေကြောင်း သတိပေးခဲ့သူများရှိခဲ့သည်။
- ဆေးဝါးကုမ္ပဏီကြီးများနှင့် အခြားသော အစိုးရဌာနများသည် သွေးများတွင် ရောဂါပိုး ပါမသွားအောင် မည်သို့ ဆောင်ရွက်ရမည်ကို ကောင်းစွာသိရှိကြသည်။ ထိုသွေးရောင်းချသော ဌာနက သူတို့ နှစ်ဖက်စလုံးမှ အကြံကို နားမထောင်ခဲ့ခြင်းသာဖြစ်သည်။

## အခန်း(၂)

- မိမိတို့ရောင်းချလိုက်သောသွေးများကို သုံးစွဲခဲ့ကြသည့် လူနာများ၏ ကျန်းမာရေးအခြေအနေနှင့် ထိုလူနာများ AIDS ဖြစ်ပွားနေခြင်း ရှိမရှိကို ထို၎ာနက မသိရှိခဲ့ပါ။ တာဝန်ယူ စစ်ဆေးခဲ့ခြင်းလည်း မရှိခဲ့သောကြောင့်ပင်ဖြစ်သည်။ ပင်ကိုယ်ကပင် ဖျားနာသူများကို ထပ်မံနှိပ်စက်ရာကျသောကြောင့် ဆေးပညာ ကျင့်ဝတ်များကို အရှုပ်ဆိုးစွာ ဖေါက်ဖျက်ပြီးဖြစ်သည်။
- နောက်ဆုံးတွင် ရောင်းချခဲ့သော ပစ္စည်းများအားလုံးတွင် AIDS ဖြစ်စေနိုင်သော ရောဂါပိုးများ ပါဝင်နေသည်ကို သိလျက်နှင့် ထို၎ာနက ပစ္စည်းများကို အားလုံးကုန်သည်အထိ ရောင်းချခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

ထိုဖြစ်စဉ် တစ်ခုလုံးကို စုံစမ်းထောက်လှမ်းရန် ကက်စတာရက်အတွက် လေးနှစ်မျှ အချိန်ယူခဲ့ရသည်။ လေးနှစ်ဆိုသော အချိန်မှာ သတင်းတစ်ပုဒ်အတွက် တန်ပါ၏လောဟု မေးစရာ ရှိသည်။ သေချာသည်မှာ ထိုသတင်းကြောင့် ကော်လာဖြူဝတ် အရာရှိ ရာဇဝတ်ကောင်များကို သံတိုင်ကြားသို့ ပို့နိုင်ခဲ့သည်။ နစ်နာခံစားခဲ့ရသူတို့အတွက်မူ သူတို့သည် အပစ်ပယ်ခံများမဟုတ်ကြဘဲ သူတို့ကိုယ်စား လှုပ်ရှားဆောင်ရွက်ပေးသူတို့ ရှိကြောင်း သိသွားနိုင်ကြသည်။ နောက်ဆုံးတွင် ထိုအမှုကို ဖုံးကွယ်ထားရန် ကြိုးစားခဲ့သော အစိုးရတစ်ရပ်ကို ဖြုတ်ပစ်နိုင်ခဲ့သည်။ လူသတ်ခဲ့သော ကျန်းမာရေးစနစ်ကြီးကို ပြုပြင်ပြောင်းလဲနိုင်ခြင်း အဖတ်တင်သည်။ ဤမျှ ရလာဒ်ကြီးမားသော သတင်းတစ်ပုဒ်အတွက် အချိန်လေးနှစ်ပေးရန် ဝန်လေးသူဖြစ်ခဲ့လျှင် ထိုသူမှာ ဂျာနယ်လစ်တော့ ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မည်။ သို့သော် စုံစမ်းထောက်လှမ်းရေး ဂျာနယ်လစ်တော့မဖြစ်နိုင်။

သို့ရာတွင် ထိုအချိန်က ကက်စတာရက်တစ်ဦးသာ သွေးထုတ်ရောင်းသည့် ကိစ္စကို စိတ်ဝင်စားပြီး အချိန်ကုန် ခံခဲ့ခြင်းမှာ အဘယ့်ကြောင့်နည်းဟု မေးစရာရှိသည်။ ကက်စတာရက်၏ ပြိုင်ဖက်တစ်ဦးဆိုလျှင် ထိုကဲ့သို့သော ရာဇဝတ်မှုမျိုး ကျူးလွန်ခဲ့သောသူများဘက်မှရပ်ပြီး သတင်းရေးပေးခဲ့ဘူးသည်။ လူအများက ထိုကိစ္စကို စိတ်မဝင်စားခဲ့ခြင်း၏ အဓိက အကြောင်းရင်းခံမှာ အများလေးစားကြသူတို့ ကြီးစိုးသော ဆေးလောကတွင် ထိုအဖြစ်အပျက်မျိုး ဖြစ်လာနိုင်သည်ဟု မည်သူကမျှ မထင်ကြသောကြောင့်သာဖြစ်သည်။

စုံစမ်းထောက်လှမ်းသင့်သော ကိစ္စပေါင်းများစွာသည် သတင်းထောက်များကိုယ်တိုင်က ငြင်းပယ်သည့် ကိစ္စများဖြစ်ခြင်းကြောင့် စုံစမ်းဖေါ်ထုတ်ခြင်းဆီသို့ မရောက်ခဲ့ကြပေ။ မိမိတို့ အကျိုးစီးပွားကို ကာကွယ်ရန် ဖုံးကွယ်နေကြသော ကာယကံရှင်များကြောင့် အမှန်ကို မဖေါ်နိုင်ခြင်းထက် သတင်းထောက်များ၏အမှန်ကို မမြင်ခြင်းကြောင့် မဖေါ်ထုတ်နိုင်သည်က ပိုများသည်။

### မဟာဗျူဟာရှိသော အစပြုခြင်းဖြစ်ပါစေ

စုံစမ်းထောက်လှမ်းရန်အတွက် မဟာဗျူဟာကို စဉ်းစားရန် အချိန်ယူပါ။ မိမိလုပ်ဆောင်ရမည့်အရာများကို အစီအစဉ်တကျ မည်သို့ဆောင်ရွက်မည်နည်း။ တစ်ခုနှင့် တစ်ခု မည်သို့ချိတ်ဆက်မည်နည်း။ မဟာဗျူဟာရှိခြင်းက အချိန်များစွာ သက်သာစေသည်ကို မယုံမရှိပါနှင့်။ ထိုသို့ မဟာဗျူဟာရှိနေရန် မေးခွန်းအချို့ကို ဖြေကြည့်ဖို့ လိုပါမည်။ (ဥပမာ- သွေးပုလင်းများကို မည်သူထုတ်လုပ်သနည်း။ ထိုသွေးပုလင်းများကြောင့် အန္တရာယ် ဖြစ်နိုင်သည် မဖြစ်နိုင်ဆိုသည်ကို မည်သို့ စစ်ဆေးသနည်း။ )

သုတေသနကို အလွယ်ဆုံးမေးခွန်းများဖြင့် စတင်ခြင်းမှာ အဆင်ပြေလှသည်။ ပထမဆုံး သိလိုသော မေးခွန်းလွယ်လွယ်များကို အခြားသူများအား မေးမြန်းရန် မလိုအပ်သေးပေ။ မိမိဘာသာ အဖြေကို ရှာဖွေနိုင်သော မေးခွန်းမျိုးဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ သတင်းထောက်များသည် သိလိုသော ကိစ္စတစ်ခုခုရှိလျှင် တယ်လီဖုန်း ကောက်ကိုင်လိုက်ပြီး တစ်စုံတစ်ယောက်အား မေးမြန်းတတ်ခြင်းမှာ အကျင့်လိုပင် ဖြစ်သည်။ စာရေးသူတို့အနေဖြင့် အကြံပြုလိုသည်မှာ ထိုသို့တယ်လီဖုန်းဖြင့်ဆက်သွယ်မေးမြန်းခြင်းမျိုး မလုပ်ရဟူ၍ မဟုတ်ပါ။ စစချင်းတွင် မိမိဘာသာ ပြင်ဆင်ချိန်ရအောင် တိတ်တိတ်ဆိတ်ဆိတ် သုတေသန လုပ်ဖြစ်ခြင်းက အကျိုးများကြောင်းသာ ဆိုလိုရင်းဖြစ်သည်။ အခြားသူများအား ချက်ချင်းကောက်မေးလိုက်ခြင်းသည် မိမိလှုပ်ရှားမှုအကြောင်း အများ

သိအောင် လမ်းပေါ်ထွက် လူယောင်ပြလိုက်ခြင်းနှင့်သာတူသည်။ ထို့ကြောင့် မိမိ၏ စုံစမ်းထောက်လှမ်းမှုနှင့် သက်ဆိုင်နိုင်သည့် ထုတ်ပြန်ချက်များ၊ အစီရင်ခံစာများ အစရှိသည်ဖြင့် အများသူငါ ရယူနိုင်သော စာရွက်စာတမ်းများကို ကြည့်ရှုခြင်းအားဖြင့် မိမိ၏ ကြိုတင်မှန်းဆချက်ကို ပိုမိုတိကျ ရှင်းလင်းစွာ ဖေါ်ထုတ်လာနိုင်မည်။ ထို့ကြောင့် ဖြစ်နိုင်လျှင် ကိစ္စ တစ်ခုကို အချက်အလက် ရနိုင်သမျှရှာဖွေပြီး သုတေသနပြုပါ။ ထိုအခါ တစ်ပါးသူကို မမေးမြန်းမီ မိမိက ဤကိစ္စနှင့် ပတ်သက်၍ အတော်အတန် တီးမိခေါက်မိပြီးဖြစ်နေမည်။ ထိုအခါ တစ်ဖက်လူကလည်း မိမိဘာမှမသိသော ကိစ္စတစ်ခုကို လာမေးနေခြင်းမဟုတ်ကြောင်း သိသောကြောင့် စကားပြောရန် ပိုအဆင်ပြေနိုင်သည်။

အမေရိကန်ပြည်ထောင်စုမှ စုံစမ်းထောက်လှမ်းရေးသတင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် The Center for Public Intergration တွင် သတင်းထောက်များကို ဆိုင်ရာသုတေသနများမလုပ်ဘဲ သတင်းရင်းမြစ်များထံသို့ ဆက်သွယ်ရန် ခွင့်မပြုပေ။ ရက်သတ္တပတ်ပေါင်းများစွာအချိန်ယူကာ သုတေသန ပြုကြရသည်။ သတင်းထောက်တိုင်းမှာ ဤမျှ အချိန်ယူရန် လိုအပ်ချင်မှ လိုအပ်ပါမည်။ ကျွန်တော်တို့နှင့်တကွ ကျွန်တော်တို့က သင်ပေးခဲ့သော စုံစမ်းထောက်လှမ်းရေး အခြေပြုသတင်းသမား များစွာတို့ကမူ မိမိတို့၏ ဂျာနယ်လစ် အကျင့်တစ်ခုကို အမြစ်ဖြတ်ရန် ကြိုးစားနိုင်ခဲ့သည်။ ထိုအကျင့်မှာ မိမိဘာသာရအောင် လုပ်နိုင်သော အချက်အလက်တစ်ခုကို အခြားသူအပေါ်အားကိုးကာ မေးမြန်းခြင်းဖြစ်သည်။ လာမည့်အခန်းတွင် လွတ်လပ်စွာ ရယူနိုင်သော စာအုပ်စာတမ်းများနှင့် အချက်အလက်များ မည်သို့ရှာဖွေနိုင်သည်ကို ဆွေးနွေး သွားပါဦးမည်။

## ကြိုတင်မှန်းဆခြင်းဖြင့် စုံစမ်းထောက်လှမ်းခြင်း ကိုယ်လက်အင်္ဂါချို့တဲ့ပြီး လမစေ့ဘဲ မွေးလာခဲ့သော ကလေးငယ်များ၏ ဒုက္ခ

ဖြစ်နိုင်ခြေကို ကြိုတင်မှန်းဆထားပြီး စုံစမ်း ထောက်လှမ်းခဲ့သော ဇာတ်လမ်းတစ်ခုကို နမူနာအဖြစ်ဖေါ်ပြလို ပါသည်။ တစ်နေ့တွင် စာရေးသူ၏ အလုပ်ရှင်ကို သူ၏ မိတ်ဆွေတစ်ယောက်က သတင်းအစအန တစ်ခုပေးလာခဲ့သည်။ လမစေ့ဘဲ မွေးလာသော ကလေးများကို ကိုယ်လက်အင်္ဂါမစုံမလင် ကြီးပြင်းလာခြင်းမရှိရလေအောင် ဆရာဝန်များက သတ်ပစ်နေကြသည်ဟူ၍ ဖြစ်သည်။ သတင်းကို စုံစမ်း၍ မရလျှင် ကျွန်တော်တို့ အလုပ်ပြုတ်နိုင်ကြောင်း အလုပ်ရှင်က သိသိသာသာပင် ပြောခဲ့လေသည်။

**၁။ ထိုကိစ္စအတွက် အရေးကြီးသောစကားလုံးများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ အများသုံး စာရွက်စာတမ်းများကို ရှာဖွေရခြင်း။**

ကလေးများ အသတ်ခံရသည့် သတင်းတွင် ဘာမှားနေပါသနည်း။ ကြားကြားချင်းတွင် လူသားတို့ကို အသက်ကယ်ပေးရန် သင်ကြားထားသော ဆရာဝန်များသည် လူသတ်သမားများအဖြစ်သို့ ရုတ်တရက် ပြောင်းပြီးစဉ်းစားရခြင်းကို သင်လက်ခံနိုင်ပါ၏လော။ မည်သည့်ဆရာဝန်က လူသတ်ခဲ့သည်ကို သင်မည်သို့ သိရှိနိုင်ပါမည်နည်း။ နဖူးပေါ်တွင် ကျွန်တော် ကလေးသတ်ခဲ့ပါသည်ဟု မည်သူကမျှ စာဆွဲထားမည်မဟုတ်။ ထိုကဲ့သို့ဆရာဝန်များရှိနေသည်ဟုယူဆထားသည်ဆိုပါစို့။ ထိုဆရာဝန်များကို မည်သည့်နေရာတွင် တွေ့နိုင်မည်နည်း။ ဆေးရုံကို ဖုန်းဆက်ပြီး လူသတ်သမားတွေက အဲဒီမှာ ရှိပါသလားခင်ဗျား ဟု မေးမြန်းနိုင် မည်မဟုတ်ပါ။

ထိုဇာတ်လမ်းတွင် အမှားတွေချည်းမဟုတ်ပဲ မှန်နေတာတွေလည်း ပါနိုင်သည်။ ထိုအမှန်ကို ရှာတွေ့နိုင်စေမည့် သဲလွန်စ စကားလုံးများမှာ ဘယ်မှာနည်း။

## အခန်း(၂)

**‘ ဆရာဝန်များ ’သည်**
**‘ လမစေ့ဘဲ ’**
**မွေးလာသော ကလေးများကို**
**‘ ကိုယ်လက်အင်္ဂါချို့တဲ့သူများ ’ အဖြစ်**
**ကြီးပြင်းလာခြင်း မရှိရလေအောင်**
**မွေးစတွင်ပင် ‘ သတ် ’**
**ပစ်နေကြသည်။**

လမစေ့သော ကလေးများကို မည်ကဲ့သို့သော
ဆရာဝန်များက မွေးပေးသနည်း
(အိုဂျီများ မွေးပေးကြသည်ဟု ဖြေလျှင် သင်မှားပါသည်)

ကလေးမည်မျှ လမစေ့ဘဲ
မွေးဖွားနေကြပါသနည်း။
ထိုကလေးများအရေအတွက်မှာ
မြင့်တက်နေပါသလား။
ကျဆင်းနေပါသလား။

ကိုယ်အင်္ဂါ ချို့တဲ့သော ကလေးများတွင်
မည်ကဲ့သို့သော် ချို့တဲ့မှုကို ဆိုလိုပါသနည်း။
မည်သည့်အမျိုးအစားများ ပါဝင်သနည်း။
ကိုယ်အင်္ဂါချို့တဲ့သော ကလေးများ မွေးဖွားနှုန်း
ကျဆင်းနေပါသလား။ မြင့်တက်နေပါသလား။

ကလေးတစ်ယောက်ကို ဆေးရုံတွင်
မည်သို့ သတ်ပစ်မည်နည်း။

စုံစမ်းထောက်လှမ်းရန် အခက်ဆုံးသော မွေးခွန်းမှာ မွေးခန်းထဲတွင် ကလေးတစ်ယောက်ကို မည်သို့ သတ်ပစ်နိုင်သနည်းဟူသော အချက်ဖြစ်သည်။ ဆေးရုံသို့ဖုန်းဆက်ပြီး ခင်ဗျားတို့ မကြာသေးခင်က ကလေးတွေကို သတ်ပစ်ခဲ့ပါသလား။ ဘယ်လို သတ်ပစ်ခဲ့ပါသလဲဟု မေးရန် မဖြစ်ရေးချ မဖြစ်ပါ။ ထို့ကြောင့် ဆက်သွယ်မေးမြန်းရန်ဆိုသည့်ကိစ္စအား ခေါင်းထဲက ဖယ်ထားလိုက်ပါ။ ထိုသို့ ဖုန်းဆက်ကြမည့်အစား ကျွန်တော်တို့ လုပ်ခဲ့သည်မှာ နောက်ဆုံးပေါ် ဆေးပညာအရေးအသားများကို ရှာဖွေနိုင်မည့် ဆေးဘက်ဆိုင်ရာ စာကြည့်တိုက်တစ်ခုနှင့် လမစေ့ဘဲ ကိုအင်္ဂါမစုံလင်ဘဲ မွေးဖွားလာသော ကလေးများနှင့် သက်ဆိုင်သော ကိန်းဂဏန်းများကို ကြည့်နိုင်မည့် စာရင်းအင်းများကိုရှာဖွေခဲ့ခြင်းပင်ဖြစ်သည်။ ထိုအရာများကို မိမိတို့ အနီးတစ်ဝိုက်ရှိ စာကြည့်တိုက်များမှပင် လွတ်လပ်စွာ ရှာဖွေနိုင်ခဲ့ကြသည်။ အများသူငါ ယူငင်သုံးစွဲနိုင်သော အချက်အလက်များ စုစည်းမိလျက်သား ရှိနေခြင်း၏ အကျိုးပေ။

# အခန်း(၂)

## ၂။ ပထမအကြိမ် သုံးသပ်ခြင်း - မိမိလက်ထဲမှ ကြိုတင်မှန်းဆထားချက် မှာနီးစပ်ပါသလား။

နောက်တစ်ဆင့်တွင် မိမိတို့ ရရှိထားပြီးသော အချက်အလက်များကို စုစည်းပြီး ဆက်စပ်စဉ်းစားကြည့်ပါ။ ရထားသော အချက်အလက်များက မိမိတို့၏ ကြိုတင်မှန်းဆချက်ကို ထောက်ခံနေခြင်း ရှိမရှိ မြင်အောင်ကြိုးစားပါ။ တစ်နိုင်ငံလုံး ကလေးများ၏ ကိုယ်အလေးချိန်ပြစာရင်းဇယားများအရ ကိုယ်အင်္ဂါချွတ်ယွင်းပြီး လမစေ့ဘဲ မွေးဖွားလာသော ကလေးများ၏ မွေးဖွားနှုန်းကို သိပ္ပံနည်းကျ သုံးသပ်ကြည့်လိုက်သောအခါ အောက်ပါအတိုင်း ထွက်ပေါ်လာတော့သည်။



၁၉၇၀ ၁၉၈၄ ၁၉၉၅

**အမေရိကန်ပြည်ထောင်စုရှိ လမစေ့ဘဲ မွေးလာပြီး ကိုယ်အင်္ဂါချို့ယွင်းနေသော ကလေးမွေးဖွားနှုန်း (၁၉၇၀-၁၉၉၅)**

ပုံတွင် ဖော်ပြထားချက်အရ ၁၉၇၀ မှ ၁၉၈၄ အထိ လမစေ့ဘဲ မွေးဖွားသော ကလေးဦးရေမှာ တဟုန်ထိုးကျဆင်းနေကြောင်း တွေ့ရှိခဲ့ရသည်။ ကလေး လမစေ့ဘဲ မွေးဖွားမှုနှင့် ကိုယ်အင်္ဂါချို့တဲ့သော ကလေးများ မွေးနှုန်းမှာလည်း တစ်ဆက်တစ်စပ်တည်းဖြစ်နေရာ ကိုယ်အင်္ဂါချို့တဲ့သူ ကလေးဦးရေသည် ကျဆင်းနေခဲ့ကြောင်းတွေ့ရသည်။ ၁၉၈၄ နောက်ပိုင်းတွင်မူ ထိုကျဆင်းမှုမှ ပြောင်းပြန်လှန်ကာ တဟုန်ထိုး ပြန်တက်လာကြောင်း တွေ့ရှိရသည်။

ထိုအချက်များကြောင့် ကျွန်တော်တို့၏ မှန်းချက်မှာ မမှန်သေးဟူ၍လည်း မပြောနိုင်ပါ။ တစ်ချိန်တည်းတွင် ကလေးများအား သေစေခဲ့သောဆရာဝန်များရှိနေခဲ့ခြင်းဟုတ်မဟုတ်ဆိုသည်ကိုလည်း အတည်မပြုနိုင်ပါ။။ ၁၉၈၄ တွင် အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သော လမစေ့ အင်္ဂါမစုံမွေးနှုန်းကို မည်သို့နားလည်ရမည်နည်း။ ထိုနည်းတူပင် ၁၉၈၄ မှ အစပြုကာ ပြန်လည်မြင့်တက်လာသော အရေအတွက်ကို မည်သို့ရှင်းပြနိုင်မည်နည်း။ ကျွန်တော်တို့ မသိသေးပါ။ ယခုအချိန်ထိ ပြောနိုင်သည်မှာ ၁၉၈၄ သည် ထူးခြားလွန်းသည့် နှစ်တစ်နှစ်ဆိုသည်ကိုပင် ဖြစ်သည်။

## ၃။ မိမိတို့ ကောက်ချက်များ မှန်မမှန် ထပ်မံစစ်ဆေးကြခြင်း။

ကျွန်တော်တို့မှာ စာကြည့်တိုက်သို့ ပြန်လာကာ လမစေ့၊ အင်္ဂါမစုံသော ကလေးများနှင့် ပတ်သက်ပြီး ရေးသားထားသော သုတေသန လေ့လာချက်များကို ထပ်မံရှာဖွေကြပြန်သည်။ သုတေသန ဆောင်းပါးတစ်ပုဒ်တွင် ဒိုးကလေးများ Baby Doe ဟူသော အခေါ်အဝေါ်တစ်ခုကို တွေ့ရှိခဲ့ကြသည်။ ထို့နောက် ထိုဆောင်းပါးကို ရေးသားသူအား တယ်လီဖုန်း ဆက်ကာ ထိုအခေါ်အဝေါ်ကို ရှင်းပြပေးရန် တောင်းဆိုခဲ့သည်။ထိုစာရေးသူက လမစေ့ဘဲ မွေးလာသည့် ကလေးများကို ကိုယ်လက်အင်္ဂါမစုံလင်သည့်တိုင်အောင် မိဘများက

# အခန်း(၂)

မလိုချင်သည့်တိုင်အောင် ဆရာဝန်များအနေဖြင့် အစွမ်းကုန်ကြိုးစားကာ ကယ်တင်ရန်လိုအပ်ကြောင်း ဥပဒေတစ်ရပ်က ပြဋ္ဌာန်းထားသည့်နှင့်စပ်လျဉ်း၍ ရှင်းပြခဲ့သည်။

ထိုအချက်သည် ကျွန်တော်တို့၏ ကနဦးမှန်းဆချက်ကို ဖျက်ဆီးပစ်လိုက်သည်။ ထိုဥပဒေကို ပြဋ္ဌာန်းထားသည် ဆိုလျှင် ဆရာဝန်များ ဥပဒေနှင့်အညီ ဆောင်ရွက်ရပေတော့မည်။ ထိုစာရေးသူက ဆက်ရှင်းပြသည်မှာ ကျွန်မတို့အနေနဲ့ ဒီဥပဒေကို မလိုက်နာလို့ မဖြစ်ပါဘူး။ ဆေးရုံတိုင်းမှာ မကျေနပ်ရင် တရားရုံးကို တိုက်ရိုက်ဆက်သွယ်နိုင်တဲ့ အရေးပေါ် ဖုန်းလိုင်း ချိတ်ဆက်ပေးထားပါတယ်။ တစ်ယောက်ယောက်က ဆရာဝန်မှားနေပြီလို့ ထင်ရင် ချက်ချင်းဖုန်းဆက်နိုင်တာကြောင့် အဖမ်းခံရစရာ အကြောင်းရှိပါတယ် ဟု ရှင်းပြခဲ့သည်။ ထိုအဖြစ်အပျက်မျိုး ပေါ်ပေါက်ခဲ့သော နေရာများကို သိရှိပါသလားဟု မေးမြန်းရာ ၄င်းက သိရှိကြောင်း ဖြေကြားခဲ့သည်။ ထို့နောက် အဆိုပါ အမှုများနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဖယ်ဒရယ် အေဂျင်စီထံမှ ရယူနိုင်ခဲ့သည်။

ထိုကဲ့သို့သော ဥပဒေကို မည်သည့်အချိန်က စတင်ကျင့်သုံးခဲ့သနည်းဟု ကျွန်တော်တို့က မေးမြန်းသောအခါ အဖြေကို ခင်ဗျားတို့ ခန့်မှန်းကြည့်နိုင်ပါသည်။ သူက ၁၉၈၄ ဟု ပြန်ဖြေခဲ့ပါသည်။

ဤအခြေအနေတွင် ကျွန်တော်တို့ မူလရှိခဲ့သော မှန်းဆချက်မှာ တစ်လွဲဖြစ်နေကြောင်း ပေါ်လွင်နေပြီ။ သို့သော် ကျွန်တော်တို့၏ စုံစမ်းထောက်လှမ်းမှုများက အခြားဖြစ်နိုင်ခြေတစ်ခုသို့ ဦးတည်နေလေသည်။ ၁၉၈၄ ဥပဒေက ဆရာဝန်များအနေဖြင့် လမစေ့ အင်္ဂါမစုံပဲ မွေးဖွားလာသော ကလေးများကို မွေးဖွားစဉ် မသေစေအောင် အတတ်နိုင်ဆုံး အားထုတ်ရန် ပြဋ္ဌာန်းထားသည်။ အကျိုးဆက်မှာ လမစေ့ပဲ မွေးဖွားလာသော အင်္ဂါမစုံသည့် ကလေးအရေအတွက် ကြီးမားလာသည်ဟူသော ယူဆချက် အသစ်တစ်ခု ကျွန်တော်တို့ထံတွင်ရှိလာပြီဖြစ်သည်။

နောက်တစ်နေ့တွင် ကျွန်တော်တို့သည် ထိုကလေးများနှင့် ပတ်သက်သောအချက်အလက်များကို ထပ်မံမှတ်တမ်းတင်သည်။ ဤသတင်းမှာ မည်မျှ ကြီးမားနိုင်သည်ကို ကျွန်တော်တို့ သိလိုသည်။ ဥပဒေပြဋ္ဌာန်းပြီး အသက်မသေဘဲ ကျန်ရစ်သော လမစေ့အင်္ဂါမစုံကလေးများပမာဏကို ရေတွက်ကြည့်သည်။ ၁၉၈၄ နှင့် ၁၉၉၅ ကာလအတွင်းသာ မမွေးခဲ့လျှင် အသက်မရှင်ဘဲ သေကောင်းသေခဲ့ကြမည့်ကလေးများဟု ဆိုကြပါစို့။ ကလေးများအားလုံး၏ အရေအတွက်ထဲတွင် ၁၉၈၃ သည် ထိုဥပဒေမပြဋ္ဌာန်းမီ နောက်ဆုံးနှစ်ဖြစ်သည်။ ထို့နောက် အင်္ဂါမစုံသော ကလေးအရေအတွက်ကို ရေတွက်ပြန်သည်။ ထိုလမစေ့ဘဲ မွေးခြင်းနှင့် ဆက်စပ်နေသော အင်္ဂါမစုံသည့်ကလေးများကိုသာ သိပ္ပံနည်းကျ ရွေးချယ်ရေတွက်ခြင်းဖြစ်သည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးနှင့် လူဦးရေဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးထံ ချဉ်းကပ်ပြီး ကျွန်တော်တို့ ရေတွက်ထားသောကလေးပမာဏ မှန်မမှန်စစ်ဆေးကြသည်။ ကျွန်တော်တို့ ရေတွက်ပုံမှာ မှားနိုင်သည် မဟုတ်ပါလား။ ကျွန်တော်တို့သည် ဆရာဝန်လည်းမဟုတ်ကြပါ။ ထို့ကြောင့် ကျွမ်းကျင်သူ၏ အကူအညီကို ယူရသည်။ နောက်ဆုံးတွင် ကျွန်တော်တို့ တွေ့ရှိခဲ့ရသောပမာဏကို ကျွန်တော်တို့ မယုံနိုင်အောင် ဖြစ်ခဲ့ရသည်။ အနည်းဆုံးလူဦးရေ နှစ်သိန်းခွဲခန့်ရှိသော ကိုယ်လက်အင်္ဂါမစုံသည့် ကလေးများလမစေ့ဘဲ မွေးဖွားပြီးနောက် အသက်ရှင်လျက် ရှိနေခဲ့ကြသည်။ မျက်စိမမြင်သော၊ ကိုယ်လက်များ မလှုပ်ရှားနိုင်သော၊ ကြီးထွားမှု နှေးကွေးသော ကလေးများ အဖတ်တင်ကျန်ရစ်သည်။

ကျွမ်းကျင်သူများက ကျွန်တော်တို့တွေ့ရှိချက် မှန်ကန်ကြောင်း အတည်ပြုပေးခဲ့ကြသည်။ သို့ရာတွင် အရေးကြီး သော အပိုင်းတစ်ခု ကျန်နေပါသေးသည်။ ကျွန်တော်တို့ နောက်ထပ်ဖြစ်နိုင်ခြေတစ်ခုကို မှန်းဆရန် လိုအပ်လာပြန်သည်။ ထိုမှန်းဆချက်က ကျွန်တော်တို့ စုံစမ်းထောက်လှမ်းခြင်းကို အရေးကြီးသော အစိတ်အပိုင်းသို့ ခေါ်ဆောင်သွားတော့မည် ဖြစ်သည်။

## အခန်း(၂)

### ၄။ သတင်းတွင် ရှုထောင့်အသစ် ပေါ်လာခဲ့သော် မူလမှန်းဆချက်မှ ဆင့်ပွားမှန်းဆချက်တစ်ခု ထပ်မံခွဲထုတ်နိုင်ခြင်း။

သတင်းကို နက်ရှိုင်းစွာ စုံစမ်းထောက်လှမ်းဖြစ်သည်နှင့်အမျှ မူလသတင်းအပြင် နောက်ထပ်သတင်းတစ်ခုကို တွေ့ရတော့မည့် အခြေအနေမျိုးသို့ရောက်သွားနိုင်သည်။ စုံစမ်းခြင်း၏ အစပိုင်းတွင် ထိုအရာကို မမြင်ရသေးသော်လည်း နောက်တွင် ပေါ်ပေါက်လာသော သတင်းရှုထောင့် အသစ်ကြောင့် ဖြစ်သည်။ ထိုအခါ အသစ်ပေါ်လာနိုင်သည်ကို ဆန်းစစ်နိုင်ရန် မှန်းခြေအသစ်တစ်ခုကို ထပ်မံရေးဆွဲရပြန်သည်။ အကယ်၍ မူလအကြောင်းအရာနှင့် မည်သို့မှ မဆက်စပ်သော ကိစ္စတစ်ခုဖြစ်လျှင် ခဏမျှ ဖယ်ထုတ်ထားရန်လိုမည်။

သို့သော် တစ်ခါတစ်ရံတွင် မိမိက နောက်မှရှာဖွေတွေ့ရှိရသော ကိစ္စတစ်ခုက မူလက ရှာဖွေစုံစမ်းနေသော ကိစ္စထက် အရေးကြီးနေကြောင်း ဘွားခနဲ ပေါ်လာတတ်သည်။ နောက်မှ ပေါ်လာသော သတင်းကို မှန်မမှန် ဆန်းစစ်ရသော အလုပ်က မူလအလုပ်ထက် များစွာအရေးကြီးကြောင်းလည်း သိလာရသောအချိန်ဖြစ်သည်။ အကယ်၍ ထိုသို့နောက်မှပေါ်လာသည့် အဖြစ်အပျက်ကို ဂရုမစိုက်မိဘဲ ဖယ်ထုတ်ထားလျှင် အရေးကြီးသော သတင်းကို လွတ်သွားတတ်သည်။

ယခု ကျွန်တော်တို့စုံစမ်းနေသော သတင်းမှာလည်း ထိုအတိုင်းပင် ဖြစ်နေသည်။ ကျွန်တော်တို့ တွေ့ရှိထားသော စာရင်းများအရ ၁၉၈၄ ဥပဒေသည် အနည်းဆုံးလမစေ့ဘဲ မွေးခဲ့သည့် ကိုယ်အင်္ဂါချို့ယွင်းနေသော ကလေးပေါင်း နှစ်သိန်းခွဲလောက်ကို တင်ကျန်စေခဲ့သည်။ ထိုကလေးများ မည်သို့ အသက်ရှင်နေကြသနည်း။

အမေရိကန်ပြည်ထောင်စုသည် လူမှုဖူလုံရေး ဥပဒေများပြင်ဆင်ပြီး လူမှုဖူလုံရေး ခံစားခွင့်များ ပြည်သူတို့ လွယ်လွယ်မရနိုင်အောင် တင်းကြပ်လိုက်ကြောင်း ကျွန်တော်တို့ သိထားသည်။ ထိုလူမှုဖူလုံရေးအကူအညီကို ယူနေသူများမှာ ဆင်းရဲသော၊ လူဖြူမဟုတ်သောသူအများစုပါဝင်ပြီး လမစေ့ဘဲ ကလေးမွေးဖွားသူများ အများစုမှာ ထိုအုပ်စုဝင်များဖြစ်နေကြသည်။ ထို့ကြောင့် ကျွန်တော်တို့ နောက်ထပ် ဆန်းစစ်ရမည့် ကိစ္စမှာ လူမှုဖူလုံရေးမူဝါဒ ပြောင်းလဲမှုများကြောင့် လမစေ့ အင်္ဂါမစုံဘဲ မွေးဖွားခဲ့သည့် ကလေးများကို စောင့်ရှောက်ရန် ပို၍ ခက်ခဲလာသလား ဟူသော အကြောင်းအရာဖြစ်လာခဲ့သည်။ ကျွန်တော်တို့သည် ထိုအချက်ကို လျှင်မြန်စွာပင် အစိုးရ စာရွက်စာတမ်းများ ရှာဖွေနိုင်ခဲ့ခြင်းကြောင့် အတည်ပြုနိုင်ခဲ့သည်။

သို့တိုင်အောင် သတင်းမှာ ပြည့်စုံရန်အချက်အလက်များစွာ လိုအပ်နေပါသေးသည်။ နောက်ဆုံးတွင် ကျွန်တော်တို့ စုံစမ်းထောက်လှမ်းခဲ့သော သတင်းတစ်ခုလုံး၏ဖြစ်စဉ်ကို အလုပ်ရှင်ထံသို့ အစီရင်ခံနိုင်ပြီဖြစ်သည်။

သဌေးခင်ဗျား။ ကျွန်တော်တို့ကို တာဝန်ပေးလိုက်တဲ့သတင်းကိုတော့ ကျွန်တော်တို့ မဖော်ထုတ်နိုင်ခဲ့ပါဘူး။ ဒီအတွက် အလုပ်ထုတ်ပစ်မယ်ဆိုရင်လည်း လက်ခံရှုပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ အတည်ပြုနိုင်ခဲ့တဲ့ဇာတ်လမ်းက ဒီလိုပါ။

၁၉၈၄ မှာ ပြဌာန်းခဲ့တဲ့ ဥပဒေဟာ ဆရာဝန်တွေကိုလမစေ့ဘဲ မွေးဖွားလာတဲ့ အင်္ဂါမစုံတဲ့ကလေးတွေကို သေစေလိုခြင်းမှ တားမြစ်ထားပါတယ်။ ကလေးမွေးနေတုန်းမှာ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မသေအောင် တတ်နိုင်သလောက် အားထုတ်ရမယ်လို့ ပြဌာန်းထားပါတယ်။

ဒီဥပဒေပြဌာန်းပြီးတဲ့နောက်မှာ ကိုယ်လက်အင်္ဂါမပြည့်စုံတဲ့ကလေးပေါင်း နှစ်သိန်းခွဲလောက်ဟာ ဒီလိုပဲ အသက်ရှင်ကြရပါတယ်။ အစိုးရက ဒီကလေးတွေအတွက် လူမှုဖူလုံရေး အစီအမံတွေကို ဖြတ်တောက်ပစ်ခဲ့ပါတယ်။

ဥပဒေတစ်ခုဟာ ကလေးတွေကို အသက်ရှင်ခွင့်ပေးခဲ့ပေမယ့် နောက်ဥပဒေတစ်ခုက ကလေးတွေကို လမ်းပေါ်မှာ ခိုကိုးရာမဲ့ဘဝကို ရောက်စေပါတယ်။ ဒီလို ဖြစ်ပျက်နေတာတွေကို ပြုပြင်ဖို့ စိတ်ဝင်စားပါသလား။ သူဌေးရဲ့ သဘောကို ပြောပါလို့ ကျွန်တော်တို့ ပြောခဲ့ပါသည်။

အဲဒီအချိန်မျိုးတွင် သင်တို့အနေနှင့် ဒီလိုသတင်းမျိုးကို ငါစိတ်မဝင်စားဘူး ဟု ငြင်းပယ်သော သူဌေးမျိုးနှင့် ကြုံကောင်း ကြုံနိုင်ပါသည်။ ကြုံခဲ့လျှင်မူ ထိုသူ့ထံမှထွက်ပြီး အခြားတစ်ဦးထံတွင် အလုပ်ဝင်ဖို့ကိုသာ အကြံပေးချင်ပါသည်။ ကျွန်တော်တို့သည် ထိုသတင်းကိုစတင် စုံစမ်းခဲ့သောအချိန်က ကျွန်တော်တို့ မှန်မမှန်

## အခန်း(၂)

ဆန်းစစ်ရန် ကြိုးစားခဲ့ကြသည်မှာ သူဌေး၏ အထင်ဖြင့် တည်ဆောက်ထားသော သတင်းတစ်ပုဒ် ဖြစ်သည်။ သူဌေး၏ အလိုပြည့်စေရန် သူ၏ မှန်းဆချက်အား မှန်ကန်အောင် ကျွန်တော်တို့၏ တွေ့ရှိချက်များနှင့် အတင်းကိုက်ညီရန် ကြိုးစားခဲ့လျှင် ကျွန်တော်တို့သည် ကျင့်ဝတ်နှင့်မညီသော ဂျာနယ်လစ်များသာဖြစ်မည်။ ဂျာနယ်လစ်ကောင်း ဖြစ်ရန် ကျွန်တော်တို့သည် တွေ့ရှိမှုများနှင့် ကိုက်ညီသောဇာတ်လမ်း အသစ်ကိုသာ ပြန်လည်တွေးတောခဲ့ကြသည်။ ဂျာနယ်လစ်ကောင်းတစ်ဦးအတွက် သူစုံစမ်း၍ရလာသော အချက်များအပေါ် သဘောတွေ့ခြင်း၊ မတွေ့ခြင်းမရှိရ။ အမှန်ကို အမှန်ဟု လက်ခံရုံသာ။

သူဌေးက ကျွန်တော်တို့ကို အလုပ်မဖြုတ်ခဲ့ပါ။ ထိုသတင်းကို ကျွန်တော်တို ပရိသတ်ထံ ရောက်အောင် ပုံနှိပ်ပေးခဲ့ပြီး သတင်းဆု နှစ်ခုကိုလည်း ဆွတ်ခူးနိုင်ခဲ့ပါသည်။ ထိုဆုရခဲ့သော သတင်းကို ဤစာအုပ်၏ နောက်ကျောတွင် ပါဝင်သော စာအုပ်အညွှန်းတွင် ဖတ်ရှုနိုင်ပါသည်။ နိဂုံးအားဖြင့် ကျွန်တော်တို့ ထောက်ပြခဲ့သော ဥပဒေများမှာ မပယ်ဖျက်ရသေးဘဲ ဒီအတိုင်းရှိနေကြပါသေးသည်။ ထို့အတွက်ကြောင့် ကျွန်တော်တို့ လုပ်အား အချည်းနှီးဖြစ်သည်ဟု ဆိုနိုင်မည်လား။ ကျွန်တော်တို့ကို နောင်တရသလားဟု မေးလျှင် မရပါဟု ဖြေပါမည်။ ထိုသတင်းကို မရေးခဲ့လျှင် ရမည့်နောင်တက ပိုဆိုးမည်ထင်သည်။

### စုံစမ်းထောက်လှမ်းနေသော သတင်းတစ်ပိုဒ်ကို ပြီးမြောက်အောင်မြင်အောင် စီမံနိုင်ရန် လုပ်ငန်းပြီးစီးမှု လျာထားချက်များကို အဆင့်ဆင့်သတ်မှတ်ပြီး အချိန်နှင့် တစ်ပြေးညီ ပြီးပြတ်နိုင်အောင် ဆောင်ရွက်ရခြင်း။

ကမ္ဘာပေါ်ရှိ ကျနစွာ ဖွဲ့စည်းထားသော မည်သည့်အဖွဲ့အစည်းတွင်မဆို လျာထားချက်များဖြင့် သတ်မှတ် လှုပ်ရှားကြပါသည်။ ဂျာနယ်လစ်တို့၏ လောကတွင်မူ ခြွင်းချက်ရှိကောင်းရှိပါလိမ့်မည်။

မိမိ၏ သတင်းသည် မည်သို့ဖြစ်လာနိုင်သည်ကို မှန်းဆထားပြီးသည်နှင့် ထိုဖြစ်နိုင်ခြေမှာ မည်မျှအထိ ခိုင်မာကြောင်း ပြနိုင်သည့် အထောက်အထားများ ရှာဖွေရသည်။ လုပ်ငန်းတစ်ခုလုံး၏ အဆင့်ဆင့်တွင် မည်ရွေ့မည်မျှ အတိုင်းအတာဖြင့် ဆောင်ရွက်မည်ကို အောက်ပါ အစီအစဉ်အတိုင်း စဉ်းစားနိုင်သည်။

**၁။ မည်မျှအထိ အားထုတ်နိုင်မည်နည်း။**

စုံစမ်းထောက်လှမ်းမှု၏ အဆုံးတွင် သင်ဘာကို ချပြနိုင်မည်နည်း။ သတင်းတစ်ပုဒ်ကို မည်သည့်အတိုင်း အတာအထိ နက်ရှိုင်းအောင် တင်ပြမည်နည်း။

အနည်းဆုံး မူလကတည်းက ရယ်ရွယ်ထားသည့် သတင်းတစ်ပုဒ်ကို ရေးသားရန် အကြံပြုပါသည်။ မိမိတို့ ယူဆထားသည့်အတိုင်းဖြစ်လာသော ဇာတ်လမ်းမျိုး ဖြစ်ကောင်းဖြစ်မည် (သို့မဟုတ်) ထင်သလိုမဟုတ်သဖြင့် နောက်ထပ် ပြောင်းလဲဖွဲ့စည်းထားရသော သတင်းတစ်ပုဒ် ဖြစ်ကောင်းဖြစ်မည်။ အကယ်၍ မိမိတို့ ကြိုတင်မှန်းဆထားသည့် ဇာတ်လမ်းသည် အတော်အတန်ရေး၍ ကောင်းသော ဇာတ်လမ်းမျိုးဖြစ်လျှင် အပိုင်းများစွာ ခွဲကာ တင်ပြနိုင်သည်။ ဇာတ်အိမ်ကို ကြီးကြီးချထားပြီး တင်ပြနိုင်သည်။ မိမိတကယ်အားထုတ်နိုင်သည်ထက် ပိုပြီးကတိမပြုသင့်သလို သတင်းတစ်ပုဒ်ကို ရေးသင့်ရေးထိုက်သည်ထက် လျော့၍လည်း မရေးသင့်ပါ။

### ၂။သတင်းလိုက်နေစဉ်တစ်လျှောက်လုံးတွင် အလုပ်ပြီးမြောက်မှု မိုင်တိုင်များ သတ်မှတ်ထားခြင်း။

သတင်းနှင့် ပတ်သက်၍ အများပြည်သူလွတ်လပ်စွာကိုးကားနိုင်သောအချက်အလက်များ ( open sources) ကို လေ့လာရန်အချိန် မည်မျှယူမည်နည်း။ အင်တာဗျူးရမည့် သတင်းရင်းမြစ်များကို မည်သည့်အချိန်တွင် ဆက်သွယ်မည်နည်း။ မည်သည့်အချိန်တွင် အကြမ်းစတင်ရေးသားမည်နည်း။

ပင်တိုင် သတင်းထောက်နှင့် ထိုသတင်းတွင် ပါဝင်ကူညီနေကြသောသူများအားလုံး အပတ်စဉ် တွေ့ဆုံ ဆွေးနွေးသင့်သည်ဟု အကြံပြုလိုသည်။ မိမိတို့ ထင်ထားသော ပုံစံအတိုင်း သတင်းမှာ ဟုတ်မဟုတ်၊ လမ်းကြောင်းသစ်၊ အချက်အလက်သစ်များ ရှာဖွေတွေ့ရှိလာခြင်းရှိမရှိ စသည်တို့ကို ဦးစားပေး ဆွေးနွေးကြရမည်။ သတင်းပရောဂျက် တစ်ခုလုံးမှာ ကုန်ထားသောငွေနှင့် အချိန်နှင့် ဆီလျော်စွာ အရာထင်လာခြင်းရှိမရှိမှာလည်း အရေးကြီးသည့် ကိစ္စပင်ဖြစ်သည်။ ပရောဂျက်တစ်ခုလုံး ရှေ့ဆက်သွားရမည့် ခရီးကို ထိခိုက်လာနိုင်သည့်

ကိစ္စဖြစ်လျှင် သည်းခံ၍မဖြစ်ပါ။ မိမိပြောထားသည့်အတိုင်း မလုပ်ပေးသူများကို အဖွဲ့တွင် ဆက်လက်ပါဝင်နေစေခြင်း မရှိရပါ။

**၃။အရင်းအနှီးများနှင့် အကျိုးရလဒ်များ**

မိမိ၏ တန်ဖိုးမဖြတ်နိုင်သော အချိန်အပြင် အခြားသော စရိတ်များကို ထည့်တွက်ကြရမည်။ ခရီးသွားရန်အရပ် တစ်ပါးတွင် တည်းခိုရန်၊ ဆက်သွယ်ပြောဆိုရန် ကုန်ကျစရိတ်များနှင့် အခြားစရိတ်များ ရှိနိုင်သည်။ ကုန်စရာကျစရာများကို စုံနိုင်သမျှ စုံလင်အောင် ထည့်တွက်ပါ။

သတင်းထောက်သည် တစ်ကိုယ်တော်လှုပ်ရှားသူဖြစ်လျှင် ထိုစရိတ်များသည် သတင်းတစ်ပုဒ်နှင့်ကာမိခြင်းရှိမရှိကို သုံးသပ်ရပါမည်။ သတင်းတစ်ပုဒ်၏ ကုန်ကျစရိတ်က မိမိ၏မီဒီယာရောင်းအားတက်လာမှုကြောင့်ရလာသော အမြတ်ငွေ၊ မိမိရလာမည့် ဗဟုသုတအသစ်များ၊ ကျွမ်းကျင်မှုအသစ်များနှင့် ထေမိလျှင်မဆိုးပါ။ မီဒီယာအဖွဲ့အစည်းအနေနှင့်လည်း မိမိတို့ ရောင်းအားတက်လာနိုင်သည့် အခြေအနေ၊ ဂုဏ်သိက္ခာနှင့်နာမည်သတင်း ကျော်ကြားလာခြင်းတို့ကို ထည့်တွက်စဉ်းစားရမည်။ ပါဝင်ပတ်သက်နေသူများအားလုံးသည် မိမိတို့၏သတင်းမှာ ပြည်သူ့အကျိုးပြုသတင်းဖြစ်နေလျှင်လည်း အားထုတ်ရန် ထိုက်တန်ကြောင်း အသိအမှတ်ပြုရမည်။ သတင်းတစ်ပုဒ်၏ တန်ဖိုးကို နည်းအမျိုးမျိုးဖြင့် တိုင်းတာနိုင်ပါသည်။

**သတင်းကို လူပိုသိအောင် လုပ်မည်လား။**

မိမိတို့၏ သတင်းကို မည်သူက စိတ်ဝင်စားနိုင်သနည်း။ ထိုသတင်းကို အများပြည်သူ သတိထားမိအောင် မည်သို့ ပြုရမည်နည်း ။ ထိုသို့ အများသိအောင်လုပ်ခြင်းကြောင့် စရိတ်ပိုကုန်နိုင်ပါသလား။ ပို၍ငွေကုန်ခံလိုက်ခြင်းအားဖြင့် မိမိနှင့်မိမိ၏ အဖွဲ့အစည်းမှာ မည်သို့ အကျိုးရှိနိုင်သနည်း။

ပုံနှိပ်ဖော်ပြသော သတင်းမီဒီယာကိုယ်တိုင်က ထိုသတင်းကို လူပိုသိအောင်လုပ်ရန် စိတ်မဝင်စားလျှင် သတင်းထောက်အနေဖြင့် ထိုသို့လူသိအောင်လုပ်ရန်စရိတ်ကို အကုန်အကျခံစရာအကြောင်းမရှိပေ။ ထိုသတင်းကို မီဒီယာက အကုန်အကျခံပြီး လူသိအောင်လုပ်သောအခါတွင်မူ သတင်းထဲတွင်ပါဝင်နေသော ဗီလိန်ပစ်မှတ်များအနေဖြင့် လက်စားချေနိုင်သည့် အန္တရာယ်ကို လျှော့ချပစ်နိုင်သည်။ မိမိက အမှန်တရားဘက်တော်သားဖြစ်နေသရွေ့ ထိုသတင်းကို အကြောင်းပြုကာ မိတ်ဆွေပိုများလာသောကြောင့်ဖြစ်သည်။ သတင်းကို လူပိုသိအောင်လုပ်ရန် အရိုးစင်းဆုံးနည်းလမ်းမှာ ခေါင်းကြီးပိုင်းအတွက် ရွေးချယ်ကာ ဖော်ပြခြင်းမှစ၍ အင်တာနက်ဖိုရမ်ကဲ့သို့ စကားဝိုင်းများဖန်တီးပေးခြင်းအထိ ဆောင်ရွက်နိုင်သည်။ အခန်း (၈) တွင် ထိုအဆင့်ကို အကျယ်ဆွေးနွေးထားပါသည်။

ပြဿနာ မရှိခဲ့လျှင် မိမိမှန်းဆချက်များအတိုင်း သတင်းကို အတည်ပြုနိုင်ခြင်း ရှိမရှိ ဆန်းစစ်ရသောလုပ်ငန်းကိုအဆင့်ဆင့် ဆောင်ရွက်သွားရုံသာဖြစ်သည်။ လမ်းကြောင်းကို ဖော်ထားပြီးဖြစ်သောကြောင့် တိုးတက်မှုများကို တစ်ဆင့်ချင်းစီမှ ရလဒ်များအရသိနိုင်ပြီး နောက်တစ်ဆင့်အတွက်လည်း ပြင်ဆင်ထားစရာများကို တွေ့လာမည်။ မိမိ လက်ရှိအာရုံစိုက်နေရသော သတင်းတွင် နောက်ဆက်တွဲဖြစ်လာနိုင်သည်များကိုလည်း ထည့်တွေးထားခြင်းကလည်း အမြော်အမြင် ရှိခြင်းပင်ဖြစ်သည်။ အများပြည်သူက သတင်းကိုမည်သို့အားပေးကြမည်နည်းဆိုသည်ကိုလည်း ကြိုတင်စဉ်းစားထားနိုင်သည်။ ဇာတ်လမ်းတွင် ကြိုတင်မှန်းဆချက်ဟူသောကျောရိုးကိုချရေးစဉ်က စာနှစ်ကြောင်း သုံးကြောင်းမျှသာ ရှိခဲ့သော်လည်း နောက်ဆုံးတွင် ထိုကျောရိုးကြောင့်ပင် ပြည်သူများ စိတ်ဝင်စားနိုင်သည့် သတင်းတစ်ခုကို ရရှိခဲ့ပြီ။

# ဇာတ်လမ်းကို အာရုံစိုက်ပါ။

သတင်းနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေကို မှန်းဆကြပြီးနောက်ပိုင်းတွင် ထိုမှန်းဆချက်မှာ အမှန်တရားဖြင့် ဖွဲ့စည်းထားသော ဇာတ်အိမ်အဖြစ် ပုံပေါ်လာခြင်းဖြစ်သည်။ မှန်းဆချက်တစ်ခုတွင် လက်ရှိ ဖြစ်ပျက်နေသော အခြေအနေပါမည်။ထိုအခြေအနေများကိုဖြစ်စေသည့်အကြောင်းရင်းများပါမည်။ ဖြစ်ပျက်နေသည်များကို ဖြေရှင်းပေးနိုင်သည့် အဖြေတစ်ခုပါမည်။ ထို့ကြောင့် ဇာတ်လမ်း၏ အစိတ်အပိုင်းများကို အကြမ်းကြိုတင်ခန့်မှန်းထားခြင်းဖြင့် မိမိစုံစမ်းမည့်သတင်းဖြစ်ရပ်တစ်ခုလုံးအပေါ်ကို ခြုံငုံရှုမြင်နိုင်သည်။ တစ်စစ ထွက်ပေါ်လာသော အချက်အလက်များက သတင်းထောက်ကို အာရုံမဝေဝါးစေနိုင်တော့ပါ။

အချက်အလက်များသည် မိမိသတင်းတစ်ပုဒ်လုံးကို အခြခံ ဖွဲ့စည်းပေးထားသည့် အရာများဖြစ်သော်လည်း သူတို့တစ်ခုချင်းအနေဖြင့် အဖြစ်အပျက်ကို လိပ်ပတ်လည်အောင်မပြောပြနိုင်ပါ။ ဇာတ်လမ်းကမူ ထိုအချက်အလက်များကို စာဖတ်သူ သဘောပေါက်အောင် သယ်ယူသွားနိုင်သည်။ လိပ်စာလမ်းညွှန်စာအုပ်ထဲမှ စာသုံးကြောင်းမျှကိုပင် မည်သူမျှ မမှတ်မိနိုင်ပါ ။ ထိုလိပ်စာလမ်းညွှန်စာအုပ်ထဲမှ အမည်များအကြောင်းကို ဇာတ်လမ်းများဖြင့်ပြောလျှင်လူတိုင်းက မှတ်မိနိုင်ကြသည်။ မိမိက စုံစမ်းထောက်လှမ်းနေသောသတင်းတစ်ပုဒ်ကို စကတည်းက ဇာတ်လမ်းသဖွယ်တည်ဆောက်ထားခြင်းကြောင့် ( မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ) ထိုသတင်းကို ပရိသတ်က မှတ်မိနေအောင် တင်ပြနိုင်သကဲ့သို့ မိမိကိုယ်တိုင်လည်း ပြန်မှတ်မိနေတော့သည်။ ထိုအပိုင်းသည် စုံစမ်းထောက်လှမ်းခြင်း၏ အခက်ဆုံးအပိုင်းဖြစ်သည်ဟု ကျွန်တော်တို့ဆိုချင်ပါသည်။ အချက်အလက်များ ပြွတ်သိပ်နေသော သတင်းတစ်ပုဒ်ကို လူမှတ်မိအောင် ဇာတ်လမ်းကဲ့သို့ ရေးရသည့်အပိုင်းသည် တကယ်ပင် ခက်ပါသည်။

ဤနည်းကို အသုံးပြုရန် အချိန်ယူရပါလိမ့်မည်။ စုံစမ်းထောက်လှမ်းရသောသတင်းရေးတိုင်းတွင် ဤနည်းကို အသုံးပြုနိုင်ပြီး များစွာလည်း အထောက်အကူရနိုင်သည်။ အကြိမ်ကြိမ် ကံကောင်းစေသည်ကိုလည်း တွေ့ခဲ့ရသည်။

လာမည့်အခန်းတွင် Open Source ဟုခေါ်သော လျှို့ဝှက်မဟုတ်သည့် အများကိုးကားကြည့်ရှုနိုင်သော စာရွက်စာတမ်းများမှ အချက်အလက်များ မည်သို့ ရှာဖွေနိုင်သည်ကို ဆွေးနွေးသွားပါမည်။ ထိုအရာများအတွက် ဖွင့်ထားသော တံခါးများ ဖြစ်ကြသည်။

သို့သော် သတင်းစုံစမ်း ထောက်လှမ်းနေချိန်တွင် ပေါ်လာနိုင်သော စိတ်အနှောင့်အယှက်များလည်း ရှိနိုင်သည်။ ဥပမာ- အယ်ဒီတာက မဖြစ်နိုင်သည့်အချိန်အတွင်း ပြီးစီးအောင် လုပ်ရမည်ဟု ခိုင်းခြင်း၊ သတင်းထောက်ကို တမင်တကာ စိတ်ညစ်အောင်လုပ်ခြင်းဖြင့် ရှုံးနိမ့်စေခြင်းတို့ကို ပြုနိုင်သည်။ တတ်နိုင်သော အခြေအနေတွင်မူ မဖြစ်မနေပြီးရမည့်အလုပ်များကို တစ်နေ့တွက်စာသတ်မှတ်ပေးထားခြင်းထက် ပိုကောင်းသော ဖွဲ့စည်းပုံရှိလျှင် သတင်းထောက်တို့ ချမှတ်ထားသော လျာထားချက်များလည်း ပြည့်မှီလာနိုင်မည်။

အခန်း(၃)

# မိတ်ဆက် – ဖွင့်ထားသော တံခါးများမှဝင်ပါ။

Harperဟု အမည်ရသောရုပ်ရှင်ထဲတွင် ဇာတ်လိုက် ပေါလ်နယူးမင်းက အလွတ်စုံထောက်တစ်ဦးအဖြစ် သရုပ်ဆောင်သည်။ ဇာတ်ဝင်ခန်းတစ်ခုတွင် ကလေးတစ်ယောက်နှင့်အတူ ပေါလ်က တံခါးကိုဖွင့်ပြီးဝင်တော့မည့်ဟန်ဖြစ်သည်။ ကလေးက တံခါးကိုကြည့်ပြီး သူ၏ ကြံ့ခိုင်မှုကို စမ်းကြည့်ချင်သည်။ တဆိတ်လောက် ခွင့်ပြုပါ။ ကျွန်တော် ဒီတံခါးကို ဖြတ်ပြီး ဝင်ကြည့်ချင်တယ် ဟု တောင်းဆိုလာသည်။ ပေါလ်က အိုကေ ကောင်းပြီဟု ပြောလိုက်သည်။ ကလေးသည် တံခါးကို သူ့ကိုယ်လုံးဖြင့်တိုက်ပြီး ဖွင့်သော်လည်း ပုခုံးသာ ကျိုးကျေမတတ်ဖြစ်လျက် တံခါးက ပွင့်မသွားပေ။ ထိုအခါ စုံထောက်ကြီးက တံခါးနားသို့ လျှောက်လာပြီး လက်ကိုင်ဘုသီးကိုလှည့်ကာ တံခါးကို ဖွင့်လိုက်လေသည်။

ကျွန်တော်၏ စုံစမ်းထောက်လှမ်းရေး ဂျာနယ်လစ်လုပ်သက်နှင့် ထိုဘာသာရပ်ကို သင်ကြားခဲ့သော လုပ်သက်တစ်လျှောက်တွင် ထိုကဲ့သို့ တံခါးကို ပခုံးနှင့်တိုက်ဖွင့်သော ကလေးနှင့်တူသည့်လူများကို တပုံတပင် တွေ့ခဲ့ရပါသည်။ အတားအဆီးများကို လွယ်လွယ်ကွေ့ဝိုက်ပြီး ခရီးရောက်အောင်သွားနိုင်ပါလျက်နှင့် မသွားဘဲ ဇွတ်ပင် ဖြိုချနေသူများကို တွေ့ရတတ်သလို မပိတ်ထားသော တံခါးများကို ဖွင့်မကြည့်ဘဲ ဖြိုရန်ကြိုးစားနေကြသူများကိုလည်း တွေ့ရသည်။ ထိုသူများသည် မိမိတို့၏ အစွဲအလမ်းများကြောင့် ပို၍ဒုက္ခရောက်ကြသည်။ လျှို့ဝှက်ချက်မဟုတ်လျှင် သတင်းဟု မထင်သူများလည်း ဖြစ်ကြသည်။ ထို့ကြောင့်ပင် သူတို့ကို လူတွေက လျှို့ဝှက်ချက်များပြောလာအောင်အားထုတ်ရင်း အချိန်ကုန်တတ်ကြသည်။ စုံစမ်းထောက်လှမ်းရေး သတင်းလောကတွင် အလွန်ထူးချွန်သော Seymour Hersh နှင့် နယူးဇီလန်မှ Nicky Harger တို့လိုလူတွေပင် ဤကိစ္စမျိုးတွင် အင်အားအကုန်မခံ၊ ဖြည်းဖြည်းနှင့် သတိဖြင့်သာ လှုပ်ရှားကြသည်။

ကျွန်တော်တို့အားလုံးပင် ကြုံဖူးကြပါသည်။ လိမ်ပြောနေသူတစ်ဦးထံမှ လျှို့ဝှက်ချက်တစ်ခုကို ညှစ်ထုတ်ဖို့ ဆိုတာ တော်တော်ပင် ခက်ပါသည်။ တစ်ချိန်တည်းတွင် ထိုကဲ့သို့ လျှို့ဝှက်ချက်ကို သိမ်းထားသူတွေနှင့် ဆက်ဆံရသည်မှာ အရူးတစ်ယောက်လိုပင် ခံစားရသေးသည်။ တစ်စုံတစ်ခုကို မိမိအား ပြောပြဖို့ လူတစ်ယောက်ကို တောင်းပန်ရတာလောက် အောက်ကျ နောက်ကျနိုင်တာ မရှိပေ။ သူက အလိုလိုအထက်စီးက နေနိုင်သည့် အနေအထားသို့ ရောက်ပြီး မိမိက သူ့သနားပါမှ ချမ်းသာရရမည့်အဖြစ်ပင်။

ပင်စင်စားဖြစ်သည်အထိ အသက်မရှည်မှာစိုးကြသော ထောက်လှမ်းရေးအရာရှိကမူ ထိုနည်းမျိုးကို မသုံးကြပါ။ သူတို့တွေးပုံက တစ်မျိုးဖြစ်သည်။ လျှို့ဝှက်ချက်ဟု ကျွန်တော်တို့ ခေါ်နေကြသော အချက်အလက်များစွာသည် တကယ်တော့ ဘာလျှို့ဝှက်ချက်မှမဟုတ်ဘဲ ယခင်က ကျွန်တော်တို့ အာရုံမကျ၍ မသိခဲ့သော အရာများသာ ဖြစ်နေကြသည်။

- ထိုအချက်များအားလုံး၏ ခန့်မှန်းခြေ ၉၀ ရာခိုင်နှုန်းလောက်ကို ကျွန်တော်တို့ အများပြည်သူများ လွတ်လပ်စွာ ဖတ်ရှုနိုင်သည်ဟု သတ်မှတ်ထားသော စာအုပ်စာတမ်းများတွင် တွေ့ရှိနိုင်သည်။
- အချို့သောနိုင်ငံများတွင် ထိုသို့ အများပြည်သူ လွပ်လပ်စွာကြည့်ခွင့်ရသောသတင်းအချက်အလက်မှာ နည်းပါးလှပြီး ကြည့်ခွင့်ရသော အချက်အလက်များမှာလည်း ယုံစား၍ မရဟု ဆိုကြပါသည်။ ဤအချက်ကလည်း မှန်သင့်သလောက် မှန်ပါလိမ့်မည်။ သို့သော် ကျွန်တော်တို့ သတိထားမိသလောက်တော့ ဂျာနယ်လစ်များသည်မိမိတို့ အလွယ်တကူ အတားအဆီးမရှိ ကြည့်နိုင်သော အချက်အလက်များကိုပင် ကုန်အောင် သုံးနိုင်သူများ မဟုတ်ကြပေ။ ထိုအတားအဆီးမရှိ ကြည့်ခွင့်ရသော စာအုပ်စာတမ်းများကို လှန်လှောပြီး တွေ့ရှိမှုများမှတစ်ဆင့် ဖြစ်လာသော သတင်းများသည်တစ်ခါတစ်ရံ လွယ်လွယ်ကလေးနှင့် ရခဲ့ခြင်းဖြစ်သည်။ ထိုနေရာကို လူကလည်း စိတ်မဝင်စားသဖြင့် အပြိုင်အဆိုင်လည်း မရှိတတ်ပေ။ သို့သော် ခက်သည်က ထိုသို့ အားထုတ်ရမည့်အစား တစ်ယောက်ယောက်ကို တောင်းပန်ကာ ကျွန်တော်တို့ကို ခင်ဗျားသိထားတာလေး ပြောပြပါလားဟု တောင်းပန်ခြင်းကို ပို၍ အားသန်ကြသည်။ သာဓက များစွာထဲမှ တစ်ခုကို ကောက်နုတ်ပြပါမည်။

# အခန်း(၃)

၁၉၈၀ ကျော်နှစ်များတွင် ပြင်သစ်အပတ်စဉ်ထုတ် စာစောင် Carnard Echaîné မှ လူငယ်သတင်းထောက် Hervé Liffran သည် ပါရီမြို့တော်ခန်းမအကြောင်းရေးသားရန် တာဝန်ပေးခြင်းခံရသည်။ သူ့အတွက် အခက်အခဲမှာ ထိုမြို့တော်မှ အရာရှိများအား သတင်းထောက်နှင့် စကားမပြောရန် အထက်က အမိန့်ပေးထားခြင်းဖြစ်သည်။ မြို့တော်ခန်းမတစ်ခုလုံးတွင် သူ့အတားအဆီးမရှိ ဝင်ထွက်နိုင်သည်မှာ စီမံရေးရာဌာန၏ စာကြည့်တိုက်သာဖြစ်သည်။ ထိုစာကြည့်တိုက်တွင် စီမံရေးရာ အစီရင်ခံစာများနှင့် မြူနီစီပယ်နှင့်ဆိုင်သော စာချုပ်များရှိသည်။ သူပထမဆုံး တွေ့လိုက်ရသည့် သတင်းထူးမှာ ရေဖြန့်ဖြူးရေးကုမ္ပဏီကြီးများကို အကြီးအကျယ် ချမ်းသာသွားစေပြီး မြို့နေဝန်ထမ်းလူထုကို အကြီးအကျယ် ငွေကုန်ကြေးကျဖြစ်စေသော စာချုပ်များကို ပါရီမြူနီစီပါယ်က ချုပ်ထားကြောင်း တွေ့ရှိလိုက်ရခြင်းပင်ဖြစ်သည်။ ထိုစာချုပ်များကို တွေ့သွားသော Liffran ကို မြို့တော်စည်ပင်မှ ဝန်ထမ်းများကလည်း တားဆီးထား၍ မရနိုင်တော့ကြောင်း သိသွားသောအခါ သူ့ကို လက်ခံပြီး စကားပြောလာကြသည်။ နောက်ထပ်သူက မြို့တော်စည်ပင်ရွေးကောက်ပွဲတွင် မဲပေးခဲ့ကြသူများ၏ စာရင်းကို ကြည့်ခဲ့ရသည်။ ထိုအခါ မဲစာရင်းလိမ်ထားသည့် ကိစ္စကိုလည်း သူတွေ့သွားခဲ့သည်။ မဲစာရင်းတွင် ပြထားသော မြို့တွင်းရှိ စည်ပင်ပိုင် အဆောက်အအုံလိပ်စာများတွင် အမှန်တကယ် လူနေထိုင်ခြင်း ရှိမရှိကို စုံစမ်းနိုင်ခဲ့သောကြောင့်ဖြစ်သည်။

အများပြည်သူလွတ်လပ်စွာကိုးကားခွင့်ရနေသော စာရွက်စာတမ်းများမှာ အသုံးဝင်ကြောင်း သင်သဘောပေါက်ပြီဟု ထင်ပါသည်။ အများပြည်သူက အတားအဆီးမရှိကြည့်နိုင်သော စာရွက်စာတမ်းများသည် သင့်အတွက်သာဖြစ်သည်။ ထိုအချက်အလက်များသည် အိုမင်းဟောင်းနွမ်းနေပြီး အသုံးမကျတော့ဟု ထင်လျှင် မှားပါသည်။ လူသိပြီးသား ဖြစ်သော်လည်း မည်သူမျှ မစဉ်းစားခဲ့ဖူးသည့် ထောင့်တစ်ခုမှ ဝုန်းကနဲ ထွက်ပေါ်လာသည့် အမှန်တရားများလည်း ရှိနေနိုင်သေးသည်။ အချက်အလက်များကို ရှာဖွေရာတွင်လည်း လိုသလောက်သာ ကွက်ပြီး ကြည့်တတ်သောသဘောထားဖြင့် မရှာပါနှင့်။ အချက်အလက်ကို တစ်ခါသုံးပြီး ပစ်လိုက်တတ်သည်မှာ အလုပ်သင်ကလေးများက အလုပ်ကို မကျွမ်းကျင်သဖြင့် ပြုတတ်သည့်ကိစ္စမျိုးဖြစ်သည်။ မိမိတူးဖော်နိုင်သော သတင်းရင်းမြစ် အမျိုးအစားများနှင့် မိမိရှာဖွေနိုင်သော နည်းလမ်းများကို မှတ်မှတ်သားသားထားရှိပြီး နောင်တွင်လည်း ကြုံလျှင် ကြုံသလိုပြန်သုံးနိုင်သည်။ ထိုကဲ့သို့သော ဒေတာများကို အသုံးတည့်အောင်လုပ်နိုင်လျှင် မိမိနာမည်မှာ အလိုလိုတက်ပြီးဖြစ်သည်။

မမေ့သင့်သောအရာ

မိမိသိပြီးသားကိစ္စတစ်ခုကို အခြားသူအား ဒီလိုဒီလိုဖြစ်ခဲ့တာ ဟုတ်သလားဟု အတည်ပြုချက်ရအောင် မေးမြန်းရခြင်းက ပိုလွယ်ကြောင်း နားလည်ထားရပါမည်။ မိမိ တစ်လုံးမှမသိသေးသော ကိစ္စကို အခြားသူများက ရှင်းပြရန်အားကိုးရခြင်းက အဆင်မပြေပါ။ ထို့ကြောင့် ကိစ္စအထွေထွေကိုတီးမိခေါက်မိအောင် ကူညီပေးနိုင်သော Open Source များကို သုံးပါ။ အများသူငါ လွပ်လပ်စွာကြည့်ခွင့်ရနေသော စာရွက်စာတမ်းများအားဖြင့် သတင်းထောက်မှာ ပိုမိုအားကောင်းလာနိုင်သည်။

### မည်သည့်အချက်အလက်များ အများပြည်သူက အတားအဆီးမရှိ ကြည့်ရှုခွင့်ရသနည်း။

ယနေ့ခေတ်တွင် အများပြည်သူ ဝင်ရောက်ကြည့်ရှုနိုင်သော သတင်းအချက်အလက်များမှာ အကန့်အသတ်မရှိများပြားသည်ဟု ဆိုနိုင်သည်။ အောက်ပါကဏ္ဍများပါဝင်နိုင်ပါသည်။

## အခန်း(၃)

- အချက်အလက်ဟုဆိုလျှင် မီဒီယာတွင် လွပ်လပ်စွာ ပုံနှိပ်ဖော်ပြထားသောအရာများအားလုံး ပါဝင်မည်။ ထိုအရာများအားလုံးကို အများပြည်သူအတွက် ဖွင့်လှစ်သော စာကြည့်တိုက်များတွင် လည်းကောင်း၊ သက်ဆိုင်ရာ မီဒီယာ၏ မော်ကွန်းတိုက်တွင်လည်းကောင်း တွေ့ရှိနိုင်ပါသည်။
- သတင်းများ ( သတင်းစာများ၊ မဂ္ဂဇင်းများ၊ တီဗွီ၊ ရေဒီယိုနှင့် အင်တာနက်မီဒီယာများမှ)
- အသင်းအဖွဲ့များမှ ပုံနှိပ်ထုတ်ဝေသော စာအုပ်စာတမ်းများ (သမဂ္ဂများ၊ နိုင်ငံရေးပါတီများ၊ ကုန်သွယ်ရေး အဖွဲ့များ အစရှိသည်ဖြင့်)
- ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ
- စိတ်ဝင်စားမှုတူရာဖွဲ့ထားသော လူမှုအဖွဲ့အစည်းများမှ ထုတ်ဝေသော သတင်းအချက်အလက်များ ( ဥပမာ - အင်တာနက်ပေါ်မှ ဝါသနာတူသူများစုဝေးရာ ဖိုရမ်များ၊ ငွေကြေးအဖွဲ့အစည်းများ၏ သုံးသပ်ချက်များ၊ သမဂ္ဂများ၏ သတင်းလွှာများ၊ မဂ္ဂဇင်းများနှင့် စုဝေးဆန္ဒပြနေသူများ၏ အသံများ အစရှိသည်ဖြင့်)

ဥပမာ - နာရေးကြော်ငြာများမှ သင်စိတ်ဝင်စားနေသူ၏ မိသားစုဝင်များအကြောင်းကို သိနိုင်သည်။

- စုဝေး ဆန္ဒပြသည့် အုပ်စုများသည် ဥပဒေပြုသည့် အပိုင်း (သို့မဟုတ်) တရားရုံးတွင် စစ်ဆေးနေသော အမှုများကို တောက်လျှောက်ဖော်ပြပေးနေကြသူများဖြစ်လေ့ရှိသည်။

- နိုင်ငံရေးပါတီရုံးများသည် ပါတီစာစောင်များသည်မက သတင်းလွှာများ၊ နိုင်ငံရေးစာပေများ၊ ပါတီဝင်များက ရေးသားထုတ်ဝေသော စာအုပ်များကိုပါ ရနိုင်သော နေရာများ ဖြစ်ကြသည်။

- အင်တာဗျူးများတွင် မိမိသိမ်းထားသော သတင်းစာဖြတ်ပိုင်းများကိုသုံးလျှက် စကားဝိုင်းကို စိုပြေအောင် လုပ်နိုင်သည်။ သတင်းစာဖြတ်ပိုင်းတွင် ပါသောအကြောင်းအရာများမှာ တိတိကျကျမှန်ကန်ခြင်း ရှိမရှိ စကားစကာ သတင်းထောက်က ဆက်လက်မေးမြန်းနိုင်သည်။

### ပညာရပ်ဆိုင်ရာ စာကြည့်တိုက်များ

ပုဂ္ဂလိကနှင့် အစိုးရ တက္ကသိုလ်များ၊ သင်ကြားရေးပါ တွဲလုပ်နေသော ဆေးရုံများ၊ စီးပွားရေး စီမံခန့်ခွဲမှု ကျောင်းများအပါအဝင် ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများရနိုင်သော နေရာများရှိကြပါသည်။ ထိုအဖွဲ့အစည်း များတွင် အများပြည်သူသုံး စာကြည့်တိုက်များထက် ပိုကောင်းသော အရင်းအမြစ်များ၊ ပိုခေတ်မီသော အသုံးအဆောင်များ ရှိကြသည်။ ဥပမာ - Factiva တို့လို၊ Lexis-Nexis တို့လို ဒေတာဘဏ်တိုက်ကြီးများကို ထိုနေရာများတွင် ရတတ်ကြသည်။

Dun & Bradstreet တို့ကဲ့သို့ ကုမ္ပဏီများမှ ရောင်းသော ဒေတာကို ယူနိုင်ကြသည်။ ထိုနေရာများတွင် အဆင့်မြင့်မြင့် လေ့ကျင့်ပေးထားသော အချက်အလက်ဆိုင်ရာ ကျွမ်းကျင်သူများရှိကြသည်။ မိမိတို့ လိုအပ်သော အချက်အလက်ကို ရယူရန် ညှိနှိုင်းဆွေးနွေးနိုင်ကြသည်။

သာဓက။ ။ကုမ္ပဏီကြီးတစ်ခုကို စားသုံးသူတို့က ဆန္ဒပြခဲ့ကြသည်။ ထိုကုမ္ပဏီကမူ သပိတ်မှောက်မှုကြောင့် သူတို့ကို မထိခိုက်ပါဟု ဆိုသည်။ အမှန်တကယ်တွင် စျေးကွက်ထဲ၌ အကြီးအကျယ်အရှုံးပေါ်ခဲ့သည်။ ထိုသို့ အရှုံးပေါ်ခဲ့ကြောင်းကို INSEAD စီးပွားရေးစီမံခန့်ခွဲမှုကျောင်း စာကြည့်တိုက်ရှိ ဒေတာဘဏ်တိုက်မှ ရခဲ့သော အစီရင်ခံစာများကြောင့် သတင်းထောက်က အမှန်ကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

# အခန်း(၃)

အစိုးရဌာနများ

ပုံမှန်အားဖြင့် အစိုးရဌာနများသည် သတင်းအချက်အလက်ပေးရာတွင် အခြားရင်းမြစ်များထက် ပိုပြီးပေးနိုင်သူများဖြစ်ကြသည်။ အစိုးရဌာနများသည် ချဉ်းကပ်ရခက်သော၊ သတင်းအချက်အလက်အား ပြည်သူကိုချပြရန် ဥပဒေ မထုတ်ပြန်ထားသော နိုင်ငံများတွင် သူတို့မှာ အခြားသူတွေထက် အချက်အလက်ပိုပေးနိုင်သူတွေဖြစ် နေလေ့ရှိသည်။ အစိုးရဌာနများသည် သင်ထင်ထားသည်ထက် ပို၍ သတင်းအချက်အလက်များ ရရှိနိုင်သော ရင်းမြစ်ကြီးများဖြစ်ကြသည်။

သာဓကအချို့ကို ဖော်ပြပါမည်။

- ဝန်ထမ်းကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အစီရင်ခံစာများ

အစိုးရဌာနများသည် ဝန်ထမ်းများ လိုက်နာရမည့်ဝန်ထမ်းလက်စွဲစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားကြသည်။ သို့သော်လည်း ဝန်ထမ်းများက မလိုက်နာပဲ အမှားလုပ်သောအခါမျိုးတွင် ဘယ်ပုံဘယ်နည်းမှားနေသည်ကို သိရှိရန်ထိုလက်စွဲစာစောင်များကို ဥပဒေများကို ကိုးကားနိုင်သည်။ ဝန်ထမ်းများ၏ အမှားကို အစီရင်ခံစာ ရေးသားရာတွင် ထိုလက်စွဲစာအုပ်ကို အခြေခံရသည်။ ထိုအစီရင်ခံစာများကို တောင်းယူကြည့်နိုင်သည်။

## လုပ်ငန်းစစ်ဆေးမှု အစီရင်ခံစာများ

အစိုးရဌာနများစွာသည် မိမိတို့ စစ်ဆေးရန် တာဝန်ရှိသော လုပ်ငန်းပေါင်းများစွာကို စစ်ဆေးကာ အစီရင်ခံ ရေးသားကြရသည်။ စားသောက်ဆိုင်လည်ပတ်နေပုံမှအစ ဆောက်လုပ်နေသော တံတားအဆုံး စစ်ဆေးရလဒ် အစီရင်ခံစာများ ရေးသားကြရသည်။ အကယ်၍ မမှန်မကန်ဆောင်ရွက်မှုကြောင့် အများဒုက္ခ ရောက်နိုင်သည့် အခြေအနေများဖြစ်ပေါ်နေသော လုပ်ငန်းတစ်ခုအကြောင်း ရေးသားလိုလျှင် ယင်းနှင့်ပတ်သက်သော အစီရင်ခံစာနှင့် ရေးသားသူကို ပြန်လည်ရှာဖွေရမည်။ အကယ်၍ မည်သည့်အစီရင်ခံစာကိုမျှ ရှာမတွေ့လျှင် မည်သည့်ဌာနကမျှ ထိုလုပ်ငန်းကို စောင့်ကြည့်မနေခြင်းကို ဂျာနယ်လစ်အနေဖြင့် မေးခွန်းထုတ်နိုင်သည်။ အကယ်၍ ထိုလုပ်ငန်းနှင့်ပတ်သက်သော အစီရင်ခံစာကို ရှာတွေ့ပြီး ရေးသားတင်ပြမှုများတွင် အန္တရာယ် ဖြစ်နိုင်ကြောင်း သတိပေးထားခဲ့လျှင် ဆိုင်ရာဌာနအနေဖြင့် အဘယ့်ကြောင့် ဤလုပ်ငန်းအား မတားမြစ်ခဲ့သည်ကို မေးခွန်းထုတ်ရမည်။

## တိုင်ကြားစာ

ပြည်သူလူထုထံမှ တိုင်ကြားစာများသည် သတင်းထောက်များအတွက်စဉ်းစားစရာများဖြစ်သည်။။ တိုင်ကြားစာများကို မည်သူကလက်ခံရရှိနေသည်နည်း။ တိုင်ကြားလာလျှင် တုံ့ပြန်ပါသလား။ မည်သို့ ဆောင်ရွက်ပေးသနည်း။

## အစိုးရစာကြည့်တိုက်များ

နိုင်ငံတကာတွင်မူ ပြည်နယ်နှင့်တိုင်းအစိုးရများနှင့် ဗဟိုအစိုးရတွင် ကိုယ်ပိုင်စာကြည့်တိုက်များ ထားရှိကြသည်။ ထို့အတူ ပါလီမန်တွင်လည်း ကိုယ်ပိုင်စာကြည့်တိုက်၊ မော်ကွန်းတိုက်များစွာရှိသည်။ ဝန်ကြီးဌာနများတွင်လည်း ထိုနည်းလည်းကောင်းဖြစ်သည်။ လွှတ်တော် မှတ်တမ်းများနှင့် အစိုးရ နေ့စဉ်မှတ်တမ်းများသည် ထိုစာကြည့်တိုက်များတွင် ထားရှိရသည်။ ၄င်းတို့အပြင် အခြားသော စာအုပ်စာတမ်း စုဆောင်းရာနေရာများလည်း ရှိနေနိုင်သေးသည်။

## အခန်း(၃)

**သာဓက။**

ဆီးရီးယားမှ သတင်းထောက်တစ်ဦးသည် ထောက်လှမ်းရေးက သူ့ကို ကြည့်ခွင့်မပေးဘဲ လျှို့ဝှက်ထားသော အစီရင်ခံစာ တစ်စောင်ကို အမျိုးသား စာကြည့်တိုက်မှ ရှာဖွေ တွေ့ရှိခဲ့သည်။

- ပြင်သစ်မှ အရက်ကုမ္ပဏီတစ်ခုက နိုင်ငံရေးသမားများအား လော်ဘီလုပ်ခြင်းကို စုံစမ်းသော သတင်းထောက်တစ်ဦးသည် ပါလီမန် အမတ်များ၏ မဲပေးဆုံးဖြတ်မှု မှတ်တမ်းများ၊ လွှတ်တော်၏ နေ့စဉ် မှတ်တမ်းများဖြင့် နိုင်ငံရေးသမား၏ ဘက်လိုက်မှုကို သဲလွန်စ ဖေါ်ထုတ်နိုင်ခဲ့သည်။ အရက်ကုမ္ပဏီကြီးက အဆိုပြုထားသော ကိစ္စကို ထောက်ခံပြီး မဲပေးသော ပါလီမန်အမတ်သည် ရွေးကောက်ပွဲကာလ မဲဆွယ်ခဲ့စဉ်က ထိုအရက် ကုမ္ပဏီကြီးထံမှ ထောက်ပံ့မှုကို ရယူခဲ့သည်ဟူ၍ သူကခန့်မှန်းထားကာ ထိုသတင်းကိုလိုက်ခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးတွင် သူ့အထင် မှန်ခဲ့သည်။

**တရားရုံးများ**

အနည်းဆုံးတော့ တရားရုံးတွင် အမှုတွဲများ၏ မှတ်တမ်းဖိုင်များကို တွေ့နိုင်သည်။ အမေရိကန် ပြည်ထောင်စု အပါအဝင် အချို့နိုင်ငံများတွင် အမှုစစ်နေစဉ် ထွက်ဆိုချက်များအား မှတ်တမ်းတင်ထားပြီး အများပြည်သူသိခွင့်ပေးထားသည်။ သတင်းထောက်အနေဖြင့် မိမိရှိနေသော နိုင်ငံမှာ တရားရုံးများတွင် အမှုစစ် နေစဉ် ထွက်ဆိုချက်များကို ရေးသားခြင်းအတွက် တရားစွဲခံရစရာ အကြောင်းမရှိပေ။ အကယ်၍ တရားခွင်သို့ ရောက်နေလျှင် ထွက်ဆိုချက်များကို အသေအချာ မှတ်သားထားရန်ဖြစ်သည်။ အထူးသဖြင့် စာလိုက်ရိုက်နေသော တရားခွင် စာရေးမရှိလျှင် ပို၍ပင် သေချာစေသင့်သည်။

သာဓက။ ။

Ida Tarnell သည် နာမည်ကြီးလှသော The Standard Oil Trust အမှုကြီးကို စုံစမ်းထောက်လှမ်းခဲ့စဉ်က ထိုကုမ္ပဏီပါဝင်ပတ်သက်နေသော အမှုများစစ်ချိန်တွင် တရားခွင်ထွက်ဆိုချက်များကို အဓိက အခြေခံကာ စုံစမ်းခဲ့ ခြင်းဖြစ်သည်။

**လုပ်ငန်းမြှင့်တင်ရေးရုံးများ**

ကုန်သွယ်ရေး မြှင့်တင်ရေးကိုဆောင်ရွက်နေသော ဒေသခံကုန်သည်များအသင်းကဲ့သို့သော အဖွဲ့အစည်းများ သည် အချက်အလက်များစွာ ဖြန့်ဖြူးလေ့ရှိသည်။ မိမိတို့ဒေသအတွင်း မြို့နယ်အတွင်းမှ အလုပ်အကိုင်များ၊ စက်မှုလက်မှုလုပ်ငန်းများနှင့် ကုန်သွယ်ရေးဌာနများအကြောင်း အချက်အလက်များကို ၎င်းတို့ထံမှ ရရှိလေ့ရှိသည်။

ဥပမာ - ဆေးရုံတွင် မွေးကင်းစကလေး သေဆုံးမှုနှင့်ပတ်သတ်၍ စုံစမ်းနေသောသတင်းထောက်တစ်ဦးသည် ထိုဆေးရုံ၏ မွေးခန်းလုပ်ထုံးလုပ်နည်းများနှင့် ပတ်သတ်သော အချက်အလက်များကို ထိုဆေးရုံအား မကျေနပ်သဖြင့် တရားစွဲထားသော ပြည်သူလူ့အဖွဲ့အစည်းတစ်ရပ်၏ အမည်ကို ကုန်သည်ကြီးများအသင်းမှ ထုတ်ဝေသောစာစောင်တွင် ရရှိခဲ့သည်။ အစိုးရ၏ အစီရင်ခံစာထဲတွင် ဖော်ပြထားသော ထိုအမှုကြောင့် ဆေးရုံနှင့်ပတ်သက်သော အရေးကြီးသည့် အချက်အလက်များကို ရှာဖွေတွေ့ရှိခဲ့ရသည်။

**ရာပြတ်ရုံးများ**

ရာပြတ်ရုံးများနှင့် ဆက်စပ် အဖွဲ့အစည်းများသည် အိမ်ခြံမြေ ပိုင်ဆိုင်မှုများအချက်အလက်များကိုလည်း ပေးနိုင်ပြီး အိမ်ခြံမြေကို အခြေခံပြီး ထုတ်ပေးသော ချေးငွေများအကြောင်းကို သိရှိနိုင်သေးသည်။

## အခန်း(၃)

သာဓက။ ။

ပြင်သစ်တွင် ရာပြတ်ရုံးမှရသော အချက်အလက်များဖြင့် နိုင်ငံရေးသမားများ၏ ပိုင်ဆိုင်မှု မည်မျှ ကြီးမားသည်ကို ကိုယ်တိုင် ဖော်ထုတ်နိုင်ခဲ့သည်။ အများပြည်သူ သိရှိအောင်ကြေငြာထားသော ပိုင်ဆိုင်မှုထက် ပိုကြီးကျယ်နေကြောင်း ရာပြတ်ရုံးမှ အချက်အလက်များအရ သတင်းထောက်က စုံစမ်းသိရှိခဲ့ရသည်။

### အများပိုင်ကုမ္ပဏီများ၏အစီရင်ခံစာများနှင့် သတင်းထုတ်ပြန်ချက်များ

အများပိုင်ကုမ္ပဏီကြီးများ၏ နှစ်ပတ်လည်အစီရင်ခံစာများ၊ စည်းကမ်းကွပ်ကဲရေးရုံးသို့ တင်သွင်းရသော နှစ်ပတ်လည် လျှောက်လွှာများ၊ အခြားအချက်အလက်များအားဖြင့် စီးပွားရေးလောကအကြောင်းများကို များစွာသိရှိနိုင်သည်။ ကုမ္ပဏီသတင်းထုတ်ပြန်ချက်များမှာလည်း ထိုနည်းတူပင်ဖြစ်သည်။ ထိုသတင်းထုတ်ပြန်ချက်များသည် ကုမ္ပဏီက မဟာဗျူဟာလမ်းကြောင်းအား မည်သို့ရွေးချယ်သည်ကို သိမြင်နိုင်သည်။ အကယ်၍ ထိုကုမ္ပဏီများတွင် နိုင်ငံခြား ရုံးခွဲများရှိလျှင် စည်းကမ်းကွပ်ကဲရေးရုံးသို့တင်ရသော စာများကြောင့် ထိုကမ္ပဏီများအကြောင်းက ပြည်တွင်း ရုံးများထက်ပင် သိအောင်လုပ်ရန် ပိုလွယ်နေတတ်သေးသည်။

သာဓက။ ။ ပြင်သစ်လျှို့ဝှက် ငွေချေးလုပ်ငန်းတစ်ခု၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် အမေရိကန်ငွေကြေးလဲလှယ်ရေးဆိုင်ရာ လုံခြုံရေး ကော်မရှင်သို့တင်ပို့သည့် လုပ်ငန်းကြီးကြပ်မှု အစီရင်ခံစာအရ အငြင်းပွားဖွယ် အခြေအနေတစ်ခုတွင် ငွေချေးစာချုပ်တစ်ခုကို ဘုတ်အဖွဲ့က ပြန်လည်အသက်သွင်းနိုင်ခဲ့ကြောင်း သိရှိရသည် ။ ထိုအဆုံးအဖြတ်သည် ဒေါ်လာ ဘီလီယံများစွာ ပါဝင်ပတ်သက်နေသော ကိစ္စမျိုးလည်းဖြစ်သည်။ အစိုးရသို့တင်သော စည်းကမ်းလိုက်နာမှု အစီရင်ခံစာတွင် ထိုငွေချေးစာချုပ်များကို လက်မှတ်ထိုးပေးခဲ့သော ထိုကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်များ အမည်များပါဝင်နေခဲ့သည်။

ခုံရုံးဖွဲ့စစ်ဆေးမှုများနှင့် ကုန်ရောင်းကုန်ဝယ် မှတ်ပုံတင် စာရွက်စာတမ်းများသည် နိုင်ငံတိုင်းတွင် စီးပွားရေးလုပ်ငန်းများကို မှတ်ပုံတင်ရသော ရုံးများရှိကြပါသည်။ ထိုရုံးများသည် လုပ်ငန်းများ မည်သူတို့ ပိုင်ဆိုင်ကြောင်း မှတ်တမ်းထားရှိရပြီး ကုမ္ပဏီများ၏ ရှယ်ယာများ မည်သို့ အရောင်းအဝယ် ဖြစ်ကြသည်ကိုလည်း မှတ်တမ်းရှိရသည်။ လုပ်ငန်းအမျိုးအစားကိုလိုက်၍ကုမ္ပဏီတို့က အစိုးရမှတ်ပုံတင်ရုံးသို့ ဖွင့်ချပြရသည့် အချက်အလက်ပမာဏမှာ ကွာခြားနိုင်သော်လည်း သတင်းထောက်များက လက်တွေ့တွင် အသုံးချရန် မျှော်လင့်ထားသည့် ဒေတာပမာဏထက် များပြားသောအချက်အလက်များကို ထိုရုံးများက သိမ်းဆည်းထားကြသည်။ ဥပမာ- ပြင်သစ်တွင် ကုမ္ပဏီများသည် မိမိတို့ ခန့်ထားသော ဝန်ထမ်းအင်အား ဝင်ငွေ၊ အကြွေးပမာဏ၊ အမြတ်နှင့် ကုန်ထုတ်လုပ်မှု စရိတ်များ အစရှိသည့် အချက်အလက်များကိုပါ ဖြည့်သွင်းရသည်။ ကုမ္ပဏီ ဒါရိုက်တာများ၏ အမည်များလည်း ဖော်ပြရလေ့ရှိသည်။

သာဓက - လုပ်ငန်းမှတ်ပုံတင်ရုံးမှ စာရွက်စာတမ်းများကို ကြည့်ရှုနိုင်ခဲ့ပြီးနောက် စာသုံးသူကာကွယ်ရေး အသင်း အဖြစ် အယောင်ဆောင်ထားသော ဝက်ဘ်ဆိုက်တစ်ခုကို ကျွန်တော်တို့ ဖော်ထုတ်နိုင်ခဲ့သည်။ ထိုစားသုံးသူ ကာကွယ်ရေး ဝက်ဘ်ဆိုက်သည် ကုမ္ပဏီကြီးများအတွက် စီးပွားရေးဆိုင်ရာ ထောက်လှမ်းမှုများကို ပြုလုပ်ပေးသော ကုမ္ပဏီကြီးတစ်ခု၏ လုပ်ငန်းခွဲဖြစ်နေသည်ကို တွေ့ရှိခဲ့ရသည်။

### နိုင်ငံတကာ အဖွဲ့အစည်းများ

ဥရောပ သမဂ္ဂနှင့် ကုလသမဂ္ဂအစရှိသည့် အဖွဲ့အစည်းများကလည်း နိုင်ငံအသီးသီး၏ အခြေအနေများကို သိရှိနိုင်ရန် အကူအညီများ သို့မဟုတ် သတင်းအချက်အလက်များကို ပံ့ပိုးပေးလေ့ရှိသည်။

သာဓက။ ။ အိုင်ဗရီကိုစ့်ရှိ သတင်းစာတစ်စောင်သည် ၄င်းတို့အစိုးရက ပြည်ပအကူအညီ သန်းပေါင်းများစွာ အား တလွဲသုံးထားသည်ကို ဥရောပသမဂ္ဂ၏ စာရင်းစစ်ရုံးမှ ရသောအချက်အလက်များအရ သိရှိခဲ့ရသည်။

ကျွန်တော်တို့ ဆက်ပြီးရေးပြရလျှင် အများပြည်သူတို့အနေနှင့် အတားအဆီးမရှိ သုံးစွဲနိုင်သော သတင်းအချက်အလက် အမျိုးအစားများစွာ မဆုံးနိုင်အောင် ရှိနေပါဦးမည်။ မိမိ၏ လုပ်ငန်းတွင် အသုံးပြုနိုင်သော အချက်အလက် ရရှိနိုင်သော နေရာများကို စုဆောင်းထားသင့်ပြီး အလုပ်အမျိုးအစားအလိုက် အချက်အလက် များအား ခေတ်နောက်မကျစေဘဲ ထပ်မံဖြည့်စွက် စုစည်းနိုင်ကြသည်။ ထိုအချက်အလက်များမှာ မိမိလုပ်ငန်းခွင်မှ လူသားအရင်းအမြစ်များကဲ့သို့ အရေးကြီးပါသည်။

## စုံစမ်းထောက်လှမ်းရာတွင် လွတ်လပ်စွာ ရရှိနိုင်သော အချက်အလက်များကို အသုံးပြုခြင်း

ကျွန်တော်တို့ အသုံးပြုသော နည်းလမ်းတွင် လွတ်လပ်စွာ ရရှိနိုင်သော အချက်အလက်များကို သုံးသည်ဟု ဆိုသည့် အဓိပ္ပါယ်မှာ ကျွန်တော်တို့အား လျှို့ဝှက်ချက်ကို ပြောပြပါမည်ဟု ကတိပေးနိုင်သော သတင်းရင်းမြစ်များကို ရှာဖွေရမည့်အစား မိမိတို့ လွတ်လွတ်လပ်လပ်ရနိုင်သော အချက်အလက်များထဲမှ အများ မမြင်နိုင်သေးသော ကိစ္စများကိုဆွဲထုတ်ကာ သုံးသပ်ပြခြင်းကိုဆိုလိုသည်။




ပုံသေနည်းကို နောက်တစ်ကြိမ် ရှင်းပြပါဦးမည်။

- သဲလွန်စအချို့ သို့မဟုတ် အချက်အလက်အချို့ကျွန်တော်တို့လက်ထဲရောက်လာပြီး စုံစမ်းခြင်း စတင်သည်။
- ကျွန်တော်တို့ တပ်အပ်မပြောနိုင်သေးသောကြောင့် ဖြစ်နိုင်ခြေကို စိတ်မှမှန်းကြည့်ကာ သတ်မှတ်ထားလိုက် ကြသည်။
- စာရွက်စာတမ်းအထောက်အထားများကို ကြည့်ရှုကာ ကျွန်တော်တို့ အထင်မှာ မှန်ကန်နိုင်ခြင်း ရှိမရှိကို အတည်ပြုနိုင်ရန် ကြိုးစားသည်။
- စာရွက်စာတမ်းများကို စိစစ်ကြည့်ရာမှ ပေါ်ထွက်လာသော အဖြေမှာ ခိုင်မာခြင်းရှိမရှိ ကျွမ်းကျင်သူများ၏ အကူအညီဖြင့် စစ်ဆေးပြီးသောအခါ ဤအဆင့်မှာ ပြည့်စုံသည်။

သာဓက။ ။ အလုပ်အကိုင်၊ အစိုးရ၏ အထောက်အပံ့နှင့် အခြားအခွင့်အရေးများကို ပေးအပ်ရာတွင် ပြင်သစ်လူမျိုး နိုင်ငံသားများကို အခြားနိုင်ငံများမှ ပြောင်းရွှေ့ကာ ပြင်သစ်တွင် လာရောက်နေထိုင်ကြသူများထက်ပိုမို ဦးစားပေးစဉ်းစားသင့်ကြောင်း ပြင်သစ် အမျိုးသားပါတီဟု အမည်ရသော လက်ယာစွန်းနိုင်ငံရေးပါတီတစ်ခုက အဆိုပြု တင်ပြလာခဲ့သည်။ ထိုကဲ့သို့ ခွဲခြားဆက်ဆံမှုမျိုးမှာ ဥရောပ သမဂ္ဂဥပဒေများ၊ ပြင်သစ်နိုင်ငံ၏ ဥပဒေများနှင့် မညီညွတ်ပါ။ ထိုသို့ဆောင်ရွက်ခြင်းက ဥပဒေကို ဆန့်ကျင်ခြင်းပင်။ သို့သော် မျိုးချစ်ပါတီ၏ ခေါင်းဆောင်ပိုင်းများက ရှင်းပြသည်မှာ ပြင်သစ် မြူနီစီပယ် ဥပဒေများတွင် ရှိနေသော အားနည်းချက်များကို အသုံးချကာ ထိုသို့ ပြင်သစ်သီးသန့် ဦးစားပေး အစီအစဉ်များကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သတင်းထောက်က မည်သို့ ဆောင်ရွက်မည်နည်းဟု အသေးစိတ် မေးမြန်းသွားသောအခါတွင် ထိုသူပါ နှုတ်ဆိတ်သွားပါသည်။

## အခန်း(၃)

အဆင့် ၁။ ကျွန်တော်တို့ မှန်းခြေအရ ပြင်သစ်အမျိုးသားပါတီကိုယ်စားပြု မြို့တော်ဝန်များအာဏာရှိနေသော မြို့များတွင် ပါတီ၏ မူဝါဒဖြစ်သော ပြင်သစ်လူမျိုးများအား ဦးစားပေးရေး မူဝါဒ ကျင့်သုံးနေပြီယူဆသည်။ ထိုသို့ ပြင်သစ်ဦးစားပေးမှုဖြစ်ရေးတွင် လက်ရှိဥပဒေများတွင်မှ ဟာကွက်များကို အသုံးချကာ မလိမ့်တပတ် လုပ်ပြီး အကောင်အထည်ဖော်နေပြီဟု ထင်လိုက်သည်။

အဆင့် ၂။ ကျွန်တော်တို့သည် အမျိုးသားပါတီ မူဝါဒကြော်ငြာများ၊ စာအုပ်ဆိုင်များတွင်ရနိုင်သမျှ စာအုပ်စာတမ်းများကို ရှာဖွေကာ ပြင်သစ်ဦးစားပေးမူဝါဒ ဆောင်ရွက်ချက်များမှာ အဘယ်အရာများဖြစ်သနည်းဟု ရှာဖွေသည်။

အဆင့် ၃။ ထို့နောက် အမျိုးသားပါတီအစွန်းရောက် ပြင်သစ်အမျိုးသား အကျိုးစီးပွား ကာကွယ်ရေးမူများကို ထိုပါတီက ခေါင်းဆောင်များအုပ်ချုပ်ခွင့်ရနေသော မြို့များတွင် ကျင့်သုံးနေခြင်း ရှိမရှိကို စုံစမ်းသည်။ ထိုသို့ စုံစမ်းရာတွင် သတင်းစာ ဆောင်းပါးများ၊ မြို့တော်စည်ပင်ရုံးများမှ ထွက်လာသော လက်ကမ်းစာစောင်များ၊ အင်တာနက်ဖိုရမ်များနှင့် အရပ်ဘက် အဖွဲ့အစည်းများမှထုတ်သော သတင်းလွှာများနှင့် အစီရင်ခံစာများကို ဖတ်ရှုကာ သုံးသပ် ဝေဖန်ခဲ့ကြသည်။

အဆင့် ၄။ ထို့နောက် အမျိုးသားပါတီနှင့် ၄င်း၏ အတိုက်အခံပါတီများမှ သတင်းရင်းမြစ်များနှင့် တွေ့ဆုံပြီး အင်တာဗျူးကာ ဆက်လက်စုံစမ်း ထောက်လှမ်းခဲ့သည်။ ပြင်သစ်အမျိုးသားပါတီ၏လုပ်ရပ်သည် ဥပဒေအရ အရေးယူခြင်းမခံရဘဲ မည်သို့မည်ပုံ ရှိနေနိုင်သည်နှင့် ပတ်သက်၍လည်း ဥပဒေရေးရာ ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးခဲ့သည်။

ထွက်ပေါ်လာသော ရလဒ်

မိမိတို့၏ အထင်မှာ မှန်ကန်နေကြောင်း သိလိုက်ရုံမျှမကသေးပေ။ ထိုပါတီ၏ ပြင်သစ်အစွန်းရောက် ဆောင်ရွက်ချက်များကိုပါ စာရင်း ပြုစုနိုင်ခဲ့သေးသည်။ မိမိတို့က အမျိုးသားပါတီမှ တာဝန်ရှိသူများအား ထိုလုပ်ငန်းများဆောင်ရွက်နေပါလားဟု မေးသောအခါ ဝန်ခံရုံမျှမက အခြားလုပ်ရပ်များကိုပါ အဆစ် ပြောပြလိုက်သေးသည်။ အဘယ်ကြောင့်နည်း။ ဆက်လက်ဖတ်ရှုပါ။

### လွတ်လပ်စွာ ကြည့်ရှုနိုင်သော စာအုပ်စာတမ်းများသည် သင့်ကို ပို၍ အားရှိစေနိုင်ပါသည်။

သင်သည် အင်တာဗျူးများ မစမီ အချက်အလက်များကို ကြိုတင်လေ့လာနိုင်ခြင်းအားဖြင့် တစ်ဖက်လူနှင့် တွေ့လျှင် မည်သို့မျှ မပြင်ဆင်သွားသည့်အခြေအနေထက်ပိုပြီး ချက်ကျလက်ကျဖြစ်အောင် ပြောနိုင်သည့် အနေအထားကို တွေ့ရမည်။ လူတစ်ယောက်အား ဇာတ်လမ်းတစ်ခုကို ဟုတ်မှန်ခဲ့ကြောင်း အတည်ပြုဖို့ မေးရာတွင် မိမိအနေအထားက အောက်ကျ နောက်ကျမဖြစ်တော့။ ထိုအချိန်မျိုးတွင် ဘယ်လိုဖြစ်ခဲ့တာလဲဗျ ဟူသော မေးခွန်းနှင့် ဒီလိုဒီလိုဖြစ်ခဲ့တာ မဟုတ်လားဗျ။ ကျွန်တော်ပြောတာ ဟုတ်တယ်မဟုတ်လား ဟူသော မေးခွန်းကွာသည့်နှယ် ဖြစ်သည်။

ဒုတိယမေးခွန်းကဲ့သို့ မေးခွန်းမျိုးကို မေးနေသောသူအား မလိမ့်တပတ်ဉာဏ်ဖြင့် လှည့်စားရန် ပိုပြီး ခက်ခဲသည်မှာ အသေအချာပင်ဖြစ်သည်။ သို့သော် တစ်ဖက်လူအနေဖြင့် ထိုဒုတိယမေးခွန်းမေးသောလူမျိုးနှင့် ပို၍ စကားလက်ဆုံပြောလိုမည်မှာ အမှန်ပင်။ နကန်းတစ်လုံးမျှ မသိသူထက်စာလျှင် အတော်အတန် သိအောင် အားထုတ်ထားသူက ဆွေးနွေးနေသော အကြောင်းအရာ၏ တန်ဖိုးကို ပိုသိနိုင်သည်။ ထို့ကြောင့်ပင် ကျွန်တော်တို့ မထင်ထားခဲ့သော်လည်း ပြင်သစ်အမျိုးသားပါတီက ကျွန်တော်တို့ကို ပြင်သစ်အမျိုးသား ဦးစားပေးရေး မူဝါဒအရ ဥပဒေဘောင်အတွင်းမှပင် လက်တစ်လုံးခြား မည်သို့မည်ပုံ ဆောင်ရွက်နိုင်ပါသည်ဟု ဥပမာများ ထပ်ပေးကာ ပြောကြားခဲ့ခြင်းဖြစ်ပေမည်။ ကျွန်တော်တို့သည် သူတို့ ပြောပြသည်ကို ကောင်းစွာ နားလည်လိမ့်မည်ဟု ယူဆထားခဲ့ကြသည်။

## အခန်း(၃)

လွတ်လပ်စွာ ရယူနိုင်သော အများပြည်သူသုံး စာရွက်စာတမ်းများကို သုံးခြင်းအားဖြင့် လူပုဂ္ဂိုလ်သတင်းရင်းမြစ်ကိုလည်း အောက်ပါအတိုင်း နားလည်သဘောပေါက်အောင် လုပ်နိုင်သည်။

- -သတင်းကိုစုံစမ်းရန် များစွာ စိတ်ဝင်စားနေပြီး အချိန်ကုန်ခံ အားထုတ်ရန် မမှုပါ။
- မိမိဘာသာလုပ်နိုင်သော ကိစ္စများ မိမိဘာသာလုပ်ပါမည်။ သူတို့ကို မလုပ်ခိုင်းပါ။
- သတင်းအချက်အလက်များ ရရှိရန် သူတို့ကိုချည်း အားကိုးနေသည်မဟုတ်။
- မိမိတွင် တစ်ဖက်လူကို ပြန်ပြောပြနိုင်သော သိထားသည့်အချက်အလက်များ ရှိနေသည်။
- တစ်စုံတစ်ယောက်က စကားပြန်မပြောရုံမျှဖြင့် ဤသတင်းကို ဆက်စုံစမ်း၍ မရနိုင်သဖြင့် လက်လျှော့သွားရမည့်သူမဟုတ်။

ကြိုတင်ရှာဖွေထားသော သတင်းအချက်အလက်များသည် ဖွင့်ထားသော တံခါးများပင် ဖြစ်ကြသည်။ တယ်လီဖုန်းကိုကောက်ကိုင်ပြီး တစ်ယောက်ယောက်ထံမဆက်မီ သင်သိအောင် လုပ်ထားစရာများ ရှိပါလိမ့်မည်။ သတင်းရင်းမြစ်က မိမိကို စကားမပြောဘဲ မနေနိုင်အောင် လုပ်ရာတွင် အရေးကြီးသည့် ခြေလှမ်းပင်ဖြစ်သည်။ သူတို့ ပြောမည့်အကြောင်းအရာကို သင်နားလည်လိမ့်မည်ဟု သူတို့ယူဆသောအခါ သတင်းရင်းမြစ်မှာပို၍ ပြောချင်လာသည်။

### လွတ်လပ်စွာ ကိုးကားနိုင်သောစာရွက်စာတမ်းများကို ရှာဖွေခြင်း

၁။ အကြောင်းအရာ တစ်ခုလုံးကို ခြုံငုံ၍ မြေပုံရေးဆွဲခြင်း

ပထမဆုံးလုပ်ဆောင်ရမည်မှာ မိမိလေ့လာမည့် အကြောင်းအရာတစ်ခုလုံးကို အပေါ်စီးမှ ခြုံငုံကြည့်ရှုနိုင်ရန် ကြိုးစားရခြင်းပင်။ ထိုအဆင့်မှာ နောက်ခံ အချက်အလက်များအားလုံးကို နားလည်စေရန်အတွက်ပင်ဖြစ်သည်။ မိမိစုံစမ်းနေသော အကြောင်းအရာနှင့်ပတ်သက်ဆက်စပ်နေသော အရာများကို ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်။ ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ -

- အဓိကဇာတ်ကောင်များ (လူများနှင့် အဖွဲ့အစည်းများ)
- ထိုဇာတ်ကောင်များပါဝင်နေသည့် အရေးကြီးသောအကြောင်းအရာများ
- ထိုသူတို့၏ အတိတ်နှင့် ပစ္စုပန်မှ အရေးကြီးသော ရက်စွဲများနှင့် အဖြစ်အပျက်များ သဘောပေါက်ထားရမည်။

မိမိတွင်ရှိသော မည်သည့်အချက်အလက်ဖြင့်မဆို စတင်စုံစမ်းသည့်အမှုကို ပြုနိုင်သည်။ လူတစ်ယောက်သို့မဟုတ် အဖွဲ့အစည်းတစ်ခုအကြောင်း ရှာဖွေစုံစမ်းခြင်းဖြင့် စတင်နိုင်သည်။ ထို့နောက်တွင် အခြားသော အချက်အလက်များ ရှာဖွေတွေ့ရှိလာလျှင် ရည်ညွှန်းကိုးကားစရာအဖြစ် သုံးနိုင်သည်။

ဥပမာ။ ။

အမေရိကန်မှ ပြတိုက်တစ်ခုသည် ပြိုင်ပွဲဝင်ပန်းချီကားတစ်ကားကို ပြင်သစ်အမျိုးသားပြတိုက်သို့ မည်သည့်အတွက်ကြောင့် ငှားလိုက်ကြောင်းကို ပြောပြရန် ငြင်းဆန်ခဲ့သည်။ သတင်းစာဖြတ်ပိုင်းအရ ထိုပန်းချီကားကြောင့် ပြင်သစ်အမျိုးသား ပြတိုက်ရှိ ပြခန်းမှာ အကျိုးကျေးဇူးရှိသွားသည်ဟု ဆိုသည်။ သို့သော် အမေရိကန်ပြတိုက်၏ နှစ်ပတ်လည် အစီရင်ခံစာက နိုင်ငံခြားသို့ ပန်းချီကားများ ငှားပေးခြင်းရပ်ဆိုင်းလိုက်ပြီဟု ဆိုထားသည်။သို့သော် ပြင်သစ်က ရအောင်ငှားနိုင်ခဲ့သည်။

# အခန်း(၃)

မိမိရှေ့တိုး၍ မရအောင် ချောင်ပိတ်မိသွားသည့် အခြေအနေမျိုးနှင့်လည်း ကြုံနိုင်သည်။ ထိုအခါ ကြုံနေရသော အတားအဆီးကို မှတ်သားထားပြီး မိမိရှာဖွေနိုင်သော ဆက်စပ်ရာရာ သတင်းအချက်အလက်များကို ဆက်လက်စုဆောင်းပါ။ သတင်းရင်းမြစ်တစ်ဦးကို မေးမြန်းရမှသာလျှင် မိမိလုပ်နေသည့် စုံစမ်းထောက်လှမ်းမှုကို ရှေ့ဆက်နိုင်မည့်အခြေအနေမျိုးကို ရှောင်လွှဲနိုင်ရန် တတ်နိုင် သလောက် အကြိမ်ကြိမ်ကြိုးစားပါ။ မိမိသတင်းအတွက် လူတစ်ယောက်က မဖြေပေးလျှင် မိမိက အလုပ်ဆက်လုပ်၍ မရတော့သော အနေအထား၌ မိမိမှာ ထိုသူ၏ လက်ခုပ်ထဲက ရေကဲ့သို့ဖြစ်သွားတော့မည်။

ထိုသို့အဖြစ်ခံမည့်အစား အခြားကို ပိတ်ဆို့ထားသော အခက်အခဲကို ကျော်ပြီး အခြားသိနိုင်သော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် အဖြစ်အပျက်များအကြောင်းကိုလေ့လာပါ။ ထိုအခါ မိမိ မမြင်သေးသော ရှုထောင့်အသစ်ကို မြင်လာနိုင်သလို သတင်းရင်းမြစ်အသစ်များကိုလည်း စဉ်းစားမိနိုင်သည်။ ဤအနေအထားတွင် မိမိ၏ သတင်းအတွက် အသည်းအသန်လိုအပ်နေသော ပုဂ္ဂိုလ်သည် သူကိုယ်တိုင်က လွဲလျှင် သူ့ပတ်ဝန်းကျင်မှ အခြားသူများအားလုံးက သတင်းထောက်နှင့် ဆက်ဆံကာ သတင်းပေးနေကြောင်းသိလာပေမည်။ ထိုအခါသူသည်လည်း သတင်းထောက်ကို စကားမပြော၍ မရတော့သည်ကို လက်ခံရတော့သည်။ နောက်ဆုံးတွင် ထိုနည်းမှာ အချက်အလက်များစွာ လက်ထဲရောက်လာ စေသည်။ ထိုအချက်အလက်များကို မည်သို့ ဖွဲ့စည်းမည်ကို အခန်း (၅)တွင် လေ့လာနိုင်ပါသည်။ စုံစမ်းထောက်လှမ်းခြင်း စတင်ချိန်မှစ၍စနစ်ကျသော ဖွဲ့စည်းမှုမျိုး လိုအပ်ပါမည်။

၂။ သာမန်သတင်းရင်းမြစ်များကို မေးမြန်းရာမှသည် အကြောင်းအရာအလိုက် ကျွမ်းကျင်သူ သတင်းရင်းမြစ်များဆီသို့ အရောက်သွားခြင်း။

အကြောင်းအရာတစ်ခု၏ နယ်ပယ်တွင် ဆရာတစ်ဆူဖြစ်နေသူတို့၏ ပြောဆိုချက်များကို သင်၏ သတင်းတွင်လိုအပ်သကဲ့သို့ သာမာန်လူများ၏ ပြောစကားများအတွက်လည်း ပေးစရာနေရာရှိပါသည်။ ဥပမာ- သိပ္ပံစမ်းသပ်ချက်၏ ရှာဖွေတွေ့ရှိမှု အသစ်တစ်ခုအကြောင်းကို ရေးသားထားသော သတင်းစာ ဆောင်းပါးသည် သာမာန် ယေဘုယျဆန်သော အချက်အလက်ကိုပေးပြီး ထိုသိပ္ပံစမ်းသပ်ချက်၏ အောင်မြင်မှုကို ရေးသားထားသော ပညာရပ်ဆိုင်ရာ ဂျာနယ်မှာ ထိုနယ်ပယ်တွင် ဆရာတစ်ဆူဖြစ်နေသူများ၏ သုံးသပ်ချက်ကို ရနိုင်သော နေရာဖြစ်သည်။ ထိုဂျာနယ်တွင် ပါဝင်သော သုံးသပ်မှုများ ပို၍နက်ရှိုင်းပေမည်။ ထိုနက်ရှိုင်းမှုကို ဖမ်းမိနိုင်လျှင် မိမိ၏ စုံစမ်းထောက်လှမ်းမှုမှာ အလားအလာ ပိုကောင်းသည်။ ထိုဂျာနယ်တွင် အသေးစိတ်ရေးသားထားသော အချက်အလက်များသည် လူအများ၏ စိတ်ဝင်စားမှုကို ရရှိနိုင်ရုံသာမက ထိုအချက်အလက်များကို ဖတ်ရှုနားလည်နေသော သတင်းထောက်အပေါ် လက်ရှိသတင်းရင်းမြစ်များက ကောင်းမွန်စွာ ဆက်ဆံကြရန် အလားအလာပိုများသည်။ ထိုပုဂ္ဂိုလ် သတင်းရင်းမြစ်များသည် သတင်းထောက်ကို အကြောင်းအရာအား လုံးစေ့ပတ်စေ့ နားလည်အောင် အားထုတ်ထားသူအဖြစ် အသိအမှတ်ပြုကြမည်ဖြစ်သည်။ ထိုသတင်းထောက်သည် သူတစ်ပါးအပြောကိုကြား၍ ရောက်လာသူမဟုတ်ကြောင်း သိကြပေမည်။

သတင်းထောက်အဖို့ အများသူငါရရှိနိုင်သော အချက်အလက်များထဲတွင်မှ ပို၍ နက်ရှိုင်းစွာ ရှင်းပြနိုင်သော စာရွက်စာတမ်းများကို ရလိုလျှင် ဆိုင်ရာနယ်ပယ်များမှ ပညာရှင်များ၊ လုပ်ငန်းကျွမ်းကျင်သူများထံ မည်သည့် စာအုပ်စာတမ်းမျိုးကို သုံးကြသနည်း။ ညွှန်ပြပေးပါဟု မေးမြန်းကြရမည်။

- အစိုးရ အရာရှိများသည် သတင်းထောက်ကို မည်သည့်အစီရင်ခံစာများကို မည်သူ့ထံတွင် ရနိုင်သည်၊ မည်သည့်ပုံစံရှိသည်၊ မည်သည့်နေရာတွင်ရှိသည်ကို ပြောပြနိုင်သည်။

- ရွေးကောက်တင်မြှောက်ခံ အရာရှိများသည် ဥပဒေပြုရေးနှင့်ပတ်သက်သောကိစ္စများကို ကျွမ်းကျင်သူများဖြစ်ကြပြီး ဥပဒေကြောင်းနှင့် ပတ်သက်၍ မည်သည့်အဆင့်တွင် မည်သည့်စာရွက်စာတမ်းများ ပေါ်ထွက်ခဲ့ကြသည်ကို သိရှိကြသည်။

## အခန်း(၃)

- အိမ်ခြံမြေပွဲစားသည် မည်သည့်အစိုးရဌာနက မည်သည့်အဆောက်အအုံနှင့် ပတ်သက်သော အချက်အလက်များကို သိမ်းထားကြောင်း ရှင်းပြနိုင်သည်။

- ကျွမ်းကျင်အဆင့် ရင်းနှီးမြှုပ်နှံသူများသည် ကုမ္ပဏီဆိုင်ရာ အချက်အလက်များအား ရှာဖွေရန် နေရာများကို ပြသနိုင်သလို မည်သည့်စာက မည်သို့အဓိပ္ပာယ်ရကြောင်း ပြောပြနိုင်ကြသည်။

အထက်ပါပုဂ္ဂိုလ်များကဲ့သို့ပင် အခြားသော ရှင်းလင်းညွှန်ပြနိုင်သူများ ရှိကြပါလိမ့်မည်။ ထိုကျွမ်းကျင်သူပညာရှင်များနှင့်ဆုံသောအခါတွင် မိမိတို့ မျက်စိကျနေသော အချက်အလက်များ၏နောက်ကွယ်တွင် ပါဝင်ပတ်သက်နေသူများ အကြောင်း မေးမြန်းပါ။။ သူတို့နှင့် ဆွေးနွေးပွဲများတွင်သာမဟုတ်၊ အခြားထောက်လှမ်းသူများ၊ ဂျာနယ်လစ်များ၊ ရဲများ၊ စာရင်းစစ်များနှင့် တွေ့သောအခါတွင်လည်း မေးမြန်းနိုင်သည်။ အချက်အလက်ကို စုဆောင်းရုံမျှသာမဟုတ်။ ထိုအချက်အလက်များကို ရအောင်လုပ်နိုင်သည့်နည်းလမ်းများကိုပါ ရှာဖွေစုစည်းကြရမည်။

ဥပမာ - ပြင်သစ်ရဲတစ်ဦးသည် လူသတ်မှုတစ်ခုတွင် မျက်မြင်သက်သေတစ်ဦးကို သူမ၏ အမည်ပထမဆုံးစာလုံးကို သုံးကာ ဖေါ်ထုတ်နိုင်ခဲ့သည်။ အခင်းဖြစ်ပွာသောအချိန်က ထိုအမျိုးသမီးမှာ ကိုယ်ဝန်ဆောင်ဖြစ်ရာ ရဲကထိုကာလတွင် ကလေးမွေးဖွားခဲ့သူများ၏ မွေးစာရင်းကို သိမ်းထားသောရုံးသို့ သွားရောက်စုံစမ်းရာမှ ပြန်လည်တွေ့ရှိခဲ့ရသဖြင့် အမှုအတွက် သက်သေကို ဖော်ထုတ်နိုင်ခဲ့သည်။

၃။ ထိုသတင်းရင်းမြစ်များနှင့် သူတို့နှင့် ဆက်စပ်ပတ်သက်နေသည်များကို မျက်ခြည်မပျက်ပါစေနှင့်။

- ထိုသတင်းရင်းမြစ်လမ်းကြောင်းများကို ရံဖန် ရံခါဆိုသလို အသုံးပြုခြင်းအားဖြင့် ထိုအရာများအား အသုံးချနိုင်ပုံကို မေ့လျော့တော့မည်မဟုတ်ပေ။ ဥပမာ- ပြင်သစ်ရှိ ကုမ္ပဏီများနှင့် ပတ်သက်သည့် အချက်အလက်များကို ဖော်ပြသော အွန်လိုင်းဒေတာဘဏ်ထဲသို့ ဝင်ရောက်ဖြစ်နေပါက မိမိစုံစမ်းနေသော လုပ်ငန်းများအကြောင်းကို မပြတ်ကြည့်ရှုနေသင့်သည်။

၄။ သွားရင်းလာရင်းတွေ့ရသော သတင်းရင်းမြစ်စာရွက်စာတမ်းဖိုင်များကို စုဆောင်းပါ။

- မိမိသွားလာနေသော နေရာများတွင် တွေ့ရသည့် သတင်းအချက်အလက်များကို တွေ့လျှင်တွေ့သလို စုဆောင်းတတ်သည့်အကျင့်ကို ပျိုးထောင်ပါ။ မိမိစုံစမ်းနေသော အကြောင်းအရာနှင့် ပတ်သက်သော အချက်အလက်များကို အများဆုံးရနိုင်သည့်နေရာမှာ ထိုအကြောင်းအရာ ပေါ်ပေါက်ဖြစ်ပျက်နေသော ပတ်ဝန်းကျင်တွင်ဖြစ်သည်။ သတင်းထောက်တစ်ဦးအနေဖြင့် သွားလာနေသော ပတ်ဝန်းကျင်တွင် မိမိအလုပ်နှင့် ဆက်စပ်ရာရာ အချက်အလက်များကို တွေ့ရှိရပါက ကောက်ယူစုဆောင်းပါ။

ဥပမာ။ ။

သင်သည် အဖွဲ့အစည်းတစ်ခုသို့ ရောက်ရှိနေသူဆိုပါစို့။ သူတို့၏ ရုံးခန်းတွင် အများသူငါ ကြည့်ရှုရန် ပြသထားသော စာရွက်စာတမ်းများကို ကောက်ယူလေ့လာခြင်းကြောင့် မည်သူကမျှ သင့်အား သူခိုးဟု စွပ်စွဲနိုင်မည် မဟုတ်ပေ။ ဒါကို ယူသွားလို့ ရမလားဟု ခွင့်ပင်တောင်းနိုင်သေးသည်။ ပြင်သစ် အမျိုးသားပါတီ၏ သတင်းကို ကျွန်တော်တို့ စုံစမ်းနေခဲ့စဉ်က အပတ်စဉ်လိုလိုပင် သူတို့ပါတီဌာနချုပ်ရုံးသို့ သွားရောက်ခဲ့ပြီး ထုတ်ဝေသမျှ စင်ပေါ်တွင်တွေ့နိုင်သော စာရွက်စာတမ်းများကို ကောက်ယူစုဆောင်းခဲ့သေးသည်။ ထိုကဲ့သို့သော စာရွက်စာတမ်းများစွာကို အပြင်တွင် ရနိုင်ဖို့ မလွယ်ကူပါ။ မိမိတို့ ဘာသာ အစုအဖွဲ့အလိုက် လှုပ်ရှားနေကြသော အဖွဲ့အစည်းများ၊ လူထုလှုပ်ရှားမှုများရှိရာတွင်သာ ရနိုင်သည်။ ထိုနေရာများသို့ သွားပြီးမယူလျှင် အဖွဲ့ဝင်ကတ်ရှိသူများသာ ရနိုင်သည့်ပစ္စည်းမျိုးဖြစ်သည်။ သို့သော် ကျွန်တော်တို့အနေဖြင့် တောင်းယူတတ်လျှင် ထိုကဲ့သို့သောအချက်အလက်များကို ရတတ်ပါသည်။ ထိုသတင်းအချက်အလက်များမှာ ပြည်ထောင်စု အဆင့်သတင်းများတွင် မပါတတ်သော နယ်သတင်းများပင် ပါလာနိုင်ပြီး ဒေသတွင်း ဖြစ်ပေါ်နေသော အဖြစ်အပျက်များကိုလည်း သိရတတ်သည်။

## အခန်း(၃)

မိမိရထားသော အချက်အလက်များကို နားလည်အောင်လုပ်ရာတွင် ကျွမ်းကျင်သူများ၏ အကူအညီရယူပါ။

၁။ မော်ကွန်းတိုက်မှူးများမှာ သင့်ကို ကောင်းစွာ ကူညီနိုင်သည်။

အချက်အလက်များကို လွတ်လပ်စွာ ရရှိနိုင်သည်ဟု ဆိုရုံမျှဖြင့် သင်သည် ဘယ်နေရာတွင် ဘာကို ရှာရမည်ဟု တန်းပြီး သဘောပေါက်လိမ့်မည်မဟုတ်ပေ။ အထူးသဖြင့် ဘာသာရပ်ဆိုင်ရာ စာရွက်စာတမ်းများကို ရှာဖွေနေသောအခါတွင်ဖြစ်သည်။

မိမိရှာဖွေနေသောလုပ်ငန်းများ ထိရောက်အောင်မြင်ရန် သတင်းအချက်အလက်များ စုဆောင်းထားရာ စာကြည့်တိုက်များနှင့် မော်ကွန်းတိုက်များမှ ကျွမ်းကျင်သူများ၏ အကူအညီကို ရယူနိုင်သည်။ စာကြည့်တိုက် တစ်ခုသို့သွားလျှင် မော်ကွန်းတိုက်အား တာဝန်ယူရသူ၏ အမည်ကို သိအောင်လုပ်ထားခြင်းက မမှားနိုင်ပေ။ ကျွန်တော်တို့ အတွေ့အကြုံအရ ထိုမော်ကွန်းတိုက်မှူးများ၏ အသိပညာနှင့် အတွေ့အကြုံမှာ တန်ဖိုးရှိလှသော်လည်း အတော်များများက သူတို့အား ထိုက်သင့်သလောက် အသိအမှတ် မပြုကြခြင်းပင်ဖြစ်သည်။ သူတို့ထံသို့ လေးလေးစားစားဖြင့် ချဉ်းကပ်လာသောသူအပေါ် အကူအညီ ပေးလိုသည်မှာ မဆန်းပါ။

သာဓက။ ။

ပြင်သစ်တွင် ဖြစ်ပွားခဲ့သည့် ရောဂါပိုးပါဝင်နေသော သွေးများကိစ္စကို လူသိရှင်ကြား ဖြစ်မသွားမီ ထိုသတင်းနှင့် ပတ်သက်သမျှအား စုံစမ်းနေရဆဲကာလတွင်ဖြစ်သည်။ AIDS ရောဂါနှင့် သွေးသွင်းခြင်းဆိုင်ရာ ဆေးပညာ စာတမ်းများကို စုပြီးဖတ်ရှုရန်လိုအပ်လာပါသည်။ နာမည်ကျော် လေ့ကျင့်သင်ကြားရေး ဆေးရုံတစ်ခုမှ စာကြည့်တိုက် မန်နေဂျာသည် ထိုဘာသာရပ်နှင့်သက်ဆိုင်သော ဂျာနယ်ဆောင်းပါး တစ်သီတတန်းကို သူ့စာကြည့်တိုက် ဒေတာများထဲမှ ထုတ်ယူပေးခဲ့သည်။ ထိုစာကြည့်တိုက်တွင် သူညွှန်းသမျှ စာအုပ်စာတမ်းများ အားလုံးနီးပါး ရရှိခဲ့သည်။ ထိုကိစ္စအားလုံးမှာ သူ့အကူအညီကြောင့် တစ်နေ့ခင်းစာ အချိန်အတွင်း ပြီးစီးခဲ့သည်။

ပါရီရှိ အနုပညာ ရောင်းကုန်ပွဲစားတစ်ဦးကိစ္စနှင့်ပတ်သက်၍ စုံစမ်းနေသည့်အခိုက်တွင်ဖြစ်သည်။ အနုပညာ ဈေးကွက်ထဲမှ စီးပွားရေးသမားများကို ပေးသော အစိုးရအထောက်အပံ့များနှင့် ပတ်သက်ပြီး မေးမြန်းရန် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ဖုန်းခေါ်ပါသည်။ ထိုအခါ ဌာနတစ်ခုသို့ ဖုန်းလွှဲပေးလိုက်သည်။ ဖုန်းထဲမှတစ်ဆင့် ကျွန်တော်တို့ အဆိုပါဌာနအား မေးမြန်းနေချိန်တွင် တစ်ဖက်မှ ဖြေကြားနေသည့် အမျိုးသမီးက ကွန်ပြူတာ တစ်ဖျောက်ဖျောက် ရိုက်ရင်း ပြန်ဖြေသည်။ ထိုအခါ ကျွန်တော်တို့ ဘာကို ရိုက်ပြီး ရှာနေတာလဲဟု မေးသောအခါ သူက ဝန်ကြီးဌာန၏ ဒေတာဘဏ်ထဲမှ အချက်အလက်များကို ရှာဖွေပြီး မေးခွန်းများကို ပြန်လည်ဖြေကြားနေကြောင်း ရှင်းပြနေသေအခါ ကျွန်တော်တို့က ထို ဝက်ဘ်ဆိုက်များ အများပြည်သူ ဝင်ရောက်ကြည့်နိုင်ပါသလားဟု မေးလိုက်ရာ သူမက ကြည့်နိုင်ပါသည်ဟု ဖြေကြားခဲ့သည်။ ထိုဝက်ဘ်ဆိုက်တွင် ဝန်ကြီးဌာနက ထောက်ပံ့ပေးထားသော အနုပညာလုပ်ငန်းရှင်များအားလုံး၏ စာရင်းပါဝင်ခဲ့သည်။ ကျွန်တော်တို့သည် တစ်ဖက်မှ အမျိုးသမီးညွှန်ပေးလိုက်သော စာကြည့်တိုက်တွင် ဝင်ရောက်သုံးစွဲခြင်းဖြင့် ထိုဝက်ဘ်ဆိုက်မှ လိုချင်သော အချက်အလက်များ ရရှိခဲ့လေသည်။

### တွေ့ရှိထားပြီးသည်များကို ကျေညက်နားလည်အောင်လုပ်ခြင်း

စာရွက်စာတမ်းတစ်ခု လက်ထဲရောက်လာသည်နှင့် မိမိကျေလည်အောင် နားလည်သွားပြီဟု မဆိုနိုင်ပေ။ အစိုးရကဖြစ်စေ၊ ပုဂ္ဂလိက ကဏ္ဍတွင်ဖြစ်စေ၊ ဌာနဆိုင်ရာ အစီရင်ခံစာများတွင်သုံးသော အခေါ်အဝေါ်တိုင်းကို ထိုလောကများ၌ ကျင်လည်ဖူးခြင်းမရှိလျှင် နားမလည်နိုင်ပေ။ ထို့ကြောင့် အဓိပ္ပာယ်ကို ပြန်ပေးနိုင်သူ လိုပါသည်။ ထိုသို့ ဘာသာပြန်ပေးရန် လိုအပ်သော စာရွက်စာတမ်းများတွင် အစည်းအဝေး မှတ်တမ်းများ၊ နှစ်ပတ်လည် အစီရင်ခံစာများအထိ ပါဝင်နိုင်သည်။ မိမိလက်ထဲတွင် မိမိ အပြည့်အဝနားမလည်နိုင်သော

# အခန်း(၃)

စာရွက်တစ်ခု ရောက်လာခဲ့သည်ရှိသော် သက်ဆိုင်ရာ ဝေါဟာရများနှင့် အကြောင်းအရာကို စေ့စေ့ငုငု နားလည်အောင် ရှင်းပြနိုင်သူတစ်ဦးကို ရှာရပါမည်။

ထိုသူမှာ မိမိစုံစမ်းထောက်လှမ်းနေသော အကြောင်းအရာ နယ်ပယ်တွင် ဝင်ရောက် လှုပ်ရှားနေသူ တစ်ဦးဖြစ်လျှင် ကောင်းပါသည်။ မိမိစုံစမ်းနေသောသတင်းကိုလည်း အများပြည်သူ သိသင့် သည်ဟု ယုံကြည်သူလည်း ဖြစ်ရမည်။ ထိုသူသည် ဤသတင်းကို ဂျာနယ်လစ်ထံရှင်းပြခြင်းအားဖြင့် မိမိကိုယ်ကျိုးရှာရန် ကြိုးစားနေသူတစ်ဦး မဖြစ်ရန်လည်း လိုသေးသည်။

သာဓက။ ။


ပြင်သစ် အမျိုးသားပါတီက မြို့တော်စည်ပင်ပိုင်ငွေများကိုသုံးကာ ၎င်းတို့၏ အတိုက်အခံပါတီကို ဖြိုရန် ကြိုးစားနေကြောင်းသတင်းကို အတည်ပြုရန် ကျွန်တော်တို့ ကြိုးစားနေစဉ်ကဖြစ်သည်။ အမျိုးသားပါတီ အာဏာရနေသော မြို့တစ်ခုမှ မြူနီစပါယ်ဘက်ဂျက်များဖြင့်ပေးနေသော အထောက်အပံ့စာရင်းများ အစီရင်ခံစာ တစ်ခုကိုဖတ်ကြရာတွင် အခြားမြို့ တစ်မြို့မှ ဘက်ဂျက်ရေးရာ တာဝန်ရှိသူ အရာရှိတစ်ဦးနှင့် အတူ ထိုင်ကာ ဝါကျတစ်ကြောင်းချင်းကို နားလည်အောင် ဖတ်ရှုခဲ့ကြသည်။

သို့သော် မိမိတို့ ဆွေးနွေးပြောဆိုနေသော ကိစ္စများကို အခြားသူများအား တစ်ဆင့် ပြန်ပြောမည့်သူများ၏ အမြင်များကို မတောင်းခံမိရန် လိုပါသည်။ အကယ်၍ ရှောင်နိုင်လျှင် ထိုသို့ ဖောက်သည်ပြန်ချနိုင်သူများကို ရှောင်သည်က အကောင်းဆုံးဖြစ်သည်။ အထူးသဖြင့် စုံစမ်းနေသော သတင်းထဲတွင် ပစ်မှတ်များအဖြစ် ပါနေသူများနှင့် ယှက်နွယ်နေသောပုဂ္ဂိုလ်များအား မလိုအပ်ဘဲ သွားရောက်ဆွေးနွေးခြင်းကိုရှောင်ကြဉ်ပါ။ ထိုသူများအား အင်တာဗျူးရန်ရှိလျှင်မူ မတတ်နိုင်ပါ။ ဆွေးနွေးရုံသာ ရှိမည်။ သို့သော် ထိုသူတို့သည် သတင်းထောက်နှင့် ပြောထားသမျှကို တစ်ဖက်နားသို့ ပြန်ပေါက်ကြားအောင် ပြောနိုင်သူများဖြစ်ကြကြောင်း၊ ပြောတတ်ကြကြောင်း သတိမူရပါမည်။

## သတင်းစုံစမ်းရာတွင် မြန်မြန်စတင်ပါ။ လွယ်သည့်နေရာကနေစလုပ်ပါ။

သတင်းတစ်ခုကို စုံစမ်းရာတွင် မိမိအလွယ်တကူ ရနိုင်သော အချက်အလက်များအား အများပြည်သူ လွပ်လပ်စွာ သုံးနိုင်သော စာအုပ်စာတမ်းများမှတစ်ဆင့်တွေ့ရှိနိုင်သည်။ စုံစမ်းထောက်လှမ်းခြင်းမှာ တစ်ဆင့်ထက်တစ်ဆင့် ပိုမိုခက်ခဲလာသည်မှာ ထုံးစံလိုပင်ဖြစ်သည်။ သို့သော် စကတည်းကပင် ခက်ခဲနေလျှင်မူ တစ်ခုခုတော့မှားနေပြီဖြစ်သည်။ အထူးသဖြင့် သတင်းတစ်ပုဒ်နှင့် ပတ်သက်ပြီး မိမိထင်ထားသော အချက်များမှာ ကနဦးရှာဖွေတွေ့ရှိထားသော စာရွက်စာတမ်းများနှင့် မည်သို့မျှ မကိုက်ညီနေလျှင် မိမိအထင်သည် ပါစင်အောင်လွဲနေခြင်း ဖြစ်ကောင်းဖြစ်နိုင်သလို တစ်စုံတစ်ဦးက မရရအောင် ထိုသတင်းအား ဖုံးကွယ်ရန် ကြိုးစားနေခြင်းလည်းဖြစ်နိုင်သည်။

အကယ်၍ ကနဦး ဆန်းစစ်ချက်များက မိမိအထင်ကို ထောက်ခံနေလျှင် မိမိစုံစမ်းထောက်လှမ်းမှုကို အရှိန်မြှင့်နိုင်ပြီဖြစ်သည်။ အလုပ်တွင်လျှင်တွင်သလို အားထည့်နိုင်ပြီး အချက်အလက်ရှာဖွေရာတွင် ရနိုင်သလောက် ရှာထားရမည်။ ရလာသော အချက်အလက်များကို ကောက်ကြောင်းဆွဲကြည့်ကာ မိမိကြိုတွက်ထားသော ယူဆချက်တွင် အသစ်များထပ်ပေါင်းထည့်နိုင်ကြသည်။ နောက်တစ်ဆင့်တွင်မူ အမှန်တရားကို စာရွက်များပေါ်တွင် မရှာတော့ပေ။



# သတင်းရင်းမြစ်များဖြစ်နေသူများ

၄

## လူသားသတင်းရင်းမြစ်များကို အသုံးပြုခြင်း

ရေးသူ NILS HANSON AND MARK LEE HUNTER

ဤအဆင့်တွင် သတင်းကို ကျွန်တော်တို့ရှာဖွေတွေ့ရှိခဲ့ပြီ။ ဖြစ်နိုင်ခြေကိုလည်း ကြိုတင်မှန်းခဲ့ပြီးနောက် တကယ် ဟုတ်မဟုတ် ဆန်းစစ်ခဲ့ပြီးပြီ။ အများသူငါ သုံးခွင့်ရနေသော စာအုပ်စာတမ်းများကိုသုံးကာ မိမိတို့ထင်မြင်ချက် မှန်မမှန်ကိုလည်း စစ်ဆေးခဲ့ကြသည်။ ဤအဆင့်တွင် သတင်းရင်းမြစ် လူပုဂ္ဂိုလ်များကို မေးမြန်းကာ ဖြစ်ရပ်ကို ပိုမိုနားလည်လာအောင် ကြိုးစားပါမည်။

## အခန်း(၄)

စိတ်လှုပ်ရှားစရာကောင်းသောသတင်းမှာ များသောအားဖြင့် စာကြည့်တိုက်၊ မော်ကွန်းတိုက်များထဲမှ စာအုပ်စာတမ်းများတွင် ရှိမနေကြပါ။ လူတို့၏ခေါင်းထဲမှ နှိုက်ယူရသော အကြောင်းအရာများ ဖြစ်နေကြသည်။ ထိုသူများကို မည်သို့ ရှာတွေ့နိုင်မည်နည်း။ သူတို့ သိထားသမျှကို ကျွန်တော်တို့အား ပြောချင်လာအောင် မည်သို့ လုပ်နိုင်မည်နည်း။ လူတစ်ယောက်အား စကားပြောချင်လာအောင်လုပ်သော အတတ်ကိုအထင်မသေးသင့်ပေ။ လူတိုင်းမတတ်ပါ။ စုံစမ်းထောက်လှမ်းသူအနေဖြင့် ထိုအတတ်မျိုးကို အဆင့်မြင့်မြင့်တတ်ထားသင့်သည်။ သို့သော် ထိုတတ်မြောက်မှုကို အလွဲသုံးစားမပြုရပေ။ ဂျာနယ်လစ်တစ်ဦးပင် ဖြစ်လင့်ကစား သူတစ်ပါးနာကျင်အောင် လုပ်သူတစ်ဦး ဖြစ်နိုင်သည်ကို မမေ့သင့်ပေ။ သူတို့၏ စိတ်များ၊ ဘဝများ၊ နာကျင်သွားအောင် လုပ်ကောင်းလုပ်မိနိုင်သည်။ သူတို့၏ လုံခြုံရေးကင်းမဲ့သွားအောင် လုပ်မိတတ်သည်။ မိမိကို ရိုးစင်းစွာ ဖွင့်ပြောလာသူများအား မိမိကြောင့် ဒုက္ခမရောက်ပါစေနှင့်။ ဤအခန်းတွင် သတင်းရင်းမြစ်များအနေနှင့် စိတ်ချလုံခြုံစွာ ဖွင့်ပြောလာသော၊ လိုရာခရီးသို့ရောက်အောင် ပို့နိုင်သော သတင်းစကားများကို ကောင်းစွာကျင့်ဝတ်ဖြင့် နားထောင်တတ်သူများ ဖြစ်လာအောင် ဆောင်ရွက်ပုံများကို ဆွေးနွေးပါမည်။

### သတင်းရင်းမြစ်များကို နေရာချကြည့်ခြင်း

မိမိတို့သတင်းထဲတွင် ထည့်သွင်းရေးသားနိုင်သူ သတင်ရင်းမြစ်တစ်ဦးကို ရှာဖွေနိုင်ရန် အလွယ်ဆုံးနည်းမှာ မိမိတို့ စုံစမ်းနေသော အကြောင်းအရာကို ပထမဆုံးဖော်ပြခဲ့သည့် သတင်းစာတွင် ပါဝင်သောအမည်များကို ရှာကြည့်ခြင်းပင် ဖြစ်သည်။ ထိုသူတို့ကို တယ်လီဖုန်းခေါ်ဆိုကာ မေးမြန်းနိုင်လိမ့်မည်။ သို့သော် ထိုသူတို့မှာ တစ်နေ့တည်းတွင် တယ်လီဖုန်းခေါ်ဆိုမှုများ ရာချီပြီး လက်ခံနေရသူများ ဖြစ်နိုင်သည်။ မိမိဖုန်းကို ကိုင်ခဲ့လျှင်ပင် အကြိမ်တစ်ရာလောက်ဖြေနေရသော တယ်လီဖုန်းခေါ်ဆိုမှုအတွက် သူ့တွင် ပြောစရာ အကြောင်းအရာမှာ အသစ်ဖြစ်နိုင်ပါမည်လော။ ထပ်ဖန်တလဲလဲပြောနေရသော စကားသာဖြစ်လိမ့်မည်။ သို့ဖြစ်ရာ အခြားမည်သူကမျှ မမေးရသေးသူတစ်ဦးကို ရှာပြီးမေးလျှင် ထိရောက်နိုင်သည်မဟုတ်ပါလား။

မိမိတို့လေ့လာထားသော အများသူငါ လွပ်လပ်စွာ ကိုးကားနိုင်သော စာရွက်စာတမ်းများတွင် ပါဝင်သောအချက်များတွင် သင့်နေဖြင့် စိတ်ဝင်စားစရာ နာမည်အသစ်များကို တွေ့နိုင်သည်။ ဥပမာ ကုမ္ပဏီတစ်ခု၏ အကြောင်းကိုလေ့လာရန် စီးပွားရေး ဈေးကွက်သုံးသပ်သူတစ်ဦးက ရေးသားထားသော အစီရင်ခံစာကို ဖတ်ရှုနိုင်သည်။ ထိုသုံးသပ်ချက်မျိုးတွင် ကုမ္ပဏီ၏ အဆင့်အတန်းအခြေအနေကို သိရှိနိုင်သကဲ့သို့ ယင်း၏ အကြီးဆုံးပြိုင်ဖက်များကိုလည်း သိနိုင်သည်။ နောက်တစ်ဆင့်တွင် ထိုစီးပွားရေး ဈေးကွတ်သုံးသပ်သူအား မေးမြန်းနိုင်သည်။ ထို့နောက် အဆိုပါ ကုမ္ပဏီ၏ ပြိုင်ဖက်များကို မေးနိုင်သည်။

- ထိုသူတို့၏ ပြောစကားအရလည်းကောင်း၊ မီဒီယာ ထုတ်လွှင့်ချက်များမှတစ်ဆင့်လည်းကောင်း၊ ရရှိသောအချက်အလက်များနောက်သို့လိုက်ကာ ထိုကုမ္ပဏီမှ ထွက်သွားသူများနှင့် တွေ့ရန်လိုသည်။ အခြားအလုပ်သို့ ပြောင်းသွားသူများကိုဖြစ်စေ၊ အငြိမ်းစားယူသွားသူများကိုဖြစ်စေ မေးမြန်းနိုင်သည်။ (Seymow Hersh က CIA) နှင့် ပတ်သက်သောသတင်းကို စုံစမ်းခဲ့စဉ်က သတင်းရင်းမြစ် ဖြစ်လာမည့်သူများကို အငြိမ်းစားယူသူများ၏ ကြော်ငြာဖြတ်ပိုင်းများမှ တစ်ဆင့် ရှာဖွေတွေ့ရှိခဲ့သည်။

- ထိုသတင်းရင်းမြစ်များကတစ်ဆင့် ကုမ္ပဏီထဲမှ မီဒီယာနှင့် စကားပြောချင်သူများကိုလည်း တွေ့လာနိုင်သည်။

သတင်းရင်းမြစ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံးကို တစ်ဆက်တစ်စပ်တည်း ကြည့်နိုင်ရန် ရှင်းလင်းသောမြေပုံတစ်ခုလည်း အမြန်ဆုံးရေးဆွဲထားသင့်သည်။ ရုပ်ပုံများ၊ ဂရပ်ပုံများဖြင့် မိမိ၏ သတင်းရင်းမြစ်များအားလုံးကို မြေပုံပေါ်တွင် နေရာချပြီး မည်သူက ဤသတင်းတွင် တိုက်ရိုက်ပါဝင် ပတ်သက်သူ၊ မည်သူက သွယ်ဝိုက်ပတ်သက်သူ အစရှိသည်ဖြင့် သိရှိနိုင်သည်။ ထိုသို့ နေရာချထားသောမြေပုံသည် ရွာတစ်ရွာမှ အိမ်ထောင်စုများနှယ်ဖြစ်သည်။ မြေပုံပေါ်တွင်ပါဝင်သူများသည် တစ်ဦးကိုယ်တစ်ဦး သိရှိချိတ်ဆက် နေသူများ ဖြစ်ကြမည်။ သတင်းဖြစ်တည်ရာနေရာတွင် မြေပုံပေါ်တွင်မူ ရွာတစ်ရွာနှင့် တူနေမည်။

# အခန်း(၄)

မြေပုံကို အချက်အလက်များကို ထပ်ဖြည့်လိုသောအခါတွင်လည်း စိတ်တိုင်းကျ ထပ်ဖြည့်နိုင်ပါသည်။ ဥပမာ - လူပုဂ္ဂိုလ်တစ်ဦးကို ကိုယ်စားပြုသောဂရပ်တွင် သူ၏ မွေးနေ့၊ အလုပ်အကိုင် သို့မဟုတ် မိမိဖြည့်လိုရာ အကြောင်းအရာ မှန်သမျှကို ထပ်မံဖြည့်စွက်နိုင်သည်။ သို့သော် အစပိုင်းတွင် မြေပုံကိုရှင်းအောင်ထားပါ။ ထို့ထက်ပိုရှုပ်ထွေးသော မြေပုံလည်း လိုချင်မှလိုပါမည်။ (ရိုးစင်းသော မြေပုံတစ်ခုကိုပင် ပြင်ဆင်ရန် သင့်အနေဖြင့် မိနစ်အနည်းငယ်အချိန်ယူရတတ်သည်။ သို့သော် ထိုမြေပုံထားရှိခြင်းကြောင့် အခြားပြိုင်ဖက်များနှင့် ယှဉ်သော် သင်၏ အလုပ်ပြီးမြောက်မှုက သာပါလိမ့်မည်။ ) အခန်း (၂)တွင် ကိုးကားထားသော ကလေးလမစေ့ဘဲ မွေးသည့်သတင်းကို အခြေပြု၍ စဉ်းစားလျှင် အောက်ပါပုံကို ရနိုင်သည်။




**ဤမြေပုံတွင် သတိပြုစရာများပါရှိသည်။**

ကိုယ်အင်္ဂါချို့တဲ့နေသော ကလေးများကို အလယ်တွင် နေရာချထားသည်။ အဘယ့်ကြောင့်ဆိုသော် ဤသတင်းတွင် သူတို့က အခရာကျသောကြောင့်ဖြစ်သည်။ သို့သော် သူတို့ကိုရှာရန်မှာ အခက်ခဲဆုံးဖြစ်ပြီး မေးမြန်းရသည်မှာ လွယ်မည်မဟုတ်။ အခြားရှာဖွေရနိုင်မည့်သူများကို သူတို့၏ ပတ်ပတ်လည်တွင် ဝန်းရံထားသည်။ ထိုသတင်းရင်းမြစ်များအားလုံးမှာမူ တစ်နည်းမဟုတ် တစ်နည်း ထိုကလေးများနှင့် ဆက်စပ်နေကြသည်။ ဥပမာ - ဆရာဝန်များသည် ကလေးများကို ဝန်းရံထားသော်လည်း ၄င်းတို့ကို မိဘများနှင့် ဆေးရုံ၏ကြားတွင် နေရာချထားသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာဝန်သည် ထိုနှစ်ဦးနှင့် အဆက်စပ်ဆုံးဖြစ်နေသောကြောင့် ဖြစ်သည်။

**ဘာကြောင့် မြေပုံလိုသနည်း**

သတင်းရင်းမြစ်များပြ မြေပုံကို ရေးဆွဲထားသာအခါ ထိုသတင်းတွင်ပါဝင်နေကြသူများ၏ တစ်ဦးနှင့် တစ်ဦး ဆက်ဆံရေးကို ပိုမို မြင်သာလာစေမည်ဖြစ်သည်။ အကယ်၍ သတင်းရင်းမြစ်တစ်ဦးနှင့် စကားပြော၍မဖြစ်နိုင်တော့သည့်အခြေအနေတွင် ကူညီလိုသော အခြားသတင်းရင်းမြစ်များထံ အရောက်သွားနိုင်သည်။ မြေပုံ၏ တစ်ဖက်တွင် ပါဝင်နေသူများက သတင်းထောက်နှင့် အဆက်အသွယ်ပြုရန် လက်ခံလိုက်သောအချိန်တွင် အခြားမြေပုံတစ်ဖက်၌ ပါဝင်နေသူများ၏ လက်ခံနိုင်ခြေကလည်း ပိုမိုမြင့်မားလာသည်။

# အခန်း(၄)

ကျွန်တော်တို့သည် စုံစမ်းရမည့် အကြောင်းအရာကို ရှာတွေ့ပြီ၊ ဖြစ်နိုင်ခြေကို မှန်းကြည့်ကြသည် ။ ထိုဖြစ်နိုင်ခြေကို အတည်ပြုနိုင်ခြင်း ရှိမရှိ အများသူငါ ကိုးကားနိုင်သော စာရွက်စာတမ်းများကို လေ့လာပြီး ဆုံးဖြတ်ခဲ့ကြသည်။ ထိုအခါ လူသားသတင်းရင်းမြစ်များကို ရှာဖွေနေရပြီး ကျွန်တော်တို့ အချက်အလက်များကို ရှာဖွေခဲ့သည်။ စုစည်းခဲ့ကြသည်။ ထိုသို့ တစ်စုတစ်စည်းတည်းရှိခြင်းက သုံးသပ်မှုများ ပြုလုပ်ရာတွင် အထောက်အကူ ဖြစ်သည်။ သတင်းရေးရာတွင် လွယ်ကူသည်။ ပြန်စစ်ဆေးရာတွင် အဆင်ပြေသည်။ အချက်အလက်များကို ဇာတ်လမ်း သဖွယ်စီစဉ်ရေးသားထားချက်များတွင် အမှားအယွင်းမပါအောင် စစ်ဆေးမည်။ ထိုသတင်းကို ပုံနှိပ်ဖော်ပြမည်။ လူအများ စိတ်ဝင်စားအောင် လုပ်မည်။ ထိုးနှက်လာသူတို့အား ကာကွယ်ရမည်။

## သတင်းရင်းမြစ်များနှင့် စကားပြောစရာ အကြောင်းရှာပါ။

စိတ်ဝင်စားစရာကောင်းသော အချက်အလက်များ၊ ဇာတ်လမ်းများကိုသိထားသောသူများ ဖြစ်သော်လည်း သတင်းရင်းမြစ်အချို့မှာ သတင်းထောက်ကို စကားမပြောရန် သူတို့တွင် အကြောင်းပြချက် ခိုင်လုံလှသည်။ သတင်းထောက်သည် ကျင့်ဝတ်လိုက်နာသူဖြစ်ကြောင်း၊ တာဝန်သိတတ်သူဖြစ်ကြောင်း၊ မျှတစွာ ဖော်ပြတတ်သူ ဖြစ်ကြောင်း (သတင်းထောက်များစွာသည် မျှမျှတတ စာရေးသူများမဟုတ်ကြ) ချက်ချင်း သိနိုင်မည်မဟုတ်ပေ။ သတင်းထာက်ကိုယ်တိုင်က လူကောင်းဖြစ်နေဦးတော့ သူတို့ပြောလိုက်သော အချက်အလက်များမှာ သတင်းထောက်လက်ထဲတွင် ဘာဖြစ်မည်ကို သူတို့ မမှန်းနိုင်ကြပါ။ သူတို့ တန်ဖိုးထားသော အရာများကို ပြောပြရန် ယုံကြည်လောက်သူဟုတ်မဟုတ်မသေချာပါ။ သတင်းထောက်က ရေးလိုက်သောသတင်းကြောင့် သူတို့၏ အလုပ်အကိုင်များ။ လူမှု ဆက်ဆံရေးများကို ထိခိုက်နိုင်သလို အသက်အန္တရာယ်ပါ ရန်ရှာခံရနိုင်သည်။

ထို့ကြောင့် တစ်စုံတစ်ယောက်က မိမိအား သူ့အကြောင်းကို ဖွင့်ပြောနေပြီဆိုလျှင် ထိုသူ၏ ဘဝတွင် မိမိကြောင့် တစ်ဘဝလုံး ကြုံဖူးသမျှထဲတွင် အဆိုးရွားဆုံး အတွေ့အကြုံများရသွားအောင် လုပ်နိုင်သည်ကို မမေ့အပ်ပေ။သို့သော် ထိုသူများသည် ဂျာနယ်လစ်များနှင့် စကားပြောရန် ငြင်းဆန်ကြသူများ မဟုတ်ကြပေ။ သူတို့အများစုသည် ဂျာနယ်လစ်ကို လက်ခံစကားပြောကြသည်။

## မည်သည့်အတွက်ကြောင့် ဂျာနယ်လစ်များကို စကားပြောကြသနည်း။

ယေဘုယျအားဖြင့် အကြောင်းပြချက် နှစ်ခုရှိသည်။ တစ်ခုမှာ ဂုဏ်ကြောင့်ဖြစ်ပြီး နောက်တစ်ခုမှာ နာကျင်မှုကြောင့် ဖြစ်သည်။ သတင်းထောက်သည် ထိုအကြောင်းပြချက် နှစ်ခုအနက် တစ်ခုမဟုတ် တစ်ခုဖြင့် စကားပြောလာသူများကို ကျေနပ်စေသင့်သည်။

သူတို့ထံတွင် စိတ်လှုပ်ရှားစရာများရှိနေသောအခါမျိုးတွင် သတင်းထောက်နှင့် စကားပြောကြသည်။ သူတို့၏ စွမ်းဆောင်ချက်များ၊ ပြောင်းမြောက်မှုများ၊ အလှတရားများ၊ ရှာဖွေရရှိနေသော အခိုက်မျိုးတွင်ဖြစ်သည်။ ရခဲ့ပြီးသော အောင်မြင်မှု၊ သို့မဟုတ် ရရှိတော့မည့် အောင်မြင်မှုများပြောစရာရှိလာခြင်း၊ ကမ္ဘာကြီးကို ကယ်တင်နိုင်မည့် ကိစ္စကို အထမြောက်အောင် ဆောင်ရွက်နိုင်လိုက်ခြင်းမျိုးအတွက် ဂုဏ်ယူစွာ မီဒီယာနှင့် စကားပြာချင်သည်။ ထိုအကြောင်းအရာများကို ပြောခြင်းဖြင့် သူတို့သည် အရေးပါသူများဖြစ်လာကြသည်။ ပျော်ရွှင်ကြရသည်။ သို့မဟုတ် ထိုအရသာနှစ်ခုစလုံးကို ရရှိသည်။

သူတို့ သတင်းထောက်များကို စကားပြောလိုသည့် နောက် အကြောင်းပြချက်တစ်ခုမှာ နာကျင် ခံစားရလွန်း၍ ဖြစ်သည်။ ဆရာဝန်ကို လူနာက ရှာသကဲ့သို့ပင် သူတို့ကို ကူညီနိုင်သူအား ရှာဖွေနေကြချိန်မျိုး ဖြစ်သည်။ ဖြစ်တတ်သည်မှာ နာကျင်သူများ၏ ခံစားချက်သည် ဂုဏ်ယူဝင့်ကြွားနေသူတို့၏ ခံစားချက်ထက် ပိုပြင်းထန်သည်။ ထို့ကြောင့် စုံစမ်းထောက်လှမ်းသောအခါ ပထမဆုံး မေးမြန်းရလေ့ရှိသူများမှာ ဖြစ်ရပ်တစ်ခုတွင်

နစ်နာခံစားရသူများ ဖြစ်လေ့ရှိသည်။ အများအယွင်းဖြစ်ရပ်၏ဒဏ်ကို ခံစားရသူများဖြစ်သည်။ ကြုံဆုံခဲ့ရသော ကိစ္စများတွင် ၄င်းတို့၏ တန်ဖိုးအား ထိပါးစော်ကားခံရသူများဖြစ်သည်။

သို့တည်းမဟုတ် အခြားသော အကြောင်းကိစ္စကြောင့်လည်း တစ်စုံတစ်ယောက် သတင်းထောက်သို့ စကား ပြောလိုခြင်း ရှိနိုင်သည်။ သတင်းထောက်ကို ဖွင့်ပြောလိုက်လျှင် လုံခြုံမှု ရှိမည်ဟု ထင်သော အခါမျိုးတွင် ဖြစ်သည်။

ထိုအဖြစ်မျိုး ပေါ်ပေါက်လာခဲ့လျှင်၊ ဆက်လက်ပေါ်ပေါက်နေခဲ့လျှင် ထိုသတင်းရင်းမြစ်မျိုးနှင့် မိမိတို့ ကြားတွင် ရေရှည်ခိုင်မင်မှုတစ်ရပ်တည်ဆောက်ထားသင့်သည်။ တစ်ဖက်ကိုတစ်ဖက် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ နိုင်သော ဆက်ဆံရေးမျိုးဖြစ်ရမည်။ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်ပြီး တစ်ဖက်နှင့်တစ်ဖက် ဖလှယ်သော သတင်း အချက်အလက်များအားဖြင့် ချိတ်ဆက်ဆောင်ရွက်ကြမည်။ သတင်းရင်းမြစ်ဖက်မှ ထိုချိတ်ဆက်မှုမျိုး မလုပ်နိုင်သည့် တိုင်အောင် သတင်းထောက်အနေဖြင့် မပျက်ကွက်ရပါ။ ထိုသို့ဆောင်ရွက်ခြင်းမှာ မိမိ၏ အလုပ်အောင်မြင်မှု တစ်ခုတည်းအတွက်သာမကပဲ မိမိ၏ ကိုယ်ရည်ကိုယ်သွေးကို တည်ဆောက်ခြင်းလည်းဖြစ်သည်။ မိမိကိုယ်ကို ယုံကြည်မှုနှင့် ထိုက်တန်အောင် နေနိုင်ရန်လိုသည်။ ထိုသို့ မနေနိုင်လျှင် မိမိမှာ မယုံရကြောင်း တစ်ဖက်က မည်သည့်နည်းဖြင့်မဆို ရိပ်မိသွားနိုင်သည်။

## သတင်းရင်းမြစ်နှင့် ပထမဆုံးအကြိမ်ဆက်သွယ်ခြင်း

### တွေ့ဆုံရန်ပြင်ဆင်ခြင်းနှင့် ဖိတ်ခေါ်ခြင်း

### ၁။ လူချင်းတွေ့ဆုံရန်ပြင်ဆင်ခြင်း

အကယ်၍ သတင်းရင်းမြစ်မှာ အပြင်ထွက်ပြီး သတင်းထောက်နှင့်တွေ့ခြင်းကြောင့် အန္တရာယ် ကျရောက်စရာ အကြောင်းမရှိလျှင် မျက်နှာချင်းဆိုင်တွေ့ဆုံခြင်းက စိတ်အချရဆုံး ဆက်ဆံရေးဖြစ်သည်။ သတင်းထောက် အနေဖြင့်မူ ထိုသို့တွေ့ဆုံနိုင်အောင် ပထမဆုံးအကြိမ်ဆက်သွယ်စဉ်ကပင် ကြိုရွယ်အားထုတ်ရမည်။ ပထမဆုံးအကြိမ် အဖြစ်မဆက်သွယ်မီ ထိုပုဂ္ဂိုလ်၏အကြောင်းကို အတော်အတန် သုတေသန လုပ်ထားသင့်သည်။ သူနှင့်ပတ်သက်သော ကိစ္စများကို ကိုးကားနိုင်သော စာရွက် စာတမ်းများအား အသုံးပြုကာ သိအောင်လုပ်ထားသင့် သည်။

### ထိုပုဂ္ဂိုလ်နှင့်ပတ်သက်သမျှကို သိအောင်လုပ်ရန်

အနည်းဆုံး လူတစ်ယောက်၏ အကြောင်းကိုသိနိုင်အောင် အင်တာနက်တွင် အနည်းဆုံး Google သုံးကာ ရှာဖွေသွားသင့်သည်။ ထိုသူ၏ အမည်ပါဝင်သော ဆောင်းပါးများနှင့် အခြားအရေးအသားများကို ဖတ်ရှုသင့်သည်။ အလွန်များပြားလှသဖြင့် အားလုံးမဖတ်နိုင်လျှင်ပင် အချို့ကို ဖတ်ရှုသင့်သည်။။ ထိုသူ၏ နောက်ကြောင်းကိုသိရှိရန်နှင့် မိမိက သတင်းရင်းမြစ်အပေါ် စိတ်ဝင်စားအောင်လုပ်ရန်ဖြစ်သည်။ လူသိရှင်ကြားဖြစ်သော သတင်းရင်းမြစ်တစ်ဦးနှင့် အင်တာဗျူးသောအခါ ထိုသူ၏ လူသိပြီးသားအကြောင်းကို ပြန်မမေးမိရန် သတိထားရမည်။ နာမည်ကြီး တစ်ဦး၏ အကြောင်းကို မတွေ့ဆုံမီပင် သင်သိအောင်လုပ်ထားရမည်။

အကယ်၍ သတင်းရင်းမြစ်က သတင်းမီဒီယာများနှင့် လုပ်ငန်းနယ်ပယ်ဆိုင်ရာ စာစောင်များတွင် ရေးသားထားသည်များရှိပြားအံ့။ ထိုစာစောင်များကို ရအောင် ရှာပြီး ဖတ်ရှုထားရမည်။ အလွန်လျှို့ဝှက်သော သို့မဟုတ် ရှက်တက်သောသူများပင် သူတို့ရေးသားသောစာများ၌ သူတို့၏ ယုံကြည်ချက်များ၊ စရိုက်များ၊ သူတို့စိတ်ဝင်စားသော ကိစ္စများကို ဖေါ်ပြလေ့ရှိကြသည်။ သူ၏ အရေးအသားများကို ကြည့်ခြင်းအားဖြင့် မိမိတို့ စိတ်အထင် မှန်းဆထားသည်များ မှန်မမှန်ကိုလည်း ခန့်မှန်းနိုင်ကြသည်။

သာဓက။ ။ ပြင်သစ်ရှိ အဆင့်မြင့်အစိုးရအရာရှိကြီးတစ်ဦး၏ အရေးအသားကို အကဲခတ်ရာတွင် ကျွန်တော်တို့အနေနှင့် မှန်းဆနိုင်သည်မှာ ထိုအရာရှိရာထူးတွင် မှုသားပြောဆိုရန် ခဲယဉ်းသော်လည်း အကဲဆတ်

သော သို့မဟုတ် အန္တရာယ်ရှိသည်ဟု ယူဆသောအရာများကိုရှောင်ရာတွင် အလွန်ကျွမ်းကျင်ကြောင်း သိလိုက်ရသည်။ သို့ဖြစ်ရာ သူစကားလမ်းကြောင်းပြောင်းလိုက်ပုံနှင့် ပြောင်းလိုက်သည့်အချိန်မျိုးကိုအကဲခတ်ပြီး သူ့အနေနှင့် ဖုံးကွယ်ချင်သောအရာမှာ မည်သို့သောအကြောင်းအရာများဖြစ်သည်ကို သိရှိလာခဲ့ပြီး ထိုကိစ္စများနှင့် ပတ်သက်၍ ဆက်လက်ထောက်လှမ်းနိုင်ခဲ့သည်။

ထို့နောက် သူနှင့်တွေ့ဆုံချိန်တွင် ကျွန်တော်တို့ သူ့အပေါ်ထင်ထားသည့် အမြင်များအတိုင်း ဖွင့်မေးရာ သူ့အနေဖြင့်မငြင်းနိုင်ခဲ့ပေ။ အမှန်ကိုပြောရတော့သည်။

## မေးမြန်းနိုင်သောကိစ္စများနှင့် ပတ်သက်၍

မိမိစုံစမ်းနေရသောကိစ္စများနှင့် စပ်ဆိုင်သည့်လတ်တလောသတင်းများနှင့် အများပြည်သူတို့ ကြေညာချက်များကို သတိထားဖတ်ရှုနေရမည်။ သတင်းထောက် တစ်ဦးအနေနှင့် ပညာရှင်အဆင့်ထိရောက်အောင် သိစရာမလိုပေ။ သို့သော် ထိုကိစ္စနှင့်ပတ်သက်ပြီး သိရှိထားရမည်။ အနည်းဆုံး ထိုကိစ္စနှင့်ပတ်သက်ပြီး သုံးနှုန်းနေသော ဝေါဟာရများနှင့် အကျွမ်းတဝင်မဖြစ်၍ နားမလည်ပါက သတင်းရင်းမြစ်ကို ရှင်းပြပါဟု တောင်းဆိုနိုင်သည်။

## ၂။ စတင်ဆက်သွယ်ခြင်း

ဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ဆက်သွယ်နိုင်သော်လည်း အလုပ်ထက်စာလျှင် သတင်းရင်းမြစ်၏အိမ်သို့သာ တိုက်ရိုက်ဆက်သွယ်ပါ။ အလုပ်တွင် ရှိနေသောအချိန် ဖုန်းမခေါ်ပါနှင့်။ ရုံးဖုန်းခေါ်၍ အဆင်ပြေနိုင်သည်ဟု ရာနှုန်းပြည့်သေချာနိုင်သည့် အခြေအနေမျိုးမှသာ ရုံးမှတစ်ဆင့်ဆက်သွယ်ပါ။ အလုပ်ရှင်က နားထောင်နေနိုင်သလို တယ်လီဖုန်းအဝင်ခေါ်ဆိုမှု မည်သည့်အရပ်မှလာသည်ကို ပြန်လည်ခြေရာခံ၍ ရနိုင်သည်။ အီးမေးလ်မှာလည်း ထိုနည်းတူပင်ဖြစ်သည်။ ဘေးဖြစ်စေနိုင်သည့်အကြောင်းအရာမျိုး မပါစေကာမူ သတိထားရမည်။ အလုပ်ရှင်အနေဖြင့် ဂျာနယ်လစ်ထံမှ အီးမေးလ်းကို လက်ခံရရှိသူဝန်ထမ်းကို ဖေါ်ထုတ်ရသည်မှာ မခက်ပေ။

ဤနေရာတွင် ဘုတ်အုပ်ကြီးထဲမှ အတွေ့အကြုံများကို ရည်ညွှန်းပြီး ကျွန်တော်တို့ပြောနေခြင်းမဟုတ်ပါ။ ကိုယ်တွေ့များဖြစ်သည်။ စုံစမ်းထောက်လှမ်းရေး သတင်းအဖွဲ့တစ်ခုသည် အာဏာရှင်ဆန်သော၊ ခြောက်ခြားနေသော၊ အဂတိလိုက်စားမှု လည်းမကင်းသော အစိုးရ အရာရှိကြီးတစ်ဦးကို ထောက်လှမ်းနေစဉ်ကဖြစ်သည်။ ထိုအရာရှိကြီး၏ အတွင်းရေးမှူးထံ သတင်းထောက်များက စာရေးပြီး အကူအညီတောင်းခံကြသည်။ သူမက မကူညီနိုင်ဟု ငြင်းလိုက်သော်လည်း နောင်တွင် ထိုကိစ္စကို အရာရှိကြီးက သိသွားခဲ့သည်။ ထိုအခါ သူ့အတွင်းရေးမှူးမကို ဘာလုပ်လိမ့်မည်ဟု သင်ထင်သနည်း ။

သတင်းရင်းမြစ်တစ်ဦးနှင့် ဆက်သွယ်မှု မပြုမီ သင့်ကို မည်သို့ မိတ်ဆက်မည်နည်းဆိုသည်ကို ကြိုတင်စဉ်းစားထားပါ။ သတင်းရင်းမြစ်အား မိမိမှာ မည်သူ မည်ဝါဖြစ်သည်၊ မည်သည့်အလုပ်ကို လုပ်ကိုင်သည်၊ ယခုကိစ္စနှင့် ပတ်သက်ပြီး မည်သို့ ယုံကြည်မှု ရှိရှိဖြင့် ဆောင်ရွက်နေသည်။ အောင်မြင်ရန် အခြေအနေ မည်သို့ရှိသည်အစရှိသည်ဖြင့် ပြောစရာများကို စဉ်းစားပါလိမ့်မည် ။ ထိုအရာများကို ထုတ်ပြောရန် လိုချင်မှ လိုပါလိမ့်မည်။ သို့သော် ထိုအရာများကို သင်မယုံကြည်၍ မဖြစ်ပါ။ မိမိကိုယ်တိုင်က ထိုစုံစမ်းမှုအောင်မြင်သွားပြီး ပြည်သူထံ အမှန်ကို ချပြနိုင်မည်ဟု ယုံကြည်နေရမည်။ ကမ္ဘာလောကကြီးကို မိမိပိုကောင်းအောင်လုပ်နိုင်သည်။

အောက်ပါ သာဓကများတွင် ပြောသင့်သော စကားများနှင့် မပြောသင့်သော စကားများကိုတွေ့နိုင်သည်။

မပြောသင့်သောစကား။ ။ခင်ဗျားကိုဒုက္ခပေးရာမရောက်ဘူးဆိုရင် ကျွန်တော် ခင်ဗျားကို တစ်ခုလောက်မေးချင်တယ်ဗျာ။

## အခန်း(၄)

ဘာကြောင့်မပြောသင့်သလဲ။ ။မမေးချင်ဘဲ မေးရသည့် လေသံဖြစ်သည်။ မိမိနှင့် စကားပြောရခြင်းက သူမလိုလားစရာ ဒုက္ခတစ်ခုဖြစ်နေကြောင်း သတိပေးသလိုဖြစ်နေသည်။ တစ်ဖက်လူကို အားနာနေပုံရသည်။

ပြောသင့်သော စကား။ ။ မင်္ဂလာပါ။ ကျွန်မ၊ ကျွန်တော့်နံမည်က-----၊ ကျွန်တော်က ဂျာနယ်လစ်ပါ။ -------မီဒီယာမှာအလုပ်လုပ်နေပါတယ်။ -----အခု ဒီသတင်းကို ကျွန်တော် စုံစမ်းနေပါတယ်။ ဒီသတင်းက အရေးကြီးတဲ့ သတင်းတစ်ခုလို့လည်း ကျွန်တော်ထင်လို့ပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ အမှန်ကိုပဲ ကျွန်တော် ပြောပြချင်ပါတယ်။ တိတိကျကျ တင်ပြဖို့ဖြစ်ပါတယ်။ ကျွန်တော် ဘယ်အချိန် လာတွေ့ပြီး ဆွေးနွေးလို့ ရနိုင်မလဲ။

ဘာကြောင့် ပြောသင့်တဲ့ စကားဖြစ်ရတာလဲ။ ။ သတင်းထောက်က သူ့ကိုယ်သူ မိတ်ဆက်သည်။ သူ့ရည်ရွယ်ချက်ကို ပြည့်ပြည့်စုံစုံ ပြောသည်။ သတင်းရင်းမြစ်အနေနှင့် စကားပြောရန် စိတ်ဝင်စားလာအောင် အကြောင်းပြချက် ပေးနိုင်သည်။ တွေ့နိုင်မလားဟူ၍ မမေး၊ ဘယ်တော့တွေ့နိုင်မလဲဟူ၍ မေးသည်။ ထို့ပြင် အင်တာဗျူးရန်ဟူသော စကားလုံးကို သုံးမသွားပါ။ အင်တာဗျူးရန်ဟု ဆိုလိုက်လျှင် သတင်းရင်းမြစ်မှာ သူ၏အမည်ကို သတင်းစာခေါင်းကြီးပိုင်းတွင်ပါလာသော မြင်ကွင်းမျိုးကို တန်းစဉ်းစားမိတတ်ပြီး ရှေ့တွင်ကြုံလာနိုင်မည့် ဒုက္ခဟု မြင်သွားနိုင်သည်။ မိမိက မီဒီယာတစ်ခု၏ ဝန်ထမ်းမဟုတ်လျှင် မည်သည့် မီဒီယာအတွက် ဤသတင်းကို စုံစမ်းနေကြောင်း ပြောနိုင်သည်။ အကယ်၍ မည်သည့်မီဒီယာနှင့်မျှ လတ်တလော မဆက်စပ်နေလျှင် နောင်တွင် ဤသတင်းကို တင်ဆက်ဖြစ်မည့်မီဒီယာအမည်ကို ပြောပြီး မိတ်ဆက်နိုင်သည် ။

အရေးကြီးသည်မှာ -

သင် မည်သူ့အတွက် အလုပ်လုပ်နေသည်ဆိုသည်ထက် မည်သို့ အလုပ်လုပ်သည်က ပို၍ အရေးကြီးပါသည်။

မပြောသင့်သောစကား။ ။ ကျေးဇူးပြုပြီး ကူညီပါဗျာ။ ခင်ဗျားမှ မကူညီရင် ကျွန်တော့်ကို ကူနိုင်တဲ့သူ မရှိဘူးဗျ ။

ဘာကြောင့် မပြောသင့်သလဲ။ ။ အကယ်၍ မည်သူ့အကူအညီကိုမျှ မရသော၊ မိမိဘာသာလည်း ရအောင် ဆောင်ရွက်နိုင်မည့် အစွမ်းမရှိသော သူအား အဘယ်ကြောင့်မိမိက ကူညီပေးသင့်သနည်းဟု ဤသတင်းရင်းမြစ်က စဉ်းစားသွားနိုင်သည်။

ပြောသင့်သော စကား။ ။ ဒီအကြောင်းအရာနှင့် ပတ်သက်လို့ ခင်ဗျားက ကျွမ်းကျင်သူ အစစ်ပေါ့ဗျာ။ ခင်ဗျား ပြောပြနိုင်တာတွေအတွက် သိပ်ကို ကျေးဇူးတင်မှာပါ။

ဘာကြောင့် ပြောသင့်တဲ့စကားဖြစ်ရတာလဲ။ ။သတင်းရင်းမြစ်ကို မြှောက်သလိုတော့ဖြစ်နေသည်။ သို့သော် ထိုသို့ မြှောက်ပင့်ခြင်းမှာ မလုပ်ကောင်းသော အရာတစ်ခုတော့ မဟုတ်ပေ။ ထိုလေသံ၌ တစ်ချိန်တည်းတွင် သင့်မှာ အခြားဆက်သွယ်စရာ သူလိုပညာရှင်သတင်းရင်းမြစ်များ ရှိနေသေးကြောင်း အသိပေးပြီးသားဖြစ်သည်။

### အခြေခံ လိုက်နာရမည့်အချက်

သင့်ကိုယ်သင် အလုပ်တွင် တက်ကြွနှစ်လိုစရာဖြစ်ပြီးသော လုပ်ငန်းတစ်ခုကို တာဝန်ယူနေရသူအဖြစ် ခံယူထားပါ။ မိမိနှင့် တွေ့သောသူများလည်း ဝမ်းမြောက်နိုင်ရမည်။ အကယ်၍ ထိုကဲ့သို့သော လူတစ်ယောက်ဖြစ်ရန် သိပ်ခက်ခဲနေသည်ဆိုလျှင် မိမိ၏စရိုက်နှင့် ကိုက်ညီနိုင်မည်ဟု ယူဆသောအခြားအလုပ်ကိုသာ ပြောင်းလုပ်ပါလေ။

## အခန်း(၄)

### ၃။ ချိန်းထားသောသူကို ဘယ်နေရာမှာတွေ့မည်လဲ။

အကယ်၍ သတင်းရင်းမြစ်ကို တွေ့ဆုံဖို့ရာတောင်းဆိုရန် မည်သည့်နေရာတွင် နေသည်ကို မသိနိုင်လျှင်သော် လည်းကောင်း၊ မိမိအားတွေ့ရန် ငြင်းဆန်လာလျှင်သော်လည်းကောင်း၊ သိသိသာသာ အချိန်ဆွဲပြီး ရှောင်နေလျှင် သော်လည်းကောင်း၊ သူတို့ထွက်မပြေးနိုင်သောနေရာများကို ရွေးပြီးတွေ့နိုင်ရန် ကြိုးစားပါ။ သတင်းရင်းမြစ်မှာ အမှုရင်ဆိုင်နေသောအခါ တရားခွင်သို့သွားပါ။ သတင်းရင်းမြစ်က တက္ကသိုလ် ပါမောက္ခဖြစ်လျှင် စာသင်ချိန် အတန်းသွားတက်ပါ။ တစ်ခါက ကျွန်တော်တို့ကို ပြင်သစ်အစိုးရ အရာရှိကြီး တစ်ဦးမှာ လပေါင်းများစွာ ရှောင်နေသည်။ သူသည် အပတ်စဉ် မိမိမဲဆန္ဒနယ်မြေများမှ ပြည်သူများနှင့် လက်ခံတွေ့ဆုံလေ့ရှိရာ ထိုနေ့တွေ့ဆုံရန် စောင့်ဆိုင်းနေသည့်လူများတန်းစီသည့်လိုင်းထဲသို့ ကျွန်တော်တို့ ဝင်နေလိုက်သည်။ ကျွန်တော်တို့ အလှည့်သို့ရောက်ပြီး ရုံးခန်းထဲသို့ ဝင်သောအခါ ကျွန်တော်တို့မှာ နံပါတ်စဉ်နောက်ဆုံးဖြစ်သော်ကြောင့် ကျွန်တော်တို့ နောက်တွင် လူမရှိတော့ပေ။ ထိုအခါ ကျွန်တော်က အခုစောင့်နေတဲ့သူလည်းမရှိတော့ဘူး၊ အချိန်ကလည်း မိနစ် ၂၀ လောက် ရသေးတယ်၊ ကျွန်တော်တို့ စကားပြောကြရအောင် ဟု ဆိုသောအခါ သူက ရယ်မောပြီး ရပါတယ်ဟု ပြန်ပြောသည်။

အကယ်၍ သတင်းရင်းမြစ်က မိမိအားတွေ့ဆုံလိုလျှင် သတင်းထောက်အနေဖြင့်၊ သူနေထိုင်ရာအိမ် သို့မဟုတ် သူ့အတွက် အဆင်ပြေမည့် အခြားနေရာကို ရွေးချယ်သင့်သည်။ အကယ်၍ မိမိစုံစမ်းနေသော အကြောင်းအရာမှာ သူ၏လုပ်ငန်းခွင်နှင့် ပတ်သက်နေပြီး ရုံးကလည်း ကျွန်တော်တို့ကိစ္စကိုသိထားလျှင် ရုံးခန်းသည် စကားပြန်ပြောရန် အကောင်းဆုံးနေရာဖြစ်သည်။ သူဖတ်သော စာအုပ်၊ သူ့အကြိုက်နှင့် ရုံးခန်းမှ ကြားဖြတ်ဝင်လာသော ကိစ္စများ၌ သူ၏ တုံ့ပြန်ပုံကို လေ့လာနိုင်သည်။ (တစ်ခါက Carrie Buck ၏ နာမည်ကျော် ဝေါစထရိ ကိစ္စအား စုံစမ်းထောက်လှမ်းနေချိန်လည်းဖြစ်သည်။ သူမ၏ စာအုပ် The Predators Ball မှာ ငွေကြေးလုပ်ငန်းရှင် တစ်ဦးက ၄င်း၏ အတွင်းရေးမှူးအား အကြောင်းမဲ့အော်ငေါက်ရာမှ အစပြုခဲ့သော ဇာတ်လမ်းဖြစ်သည်)

### သတင်းရင်းမြစ်နှင့် ဆက်ဆံရေးကို တည်ဆောက်ခြင်း

ရည်ရွယ်ချက်များနှင့် သက်ဆိုင်သူတို့အနေအထားများ

သတင်းလောကတွင် သတင်းရင်းမြစ်များနှင့် ဆက်ဆံရေးမှာ တစ်ခါဆက်ဆံ ဆယ်ခါလန်ဆိုသလို ဖြစ်တတ်ပါသည်။ သတင်းရင်းမြစ်သည် သတင်းထောက်ကို နောက်ထပ် ဆက်ဆံဖို့ ရွံ့သွားသည့်အဖြစ်မျိုး မကြာခဏ ကြုံရတတ်သည်။ အထူးသဖြင့် ကပ်ဘေးတစ်ခု ကျရောက်ခဲ့သော နေရာတစ်ခုသို့ရောက်ရှိပြီးချိန်မျိုးတွင် ဖြစ်တတ်သည်။ သတင်းထောက်မှာ ဖရိုဖရဲ အပျက်အစီးများကြား၊ လူများ ဝရုန်းသုန်းကားဖြစ်နေမှုများကြားတွင် ထိုနေရာသို့ ရောက်သွားပြီး အပြောအဆိုက မတတ်သဖြင့် ထိုနေရာမှ စားစရာမှာညံ့ကြောင်း၊ လူတွေ၏ အမူအယာကို မနှစ်မြို့ကြောင်း ထုတ်ပြောကာ ပြန်လှည့်သည့်အခါမျိုးတွင် ပို၍ ဆက်ဆံရေးကျဲသည့် အနေအထားသို့ ရောက်ရှိသွားနိုင်သေးသည်။ သတင်းထောက်တစ်ယောက် သတင်းရင်းမြစ်နှင့် ဆက်ဆံရေးသည် စံပြချစ်သူတစ်ယောက်က သူ့ရည်းစားဖြစ်သူအား ဆက်ဆံပုံမျိုးမဖြစ်နိုင်သည်မှာ သေချာပါသည်။ သတင်းရင်းမြစ်နှင့် အတူ ဖဲမွှေ့ရာပေါ် ရောက်သွားရန်၊ အီစီကလီလုပ်ရန် သတင်းထောက်အနေဖြင့် စိတ်မကူးသင့်ပါ ။သို့သော် ကြာရှည် ခိုင်မြဲသည့်ဆက်ဆံရေးမျိုးတည်ဆောက်ရန် လိုအပ်သည်မှာ အသေအချာပင်ဖြစ်သည်။ ထို့ကြောင့် သတင်းရင်းမြစ်များနှင့် ဆက်ဆံရေးတည်ဆောက်သောအချိန်မှာ အရေးကြီးလှသည်။ အစမကောင်းလျှင် အနှောင်း မသေချာနိုင်ပေ။

# အခန်း(၄)

## ပထမဆုံးနှင့် နောက်ဆုံးအကြိမ် သတင်းရင်းမြစ်ကို လျှို့ဝှက်ပေးရခြင်း

မီဒီယာနှင့် စကားပြောသော သတင်းရင်းမြစ်ထံ အန္တရာယ် ကျရောက်နိုင်ပါက ထိုသတင်းရင်းမြစ်မှာ မည်သူ မည်ဝါဟု မပြောဘဲ လျှို့ဝှက်ပေးထားရမည့် အချက်မှာ စုံစမ်းထောက်လှမ်းရေးသတင်းထောက်အနေဖြင့် အလွန် အရေးကြီးပါသည်။ အထူးသဖြင့် သတင်းရင်းမြစ်က မိမိမှာ မည်သူမည်ဝါဖြစ်ကြောင်း မဖော်ပြပါနှင့်ဟု တောင်းဆိုလာသော အခါမျိုးတွင် ပို၍ပင် သတိထားပေးရမည်။ သတင်းရင်းမြစ်အား လျှို့ဝှက်ထားပါမည်ဟု ပေးလာသော ကတိကို အကောင်အထည်ဖော်ရာတွင် မည်သည့်သဲလွန်စမျှ မကျန်အောင် လုပ်ပေးကြရမည်။ ထိုသို့ သတိထားရာတွင် မိမိတို့၏ အသံဖိုင်များ၊ မှတ်စုများအား ရဲသို့မဟုတ် ရှေ့နေများထံ အပ်ရသောအခြေအနေမျိုးတွင်ပါ သတင်းရင်းမြစ်အမည်ကိုထုတ်မပြောဘဲ ကာကွယ်ပေးရမည်။ သတင်းရင်းမြစ်အား အကာအကွယ်ပေးရန် အောက်ပါနည်းလမ်းများအား အသုံးပြုနိုင်ပါသည်။

က။ အလုပ်ထဲသို့ရောက်နေသော သတင်းရင်းမြစ်ထံ လိုင်းဖုန်းဖြင့်မခေါ်ရ၊ တယ်လီဖုန်းမည်သည့်နေရာမှ ဝင်လာသည်ကို ပြန်ခြေရာကောက်နိုင်သည်။ လုံ့ဝ စိတ်ချလုံခြုံစေရန် မိုဘိုင်းလ်ဖုန်းကိုယ်စီ အသုံးပြုပါ။ ကြိုတင်ငွေ ဖြည့်သွင်းနိုင်သော ကတ်ကိုသုံးပါ။

ခ။ အီးမေးလ်းမှတစ်ဆင့် ဆက်သွယ်ခြင်းမပြုရ။ အီးမေးလ်းပို့ခြင်းသည် စာတိုက်မှ ပို့စကဒ်ပို့သကဲ့သို့ပင် ဖြစ်သည်။ ပို့လျှင်လည်း သူတစ်ပါးဖွင့်ပြီး မစစ်နိုင်သော လုံခြုံသည့် အီးမေးလ်းဖြစ်ရန်လိုပါသည်။ မိမိအတွက် လုံခြုံရေးကို တင်းကြပ်ရခြင်းသည် သူတစ်ပါးအာရုံကျစရာဖြစ်နေလျှင် သတင်းရင်းမြစ်အတွက် မကောင်းပါ။

ဂ။ လုံခြုံသောနေရာများတွင်တွေ့ဆုံပါ။ သတင်းထောက်ကိုရော သတင်းရင်းမြစ်ကိုပါ မည်သူမှန်းမသိသော ပတ်ဝန်းကျင်မျိုးကိုရွေးချယ်ပါ။

ဃ။ သတင်းရင်းမြစ်တစ်ခုစီအတွက် နာမည်ဝှက် သို့မဟုတ် ကုဒ်နံပါတ်တစ်ခုဖြင့်ရေးမှတ်ပါ။ (ဥပမာ- ဦးကကြီး၊ ဒေါ်ခခွေး၊A,B စသည်ဖြင့်) မည်သည့်အချိန်တွင်မဆို အသံဖိုင်တွင် ဆွေးနွေးလျှင်ဖြစ်စေ၊ မှတ်စုတွင်ဖြစ်စေ၊ အမည်ရင်းကို မသုံးရ။

င။ သတင်းရင်းမြစ်နှင့်ပတ်သက်သမျှ အထောက်အထား၊ စာရွက်စာတမ်းများကို မိမိနှင့်တွဲပြီး မမြင်နိုင်သည့်နေရာတစ်ခုတွင် သော့ခတ်ပြီး လုံခြုံစွာ သိမ်းထားပါ။

## ၂။ မိမိ၏ ပန်းတိုင်ကို သတ်မှတ်ခြင်း

သတင်းရင်းမြစ်နှင့် ပထမဆုံးအကြိမ်မတွေ့ဆုံမီကပင် ယခုလုပ်ရပ်မှ သင်ရလဒ်ကိုမည်မျှအတိုင်းအတာအထိ လိုချင်ကြောင်း သတ်မှတ်ဆုံးဖြတ်ပါ။ အနည်းဆုံးအောက်ပါအချက်များကို ထည့်သွင်းစဉ်းစားနိုင်မည်။

မိမိ၏ စုံစမ်းထောက်လှမ်းမှုအတွက် အင်တာဗျူးမှ ရရှိလိုသည်များကို စာရင်းလုပ်ပါ။

မိမိရယူလိုသည့်အရာများတွင် စာရွက်စာတမ်းအထောက်အထားများ၊ တစ်ဖက်နှင့်တစ်ဖက် ထားရှိသော ယုံကြည်မှုများ၊ ဘာသာပြန်သူ၏ အကူအညီဖြင့်သာသိနိုင်မည့် အဓိပ္ပါယ်ဖော်ရန်လိုသော အတွင်းလူတို့၏ အတွေးအမြင်များ၊ ထိုသူတို့၏ သုံးသပ်ချက်များ၊ နောက်ထပ်အဆက်အသွယ်ရရှိနိုင်သော သတင်းရင်းမြစ်များ၏ အမည်များ

- တွေ့ဆုံစဉ်ခဏတွင် တစ်ကြိမ်စာအတွက် မိမိရယူလိုသောအရာမှာ သိပ်မများသည့်အခါမျိုးလည်း ရှိနိုင်ပါသည်။ ကျွန်တော်တို့၏ မိတ်ဆွေ ပြင်သစ်ထောက်လှမ်းရေးသတင်းထောက် Phlippe Madelin ကမူ မျက်နှာချင်းဆိုင် အင်တာဗျူးကြသည့်အခိုက်တွင် သတင်းအချက်အလက်တစ်ခုစာလောက်သာ အတည်ပြုရန် နှင့်

## အခန်း(၄)

သတင်းနှင့်ဆိုင်သော အချက်အလက်တစ်ခုလောက်ကိုသာ သတင်းရင်းမြစ်ထံမှ ရယူလိုက်ရန် လုံလောက်ရုံမျှဖြင့် ကျေနပ်ပြီဆိုသူ ဖြစ်သည်။

- သို့မဟုတ် အင်တာဗျူးချိန်တွင် မိမိစုဆောင်းထားသမျှ စာရွက်စာတမ်းများကို ရှေ့ချထားပြီး သတင်းရင်းမြစ်နှင့် စကားပြောနိုင်သည်။ ထိုသို့ယူဆောင်သွားသောအခါတွင် ထိုစာရွက်များ ဘာကြောင့်ယူလာသည်ကို သတင်းရင်းမြစ်က သဘောပေါက်ပါစေ။

ပုံမှန်အားဖြင့် အင်တာဗျူး၏ အဆုံးသတ်တွင် နောက်ထပ်တွေ့ဆုံသင့်သူ သတင်းရင်းမြစ်တစ်ဦး၏ အမည်နှင့် ဆယ်သွယ်ရမည့်လိပ်စာများကိုမေးမြန်းပါ။။ မိမိက သတင်းရင်းမြစ်ကို ကျွန်တော်တို့ အခုဆွေးနွေးကြတဲ့ ကိစ္စအတွက် ဘယ်သူရဲ့ အမြင်က အားကိုးလေးစားလောက်စရာ ဖြစ်မယ်လို့ ခင်ဗျားထင်သလဲ ဟု မေးနိုင်သည်။ ကျွန်တော်တို့ ဘယ်သူ့ကို ဘယ်လိုဆက်သွယ်လို့ရမလဲ ခင်ဗျားသိသလား ဟု မေးပါ ။

မိမိ၏ စုံစမ်းထောက်လှမ်းမှု လုပ်ငန်းအကြောင်းကို သတင်းရင်းမြစ်ထံ မည်သည့်အတိုင်းအတာအထိ အသိပေးမည်နည်း ။

မိမိ၏ စုံစမ်းထောက်လှမ်းနေသော အကြောင်းအရာနှင့်ပတ်သက်ပြီး သတင်းရင်းမြစ်က မေးခွန်းထုတ်လာနိုင်ကြောင်း မျှော်လင့်ပြီးဖြစ်ရမည်။ သတင်းရင်းမြစ်မဟုတ်သူများကလည်း မေးနိုင်သည်။ ဘာကြောင့်ဤသတင်းကို စုံစမ်းရသနည်း။ ဘာကိုရလိုသနည်းအစရှိသည်ဖြင့် မေးကြမည်။ မိမိ၏ အမြင်မှာ အမျိုးမျိုးဖြစ်နိုင်သော်လည်း ချက်ချင်းပြန်ပေးရမည့်အဖြေမျိုးဖြစ်သည်။ စိတ်ရင်းခံ ရိုးသားမှုလည်းလိုသည်။ ဤနေရာတွင် ဗြိတိသျှ သံတမန်များ အတွက် စည်းကမ်းသုံးချက်မူကို သုံးနိုင်သည်။

### ဘယ်တော့မှ မလိမ်ပါနှင့်။

- မရှောင်နိုင်သည့်ခြေအနေမှလွဲ၍ မည်သည့်ကိစ္စမျိုးတွင်မှလိမ်မပြောပါနှင့်။ လိမ်ပြောခြင်းကို တစ်ဖက်က သိသွားလျှင် ဒုက္ခရောက်နိုင်ကြောင်းသတိပြုပါ။ ညာနေတာကို သိသွားသောအခါမျိုးတွင် အခန်းထဲကနေ ဆွဲထုတ်ခံရတာမျိုး ရှိနိုင်သလို ခြေထောက်ကို ကျည်ဆံပစ်သွင်း ရိုက်ချိုးကာ နှိပ်စက်ခံရခြင်းများရှိခဲ့ဖူးပါသည်။ ဘရာဇီးမှ ထောက်လှမ်းရေးသတင်းထောက်တစ်ဦးသည် မူးယစ်ဆေးရောင်းဝယ်သူများနှင့် အင်တာဗျူးစဉ် လျှို့ဝှက်ကင်မရာကို ဝှက်ပြီးယူဆောင်သွားရာ တစ်ဖက်မှသိသွားသဖြင့် နှိပ်စက်ခံရသည့်အတွေ့အကြုံဖြစ်သည်။

- ကိစ္စတစ်ခုလုံးကို ဘယ်တော့မှ ချမပြပါနှင့်။

ဥပမာ- လက်ယာစွန်း နိုင်ငံရေးသမားများနှင့် အလုပ်လုပ်သောအခါတွင် ကျွန်တော်တို့ပြောလေ့ရှိသည်က ခင်ဗျားတို့ လှုပ်ရှားမှုတွေကို မီဒီယာမှာ ဖော်ပြတာ တကယ့်အဖြစ်အပျက်တွေနဲ့ မကိုက်ညီဘူးဖြစ်နေတယ်။ ကျွန်တော်တို့ကတော့ အမှန်ကို အမှန်အတိုင်းတင်ပြချင်တာပါဟူ၍ ဖြစ်သည်။ သို့သော် ထို အမှန်တရားကို ဖော်ပြလိုက်လျှင် ခင်ဗျားတို့အကြောင်းမှာ ပို၍ပင် ဆိုးသွားနိုင်သေးသည် ဟူသော အချက်ကိုမူ ကျွန်တော်တို့ ထုတ်မပြောခဲ့ပါ။

- အကယ်၍ မေးခွန်းတစ်ခုကို ပြန်မဖြေနိုင်လျှင် မဖြေနိုင်ကြောင်းပြောပါ။ မည်သည့်အခါတွင် ပြန်ဖြေပေးပါမည်ဟု ဖြေနိုင်လျှင်လည်း ဖြေပါ။

### သတင်းရင်းမြစ်နှင့်ပတ်သက်၍ မည်သည်တို့ကို သိလိုသနည်း။

ကျွန်တော်တို့ဆက်ဆံနေသူမှာ မည်ကဲ့သို့သော လူစားမျိုးဖြစ်သနည်း။ မည်သို့ ဆွပေးလျှင် ထိုသူက တုံ့ပြန်တတ်သနည်း။ သတင်းထောက်များနှင့် စကားပြောရာတွင် ၎င်း၌ မည်သည့်ရည်ရွယ်ချက်များရှိသနည်း။

## အခန်း(၄)

သူတို့ဘက်က အမြင်များ၊ ဇာတ်လမ်းများကို ပြောပြချင်သူလား (သို့မဟုတ်) သတင်းထောက်ကိုအသုံးချပြီး မိမိကိုယ်ကျိုးရအောင် လုပ်မည့်သူလား။ ဗွီတီသျှစုံထောက်များကမူ အောက်ပါ တြိဂံကိုသုံးကာ ဂရပ်ဆွဲလေ့ရှိသည်။ ထိုနည်းမျိုးကို ဆွီဒင်မှ SVT ရုပ်သံကွန်ရက်များမှ ထောက်လှမ်းရေးသတင်းထောက်များလည်း သုံးကြသည်။

### သတင်းထောက်နှင့် ပူးပေါင်းဆောင်ရွက်လိုသည့်အကြောင်းရင်း

- လက်စားချေလိုခြင်း
- တရားမျှတမှုကိုရလိုခြင်း
- ရည်မှန်းချက်အောင်မြင်လိုခြင်း
- အသိအမှတ်ပြုခံလိုခြင်း သို့မဟုတ် အာဏာ

### သတင်းအချက်အလက်၏ အရည်အသွေး

သတင်းရင်းမြစ်သည် အဖြစ်အပျက်ကို ဂဃနဏ ကြုံခဲ့သူလော ။

သို့မဟုတ် အခြားသူပြောစကားကို တစ်ဆင့်ပြန်ပြောနေခြင်းလော။

ထိုအချက်အလက်များပါဝင်သည့် စာရွက်စာတမ်းများ၊ သို့မဟုတ် သတင်းကို အတည်ပြုပေးနိုင်သည့် အခြားသတင်း ရင်းမြစ်များ၏ အမည်ကို မည်သူ့ထံမှ ရနိုင်မည်နည်း။

သူပြောနေသောအချက်များမှာ မိမိတွေ့ရှိထားသော ဒေတာများနှင့်ကိုက်ညီနေသလား။

သူ တစ်စုံတစ်ခုကို ဖုံးကွယ်ထားသလား။

သတင်းထောက်အနေဖြင့် သိထားသင့်သော ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုကို သူက ညွှန်ပေးနိုင်မည်လား

ယခင်က ကိစ္စများတွင် ထိုသတင်းရင်းမြစ်မှာ မှန်မှန်ကန်ကန်သတင်းပေးခဲ့ဘူးသလား။

### သတင်းအချက်အလက်ရရှိနိုင်ခြင်း

လိုချင်သောသတင်းအချက်အလက်ကို

- ထိုသတင်းရင်းမြစ်၏ လက်ရှိအနေအထားအရပေးနိုင်မည်ဟုထင်ပါသလား။
- အခြားမည်သူကပေးနိုင်ဦးမည်နည်း။
- ရလာသော သတင်း ကို အမည်မခံဝံ့ဘဲပေးသည့် သတင်းမျိုးအဖြစ် သုံးနိုင်မည်လား။

# အခန်း(၄)

## အင်တာဗျူးနေစဉ် မိမိရပ်တည်ပုံကို ရွေးချယ်ခြင်း

သတင်းထောက်အနေဖြင့် အဓိက ပုံစံနှစ်မျိုးဖြင့် နေရာယူနိုင်သည်။

- အကြောင်းအရာကို ကောင်းစွာကျွမ်းကျင်နိုင်နင်းသူ

- မိမိအနေဖြင့် ဘာဖြေလာမည်ကို နံ့နံ့စပ်စပ် သိပြီးဖြစ်သည့် ပုံစံမျိုးဖြစ်သည်။ သတင်းရင်းမြစ်က ပြောလာသော သူတို့လောက အသုံးအနှုန်းများကို ကောင်းစွာနိုင်နင်းပြီး သတင်းရင်းမြစ်နှင့် ထပ်တူပင် အကြောင်းအရာကို ပိုင်နိုင်သည်။ ထိုကဲ့သို့ မိမိကျွမ်းကျင်သူနေရာမှ မေးမြန်းနေစဉ်တစ်လျှောက်လုံးတွင် ထိုနေရာမှ မကျသွားအောင် ထိန်းရသည့်ဝန်တော့ရှိပါသည်။ သတင်းရင်းမြစ်က ထိုအချိန်မျိုးတွင်ပြောလာတတ်သည်မှာ "ဒီကိစ္စကို တကယ် ကျွမ်းကျွမ်းကျင်ကျင် သိတဲ့သူမျိုးနဲ့စကားပြောရတာ သိပ်ကောင်းတယ်ဗျာ၊ ကျွန်တော်ပြောတာကို ခင်ဗျားလက်ခံမယ် ထင်တယ်ဗျ" ဟူ၍ဖြစ်သည်။

သို့သော် အစပိုင်းတွင် ပညာရှင်ပုံစံဖမ်းထားပြီး စကားအရှိန်တက်လာသောအခါတွင် ကျွန်တော် သည်လောက်ကြီး သိလှတာမဟုတ်ပါဘူး ဟု ဝန်ခံရသည့်အဖြစ်မျိုးကမူ အခြေမလှနိုင်ပါ။ မိမိမှာ တစ်ဖက်လူ အစောပိုင်းတွင် ထင်ထားသလောက်မသိဟု ဝန်ခံလိုက်ရသည့်အတွက် မျက်နှာပျက်စရာဖြစ်သည်။

## ဘာမှ နားမလည်သူ

အကြောင်းအရာအား လုံးစေ့ပတ်စေ့ နားမလည်သူတစ်ဦးအနေနှင့် သတင်းရင်းမြစ်ကို မေးမြန်းခြင်းဖြစ်သည်။ လေ့လာလိုသည့်စိတ်အားထက်သန်မှုကို ပြသည်။ သို့သော် သူတစ်ပါးလှည့်ပတ်နေလျှင် ယုံမည့်သူမျိုးတော့မဟုတ်ပေ။ တစ်ဖက်လူက မိမိ၏ဗဟုသုတကို လျှော့တွက်ခြင်းက ပို၍ပင် ကောင်းသေးသည်ဟု ယူဆသော အခြေအနေဖြစ်သည်။ Columbo ရုပ်သံစီးရီးတွင် မအူမလည် ဇာတ်ကောင်၏ အခန်းကို ကြည့်ဖူးကြပါမည်။ သူ၏အခန်းမှာ အကောင်းဆုံးဇာတ်ရုပ်ဟု ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် မသိ နားမလည်သောသူတစ်ဦးနေဖြင့် အကင်းမပါးဟုထင်စရာရှိသော မေးခွန်းမျိုးကို မေးနိုင်သလို ရိုးရိုးမေးခွန်းများကိုလည်း မေးနိုင်သည်။ ထိုမေးခွန်းမျိုးသည်ပင် ရှုပ်ထွေးမှုများကို ရှင်းလင်းပေးနိုင်သည့်မေးခွန်းမျိုး ဖြစ်သွားလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် မသိသောသူတစ်ယောက်မှာ ဘာမဆိုမေးလာနိုင်သည်ကို လက်ခံထား၍ ဖြစ်သည်။ သို့သော် ထိုနေရာမျိုးတွင် ဂျာနယ်လစ်အနေဖြင့် နားမလည်သူနေရာကို ယူထားသော်လည်း အတော်အတန်လေ့လာပြီးသူဖြစ်ကြောင်းကို တစ်ဖက်က မရိပ်မိသွားရန်လိုပါသည်။

ရံဖန်ရံခါဆိုသလိုပင် ထောက်လှမ်းသူများသည် အင်တာဗျူးများကို မသိနားမလည်သူကမေးသော မေးခွန်းမျိုးဖြင့်စလေ့ရှိပြီး စကားကောင်းလာချိန်တွင် ကျွမ်းကျင်သူတစ်ဦး၏ဟန်မျိုး ပေါ်လာလေ့ရှိပါသည်။ အကယ်၍ ထိုအနေအထားမျိုးသို့ ရောက်သွားခဲ့လျှင် တစ်ဖက် သတင်းရင်းမြစ်က သတင်းထောက်တော့ ငါ့ကို ညာနေပြီဟူသော ခံစားချက်မျိုးမဖြစ်သွားစေရန် သတိထားဖို့လိုပါသည်။ နောက်အခြေအနေတစ်ခုမှာ သတင်းထောက်အနေနှင့် မိမိတွေ့ဆုံနေသူမှာ နောင်တွင် ပြန်မဆုံရန် စဉ်းစားထားသည့် သတင်းရင်းမြစ်မျိုး ဖြစ်နေသောကြောင့် အငိုက်တွင် အချက်ကို ထိုးလိုသည့် ရည်ရွယ်ချက်မျိုးရှိလျှင်မူ သင့်အနေနှင့် ထိုအမူအယာမျိုး ပြကောင်းပြပါလိမ့်မည်။

အထက်က ဖော်ပြခဲ့သော အမူအယာနှစ်မျိုးကို အင်တာဗျူးများတွင် သတင်းထောက်များက သုံးလေ့ ရှိကြသည်။ အရေးကြီးသည့်အချက်မှာ ထိုအချိန် ထိုနေရာမှ မိမိ၏သရုပ်အမှန်ကို သတင်းထောက် ကိုယ်တိုင်က မဖေါက်ပြန်ရန်ပင်ဖြစ်သည်။

မိမိနှင့် သတင်းရင်းမြစ်တို့ကြားက ဆက်ဆံရေးမှာ ရေရှည်လည်းဖြစ်သွားနိုင်သည်။ အစပိုင်းတွင် ကျွမ်းကျင် နားလည်မှုသိပ်မရှိသေးသော သတင်းထောက်တစ်ဦးမှာ အချိန်ကြာလာသည်နှင့်အမျှ လေ့လာမှု အားကောင်းလာပြီး

# အခန်း(၄)

ကျွမ်းကျင်သူများသဖွယ် မေးခွန်းထုတ်တတ်လာသည်ကို သတင်းရင်းမြစ်များစွာက နှစ်သက် ကျေနပ်တတ်ကြသည်။ မေးခွန်းများမေးရာတွင် ပို၍ ပါးနပ် ကျွမ်းကျင်လာသည်နှင့်အမျှ ထောက်လှမ်းနေသော သတင်းထောက်သည် သူတို့ပြောသော အကြောင်းအရာကို တကယ်အာရုံစိုက်ပြီး တကယ်လေ့လာကြောင်း သိရှိသွားသောကြောင့်ဖြစ်သည်။ သတင်းရင်းမြစ်နှင့် သတင်းထောက်ကြား ဆက်ဆံရေးမှာ ဤကဲ့သို့ပင် အရှည် လက်တွဲဖြစ်ကြလေ့ရှိပါသည်။

## အင်တာဗျူးတွင် သုံးသည့် နည်းဗျူဟာများ

သတင်းထောက်တိုင်းတွင် မိမိကိုယ်ပိုင် အင်တာဗျူးနည်းများ ရှိတတ်ကြပါသည်။ အချို့သော သတင်းထောက်များဆိုလျှင် တသက်လုံး နည်းဟောင်းတစ်ခုကိုသာ သုံးကြသည်။ စာတစ်ကြောင်းသာ သိသူကဲ့သို့ နည်းတစ်ခုကို ထပ်ဖန်တလဲလဲ သုံးကြသည်။ စုံစမ်းထောက်လှမ်းရေးသတင်းထောက်သည် လူများအား မေးခွန်းထုတ်ရလေ့ရှိသော အခြားအလုပ်အကိုင်များကဲ့သို့ပင် မေးခွန်းမေးရန် အချိန်ယူရတတ်ပါသည်။ ဥပမာ- ရဲများ၊ တရားသူကြီးများ၊ ရှေ့နေများ၊ အရောင်းစာရေးများ၊ စာရင်းစစ်များကဲ့သို့ပင် ဖြစ်သည်။ ထိုသူတို့အား အခြေအနေတစ်ခုတွင် မည်သို့တုံ့ပြန်လေ့ရှိသည်ကို မေးမြန်းနိုင်ကြသည်။ သို့မဟုတ် သူတို့၏ အဆင်မချောသော အတွေ့အကြုံများကို ပြန်ပြောင်းပြောစေကာ သင်ခန်းစာယူနိုင်သည်။ အင်တာဗျူးရာတွင် သုံးသောနည်းလမ်းများမှာ အင်တာဗျူးသူ၏ စရိုက်ကိုလည်း ဖော်ပြသည်။ မိမိ၏ ကိုယ်ရည်ကိုယ်သွေးနှင့်ဆိုင်သောကြောင့် မိမိလုပ်ပုံ ကိုင်ပုံမှာ ကိုယ်ပိုင်ဟန်ဖြစ်နေနိုင်သည်။ ယခုအခန်းတွင် ကျွန်တော်တို့သုံးလေ့ရှိသောနည်းများကို ပြောပြပါမည်။

### ၁။အင်တာဗျူး မည့်ကိစ္စနှင့်ပတ်သက်သော ပုံနှိပ်ပြီးသားသတင်းများကို ယူသွားခြင်း

စုံစမ်းထောက်လှမ်းရလေ့ရှိသည့်သတင်းများစွာသည် လူသိရှင်ကြား မီဒီယာများတွင် ဖေါ်ပြပြီးသား ကိစ္စများ ဖြစ်နေတတ်ပါသည်။ ထိုအခါ အဆိုပါ ကိစ္စနှင့် ပတ်သက်သော ထွက်ပြီးသမျှသတင်းများထဲမှ အရေးပါသော အပိုင်းများကို စုကာယူသွားနိုင်သည်။ ထိုသတင်းများသည် အနည်းနှင့် အများဆိုသလို အမှားများလည်း ပါနေလေ့ရှိသည်။ အင်တာဗျူး မစမီ သတင်းရင်းမြစ်နှင့် ရင်းနှီးမှု တည်ဆောက်သောအချိန်တွင် ထိုသတင်းစာဖြတ်ပိုင်းများကို ယူသွားနိုင်သည် ။ သတင်းရင်းမြစ်ကို ထိုသတင်းစာဖြတ်ပိုင်းများအား မိမိနှင့်အတူ ပြန်လှန်သုံးသပ်စေပြီး မိမိကအဆိုပါသတင်းကိုရေးသော သတင်းထောက်များထက် အမှန်အကန်ကို ရေးပေးရန် ပို၍ အရေးထားပါသည်ဟူသော စကားမျိုးကို ရှင်းပြစရာမလိုပေ။

### ၂။ အခြေအနေကို လက်ထဲတွင်ရှိအောင်ထိန်းပါ။

Rolling Stone မဂ္ဂဇင်းတွင် Mick Jagger ဟူသော အဆိုတော်တေးရေးသူနှင့် အင်တာဗျူးခဲ့သော ကျွန်တော်တို့လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ အတွေ့အကြုံကို ရေးသားထားသော ဆောင်ပါးဖြစ်သည်။ အံ့ဩဖွယ်ရာ တွေ့ဆုံမှုလည်းဖြစ်သောကြောင့် ထိုအင်တာဗျူးကို စီစဉ်သူ ကျွန်တော်တို့မိတ်ဆွေသတင်းထောက်မှာ စိတ်လှုပ်ရှားနေသောကြောင့် နွေရာသီ ပူပြင်းသော နေ့ဖြစ်သော်လည်း အဆိုတော်အား အအေးတစ်ခွက်ပင် တိုက်ရန် သတိမရခဲ့ပေ။ ကျွန်တော်တို့ အင်တာဗျူးခွင့်ကြုံသောတစ်ချိန်တွင်Jagger ကို ကျွန်တော်တို့ အေးအေးသက်သာပင် ညှော်ခံဖြစ်သည်။ လက်ဘက်ရည် စီစဉ်ပေးခဲ့သော်လည်း ဤအစီအစဉ်မှာ ကျွန်တော်တို့လက်ထဲက ကျွန်တော်တို့ စိတ်ကြိုက်သွားမည့် အစီအစဉ် ဖြစ်ကြောင်း ရိပ်မိအောင် သူ့အပေါ် လိုက်လျောလွန်းသည့်ပုံစံမျိုးမပြပေ။ သူကလည်း ကျွန်တော်တို့လိုရင်းကို ရိပ်မိပါသည်။ အင်တာဗျူးမှာ ကောင်းစွာပြီးမြောက်ခဲ့သည်။

တစ်ဖက်နှင့်တစ်ဖက် သူနိုင်ကိုယ်နိုင် အပြိုင်ကျဲကြသော ကိစ္စမျိုးမှာ အင်တာဗျူးများတွင် ဖြစ်လာနိုင်ကြောင်း သတိရှိပါ။ ဖြစ်တတ်သည့် ကိစ္စတစ်ခုသာဖြစ်သည်။ မိမိရပ်နေမည့် သို့မဟုတ် ထိုင်မည့် အနေအထားကိုရွေးပါ။ မိမိစိတ်သက်သာသည့် အနေအထားမရမချင်း နေရာရွှေ့ပါ။ မိမိ အသုံးပြုနေသော ပစ္စည်းများ မိမိနှင့်အတူရှိပါစေ။ ဥပမာ- အသံဖမ်းမည့် ရက်ကော်ဒါများနှင့် မှတ်စုစာအုပ်များကို သတင်းရင်းမြစ်က

ထိန်းချုပ်နိုင်သည့် အနေအထားမဖြစ်စေရန် (သတင်းရင်းမြစ်က သင့်ပစ္စည်းများကို မည်သို့လုပ်နိုင်ကြောင်း တွေ့ရှိရလျှင် အံ့သြသွားပါလိမ့်မည် ) တကယ်ပင် သင်အံ့သြသွားအောင် သူတို့လုပ်နိုင်ကြပါသည်။

မိမိပစ္စည်းများကို နေရာချသည်နှင့် သူ့အားပြထားပြီး ဒီမှာ ကျွန်တော့်ပစ္စည်းတွေဗျ၊ ခင်ဗျားပစ္စည်းလဲ ကျွန်တော် မကိုင်ထားပါဘူး။ ကျွန်တော့်ပစ္စည်းလည်း ကျွန်တော်ခွင့်မပြုဘဲ ကောက်ယူလို့ မရပါဘူးဟု ပြောလိုက်ရမည်။ အထူးသဖြင့် ကျွန်တော် ဒီအင်တာဗျူးကို အသံသွင်းပါရစေ ဆိုတာမျိုး မပြောဖို့လိုသည်။ ကျွန်တော် ဒီအင်တာဗျူးကို အသံသွင်းထားမယ်။ အမှားအယွင်းမရှိ တိတိကျကျဖြစ်ချင်လို့ပါဟုဆိုကာ အသံဖမ်းစက်ကိုဖွင့်ပါ။ ထို့နောက် အသံသွင်းသည့် နေ့ရက်၊နေရာနှင့် အကြောင်းအရာတို့ကိုမှတ်တမ်းတင်ပါ။ အကယ်၍ အသံဖမ်းယူခြင်းကို သတင်းရင်းမြစ်က ကန့်ကွက်နိုင်ဖွယ်ရှိလျှင် သက်သေတစ်ဦးကို ခေါ်လာရန် ကြိုတင် ပြင်ဆင်ထားပါ။ ကျွန်တော်တို့ မှတ်စုထဲမှာ သေချာမှတ်ချင်လို့ပါ။ ကျွန်တော့်အဖော်တစ်ယောက်က ကျွန်တော့်ကို ကူပါလိမ့်မယ် ဟု ပြောထားနိုင်သည်။

## ၃။ သတင်းရင်းမြစ်များနှင့် လုံးထွေးနေသော သတင်းထောက် ဖြစ်၍မရ။

အချို့သောသူများသည် လူအများနှင့်တွေ့ဆုံပြီး ခင်မင်ကာ အပေါင်းအသင်းဖြစ်လျှက် စုရုံးစုရုံးနေနိုင်ရန် ဂျာနယ်လစ်အလုပ်ကို ရွေးချယ်ကြသည်။ ထိုသို့အပေါင်းအသင်းမင်ခြင်းက ပြဿနာမရှိပါ။ သို့သော် စုံစမ်းထောက်လှမ်းရေး သတင်းထောက်တစ်ဦးအနေနှင့် ဤမျှ အဖော်မင်သည်ဆိုလျှင် ခွေးတစ်ကောင်သာ ဝယ်ထားဖို့ အကြံပေးလိုသည်။။ မိမိတို့၏ သတင်းရင်းမြစ်များနှင့် အဖေါ်အပေါင်းလုပ်လျှင်ကား သတင်းထောက်တစ်ဦးအနေဖြင့် သူတို့ကို မလွဲမသွေသစ္စာဖေါက်ရခြင်း ကြုံနိုင်သည်။ အမှုတစ်ခုတွင် နစ်နာသွားသောသူတို့ပင်လျှင် အပြစ်ကင်းသူများ ဖြစ်ချင်မှဖြစ်မည်။ သတင်းထောက်က ထင်သလောက်ရိုးရှင်းသူများ ဟုတ်ချင်မှဟုတ်မည်။ နိုင်ငံအတွက် ရည်မှန်းချက်ကြီးများလှသော၊ အမြော်အမြင် ရှိသူဟုထင်ရသော နိုင်ငံရေးသမားများသည် လူလိမ်များ ဖြစ်နေနိုင်သည်။ လုပ်ငန်းကြီးတစ်ခု၏ခေါင်းဆောင် ဆိုသူများသည် သူတို့လုပ်ငန်းကို သူတို့နစ်မွန်းအောင် လုပ်နေသူများ ဖြစ်တတ်ကြသည်။ ထိုသူတို့နှင့် အပေါင်းအသင်းဖြစ်နေခဲ့သော် သူတို့ကို ဆွဲနှစ်သောရေတွင် သင်ပါ စုန်းစုန်းမြုပ်နိုင်သည်။

## ၄။ သတင်းရင်းမြစ်က သူ့ကိုယ်သူ ကာကွယ်သောနည်းမျိုးကို ပြန်သုံးကာ သူ့ကို ပြန်လည်စိန်ခေါ်နိုင်သည်။

Oriana Fallaci ၏ ဟင်နရီ ကစ်ဆင်းဂျားနှင့် အင်တာဗျူးမှာ ဂန္ထဝင်အဖြစ် နာမည်ကျော်သည်။ ကစ်ဆင်းဂျားသည် အမျိုးသမီး သတင်းထောက် အိုရီယားနားကို ကျောပေးထိုင်ကာသတင်းထောက်ကို အရှက်ရစေသော အမူအယာမျိုးဖြင့် အင်တာဗျူးကိုစတင်သည်။ ကျောပေးလျက်ထိုင်ရာမှ မင်း ငါ့ကို ချစ်နိုင်မလားဟူသော စော်ကားသည့် မေးခွန်းများမေးခဲ့သည်။ Fallaci မှာ အလွန် ဒေါသ ထွက်ခဲ့သည်။ သို့သော် ကစ်ဆင်ဂျာသည် အမျိုးသမီးများနှင့် ပြဿနာတက်ဖူးသူဖြစ်ကြောင်း သတိရသွားသည်။ မည်သို့ပင်ဖြစ်စေ သူ့အလုပ် သူလုပ်နေသည့်ဂျာနယ်လစ်ကို ဤသို့ အနိုင်ကျင့်သူတစ်ဦးအား ဂျာနယ်လစ်ဘက်မှ သနားစရာ အကြောင်းမရှိဟု Fallaci တွေးလိုက်သည်။ အင်တာဗျူးနေရင်းနောက်ပိုင်းတွင် အမျိုးသမီးတို့၏ မာယာကို သုံးကာ မြှောက်ပင့်ရင်း မိမိလိုချင်နေသော မေးခွန်းများ၏ အဖြေကို မရရအောင် ကြိုးစားသည်။

(ဥပမာ - ကျွန်မ အာကာသယာဉ်မှူးတွေကို မေးခဲ့ဖူးသလိုပဲ ရှင့်ကို မေးရဦးမယ်။ လကမ္ဘာပေါ်မှာ လမ်းလျှောက်ပြီး သွားပြီဆိုရင် ရှင်ဘာလုပ်နိုင်မှာမို့လဲ ဟူသော မေးခွန်းမျိုးဖြင့် ဆွဲခဲ့ခြင်းဖြစ်သည်။)

## အခန်း(၄)

ထိုမာယာမျိုးမှာ ကစ်ဆင်းဂျားကို အိန္ဒြေပျက်စေခဲ့သည်။ စကားတွေမှားလာသည်။ နောက်ဆုံးစကားတွေကို မထိန်းနိုင်တော့လောက်အောင်ဖြစ်လာသည်။ ထိုအင်တာဗျူး၏ ရလာဒ်မှာနိုင်ငံရေးအာဏာ ရှိနေသူတစ်ဦး၏ ပေါက်ကွဲသံကို ကြားခဲ့ရခြင်းပင်ဖြစသ်ည်။ မိမိကိုယ် အနိုင်ကျင့်နေသော အင်အားကြီးသူများနှင့်ရင်ဆိုင်ချိန်တွင် Fallaci ကဲ့သို့ပင် သနားခြင်းရန်ကင်းရန်လိုသည်။ ဥပမာ- အစိုးရ၏ မျက်နှာစာဖြစ်သော ခေါင်းဆောင်တစ်ဦးသည် ကျင့်ဝတ်အကြောင်း ကြေညာချက်များ တွင်တွင်ဖေါ်ပြဖြစ်သော်လည်း အင်တာဗျူးတွင် ထိုကျင့်ဝတ်များနှင့် ဆန့်ကျင်သော စကားများကို ပြောနေသောအခါမျိုးတွင်ညှာတာရန်အကြောင်းမရှိပေ။

### ၅။သတင်းရင်းမြစ်ကို အံ့အားသင့်အောင်လုပ်ပါ။

အများပြည်သူသိအောင် ကျော်ကြားသူများနှင့် အင်တာဗျူးသောအခါတွင် ထိုသူတို့မှာ အကြောင်းအရာတစ်ခုတည်းကိုပင် အကြိမ်ပေါင်းများစွာမေးခွန်းထုတ်ခံရဖူးသူများဖြစ်ကြောင်း သတိပြုပါလေ။ ထိုသူများ ကြုံနေကျမဟုတ်သည့် မေးခွန်းမျိုးကို ပြင်ဆင်သွားပါ။ အခြားသူများ၏ အင်တာဗျူးကို လေ့လာကြည့်ပြီး မတူသည့်ပုံစံဖြင့်မေးပါ။ သတင်းထောက်များ မမြင်သေးသည့်ထောင့်မှာ အံ့သြစရာကောင်းလွန်းသည့် အဖြေမျိုးကိုရလေ့ရှိသည်။ ဥပမာ Mick Jagger နှင့် တွေ့ဆုံစဉ်ကဖြစ်သည်။ သူသည် မေးခွန်းပေါင်းများစွာဖြင့် အကြောင်းအရာပေါင်းများစွာ ဖြေဆိုရဖူးသူဖြစ်သည်။ သို့သော် သူ့ကို မမေးဖြစ်ခဲ့ကြသည်မှာ ဂီတကို ဘယ်လိုဖွဲ့သလဲဟူသော မေးခွန်းဖြစ်သည်။ သူသည် ထိုမေးခွန်းကိုဖြေရန် ဝမ်းသာအယ်လဲ ရှိလှသည်။

### ၆။ သတင်းရင်းမြစ်က သင့်ကို အံ့အားသင့်အောင် လုပ်ခွင့်ပေးပါ။

သတင်းထောက်များသည် အမြဲလိုပင် လောနေကြသည်။ သတင်းရင်းမြစ်များနှင့်တွေ့လျှင် သူတို့မအားကြောင်းကို သူတို့လိုချင်တာသာ မေးမြန်းခြင်းအားဖြင့် ပြသကြသည်။ သူတို့သည် သတင်းရင်းမြစ် ပြောချင်တာပြောနိုင်ရန် အချိန်မပေးကြပါ။ ထိုသူတို့က အရေးကြီးသည်ဟု စဉ်းစားထားသောအရာများကို နားထောင်ပေးခြင်းဖြင့် သင်သည် သတင်းထောက်တို့၏ လမ်းရိုးကြီးမှ ခွဲထွက်နိုင်ပါသည်။

အထူးသဖြင့်သတင်းရင်းမြစ်တစ်ဦးက ဤသို့ပြောတတ်သည်ကို ကြားရလေ့ရှိသည်။ မင်းမေးတာလည်း ငါဖြေနိုင်ပါတယ်ကွာ၊ ဒါပေမယ့် မင်းမမေးဖြစ်တဲ့အထဲမှာ အရေးကြီးတာတွေ ဖြေဖို့ရှိနေသေးတယ် ထိုအခါ သတင်းထောက်များအနေဖြင့် မပြောသင့်ဘဲ ပြောလိုက်တတ်သည်မှာ နောက်မှပေါ့ဗျာ ဟူ၍ ဖြစ်သည်။ အမှန်ဖြစ်သင့်သည်က ပြောပါခင်ဗျာ ဟူ၍ဖြစ်ရမည်။ သူတို့ပြောသောအဖြေများသည် သင်တစ်ခါမျှမကြားဖူးခဲ့သော အကြောင်းအရာများ ဖြစ်နေနိုင်သည်။ လက်ရှိလိုက်နေသော သတင်းထက်ပင် ပို၍ အရေးကြီးသောသတင်းတစ်ပုဒ် ဖြစ်နေနိုင်သည်။

### ၇။ သတင်းရင်းမြစ်ကို အလုပ်ပေးပါ။

ဖြစ်ကြောင်းကုန်စင်ကို အင်တာဗျူးသောအခါတွင် အတိတ်ဖြစ်ရပ်တို့ကို အစဉ်အတိုင်းသိရန် လိုအပ်လာသော အခါများရှိလာနိုင်သည်။ ထိုအခါမျိုးတွင် အင်တာဗျူးများကို လွန်ခဲ့သောအချိန်များတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ခြေရာပြန်ကောက်ပေးပါရန် တောင်းဆိုနိုင်သည်။ ရှေ့နောက် အစီအစဉ်ကျသောဖြစ်ရပ်တို့ကို အသေးစိတ် ပြန်ပြောင်းပြောဆိုစေပြီး မိမိသိထားသမျှ မှန်မမှန်စစ်ဆေးနိုင်သည်။ ဖြစ်ရပ်တစ်ခုတိုင်းတွင် ထိုစဉ်က မည်သူတို့ပါဝင်ခဲ့သည်။ မည်သည့်အကြောင်းအရာကို ပြောခဲ့သည် အစရှိသည်ဖြင့် မှတ်သားကြရမည်။ သတင်းရင်းမြစ်သည် ပထမဆုံးအကြိမ် အတိတ်ကို ပြန်အောက်မေ့ချိန်တွင် ဖြစ်ရပ်တိုင်းကို တိတိကျကျ အပြည့်အစုံ မှတ်မိချင်မှ မှတ်မိပါလိမ့်မည်။ သူတို့၏ မှတ်ဉာဏ်ကို ဆွပေးရမည်။ အတိတ်၏ နာကျင်မှုများကို ဖြေလျှော့

နိုင်အောင် အချိန်စောင့်ရမည်။ ထိုနည်းဖြင့်မေးမြန်းခြင်းကြောင့် လက်ရှိ မိမိရောက်နေသော လမ်းကြောင်းပေါ်မှ မိမိသတင်းမှာ လုံးလုံး နေရာရွှေ့သွားခြင်းမျိုးဖြစ်နိုင်သဖြင့် ထိုသို့ဖြစ်ခဲ့လျှင် မတုန်လှုပ်ရန် ပြင်ဆင်ထားရမည်ဖြစ်သည်။

## ၈။ ထုတ်မပြောသောစကားများကို နားလည်အောင်ကြိုးစားခြင်း

ဇာတ်သမားတို့၏ ဝေါဟာရတွင် ဇာတ်စကား (Text) ဆိုသည်မှာ စင်ပေါ်တွင်ပြောသော ဒိုင်ယာလော့များကို ခေါ်ပါသည်။ သို့သော ကန့်လန့်ကာနောက်မှ စကားလိုက်သော စကားကိုမူ (subtext) ဟု ခေါ်ဆိုသည်။ အင်တာဗျူးသောအခါတွင် ထို subtext ကန့်လန့်ကာနောက်ကွယ်က စကားများကို သတိထားရမည်။

- မိမိကို ဖြေကြားသူ၏ အသံသည် တင်းမာမှုကြောင့် ပြောင်းလဲသွားသောအခါမျိုးကို သတိထားရမည်။

- အင်တာဗျူးဖြေပေးနေသူ၏ စကားများမှာ ယောင်ဝါးဝါးဖြစ်လာလျှင် စကားတစ်ခွန်းကို ကြိမ်ရေထပ်ပြီး ပြောလာလျှင် သတိထားပါ။ ထပ်ကာ ထပ်ကာပြောလာသောအခါ မှတ်ဉာဏ်ကို ပိုပြီး ဆွဲခေါ်နိုင်သည်။ ဤသို့စကားများထပ်လာပြီး အဟောင်းကို ပြန်မှတ်မိကာ အကြောင်းအရာသစ်များ ပေါ်လာလျှင်မူ ကောင်းပါသည်။

အင်တာဗျူးကို လက်ခံပြီး ဖြေပေးနေသူ သတင်းထောက်က မမေးဘဲ စကားများပြောနေလျှင် သတိထားပါ။ သတင်းရင်းမြစ်မှာ တကယ်ပင် အရေးကြီးသောကိစ္စကို သိစေချင်၍လား၊ အခြားအကြောင်းအရာတစ်ခုကို မမေးအောင် စကားလမ်းကြောင်း လွှဲစေချင်၍လား သတိထားရမည်။ အကယ်၍ လမ်းကြောင်းလွှဲနေပြီဆိုလျှင် သူဖုံးကွယ်ချင်သော အကြောင်းအရာမှာ သတင်းထောက်က အလွန်တရာသိချင်နေသော ကိစ္စဖြစ်ဖို့ နီးစပ်ပါသည်။ အကယ်၍ အသံဖမ်းစက်ဖြင့် ဖမ်းထားသောစကားများကို ပြန်ရေးချနေသောအချိန်တွင် ထိုကဲ့သို့ စကားလမ်းကြောင်းလွှဲလိုက်သော အခိုက်အတန့်များကို သတိထားနားထောင်ပါ။

## ၉။ သတင်းရင်းမြစ်ကို သတင်းစုံစမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ခွင့်ပြုခြင်း

သတင်းရင်းမြစ်နှင့် သတင်းထောက်ကြား ရရှိလာသော ရင်းနှီးမှုသည် သတင်းအတွက် အင်တာဗျူးချိန်တွင် သူ့ထံမှ ရရှိနိုင်သည့် အချက်အလက် တစ်စုံတစ်ရာထက် ပို၍ တန်ဖိုးကြီးပါသည်။ အချိန်ကြာလာသည်နှင့်အမျှ ထိုခင်မင်မှုမှာ ခိုင်မြဲလာပြီး တစ်ဦးကို တစ်ဦး အပြန်အလှန် ဝတ္တရားစောင့်ထိန်းရန် နားလည်လာကြသည်။ သို့သော် ခင်မင်ရင်းစွဲရှိလာသော အခါ အစောပိုင်းတွင် သတင်းထောက်၏ မသိစိတ်တွင် သတင်းရင်းမြစ်၏ ဘဝအတွေ့အကြုံများထဲသို့ အတင်း တိုးဝင်ကာ မေးမြန်းနေရသည်ကို အပြစ် မကင်းသလိုခံစားလာနိုင်သည်။ ထိုမသိစိတ်ဖြင့်ပင် သတင်းရင်းမြစ်ကို မသိလိုက် မသိဘာသာ ရှောင်တတ်လာသည်။ ထိုလုပ်ရပ်မှာလည်း မှားသောလုပ်ရပ်ဖြစ်သည်။ ဖြစ်သင့်သည်မှာ ထိုသတင်းရင်းမြစ်နှင့် မိတ်မပျက် ပုံမှန်တွေ့ဆုံလျှက် မိမိဘက်က ပေးနိုင်သောသတင်းအချက်အလက်များကို ပြောပြပေးနိုင်သည်။ သူတို့၏ လတ်တလောအခြေအနေကိုလည်း မေးမြန်းနိုင်သည်။ သို့မဟုတ် သတင်းရင်းမြစ်အနေဖြင့် သိထားသော ကိစ္စတစ်ခုနှင့်ပတ်သက်ပြီး ဝေဖန်ချက်တောင်းနိုင်သည်။ မိမိက အရေးတကြီး သိလိုသည့်ကိစ္စရှိမှသာ သတင်းရင်းမြစ်ရှိနေသေးကြောင်း သတိရပြီး ရုတ်ချည်းဆက်သွယ် စကားပြောဖြစ်မည့် အဖြစ်မျိုး မဖြစ်သင့်ပေ။

သတင်းရင်းမြစ်နှင့် ထိုသို့ ရင်းနှီးအောင် ဆက်ဆံထားလျှင် မိမိ၏ သတင်းတွင် ထိုသူတို့လည်း သက်ဆိုင်သူများ ဖြစ်လာကြသည်။ မိမိကိစ္စ အကျိုးအကြောင်းကိုလည်း ပြောပြရင်း၊ မိမိတိုးတက်လာမှုကို သူတို့အား အသိပေးရင်း၊ သတင်းကိစ္စများပေါ်တွင် ထင်မြင်ချက်တောင်းခြင်း၊ ကိုယ်တွေ့ကြုံခဲ့ဖူးသည်များကို မေးမြန်းခြင်းဖြင့် သတင်းရင်းမြစ်ကလည်း ထိုသတင်းမှာ သူနှင့် သက်ဆိုင်နေသကဲ့သို့ ခံစားလာရသည်။ အရေးကြီးသော

သတင်းကိစ္စတွင် ထိုကဲ့သို့သော သတင်းရင်းမြစ်မှာ အမှန်တကယ်ပင် သတင်းထောက်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်လာသည်။

### ၁၀။ မိမိ၏ မှတ်စုများကို အချိန်မလင့်ခင် ပြန်ဖတ်ပါ။

အင်တာဗျူးပြီးသည်နှင့် အခြားအလုပ်တစ်ခုသို့ မကူးမီအချိန်အနည်းငယ်ချန်ပါ။ ၁၅ မိနစ်မျှဆိုလျှင် လုံလောက်မည်ထင်သည်။ မိမိရေးထားသော မှတ်စုများကို ပြန်စစ်ကြည့်ရန်ဖြစ်ပြီး မိမိကျန်ခဲ့သည်များရှိလျှင် ထပ်မံရေးဖြည့်နိုင်သည်။

မိမိ မမှတ်ထားနိုင်ခဲ့သော တစ်ဖက်လူ၏ အမူအယာနှင့် စကားသံ အပြောင်းအလဲများ၊ နှစ်ခွ ပြောခဲ့သောစကားများနှင့် အင်တာဗျူးသည့် အခန်းထဲက ထွက်လိုက်သည်နှင့် ခေါင်းထဲပေါ်လာတတ်သော အခြားမှတ်စရာများကို ဖြည့်စွက်နိုင်သည်။ ထိုစကားလုံးများ မြန်မြန်ဖမ်းယူပါ။

### ၁၁။ အားလပ်ချိန်ထားပြီး အနားယူပါ။

သတင်းထောက်များသည် အချင်းချင်း သတင်းဖလှယ်တတ်သူများ ဖြစ်ကြသော်လည်း တစ်ဖက်လူအင်တာဗျူး ဖြေပေးနေသူနှင့် စကားရှည်ရှည်ပြောရန်မှာ အားကုန်လှသည်ဟု ထင်သူများဖြစ်တတ်ကြသည်။ သတင်းစာတွင် ရေးသူတို့သည် အင်တာဗျူးလင် တစ်နာရီ နှစ်နာရီထက် ပို စကားမပြောချင်၊ စုံစမ်းထောက်လှမ်းရေးဂျာနယ်လစ်များကမူ ရက်ပေါင်းများစွာ အချိန်ယူရတတ်သည်။ ထိုသို့ အချိန်ယူရသည်ဖြစ်ရာ သတင်းထောက်မှာမိမိကိစ္စ မပြတ်သေးသော်လည်း ထိုစကားများ ပြောနေရသည်ကို ငြီးငွေ့လာနိုင်သည်။ စိတ်လည်း တိုလာနိုင်သည်။ ထိုအခါမျိုးတွင် ထိုသတင်းထောက်မှာ ဘုဘောက်ကျသော စကားလုံးမျိုး ပြောရန် နီးစပ်လာသည်။ မိမိကိုယ်မိမိသတိထားလျှင် ထိုသို့ စိတ်တို စိတ်ပျက်နေသောအချိန်တွင် သတင်းရင်းမြစ်နှင့် ဆက်ဆံရေးပျက်ပြားစေနိုင်သောစကားမျိုး ထွက်မသွားရန် သတိထားရပေမည်။

## On the record, off the record နှင့် အမည်မဖော်လိုသော သတင်းရင်းမြစ်များ

သတင်းရင်းမြစ် အတော်များများမှာ ဒီသတင်းက off the record နော်ဟု ဆိုရန် အလွန်ဝါသနာပါကြသည်။ သို့သော် ထိုစကားလုံးမှာ ဘာကို ဆိုလိုသည်ကို သူတို့မသိနေခြင်းပင်ဖြစ်သည်။ ထိုနည်းတူပင်အချို့သော သတင်းထောက်များမှာလည်း ဤအဓိပ္ပါယ်ကိုမသိကြ။ အမည်မဖော်လိုသူ သတင်းများနှင့် သူတို့ပြောသောစကားများအား ဖော်ပြပုံ အမျိုးမျိုးကို အောက်ပါအတိုင်း သိရှိနိုင်သည်။

### off the record

သတင်းထောက်သည် သတင်းရင်းမြစ်ထံမှရရှိသော အချက်အလက်များကို မသုံးပါဟု ကတိပြုရခြင်းဖြစ်သည်။ သို့သော် ထိုအချက်အလက်များကိုပင် အခြားသူတစ်ဦးထံမှ ခွင့်ပြုချက်ဖြင့် ရရှိခဲ့လျှင်မူ ထိုကတိကိုဆက်လက်ထိန်းသိမ်းရန်မလိုပေ။ သတင်းရင်းမြစ်အနေဖြင့်လည်းတားဆီးခြင်းငှာ မတတ်နိုင်ပေ။

**Not for Attribution** - သတင်းရင်းမြစ်၏ အမည်ကိုမသုံးဘဲ အချက်အလက်ကို ဖော်ပြနိုင်သည်။ သတင်းထောက်သည် သတင်းရင်းမြစ်ထံမှ ရလာသောအချက်အလက်များဖြင့်ရေးသားနိုင်သော်လည်း ထိုအချက်အလက်များကို ရရှိလာသည့် သတင်းရင်းမြစ်၏အမည်ကို မသုံးစွဲရန်ဖြစ်သည်။ အကယ်၍သတင်းရင်းမြစ်နှင့် ညှိနိုင်း၍ ၄င်းက ခွင့်ပြုလျှင်မူ သူ၏ အမည်အစား ရည်ညွှန်းချက်တစ်ခုထည့်လာနိုင်သည်။ ဥပမာ- တရားရေးဌာန အဆင့်မြင့်ရာထူးကြီးများနှင့် နီးစပ်သူတစ်ဦးက ပြောကြားသည် အစရှိသည်ဖြင့်

# အခန်း(၄)

## On The Record

သတင်းထောက်သည် သတင်းအချက်အလက်များကို အသုံးပြုနိုင်သလို သတင်းရင်းမြစ်၏ အမည်ကိုလည်း ဖော်ပြနိုင်သည်။ အရေးကြီးသည့် မှတ်သားစရာတစ်ခုရှိပါသည်။ လူအတော်များများက ကျွန်တော် ဒီသတင်းကို **off the record** ပဲထားလိုက်မယ်ဗျာဟု ဆိုသောအခါ သူတို့ဆိုလိုရင်းမှာ သတင်းအချက်အလက်ကို ခင်ဗျားသုံးလိုက သုံးပါ။ ဒါပေမယ့် ကျွန်တော့်နာမည် မထည့်ပါနဲ့ဟူ၍ ဖြစ်သည်။ ထိုအခါ သတင်းထောက်က ပြန်မေးရမည်မှာ ခင်ဗျား ပြောချင်တာက ဒီသတင်းကို မသုံးနဲ့လို့ ပြောချင်တာလား။။ ဒါမှမဟုတ် ခင်ဗျားနာမည်ကို မသုံးနဲ့လို့ ပြောချင်တာလားဟု ပြန်မေးပါ။ ထို့ပြင် ဒီကိစ္စကို တစ်ခြား ဘယ်သူတွေသိသေးလဲဗျ။ တကယ်လို့ ကျွန်တော် ဒီသတင်းကိုရေးလိုက်ရင် လူတွေက ခင်ဗျားဒါကိုပေးလိုက်တာလို့ တန်းပြီး သိနိုင်သလား ဟူသော မေးခွန်းမျိုးကို မေးရမည်။ အကယ်၍ မသိနိုင်ပါဟု ဖြေလျှင် ကျွန်တော် သတင်းရင်းမြစ်နေရာမှာ ဘယ်လိုဖော်ပြလိုက်လျှင် အဆင်ပြေမလဲဟု မေးနိုင်သည်။ ဒါဆို ခင်ဗျားနာမည်ကို ကျွန်တော် ဘယ်လိုထည့်လိုက်ရမလဲ ဟု မမေးပါနှင့်။

သတင်းရင်းမြစ်ထံတွင် အမည်မဖော်ဘဲ နေခွင့်အပြည့်ရှိပါသည်။။ သူတို့၏ လုံခြုံရေးအတွက် အလုပ်အကိုင်အတွက် အန္တရာယ်ရှိနိုင်သော အခြေအနေရှိနေပါလျှက်နှင့် သတင်းရင်းမြစ်များက ကျွန်တော်တို့အား သူတို့၏အမည်နှင့်တကွ သုံးနိုင်သော သတင်းများကို ပေးလိမ့်မည်ဟု မမျှော်လင့်သင့်ပေ။ သူတို့ရင်ဆိုင်ရနိုင်သော အခက်အခဲများကို သူတို့က ပိုချိန်ဆနိုင်ပါသည်။ သတင်းထောက်၏တာဝန်မှာ ၄င်းတို့၏ အမည်မဖော်လိုသော ဆန္ဒကို လေးစာရန်သာဖြစ်သည်။ သတင်းများကိုရေးသားသောအခါတွင်လည်း သတင်းပေးသူကို မမှန်းဆနိုင်အောင် ရေးကြရမည်။ သစ္စာဖောက်သောတစ်စုံတစ်ယောက်သောသူထံမှ ရခဲ့သော သတင်းကြောင့်သာ ငါ့အားဤသို့မေးနိုင်သည်ဟု တစ်ဖက်လူက တပ်အပ်သိသွားနိုင်သည့် မေးခွန်းများ မမေးမိရန်လည်း သတိထားရမည်။

အမည်မဖော်ထားသော သတင်းရင်းမြစ်များကို သုံးရသည့်အခါတွင် ထိုအချက်အလက်များ မမှန်ခဲ့သော် ပြဿနာကို ရှင်းရမည့်သူမှာ သတင်းထောက်ကိုယ်တိုင်ဖြစ်သွားတော့သည်။ သတင်းရင်းမြစ်၏ ပုခုံးပေါ်မှ ဝန်ထုပ်သည် သတင်းထောက် ပုခုံးပေါ်ရောက်လာခြင်းမျိုးဖြစ်သည်။

အကယ်၍ သတင်းမှာမမှန်ကန်သဖြင့် တရားစွဲခံရတော့မည်ဆိုလျှင် မိမိ၏ စေတနာကောင်းဖြင့် လုပ်လိုက်သော အချက်ကိုလည်းကောင်း၊ သတင်းအချက်အလက်မှာ မှန်ကန်တိကျမှုကိုလည်းကောင်း ကိုးကားပြစရာ သက်သေမရှိဖြစ်ရတတ်သည်။ သို့ဖြစ်ရာ ဖြစ်နိုင်လျှင် အမည်မဖော်လိုသူ သတင်းရင်းမြစ်၏ အပြောတစ်ခုတည်းဖြင့် သတင်းကို ရေးသားထုတ်ပြန်ခြင်းမလုပ်သင့်။ အောက်ပါ အခြေအနေတစ်ခုခုရှိနေမှသာ ထိုသတင်းမျိုးကို ရေးသင့်သည်။

- အခြားသော သတင်းရင်းမြစ်များထံမှ ထိုကိစ္စနှင့်ပတ်သက်သော စာရွက်စာတမ်း အထောက်အထားများရနိုင်လျှင်

- အမည်မဖော်လိုသည့် သတင်းရင်းမြစ်ကပေးလာသော အချက်အလက်များသည် အခြားအတည်ပြုနိုင်သော ရင်းမြစ်များက ရလာသည့်ဖြစ်ပျက်ပုံများနှင့် တိုက်ဆိုင်နေလျှင်

- သတင်းရင်းမြစ်မှ ယခင်တည်းက ယုံကြည်ရလောက်သူဖြစ်လျှင်

- အကယ်၍ သတင်းရင်းမြစ်က ပြောသောအချက်သည် စာရွက်စာတမ်း တစ်ခုခုတွင်ပါရှိပြီး ထိုစာရွက် စာတမ်းကို ဖော်ပြရုံမျှဖြင့် သတင်းရင်းမြစ်မှာ မည်သူ ဖြစ်ကြောင်း နောက်ကြောင်း ရာဇဝင်လိုက်၍တပ်အပ် မသိနိုင်လျှင် ထိုစာရွက် စာတမ်းကို တောင်းယူကာ ရေးသားနိုင်သည်။

- သို့သော်အဖြစ်အပျက်ကြီး တစ်ခုလုံးကို သတင်းထောက်အနေဖြင့် ခြုံငုံနားလည်းခြင်း မရှိသေးလျှင် စာရွက်စာတမ်း တစ်ခုခုမှ တစ်ကြောင်းတစ်လေကို သတင်းရင်းမြစ်မျိုးက ကိုးကားပြောဆိုသောအခါ ထိုစာရွက်စာတမ်းကို မသုံးသေးပဲ ဆက်လက် စိစစ်ရန်ဖြစ်သည်။ ပြင်သစ်က ရောဂါပိုးများပါနေသော သွေးကိစ္စတွင် Le Monde'

# အခန်း(၄)

သတင်းစာမှ ဆေးပညာဘက်ဆိုင်ရာ သတင်းထောက်ကို သတင်းရင်းမြစ်က ထိုလှည့်ကွက်မျိုး သုံးလိုက်သောကြောင့် သတင်းထောက်မှာ နာမည်ပျက်ခဲ့ရသည်။

အကယ်၍ ထိုကဲ့သို့သော အထောက်အထားများကို ရှာမတွေ့နိုင်လျှင် သတင်းထောက်အနေဖြင့် မူလ သတင်းရင်းမြစ်အား ၎င်း၏ အမည်ကိုးကားခွင့် ပြုနိုင်ပါသလားဟု ပြန်မေးရန်ဖြစ်သည်။ ထိုအခါ သူ့ဘက်က အမြင်ကိုလည်း ဖော်ပြနိုင်မည်ဖြစ်သည်။ တစ်ခါက အတွေ့အကြုံဖြစ်သည်။ ကျွန်တော်တို့ကို သတင်းရင်းမြစ်က သူ့အမည်ကို သုံးနိုင်ကြောင်းပြောရန် ချီတုံချတုံဖြစ်နေသည်။ ထိုအခါ ကျွန်တော်တို့က ကျွန်တော်တို့ ဒီသတင်းကို ရေးတဲ့အခါ ခင်ဗျားနာမည် သုံးရမယ်ဗျ။ ဒါပေမယ့် ခင်ဗျားနာမည်နဲ့တွဲပြီး ဖော်ပြထားတဲ့ သတင်းအပိုင်းကို ပုံမနှိပ်ခင်မှာ ခင်ဗျားပြန်ကြည့်လို့ရအောင် ကျွန်တော်တို့ ပို့ပေးလို့ရပါတယ်။ တကယ်လို့ ခင်ဗျားမကြိုက်ဘူးဆိုရင် ပြန်ဖြုတ်လိုက်ကြတာပေါ့ဟု ပြောခဲ့ဖူးပါသည်။ သတင်းရင်းမြစ်များသည် ထိုအခြေအနေတွင် အနည်းဆုံး အချက်အလက်တစ်ချို့ကိုတော့ ဖော်ပြတတ်ကြပါသည်။

## စိတ်ခံစားချက်၏ စေစားခံဖြစ်ရမည့်အစား

## စိတ်ခံစားမှုကို အသုံးချနိုင်သူ ဖြစ်ပါစေ။

ဤအခန်းတစ်ခုလုံးတွင် သင့်အနေနှင့် သတိထားမိလျှင် မြင်သာသောအချက်မှာ သတင်းရင်းမြစ်နှင့် မိမိတို့ ဆက်ဆံရေးကြားတွင် စိတ်ခံစားမှု၏ အရေးကြီးပုံကို ထပ်ခါတလဲလဲ ပြောနေခြင်းပင်ဖြစ်သည်။ စိတ်ခံစားချက်နှင့် ပတ်သက်၍ ဆွေးနွေးစရာများကို ချဲ့ထွင် စဉ်းစားကြည့်ကြပါစို့။ စိတ်လှုပ်ရှားမှုသည် သတင်းပင်ဖြစ်သည်။

သတင်းထောက်သည် စိတ်လှုပ်ရှားမှုကင်းပြီး ဘက်မလိုက်ရ၊ ကြားနေနိုင်ရမည်ဟု လေ့ကျင့်သင်ကြားပေးသော စနစ်များဖြင့်နေထိုင်လာရသော ဂျာနယ်လစ်များသည် သတင်းရင်းမြစ်ထံမှ သတင်းကို နားထောင်သောအခါ အလျင်စလိုဖြင့် အချက်အလက်ကိုသာ ကောက်နှုတ်ယူ၍ ထိုသူတို့၏ စိတ်ခံစားချက်ကို မသိကျိုးကျွံ ပြုတတ်ကြသည်။ သတင်းထောက်သည် မိမိ၏ စိတ်ခံစားမှုအပါအဝင် စိတ်ခံစားမှုမှန်သမျှ နားငြီးစေသော အသံများဖြစ်သည်ဟုသာ မှတ်ယူတတ်ကြသည်။ ထို့ကြောင့်ပင်လျှင် သတင်းထောက်များအနက် ဝါရှင်တန် ပို့စ်က အခြားသူများထက်စာလျှင် အတွေ့အအကြုံနည်းသေးသော သတင်းထောက်နှစ်ဦးက ဝါးတားဂိတ်လို ကိစ္စ မျိုးကို ဖော်ထုတ်နိုင်ခြင်းဖြစ်သည်ဟု The Powers That Be စာအုပ်တွင်David Halberstalm က ရေးသားသည်။ သူတို့နှင့် အလားတူ သတင်းထောက်များက ထိုအခြားသူများထက်စာလျှင် စိတ်ခံစားချက်ဘက်သို့ ယိုင်ခဲ့သူများ ဖြစ်ခဲ့ကြသည်။ သူတို့၏ ဝါးတားဂိတ်သတင်းရင်းမြစ်များပေးသောသတင်းမှာ သတင်းကြီးတစ်ခု ဖြစ်ကြောင်း သိရှိသွားကြသည်။

အနိမ့်ဆုံးအားဖြင့်စိတ်လှုပ်ရှားမှုမှာ တစ်ခုခုဖြစ်နေပြီဟု သင့်အားနှိုးဆော်ပေးသည်။ ထိုဖြစ်နေသော ကိစ္စမှာလည်း အရေးကြီးသည်ဟု ထပ်ပြောပြန်သည်။ ကံကောင်းလျှင် စိတ်ခံစားမှုကြောင့်ပင် မည်သည့် လမ်းကြောင်းသို့ လိုက်ရမည်ကို သိသွားနိုင်သည်။

ဥပမာ - ပြင်သစ်အမျိုးသားပါတီနှင့် တွေ့ဆုံသောအခါ ကျွန်တော်တို့သည် အခန်း၏ တစ်ဖက်သို့ ကပ်ပြီး နေမိလျှက်သား ဖြစ်သွားသည်။ ကျွန်တော်တို့ရှိနေသောဘက်တွင် ရှိသောသူများသည် သူတို့အချင်းချင်း တစိတ်တည်း တစ်ဝမ်းတည်း စုမိနေသောသူများဖြစ်ပြီး ထိုသူတို့သည် ပြင်သစ်အမျိုးသားပါတီ၏ကက်သလစ် ခရစ်ယာန် အစုအဖွဲ့များဖြစ်ကြသည်။ သူတို့၏ လူမျိုးရေးအစွန်းရောက်မှုများ၊ အကြမ်းဖက်လိုသော စိတ်ထားများကို အများသိပြီးဖြစ်သည်။ သို့သော် အခန်း၏ တခြားတစ်ဖက်တွင် ရှိနေသောသူများကို ကြည့်လျှင် ပို၍ပင် နောက်တွန့်သွားစရာဖြစ်သည်။ အလိုလိုကြောက်ရွံ့လျက် ရှောင်မိလျက်သားဖြစ်သည်။ သူတို့မှာ မည်သူနည်း။ ထိုသူတို့သည် ကက်သလစ် ခရစ်ယာန်များမဟုတ်ကြဘဲ နတ်ဘုရားတစ်မျိုးကို ကိုးကွယ်သူများဖြစ်ကြပြီး သူတို့တွင် လိုက်နာစရာပညတ်တော်ဆယ်ပါးလည်းမရှိပေ။ ကက်သလစ်အစွန်းရောက်များထက်ပို၍ကြောက်စရာကောင်းကြောင်း

စုံစမ်းရေးသားထားခဲ့ကြသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့တွင် ကြောက်စိတ် ရှိနေခဲ့ပြီး သူတို့ကို ရှောင်ခဲ့ခြင်းဖြစ်သည်။ ပါတီတွင် ထိုသူတို့သည် မြင့်မားသော ရာထူးများကို ရယူထားကြပြီး ကတ်သလစ်အုပ်စုများနှင့်လည်း မကျေလည်မှုရှိနေသည်မှာ သိသာလှသည်။ အကယ်၍ ကျွန်တော်တို့တွင် ကြောက်စိတ်သာ ရှိမနေခဲ့လျှင် ထိုနေရာတွင် ဖြစ်ပျက်နေသည်များကို ကျွန်တော်တို့ လေ့လာတွေ့ရှိဖို့ မလွယ်ပေ။

## ၂။ စိတ်ခံစားမှုကို သန့်စင်ပစ်ရခြင်း

အထက်တွင်ဖော်ပြထားသည့်အတိုင်း စုံစမ်းထောက်လှမ်းမှု များစွာကိုဆောင်ရွက်သောအခါ အစောပိုင်းတွင် မေးမြန်းဖြစ်လိုက်သူများမှာ အနိုင်ကျင့်ခံလိုက်ရသူများ ဖြစ်နေတတ်သည်။ သူတို့သည် အကူအညီ ချက်ချင်းရရှိရန် လိုအပ်နေသောသူများဖြစ်ပြီး စိတ်သက်သာရာ ရလိုကြသည်။ သတင်းထောက်အဖို့မှု သတင်းရင်းမြစ်၏ စကားအပေါ် ရင်ဖွင့်ထားလျှင် ဖွင့်ထားသလောက်အပူ ကူးစက်မည်သာဖြစ်သည်။ နာကျင်မှုများ၊ ဒေါသများကို စုတ်ယူမိသောအခါ ထိုဒုက္ခများကို မညည်းညူမိစေရန် သတိထားရမည်။ အထူးသဖြင့် သတင်းရင်းမြစ်များနှင့် တွေ့ဆုံချိန်တွင် ပိုသတိထားရမည်။ မိမိမှာ ထိုသတင်းကိုရေးချပြီး စိတ်ကို ပေါ့အောင် လွှတ်ထုတ်နိုင်သည့်အချိန်သို့ မရောက်သေးသရွေ့ တစ်ချိန်ချိန်တွင် သင်သည်လည်း စိတ်ဓါတ် အကြီးအကျယ်ကျသွားနိုင်ကြောင်းသိထားရမည်။ Chris De Stoopဟုခေါ်သော ဘယ်လ်ဂျီယံသတင်းထောက် တစ်ယောက်သည် ဥရောပမြောက်ပိုင်းရှိ လိင်လုပ်သားများကို ခိုင်းစေနေသည့် လုပ်ငန်းအကြောင်းကို ရေးသားရန် တိတ်တဆိတ် စုံစမ်းခဲ့သည်။ ထိုလိင်ကျွန်များ၏ ဘဝကို တစ်နှစ်တာမျှလေ့လာခဲ့ပြီး နောက်နှစ်ကုန်ခါနီးတွင် အလွန်အမင်း စိတ်ဓါတ်ကျကာ အိမ်ပြင်ထွက်ပြီး မသွားမလာချင်တော့သည့် အဖြစ်သို့ပင်ရောက်ခဲ့ရကြောင်း ကျွန်တော်တို့ကို ပြောပြခဲ့သည်။

ထိုစိတ်ဓါတ်ကျသည့်အဖြစ်ကိုလွန်မြောက်ရန်မှာ အပေါင်းအသင်းနှင့် အလုပ်လုပ်ကြရန်ဖြစ်သည်။ အချင်းချင်း အတွေ့အမြင် ဖလှယ်နိုင်ပြီး နှစ်သိမ့်ဖြေဖျောက်ပေးနိုင်သူများဖြစ်လျှင် ကောင်းပါသည်။ အကယ်၍ မိမိ၏ အယ်ဒီတာသည် ထိုစိတ်ဒုက္ခများ ကြုံနေချိန်တွင် နားလည်မှုမပေးနိုင်လျှင် ထိုသူများသည် စုံစမ်းထောက်လှမ်းရေး သတင်းဌာနကို ကြီးကြပ်ရန် အရည်အချင်းမရှိသူဟု ဆိုနိုင်သည်။ စိတ်သက်သာမှုကို သူ့ဆီက မရှာဘဲ အခြားသူများနှင့်သာ စကားပြောပါ။

## ၃။ ယင်ကောင်ကို ဆွဲယူနိုင်သည့် ယင်ဖမ်းစက္ကူကဲ့သို့ လေ့ကျင့်ပါ။

သတင်းထောက်တစ်ဦးသည် စုံစမ်းထောက်လှမ်းရေးကို ကြာရှည်လုပ်ရသော ကိစ္စမျိုးတွင် မိမိစုံစမ်းနေသည့် ကိစ္စများနှင့် ဆိုင်နေသော စိတ်လှုပ်ရှားစရာများ၊ တက်ကြွစရာများ၊ ဒေါသထွက်စရာများကို ကြားလိုက်သည်နှင့် ခေါင်းထောင်သွားတတ်သည့် အာရုံခံမှုမျိုး ရှိနေရမည်။ ယင်ကောင်ကို အနံ့ဖြင့် ဖမ်းသော စက္ကူတွင် ယင်ကောင် လာကပ်သကဲ့သို့ပင်ဖြစ်သည်။ ထို့သို့ အာရုံခံနေသော သတင်းထောက်တစ်ဦးသည် မိမိယခင်က သတိမထားခဲ့ဖူးသော ကိစ္စတစ်ခုကိုပင် ကြားလိုက်သည်နှင့် မိမိဇာတ်လမ်းနှင့် သက်ဆိုင်နေသည့်အပိုင်းကို ကိုးကားစရာတစ်ခုအဖြစ် ချက်ချင်းသိလိုက်မည်။ ထိုအချိန်မျိုးတွင် သတင်းထောက်၏ အာရုံကျမှုကိုလိုက်ပြီး သူကြားနေသမျှမှာလည်း ပြောင်းသွားတတ်သည်။ လူအများရှိနေသော အခန်းတစ်ခုထဲတွင် လျှောက်သွားနေချိန်တွင် ထိုသတင်းနှင့် ပတ်သက်ပြီး ပြောဆိုနေသမျှ အရေးကြီးသည့်စကားလုံးများကို သူနားထောင်မိနေတော့မည်။ ထိုအဖြစ်မျိုးကို ကျွန်တော်တို့လည်း ကြုံခဲ့ရပါသည်။ သင်လည်း ကြုံပါလိမ့်ဦးမည်။

ထိုသို့ သတင်းနှင့် ပတ်သက်သော အာရုံပါးလှပ် ထက်မြက်နေမှုမှာ အံ့ဩဖွယ်ရာပင် ဖြစ်သည်။ ထိုအာရုံများကြောင့် မိမိမှာလည်း အင်အားပိုရှိလာသည်။။ သတိတော့ ကြပ်ကြပ်ထားပါလေ။ သတင်းကို ထိုသို့ အာရုံကျနေခြင်းက အသုံးမတတ်လျှင် ဘေးဖြစ်စေနိုင်သေးသည်။ အထူးသဖြင့် မိမိကြားချင်သော စကားကိုသာကြားနေရပြီး ပြင်ပကမ္ဘာကို မေ့လျော့သွားခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ကမ္ဘာလောကကြီးတွင် ပုံမှန်ဖြစ်ပျက်နေသော အရာများ မည်သို့ ရှိနေတတ်သည်ကို မေ့သွားနိုင်ပြီး သူ့ဟာနှင့်သူ လည်ပတ်နေသော

ကမ္ဘာကြီးကို မိမိတွေ့နေရသော ကမောက်ကမများကြားမှကြည့်ရှုကာ နားမလည်နိုင်သည့် ခံစားချက်မျိုးလည်း ပေါ်နိုင်သည်။ ထိုသို့ လောကကြီး၏ ပုံမှန်လည်ပတ်နေပုံများကို နားလည်မပေးနိုင်တော့လျှင် အလုပ်ကို ခေတ္တမျှရပ်ကာ အခြားကိစ္စများကို အာရုံပြုပါလေ။

## ၄။ သံသယများနှင့် ငြင်းဆန်ပယ်ချမှုများ

လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က အဖြစ်အပျက်ဖြစ်သည်။ ထိုစဉ်က ကျွန်တော်တို့သည် ငါးနှစ်ခန့်အချိန်ယူပြီး စုံစမ်းခဲ့ရသော သတင်းတစ်ခုကိုလိုက်နေဆဲကာလလည်းဖြစ်သည်။ သတင်းရင်းမြစ်များနှင့်လည်း ကျွန်တော်တို့ ရင်းနှီးနေပြီ။ မည်သို့ရင်းနှီးပါစေ၊ ထိုသူတို့မှာ ရာဇဝတ်မှုကို ကျူးလွန်ခဲ့ကြသူများဖြစ်ကြသည်။ ထိုအမှုကို ဖေါ်ထုတ်နိုင်ဖို့ကသာ ကျွန်တော်တို့အလုပ်ဖြစ်သည်။ သူတို့သည် ဩဇာကြီးမားသော ပုဂ္ဂိုလ်ကြီးများလည်းဖြစ်ကြပြီး သူတို့နှင့်ပတ်သက်သော သတင်းအမှန်ကို ဖွင့်ချပြရမည့်အရေးကို စဉ်းစားခြင်းကပင် ကြက်သီးထစရာကောင်းသည်။ ။အချို့သောအချိန်များတွင် အချို့သတင်းထောက်များသည် ဖျားပင် ဖျားကြသည်။ ထိုအဖြစ်မျိုးကို သင်ကြုံရတတ်သည့်အချိန်မျိုးတွင် သင့်ကိုယ်ကို သင်ပြန်ပြီး မေးခွန်း ထုတ်မိပေမည်။ ရိုးသားဖြောင့်မှန်သော သတင်းထောက်တိုင်း ကိုယ့်ကိုယ်ကို ပြန်မေးသော မေးခွန်းတစ်မျိုးရှိသည်။။ ဒီကိစ္စကို ဖွင့်ချလိုက်ဖို့ တကယ်ပဲ အချိန်ရောက်ပြီလား။ ငါ့မှာ သက်သေပြနိုင်ဖို့ အချက်အလက်တွေ တကယ်ပဲ စုံပြီလားဟု သင့်ကိုယ်သင် ပြန်မေးမိနေတတ်သည်။ တစ်ဖက်တွင် သတင်းမှာ ဖွင့်ပြောလိုက်ဖို့ လုံလောက်သော အချက်အလက်များကို စုဆောင်းပြီးဖြစ်၍ အချိန်တန်ပြီဟု တွေးနေသလို အခြားတစ်ဖက်တွင်မူ မဟုတ်သေးပါဘူးလေ။ ဘာများလိုနေဦးမလဲဟု တွေးနေနိုင်သည်။ ဤအခြေအနေတွင်သတိထားပါ။ ထိုသတင်းကို သင်ပုံနှိပ်ဖော်ပြခြင်းမပြုဘဲနေသည့် ဒုက္ခက ပုံနှိပ်ဖော်ပြလိုက်ခြင်းထက် များစွာပိုကြီးကြောင်း တွေ့ရှိရမည် ။ မိမိတွေ့ရှိသလောက်ထက် ပိုပြီးပြောရန် မလိုအပ်သကဲ့သို့ မိမိလုပ်ထားခဲ့သော အလုပ်ကိုလည်း မိမိကိုယ်တိုင်က လေးစားစေလိုသည်။ သွန်ချပြီးသာရေးလိုက်ပါ။

## ၅။ စိတ်ခံစားမှုကို ချရေးပြီး ဆန်းစစ်ပါ။

သတင်းနှင့်ပတ်သက်ပြီး ခံစားလာရသည့်အခါမျိုးတွင် မိမိ၏ စိတ်ကို ကုစားရန် နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ စုံစမ်းထောက်လှမ်းနေသော လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ကြုံရသော ခံစားချက်များကို မှတ်သားပါ။

-မည်သည်တို့ကို ခံစားနေရသနည်း။ ချရေးပါ။ မည်သည့်အရာများက ထိုခံစားချက်ကို ဖြစ်ပေါ်စေသနည်း၊ မည်သူတို့နှင့် သင်စကားပြောခဲ့သနည်း။ သူတို့ ဘာပြောလိုက်သနည်း။ သင့်ခေါင်းထဲတွင် ဘာတွေ ပေါ်လာသနည်း။

- ထိုခံစားချက်အကြောင်းအရာများကို အစီအစဉ်တကျ နေရာချပြီးနောက် မိမိအတွက် မည်သည့်အချက်များက အသုံးကျနိုင်သည်ကို စိစစ်နိုင်ကြမည်။

ထိုခံစားချက်များကိုလည်း အခြားစာရွက်စာတမ်းအထောက်အထားများကဲ့သို့ပင် ဆန်းစစ်ကြည့်ရမည်။ မိမိနှင့် သတင်းရင်းမြစ်များကြား အပြန်အလှန်ပြောဆိုမှုများတွင် ကြုံရတတ်ပုံများကို ထိုခံစားမှုများကို အခြေခံပြီး တွက်ဆလာနိုင်မည်ဖြစ်သည်။ စိုးရိမ်ကြောင့်ကြစရာများ၊ စိတ်ပူစရာများ အချို့သောအချိန်များတွင်သာ ပေါ်ပေါက်လာတတ်သည်။ ထိုခံစားချက်များက သုတေသန အသစ်တစ်ခုလုပ်ရန် လိုအပ်နေလျှင်လည်း နှိုးဆော်ပေးသည်။။ သို့မဟုတ် သင်သည် အထီးကျန်လွန်းနေပြီဆိုသည်ကိုလည်းကောင်း၊ အကာအကွယ်မရှိသကဲ့သို့ ခံစားနေရသည်ကိုလည်းကောင်း ညွှန်ပြသည်။ ထိုအခါ မိမိအနေဖြင့် မိမိဘက်တွင် ရပ်တည်မည့် မိတ်ဆွေကို ရှာဖွေနိုင်သလို ရထားသော အချက်အလက်များကိုလည်း ပြန်စစ်ပြီး အတည်ပြုနိုင်သည်။

## ၆။ အနာဂတ်ကို မမေ့ပါနှင့်။

ဂျာနယ်လစ်များသည် သတင်းကို ပုံနှိပ်ဖော်ပြပြီးသည်နှင့် သတင်းရင်းမြစ်များကို မေ့သွားတတ်သည်မှာ မကြာခဏဆိုသလိုပင်ဖြစ်သည်။ သတင်းထုတ်ပြန်ပြီးသွားသည်နှင့် အဆက်ဖြတ်တတ်သူ သတင်းထောက်အား သတင်းရင်းမြစ်က သစ္စာဖေါက်ဟုသတ်မှတ်သွားနိုင်သည်။ အကယ်၍အဆက်အသွယ်မပြတ်အောင်ထိန်းထားနိုင်လျှင် နောက်ထပ် စုံစမ်းထောက်လှမ်းမှုများတွင် အထောက်အကူပေးနိုင်မည့် ကွန်ရက်တစ်ခုဖွဲ့နိုင်လိုက်ပြီးသား ဖြစ်နိုင်ပါသည်။ ထိုသို့မိတ်ဆွေကွန်ရက်များကို ချိတ်ဆက်မထားနိုင်သူမှာ စုံစမ်းထောက်လှမ်းရေးသတင်းမျိုး ရေးဖို့ ကောင်းသူ မဟုတ်ပါပေ။

ကျွန်တော်တို့၏ သတင်းစာပညာကျောင်းသားများက မကြာခဏ လာမေးတတ်ကြသည်မှာ စုံစမ်းထောက်လှမ်းပြီး သတင်းရေးတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ ရန်သူတွေ မရှိလာနိုင်ဘူးလား ဟူသော မေးခွန်းဖြစ်သည်။ သေချာပါသည်။ ရန်သူရှိလာနိုင်သည်။ သို့သော် ကိုယ့်အလုပ် ကိုယ်မှန်အောင်လုပ်သော သတင်းထောက်တစ်ဦး၊ တစ်ဖက်သား၏ အခွင့်အရေးကို လေးစား စောင့်ထိန်းသူတစ်ဦးကို ရန်သူများကပင် လေးစားကြပါလိမ့်မည်။ ပို၍ အရေးကြီးသည်မှာ ရန်သူထက် မိတ်ဆွေက ပိုများဖို့ပင်ဖြစ်သည်။ သင့်တွင် မိတ်ဆွေပိုများလာသည့်အပြင် ပို၍ပင် အရည်အသွေးမြင့်သော မိတ်ဆွေများလည်း ဖြစ်လာနိုင်ပါသည်။

# အချက်အလက်များကို ဖွဲ့စည်းခြင်း

၅

အောင်မြင်ပြီးမြောက်ရန်အတွက် ပြင်ဆင်ခြင်း
မိမိကိုယ်ကို ပြင်ဆင်ခြင်း

ရေးသူ MARK LEE HUNTER AND FLEMMING SVITH

ဤအဆင့်တွင် အချက်အလက်များကို ရှာဖွေစုဆောင်းပြီးနောက် စနစ်တကျဖွဲ့စည်းသည်။ ထို့ကြောင့် အထောက်အထားမျှားကို ပြန်လည်စိစစ်သောအခါတွင်လည်းကောင်း၊ သတင်းအဖြစ် ရေးသားသောအခါတွင်လည်းကောင်း၊ ပြန်လည်စစ်ဆေးသောအခါတွင်လည်းကောင်း ပိုမိုလွယ်ကူနေမည်။

## အခန်း(၅)

စုံစမ်းထောက်လှမ်းရေးအတွက် ဆောင်ရွက်ရသော သုတေသနမှာ ရိုးရိုးသတင်းကို တင်ပြရန် လိုအပ်သော သုတေသနထက်စာလျှင် စုဆောင်းရရှိသော အချက်အလက်များမှာ ပိုများပါသည်။ ထိုအချက်အလက်များကို တစ်လျှောက်လုံးထိထိရောက်ရောက် စုစည်းထားရန် လိုအပ်သည်။ ထိုသို့ အချက်အလက်များကို နေရာတကျ ထားသိုဖွဲ့စည်းနေရခြင်းသည် စနစ်ကျသောရေးသားခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများအတွက်လိုအပ်သော အစိတ်အပိုင်းပင်ဖြစ်သည်။ စာရေးသူသည် သုတေသန မဖက်၊ သိမ်းထားစရာ အချက်အလက်မရှိ၊ စာမူကို ရေးရုံသာရေးသည့်အဖြစ်မျိုးမဟုတ်ပေ။ သင်သည် သုတေသန လုပ်နေစဉ်တစ်လျှောက်တွင်လည်း အချက်အလက်များကို မည်သို့စုဆောင်း သိမ်းဆည်းရမည်ကို ပြင်ဆင်နေသူဖြစ်သည်။ ထိုသို့ပြင်ဆင်ပြီးသောအခါ ရေးသားသည့်အလုပ်ကို ဆောင်ရွက်သည်။

မိမိဒေတာများကို စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားခြင်းမရှိလျှင် ထိုလုပ်ငန်း ပြီးဆုံးရန် ကြာချိန်မှာ ဖြစ်သင့်သည်ထက် နှစ်ဆပိုနိုင်သည်။ (အနိမ့်ဆုံး မှန်းဆချက်ဖြစ်သည်) အချက်အလက်များ စနစ်တကျမရှိလျှင် သတင်းရေးသားရာတွင်လည်းကောင်း၊ အချက်အလက်များကို ရှင်းပြရာတွင်လည်းကောင်း၊ မိမိ ဆိုလိုရင်းကို ကာကွယ်ရာတွင်လည်းကောင်း အချိန်ပိုကုန်နိုင်သည်။ ထိုအခါ စိတ်လက် မပေ့ါပါးနိုင်တော့ဘဲ အပူအပင်ကို တစ်ချိန်လုံး ပိုက်ထားရတော့သည်။ ယောက်ယက်ခတ်ရခြင်း၊ စိတ်ပင်ပန်းရခြင်းတို့ ရရှိလာနိုင်သည်။ ထို့ကြောင့် မိမိ၏ ပုံမှန်အလုပ်တွင် အပန်းမကြီးပဲ ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဝေမျှလိုက်ရပါသည်။

### မိမိ၏ စာရွက်စာတမ်းများကို စနစ်တကျ သိမ်းဆည်းပါ။

ကျွန်တော်တို့သည် ပထမဆုံးအကြိမ် အမေရိကန်မှ နာမည်ကျော်မဂ္ဂဇင်း တစ်စောင်အတွက် စုံစမ်းထောက်လှမ်းရေး သတင်းတစ်ပုဒ်ကို ပုံနှိပ်ရန် ပြင်ဆင်နေစဉ်က အတွေ့အကြုံကို ဝေမျှချင်ပါသေးသည်။ တရားရုံး၏ တရားခွင်တွင် အမှုစစ်နေစဉ် သတင်းထဲတွင်ပါသော အဓိက ဇာတ်ဆောင်တစ်ဦးက လိမ်ညာ ထွက်ဆိုခဲ့ပါသည်။ ထိုတရားခွင်တွင် ကျွန်တော်တို့ ရှိမနေသလို ထိုလိမ်ညာမှု ထွက်ဆိုပုံကို ရေးသားခဲ့သော သတင်းစာဖြတ်ပိုင်းမှာလည်း ပျောက်သွားခဲ့သည်။ နောက်အဖြစ်အပျက်တစ်ခုတွင် ကျွန်တော်တို့ မိတ်ဆွေတစ်ဦးသည် သတင်းတစ်ပုဒ်နှင့်ပတ်သက်၍ စုံစမ်းထောက်လှမ်းထားသည့် အချက်အလက်များအားလုံးထည့်ထားသော အိတ်ကို အငှားယာဉ်ပေါ်တွင် ကျန်ရစ်သောကြောင့် ထိုသတင်းဆက်မရေးနိုင်တော့ချေ။ အခြားလုပ်ဖော်ကိုင်ဖက်တစ်ဦးသည် သူ့သတင်းတွင်ပါဝင်သူတစ်ဦးက ဆောင်ရွက်ခဲ့သည့်လေ့လာချက်တစ်ခုအကြောင်းကို သက်သေထူနိုင်ရန် အထောက်အထား တစ်ခုကို တစ်နှစ်ကြာအောင် ရှာနေခဲ့သည်။ နောက်ဆုံးတွင် ထိုသက်သေမှာ သူ၏ ဖိုင်များကြားတွင် ရှိပြီးသားဖြစ်သည်။

စနစ်တကျ သိမ်းဆည်းတတ်ခြင်းမှာ ပြဿနာများနှင့် မကြုံရလောက်အောင် သင့်ကို ကူညီပေးနိုင်သည်။ စုံစမ်းထောက်လှမ်းရေးနှင့်ပတ်သက်ပြီး ရလာသော ဒေတာများကို သိမ်းဆည်းသောအခါ အောက်ပါတို့ကို ဆောင်ရွက်ရန် ဖြစ်သည်။

- မိမိတွင် မည်သည့်စာရွက်စာတမ်းများ ရရှိပြီးသည်ကိုသိရှိပြီး ထိုစာရွက်စာတမ်းများတွင် မည်သည့် အချက်အလက်များ ပါဝင်သည်ကိုလည်း သိရှိထားသည်။

- မိမိလိုလျှင် ထုတ်သုံးနိုင်မည့် ဒေတာကို လက်တစ်ကမ်းတွင် ရှာနိုင်ရမည်။ ထို့ကြောင့် မည်သည့်နေရာတွင် ထားသည်ကို သိနေရမည်။

## အခန်း(၅)

- တစ်နေရာတွင်ထားသော အချက်အလက်နှင့် နောက်တစ်နရာတွင်သိမ်းထားသော အရာများ၏ အဆက်အစပ်ကို သိရှိနေရမည်။

အကယ်၍ မိမိတွင် မည်သည့်ဒေတာရှိနေပြီးသည်ကို သိနေပြီး အလွယ်တကူလည်း လက်လှမ်းမီရာတွင် သိမ်းထားလျှင် ထိုစုံစမ်းထောက်လှမ်းမှုမှာ အကြောင်းမသင့်သဖြင့် ပျက်စီးရခြင်းမျိုး မဖြစ်နိုင်တော့ပေ။ ထိုဒေတာများမှာ ယခုတစ်ကြိမ်အတွက် အရေးကြီးသလို နောင်တွင်လည်း အသုံးတည့်သည်များရှိနိုင်သည်။ အချက်အလက်များ စုဆောင်းရသည်မှာ လုပ်ငန်းအတွက် အရင်းအနှီးတစ်ခု ထည့်ရသကဲ့သို့ပင်ဖြစ်သည်။ မိမိတွင် အရင်းအနှီး နည်းလျှင် မိမိလုပ်ငန်း ထိခိုက်နိုင်သကဲ့သို့ပင်။ ထို့ကြောင့် အချက်အလက်များ ရှာဖွေသိမ်းဆည်းရခြင်းကို ပေါ့ပေါ့မတွက်မိပါစေနှင့်။ ထိုအလုပ် တစ်ခုတည်း အမြဲမလုပ်နိုင်သည်မှာ မှန်၏။ သို့သော် အချိန်အတိုင်းအတာ တစ်ခုပေးပြီး မိမိ၏ ဒေတာများ၊ စာရွက်စာတမ်းများ၊ မှတ်တမ်းများကို မိမိစုံစမ်းထောက်လှမ်းမှု ပြုလုပ်နေသည့် အဆင့်တိုင်းတွင် စိစစ်လေ့လာကာ ထိန်းသိမ်းတတ်ရမည်။

ထိုသို့ စနစ်ကျအောင် သိမ်းဆည်းရာတွင် နှစ်ပိုင်းရှိပါသည်။

- မြင်သာ ထင်သာရှိသည့်အပိုင်းအနေဖြင့် သင်သည် ဒေတာ ဘဏ်တိုက်တစ်ခုကိုဆောက်နေပြီး ထိုဘဏ်တိုက်မှာ မိမိလိုရာကို ရှာဖွေနိုင်သော၊ စီစီရီရီသိမ်းဆည်းထားသော စာရွက်စာတမ်းများထားသည့် စာကြည့်တိုက်သဖွယ်ဖြစ်သော နေရာတစ်ခု ဖြစ်ရမည်။

- မြင်သာထင်သာ မရှိလှသော နောက်တစ်ပိုင်းမှာ သင်သည် ဒေတာဘဏ်တိုက်ကို စနစ်တကျ ဖွဲ့စည်းနေသည့်ကာလတစ်လျှောက်လုံး မိမိကိုယ်အလုပ်အပေါ် ယုံကြည်မှုများမြင့်မားလာအောင် တည်ဆောက်နေခြင်း ပင် ဖြစ်သည်။

### ဒေတာဘဏ်တိုက်ဆောက်ခြင်း

အချက်အလက်များ သိုမှီးရန်အတွက် စက္ကူဖိုင်များကိုလည်းကောင်း၊ အီလက်ထရောနစ်ဖိုင်များလည်းကောင်း သုံးနိုင်သလို နှစ်ခုစလုံးကိုလည်း တွဲသုံးနိုင်ပါသည်။ သို့သော် မသုံးဖြစ်မည့် ဒေတာများကိုမူ သိမ်းဆည်းထားရန် အကြောင်းမရှိပါပေ။ သို့ဖြစ်ရာ မိမိလက်ထဲတွင် ရှိသမျှ အသုံးကျသော မြန်မြန်ရှာနိုင်သော ဒေါင်ဒေါင်မြည်ဖွဲ့စည်းပုံဖြင့် သိမ်းထားရမည်။ လုပ်ဆောင်မှု အဆင့်ဆင့်အတွက် အောက်ပါ နမူနာကို ကြည့်နိုင်ပါသည်။

### က။ စာရွက်စာတမ်းများကို စုဆောင်းပါ။

သတင်းရင်းမြစ်တစ်ဦး၏ လိပ်စာကဒ်ပြားမှာလည်း စုဆောင်းရမည့်အထဲတွင်ပါသည်။ တရားဝင် ထုတ်ပြန်သော ရုံးကြေငြာချက်တစ်ခု၊ အစီရင်ခံစာတစ်စောင်၊ သတင်းစာဖြတ်ပိုင်း၊ အင်တာဗျူးမှတ်စု (သို့မဟုတ်) အင်တာဗျူးမေးထား သည်များကို ပြန်ရေးချထားသော ဖိုင်များစသည်ဖြင့်. . ။

အခန်း(၅)

**ခ။ စာရွက်စာတမ်းများကို ပြန်ပြီးစိစစ်ကာ မည်သည့်အကြောင်းအရာများ မည်သည့်နေရာတွင်ပါနေကြောင်း မှတ်သားပါ။**

မိမိအတွက် အရေးကြီးသောစာပိုဒ်များကို မှတ်သားပါ။ အရောင်ခြယ်ပါ။ အမှတ်အသား တစ်ခုခုဖြင့် ကပ်ပါ။ အကယ်၍ ထိုစာရွက်စာတမ်းတစ်ခုမှာ အလွန် အရေးကြီးလျှင် နောက်ထပ်တစ်စုံ သို့မဟုတ် အီလက်ထရွန်းနစ်မိတ္တူကို ကူးထားပါ။

**ဂ။ မိမိသိမ်းထားသော စာရွက်စာတမ်းတွင် နာမည်မရှိသေးလျှင် နာမည်ပေး၍ သိမ်းပါ။**

မည်သည့်စာရွက်စာတမ်းတွင်မဆို ပေးထားသော နာမည်သည် အထဲတွင် ပါနေသောအရာကို တန်းသိနိုင်သော နာမည်မျိုးဖြစ်ရမည်။ ဝက်ဘ်ဆိုဒ်လိပ်စာတစ်ခုကို သိမ်းသောအခါ မူလရှိရင်းစွဲလိပ်စာအမည်အတိုင်း သိမ်းမိလျှင် မိမိ၏ hard-drive ထဲတွင် နံမည်မပါဘဲ သိမ်းထားသော ဖိုင်ကဲ့သို့ပင် ရှာရခက်လိမ့်မည်။ ဝက်ဘ်ဆိုဒ်-လိပ်စာ URL ကို မူလအတိုင်း တစ်နေရာတွင် သိမ်းကာ နောက်တစ်ခါ မိမိမှတ်မိနိုင်သည့်နာမည်မျိုးပြောင်းပြီး အခြားတစ်နေရာတွင် သိမ်းထားလိုက်ရမည်။ ဝက်ဆိုဒ်လိပ်စာအတိုင်းသိမ်းဆည်းလျှင် ထိုဝက်ဘ်စာမျက်နှာပါ မိမိအလိုရှိရာ အချက်အလက်ကို နှင့်အတူတွဲပြီး အခြားစာရွက်တစ်ခုပေါ်တွင် မှတ်သားနိုင်သည်။ အင်တာဗျူးများတွင်မူ လျှို့ဝှက်သော အင်တာဗျူးမဟုတ်လျှင် သတင်းရင်းမြစ်၏အမည်ကို သုံးနိုင်ပြီး လျှို့ဝှက်ရမည့်ကိစ္စတွင် သတင်းရင်းမြစ်၏အမည်အစား ကုဒ်နံပါတ်ကိုသာ သုံးရမည်။

**ဃ။ စာရွက်စာတမ်းများကို ဖိုင်ထဲသွင်းပါ။**

စာရွက်စာတမ်းများကို ဖိုင်ထဲထည့်ပြီး သိမ်းသောအခါ မိမိနှင့် သဟဇာတဖြစ်မည့် အစီအစဉ်အတိုင်းသိမ်းပါ။ ကျွန်တော်တို့ကမူ စက္ကူဖိုင်ရော၊ အီလက်ထရောနစ်ဖိုင်များကို အက္ခရာစဉ်အတိုင်း သိမ်းလေ့ရှိသည်။

အကြောင်းအရာအလိုက် တစ်စုတစ်စည်းတည်း ဖိုင်တွဲခြင်းကိုလည်း ကျွန်တော်တို့ လုပ်လေ့ရှိပါသည်။ အကြောင်းအရာ တစ်ခုကို ဖိုင်တစ်ခုစီတွင်ထားလျှက် ထိုအကြောင်းအရာအောက်တွင် ပေါ်လာသော ဆက်စပ်နေသည့်အရာများကို ထည့်သွင်းကာ ခေါင်းစဉ်ခွဲများဖြင့် သိမ်းထားခြင်းဖြစ်သည်။ ပင်မ အကြောင်းအရာကြီး၏အောက်တွင်မူ စာရွက်စာတမ်း များကို မိမိစုံစမ်းနေသော အဖြစ်အပျက်၏ စလယ်ဆုံးကို သိအောင် ရှေ့နောက်စီစဉ်ပြီးထားသည်။ နောက်အကျဆုံး ရောက်လာသော စာရွက်စာတမ်းကို အစောဆုံးတွေ့ရသော နေရာတွင်ထားနိုင်သည်။

**စ။ စုဆောင်းထားသည်များကို မကြာမကြာ ပြန်ကြည့်ပါ။**

တစ်လ တစ်ကြိမ်လောက်ကြည့်လျှင် လုံလောက်ပါသည်။ ဆိုင်ရာ ဆိုင်ရာဖိုင်များမှာ သူ့နေရာနှင့်သူရှိရမည်။ အကယ်၍ စာရွက်စာတမ်းတစ်ခုမှာ သိပ်မရင်းနှီးသလိုဖြစ်နေလျှင် အချိန်ယူပြီး ဖတ်စေချင်သည်။ တစ်လတစ်ကြိမ် အနည်းဆုံး ပြန်ကြည့်ရခြင်း၏ ရည်ရွယ်ချက်မှာ မိမိဖိုင်များကို အသစ်ရောအဟောင်းပါ သိနေရုံမျှသာမဟုတ် မည်သည့် နေရာတွင် မည်သည့်စာ ရှိနေသည်ကိုပါ သေချာမှတ်မိနေရန်ဖြစ်သည်။

**ဆ။ ဖိုင်တစ်ခုထဲနှင့်သာမက အခြားဖိုင်များနှင့်ပါ ပတ်သက်နေသောစာရွက်စာတမ်းများရှိလျှင် ရှာရလွယ်အောင် သက်ဆိုင်ရာဖိုင် အားလုံးတွင် ထိုစာရွက်စာတမ်းကို ထည့်ထားရန်။**

အကယ်၍ စာရွက်စာတမ်းတစ်ခုမှာ မိမိစုံစမ်းနေဆဲအကြောင်းအရာနှင့်လည်း သက်ဆိုင်နေသည့်အပြင် နောက်ထပ် အကြောင်းအရာ အသစ်တစ်ခုအတွက် အသုံးဝင်နိုင်သည်ရှိသော် ထိုဖိုင်ကို မိတ္တူပွားပြီး နောက်ထပ် ဖိုင်အသစ်တစ်ခုတွင် ထည့်သိမ်းနိုင်သည်။ ထိုမူရင်းဖိုင်များကို ယခင်နေရာတွင် နေသားတကျ ပြန်ထားရန် မမေ့ရ။ ထိုနည်းမျိုးကို FBI တွင်ပင် သုံးပါသည်။ FBI တွင် စာရွက်စာတမ်း တစ်ခုမှာ ကိစ္စတစ်ခုထက်မက ပို၍ပတ်သက်နေလျှင် သက်ဆိုင်နေသမျှဖိုင်များထဲတွင် ထိုစာရွက်ကို မိတူပွား၍ ထည့်ထားရန်ဖြစ်သည်။ (ဥပမာ- စာရွက်တစ်ခုမှာ လူတစ်ယောက်တည်းနှင့်သက်ဆိုင်သော်လည်း သူနှင့် ဆက်စပ်နေသော ကိစ္စက မတူညီသည့် ခေါင်းစဉ်နှစ်ခု ဖြစ်နေလျှင် )

ထိုနည်းကို သုံးရခြင်းအကြောင်းရင်းမှာ စာရေးသူအနေနှင့် သီးခြားဖြစ်နေသော ဒေတာများ အချင်းချင်း ဆက်စပ်မှုရှိပုံကို ပို၍ ထင်ရှားစွာ မြင်လာအောင် အထောက်အကူဖြစ်သောကြောင့်ဖြစ်သည်။

ဇ။ Backup ထားပါ။

အကယ်၍ စာရွက်စာတမ်းများမှာ အကဲဆတ်လွန်းသော အကြောင်းအရာများဖြစ်လျှင် မိတ္တူများကို ပြင်ဆင်ပြီး မိမိ၏ ရုံးနှင့် အိမ်မဟုတ်သော နေရာမျိုးတွင် သိမ်းထားပါ။ မိမိ သို့မဟုတ် လုပ်ဖော်ကိုင်ဖက် တစ်ဦးက သွားရောက် ယူငင်နိုင်သော နေရာဖြစ်ရမည်။ အလွန် အကဲဆတ်သောအချက်အလက်မျိုး (ဥပမာ – လျှို့ဝှက်ထားရမည့် သတင်း ရင်းမြစ်၏ အမည်) ကို မိမိကွန်ပျူတာထဲတွင် ထည့်မထားပါရန်၊ အချုပ်အားဖြင့်ဆိုရသော် မိမိကွန်ပျူတာထဲတွင်ရှိသော ဒေတာမှာ လုံခြုံသည်ဟု မဆိုနိုင်ပါ။

# ဒေတာများကို ဖွဲ့စည်းခြင်း
# မာစတာဖိုင်တစ်ခုကို ဖန်တီးခြင်း

အချက်အလက်များမည်မျှပင် စုထားသည်ဖြစ်စေ ရေးနေသော ဇာတ်အိမ်ထဲတွင် ထည့်၍ မသုံးလျှင် အချည်းနှီးမျှသာ။ မိမိ၏ ကြိုတင်မှန်းဆချက်အတိုင်းပင် ကျောရိုးကိုယူကာ ဇာတ်လမ်းကို ကြွလာအောင် ရေးနိုင်ကြသည်။ ဇာတ်လမ်းတစ်ခု ဦးတည်ရာမဲ့၊ ဟိုဟိုဒီဒီ ရောက်မသွားရန်လည်း မိမိ၏ ကြိုတင်မှန်းဆထားခဲ့သည့်ကျောရိုးအတိုင်းသာ ဇာတ်လမ်းကို ဖော်ယူရန်ဖြစ်သည်။ တိကျ သေသပ်စွာ အပိုအလိုမရှိရေးသားထားသော ဇာတ်လမ်းတစ်ပုဒ်ကို ချက်ချင်း ရနိုင်မည်မဟုတ်ပေ။ ထိုအဆင့်သို့ရောက်ရန် လှေကားတစ်ထစ် ကျန်နေသေးသည်။ ထိုအရာမှာ အချက်အလက်များ လိုသလောက် စီစဉ်ထားသိုသည့် မာစတာဖိုင်တစ်ခုပင်ဖြစ်သည်။

အနိမ့်ဆုံး၊ အခြေခံအဆင့်တွင် မာစတာဖိုင်တစ်ခုသည် ဒေတာ စတိုးဆိုင်ခန်းကြီးပင်ဖြစ်သည်။ မိမိစုထားသမျှ ဒေတာများကို တစ်နေရာထဲတွင် ပစ်ထည့်ထားနိုင်သော နေရာဖြစ်သည်။ သို့သော် အမှိုက်သွန်သလို ပစ်စလက်ခတ် ပုံထားခြင်းမျိုးမဟုတ်၊ ရှေ့နောက် အစီအစဉ်တကျ ထည့်ရခြင်းဖြစ်သည်။ လိုရင်းမှာ မိမိသုံးရမည့် သတင်း အချက်အလက်အားလုံးကို တစ်နေရာထဲတွင် တစ်ပုံစံတည်း သိမ်းထားသောဖိုင်မှ ရယူနိုင်ရန်အတွက်ပင်ဖြစ်သည်။

## အခန်း(၅)

### ၁။ မာစတာဖိုင်တစ်ခုကို တည်ဆောက်ခြင်း

က။ သင်၏ ကွန်ပျူတာတွင် Word ဖိုင်ကိုလည်းကောင်း၊ Excel ကဲ့သို့ ဒေတာထည့်သွင်းနိုင်သော ဖိုင်ကိုသော်လည်းကောင်းဖွင့်လိုက်ပါ။ မိမိ သန်ရာဆော့ဖ်ဝဲအမျိုးအစားကို ရွေးပါ။

ခ။ မိမိစုစည်းထားသော ဒေတာများကို ထိုဖိုင်ပေါ်သို့ ရွှေ့ပါ။

- ဒေတာဟုဆိုရာတွင် သတင်းရေးသားရန်အတွက် လိုအပ်သောအချက်မှန်သမျှကို ဆိုလိုသည်။ သတင်းရင်းမြစ်များ၊ အင်တာဗျူးကို ပြန်ဖြည့်ထားသော စာသားများ၊ စာရွက်စာတမ်းများမှ ကောက်နုတ်ချက်များ၊ မှတ်စုများ အစရှိသည်တို့ ပါဝင်မည်။ သတင်းရင်းမြစ်များကို ဦးစွာထည့်သွင်းခြင်းဖြင့် သူတို့နှင့် ဆက်စပ်နေသည်များကို အလွယ်တကူ ရှာတွေ့နိုင်ကြမည်။

အကယ်၍ဒေတာများကို အီလက်ထရောနစ်ဖိုင်များနှင့် ဝက်ဘ်ဆိုဒ်စာမျက်နှာများပေါ်မှရသည်ဆိုလျှင် ထို link များနှင့်တကွစာကို မာစတာဖိုင်ပေါ်သို့ copy ကူး၍ ပြောင်းယူပါ။

အကယ်၍ ဒေတာများသည် အီလက်ထရွန်းနစ်ဖိုင်မှ မဟုတ်ပဲ စာရွက်စာတမ်းများမှ ရလာသည်ဆိုလျှင် ထိုစာရွက် စာတမ်းများ၏ နဂိုမူလပုံစံမပျက် Scan ဖတ်ပြီး မိမိ၏ ကွန်ပျူတာ hard-drive ထဲတွင် လွယ်ကူစွာ ရှာဖွေနိုင်မည့် တစ်နေရာတွင် သိမ်းထားပါ။ ထိုဖိုင်များ၏ တည်နေရာကို မာစတာဖိုင်ပေါ်မှ တဆင့်သိနိုင်ရန် မာစတာဖိုင်ပေါ်တွင် hypertink ဖြင့်တွဲထားပါ။ အခြားသော အွန်လိုင်းအချက်အလက်များ၊ ဝက်ဘ်ဆိုဒ်များကိုလည်း hyperlink တွဲနိုင်ပါသည်။

အင်တာဗျူးများမှ အရေးကြီးသော စကားများကို ပြန်ပြီးရေးချထားရန် မပျင်းပါနှင့်။ ထိုအင်တာဗျူးများကို ပြန်ရေးချရန် သုံးရသော အချိန်တစ်နာရီသည် နောက်အခါ အင်အားစိုက်ထုတ်ရမည့် နာရီပေါင်းများစွာနှင့် ကိုက်ညီသည်။

မာစတာဖိုင်ထဲသို့ ပို့ပြီးသည့် မိမိဒေတာထဲတွင် ပါဝင်နေသော အချက်အလက်တိုင်းတွင် ယင်းတို့အား မည်သည့်နေရာက ရခဲ့သည်ကို ဖေါ်ပြထားရမည်။ ပုံနှိပ်စာပေများမှရခဲ့သည် ဒေတာများဖြစ်လျှင် ထိုစာအုပ်စာတမ်းနှင့် ပတ်သက်သော ပုံနှိပ်မှတ်တမ်း အချက်အလက်များကို ပြည့်စုံအောင်တွဲပြီး ရေးထားရမည်။

မိမိတို့ သတင်းရင်းမြစ်များအကြောင်းကို မာစတာဖိုင်တွင် ထည့်သွင်းသောအခါ ၎င်းတို့၏ လိပ်စာများကိုပါ ထည့်သွင်းထားရမည်။ မာစတာဖိုင်သည် မိမိပစ်မှတ်ထားသော သတင်းရင်းမြစ်တစ်ဦးကို မိမိ ပထမဆုံးအကြိမ် ဆက်သွယ်ခဲ့စဉ်က ထိုသူပြောခဲ့သော စကားများကိုပင် မှတ်သားထားရမည်။ မိမိက ထိုသူအား ပေးထားသော ကတိများကိုလည်းမှတ်သားထားရမည်။ အကယ်၍ မိမိ၏ စုံစမ်းထောက်လှမ်းမှုကို စိန်ခေါ်လာသူများ ရှိလျှင် ထိုအချက်အလက်များမှာ အလွန် အရေးကြီးသည်။ ထိုအချက်အလက်များ လက်ထဲတွင် ရှိထားခြင်းက သင်သည် သုတေသနကို စေ့စေ့စပ်စပ်လုပ်ထားသူတစ်ဦးဖြစ်ကြောင်း ပေါ်လွင်စေသည်။

**ထပ်မံသတိပေးခြင်း** - မိမိသတင်းရင်းမြစ်၏ လုံခြုံရေးကို ထိခိုက်နိုင်သော အချက်အလက် မှန်သမျှကို မာစတာဖိုင်ထဲတွင်လည်း မထည့်ရပါ။ မိမိကွန်ပျူတာထဲတွင် သိမ်းဆည်းထားသော အရာများကို တစ်စုံတစ်ယောက်က ရှာတွေ့သွားနိုင်သည့် ဖြစ်နိုင်ခြေကို အမြဲထည့်တွက်ရမည်။

## အခန်း(၅)

ဂ။ မာစတာဖိုင်ထဲသို့ ဒေတာများကို ထည့်သောအခါတွင် ထိုဒေတာများမှာ စက္ကူဖိုင်များဖြင့် သိမ်းထားသည့် စာရွက်စာတမ်းများထဲမှ ဒေတာများ ဖြစ်ကြလျှင် မည်သည့်နေရာတွင် အတိအကျရှိသည်ကို မာစတာဖိုင်ထဲတွင် ရေးမှတ်ထားပါ။ နောင်တွင် အလွန် အထောက်အကူဖြစ်ကြောင်း တွေ့လာရမည်။

အကယ်၍ သင့်တွင် စဉ်းစားစရာတစ်ခုပေါ်လာ၍ ထိုစာရွက်စာတမ်းကို ပြန်ရှာရလျှင် မာစတာဖိုင်တွင် ရှာရမည့် နေရာကို ထည့်သွင်းလာသောကြောင့် အလွယ်တကူ ရှာတွေ့နိုင်သည်။ အကယ်၍ ထိုသတင်းကို မထုတ်ပြန်မီ ရှေ့နေက ထိုသတင်းနှင့်ပတ်သက်ပြီး ဥပဒေ အကြောင်းအရ ခိုင်လုံသောအထောက်အထားရှိသလားဟု မေးလာလျှင်လည်း ချက်ချင်း ထုတ်ပြနိုင်မည်ဖြစ်သည်။ (ထိုသို့အထောက်အထားပြနိုင်သော အချိန်မှာ သင်တရားစွဲခံနေရမည်ဆိုလျှင် သင့်ဘက်မှ လျှောက်လဲချက်ပေးသော ရှေ့နေအတွက် စိတ်အေးသွားစေသော အခိုက်အတန့်မျိုးပင်ဖြစ်မည်။

ဃ။ အချက်အလက်များကို ရွှေ့ပြောင်းသောအခါ ယခင်မိမိထားခဲ့ဖူးသော ပုံစံဖြင့်သာ နေရာသစ်တွင် ထားပါ။ အရှင်းဆုံးပုံစံဖြင့် စီတန်းထားကာ ဖြစ်စဉ်တစ်လျှောက်ပါဝင်သောအဖြစ်အပျက်များကို အချိန်ကာလရွှေ့လျားပုံ အတိုင်းတန်းစီ လာနိုင်လျှင် အကောင်းဆုံးပုံစံဖြစ်သည်။ နောက်ထပ်ထည့်သောဒေတာမျိုးကိုလည်း ထိုရှိရင်းစွဲ အချက်အလက်များထဲသို့ ရှေ့နောက် ညှပ်ထည့်နိုင်သည်။ လူပုဂ္ဂိုလ်တို့၏ ဓါတ်ပုံများနှင့် ကိုယ်ရေးအကျဉ်းများကို ထိုသတင်းတွင် ၄င်းတို့နှင့်ပတ်သက်ခဲ့သော အချိန်များအတိုင်း သိမ်းဆည်းနိုင်သည်။

င။ မာစတာဖိုင်ကို ဖွဲ့ပြီးသွားလျှင် ထိုဖိုင်ပေါ်သို့ ထည့်သွင်းထားသာ ဒေတာများ တစ်ခုနှင့်တစ်ခု ဆက်စပ်နေပုံကို လည်းကောင်း လည်းကောင်း၊ ဒေတာ တစ်ခုနှင့် တစ်ခု အချိတ်အဆက် မမိ၊ လုံးဝကွင်းဆက် ပြတ်နေပုံကိုလည်းကောင်း ထင်ရှားစွာ တွေ့ရှိလာမည်။ ထို့ပြင် အချက်အလက်များမှသည် ဝါကျတစ်ခုလုံးအဖြစ် မည်သို့ဖွဲ့စည်း ရမည်ကိုလည်းကောင်း၊ စာပိုဒ်များ မည်သို့ ဖွဲ့စည်းရမည်ကိုလည်းကောင်း ခေါင်းထဲပေါ်လာနိုင်သည်။ မိမိကိုယ်ပိုင် ရှုထောင့်များပေါ်လာလျှင် ထိုမာစတာဖိုင်ပေါ်တွင် ရေးချပါ။ ထိုသို့ရေးချသောအခါ စုထားသော အချက်အလက်များနှင့် ရောမသွားအောင် မှတ်စု (Note) ဟူ၍ ထည့်မှတ်နိုင်သေးသည်။။ သို့မဟုတ် စာလုံးအကြီးဖြင့် TN- to Note မှတ်ရန်ဟုလည်း မှတ်ထားနိုင်သည်။ အဖြစ်အပျက်များအတွက်ရက်စွဲကို ရေးမှတ်သောအခါ ရက်၊ လ၊ နှစ်၊ အစရှိသည်တို့ကို တစ်ပုံစံတည်းဖြစ်အောင် မှတ်ပါ။ အမည်များကို ရေးမှတ်သောအခါတွင်လည်း အားလုံးတစ်ပုံ တည်းဖြစ်ရမည်။ ထိုသို့မဟုတ်လျှင် မာစတာဖိုင်တွင် ပြန်ရှာရန် ခက်လိမ့်မည်။

၂။ မာစတာဖိုင်ကို အပိုင်းများခွဲယူခြင်း

မာစတာဖိုင်ကဲ့သို့သောစနစ်မျိုးကိုပင်ပို၍ အသေးစိတ်သောနည်းဖြင့်မှတ်နိုင်အောင် ဒေတာသိမ်းသည့် စနစ် တစ်ခုကို တီထွင်ခဲ့သူမှာ ယခင် Institute for Computer - Assisted Reporting ( DICAR) ကို တည်ထောင်သူတစ်ဦးဖြစ်သည့် Flemming Savith ဖြစ်သည်။ Flemming ၏ နည်းမှာ Excel သို့မဟုတ် အလကားရနိုင်သော Open Source ဆော့ဖ်ဝဲလ်တစ်ခုခုဖြင့် ဒေတာများကို ဇယားပုံစံဖြည့်သွင်းရန်ဖြစ်သည်။ ထို မာစတာဖိုင်တစ်ခုတည်းတွင် စုံစမ်းနေသောသတင်းနှင့် ဆက်စပ်နေသောအချက်များကို အမျိုးအစားများခွဲကာ

ထည့်သွင်းနိုင်ကြသည်။ သူ၏နည်းမှာ ရိုးရှင်းပါသည်။ စုံစမ်းနေသော သတင်းတစ်ခုအတွက် Excel file တစ်ခုကို ဖွင့်လိုက်ရန်ဖြစ်သည်။ ဖိုင်ပေါ်တွင် အောက်ပါ ခေါင်းစဉ် အသီးသီးကို စာမျက်နှာခွဲ၍ ဖွင့်လှစ်ရန်ဖြစ်သည်။

**က။ စာရွက်စာတမ်းများစာရင်း**

Flemming က အချက်အလက်များကိုဖြစ်ပျက်ခဲ့သော အချိန်ဇယားအတိုင်း ရှေ့နောက် စီစဉ်ခြင်းကို နှစ်သက်သည်။ လုပ်နိုင်သည်မှာ စာရွက်စာတမ်းတစ်ခုစီကို နံပါတ် တစ်ခုစီသတ်မှတ်ကာ ထိုနံပါတ်များအတိုင်း တန်းစီကာ သိမ်းဆည်းခြင်းဖြစ်သည်။ အကယ်၍ ထိုစာရင်းတွင် အီလက်ထရွန်းနစ်ဖိုင်များ ပါဝင်ခဲ့လျှင် ထိုဖိုင်များ တည်ရှိရာ ဝက်ဘ်ဆိုဒ် သို့မဟုတ် hard-disk ပေါ်တွင် သိမ်းထားသောနေရာကို hyperlinks ဖြင့် တွဲထားနိုင်သည်။

| အမည် | ရက်စွဲ | မှ | သို့ | အကြောင်းအရာ၊ ပါဝင်သည်များနှင့် အရေးကြီးသော စကားလုံးများ | မှ |
|---|---|---|---|---|---|
| ၁ | ၀၁. ၀၂. ၀၅ | နာမည်၏ နောက်ဆုံးစာလုံး နာမည်၏ ပထမဆုံးစာလုံး | | အဓိက စကားလုံးများ | အီးမေးလ် ၊ စာ၊ တယ်လီဖုန်း |

**ခ။ သတင်းရင်းမြစ်များစာရင်း**

ထိုသတင်းမှတစ်ဆင့် သတင်းရင်းမြစ်များအား ဆက်သွယ်ရန် လိပ်စာများကို ပြန်ကြည့်နိုင်သည်။ Flemming အမည်ဖြင့် ပြထားသော နမူနာမှ အောက်ပါပုံအတိုင်းဖြစ်သည်။

| နံပါတ် | အခေါ်အဝေါ် | အမည် | အဖွဲ့အစည်း | လိပ်စာ | စာတိုက်အမှတ် | နိုင်ငံ | တယ်လီဖုန်း |
|---|---|---|---|---|---|---|---|
| ၁။ | အယ်ဒီတာ | FlemmingSvith | Dicar | Olaf Palmes Ave 2 | 8200 | ဒိန်းမတ် | |

**အချက်အလက်များကို ကာလအလိုက် ရှေ့နောက် အစီအစဉ်တကျ ထားခြင်း**

Excel ဖိုင်ထဲတွင် ဖြစ်ပျက်ခဲ့သည့် ပုံအဆင့်ဆင့်ကို စုံစမ်းထောက်လှမ်းခြင်းလုပ်ငန်းတစ်လျှောက် တွေ့ရှိခဲ့ရသည့်အတိုင်း စီစဉ်ထားရန်၊ ထိုအဖြစ်အပျက်များနှင့်သက်ဆိုင်နေသူ သတင်းရင်းမြစ်များကိုလည်း တစ်ပါတည်း တွဲမှတ်ရန် နမူနာကို အောက်တွင် ဖော်ပြထားပါသည်။

| ရက်စွဲ | သတင်းအရင်းအမြစ်အမည် | အဖွဲ့အစည်း | လုပ်ဆောင်ချက် | ပါဝင်သော အကြောင်းအရာ၊ အဓိက စကားလုံး | စာရွက်စာတမ်းအမည် |
|---|---|---|---|---|---|

## အခန်း(၅)

၃။ လိပ်စာ စာရင်းကိုလည်း အောက်ပါအတိုင်း ပြုစုနိုင်သည်။

| ရက်စွဲ | အချိန် | သုတေသီ | သတင်းရင်းမြစ် | အဖွဲ့အစည်း | လိပ်စာ | ဖြေဆိုပုံအကြောင်းအရာ |
|---|---|---|---|---|---|---|

အထက်တွင်ဖော်ပြထားသကဲ့သို့ပင် Flemmings မှာ သတင်းအချက်အလက် အမျိုးအစားကိုလိုက်ပြီး ခွဲထားသည်။ ကျွန်တော်အပါအဝင် သတင်းထောက် တော်တော်များများက စာရွက်တစ်ရွက်ပေါ်တွင် မာစတာဖိုင်အဖြစ် ရေးချမည့်အချက်အလက်များကို Flemmings ဆိုင်ရာ ဆိုင်ရာခွဲထုတ်လိုက်ခြင်းဖြစ်သည်။ ထိုနည်း၏ အားသာချက်မှာ တစ်ခုနှင့်တစ်ခု ထပ်နေသော အချက်အလက်များကို ဖွဲ့စည်းပုံ စနစ်တစ်ခုထဲသို့ထည့်ပြီး သိမ်းဆည်းလိုက်ခြင်းဖြစ်သည်။ အချက်အလက်တစ်ခုကို သိမ်းထားသည်မှာ တစ်နေရာထဲတွင်သာမဟုတ်ဘဲ အခြားဖိုင်တွင်လည်းပါဝင်နေသည်။ တစ်ဖက်တွင်လည်း အားနည်းချက်မှာ အချက်အလက် တစ်ခုတည်းကို ဖိုင်နေရာများစွာ ထည့်သွင်းထားသောကြောင့် ဒေတာ တစ်ခါမှားထည့်မိလျှင် အခြားနေရာများတွင် လိုက်မှားနိုင်သည်။ သို့သော် Excel ထဲတွင် ထည့်လိုက်သောကြောင့် လူပုဂ္ဂိုလ်တစ်ဦးနှင့် ပတ်သက်၍သော်လည်ကောင်း၊ အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍သော်လည်ကောင်း ရှာလိုက်လျှင် အားလုံးကို စုစည်းပြီးသား တွေ့နိုင်ပြီး လျှင်မြန်စွာ ရှာဖွေနိုင်သည်။ Word ဖိုင်တွင်မူ Excel လောက်မမြန်ပေ။ သင့်အနေနှင့် အဆင်ပြေသော ဆော့ဖ်ဝဲကို သုံးရန် ကျွန်တော်တို့ အကြံပေးလိုပါသည်။ ထိုဆော့ဖ်ဝဲများဖြင့် မလုံလောက်တော့လျှင်မူ တစ်မျိုးစဉ်းစားနိုင်ကြသည်။ လုံလောက်နေသရွေ့အတိုင်းအတာတွင်မူ word ဖြင့် မာစတာဖိုင်ဖွဲ့ခြင်းမှာ ကျွန်တော်၏အကြိုက်ဆုံးနည်းဖြစ်သည်။ သုံးကြည့်ပါဦး။ Excelသို့မဟုတ် Spreadsheets နှင့်ပို၍ နီးစပ်လျှင်မူ ထိုဆော့ဖ်ဝဲများကိုသုံးနိုင်ပါသည်။ မိမိ၏ အလုပ်ကို မိမိကွန်ပျူတာက အထောက်အကူပြုနိုင်သောနည်းဖြင့် အလုပ်ကို ပြီးမြောက်စေခြင်းဖြစ်သည်။

၃။ ဒေတာများကို အဘယ့်ကြောင့် ဤသို့ သိမ်းဆည်းသင့်သနည်း။ မည်သည့်အချိန်တွင် လုပ်ရန်လိုသနည်း။

ထောက်လှမ်းသောသတင်းတိုင်းအတွက် ဤမျှများပြားသော ဒေတာ စုဆောင်းခြင်းများလုပ်ရန်မလိုပါ။ သို့သော် ဖိုင်ပေါင်း တစ်ဒါဇင်လောက်နှင့် သတင်းရင်းမြစ်များစွာပါဝင်လေ့ရှိသော သတင်းတစ်ပုဒ်ကိုစုံစမ်းရာတွင် မာစတာဖိုင်ကို ပုံစံတစ်ခုခုဖြင့် မလုပ်ထားခဲ့လျှင် နောင်တွင် နောင်တရစရာရှိသည်။ ရိုးရိုးသတင်းလိုက်ခြင်းနှင့် စုံစမ်းထောက်လှမ်းရေး သတင်းတင်ပြခြင်းတို့တွင် သဘောသဘာဝကွာခြားသည်က ထောက်လှမ်းရသော သတင်းများမှာ အချက်အလက်များ၊ လိပ်စာများနှင့် အခြားစာရွက်စာတမ်းများ၊ ကိန်းဂဏန်းများ များစွာလိုအပ်ခြင်းဖြစ်သည်။ ယခုအခန်းတွင် ဆွေးနွေးခဲ့သော နည်းလမ်းများမှာ အလုပ်များကို သက်သာစေနိုင်သည်။ မိမိ၏ သတင်းအချက်အလက် စုဆောင်းပုံကို ပို၍ ကောင်းမွန်အောင်လုပ်နိုင်ရန်နှင့် ပြုလွယ်ပြင်လွယ်ဖြစ်စေရန်အတွက် အထောက်အကူပြုသည်။ သင့်အနေနှင့် ထိုနည်းများထက် ပိုကောင်းသော ဖြေရှင်းနည်းများကိုလည်း ရှာတွေ့နိုင်ပါသေးသည်။

သို့ရာတွင် ဤအဆင့်မှာ အလုပ်များလှသည်ဟုထင်သောကြောင့် မလုပ်ဘဲ ကျော်သွားရန် မစဉ်းစားပါနှင့်။ သင်၏ အလုပ်မှာ မမြန်လာဘဲ ပိုနှေးသွားနိုင်ပါသည်။ သို့မဟုတ် အလုပ်ကို အဖတ်ဆည်မရ ဖြစ်သွားနိုင်သည်။ ကွန်ပျူတာကို သုံးနိုင်ခြင်း၏ အကျိုးရလာဒ်မှာ အထက်တွင်ဖော်ပြထားသောနည်းများမှ အကျိုးကျေးဇူးကို ခံစားနိုင်ခြင်းဖြစ်သည်။

- ချရေးရန်အချိန်သို့ရောက်လာသောအခါ မိမိ၏ဒေတာများအားလုံး လက်ထဲတွင်ရှိနေသောကြောင့် မိမိ လတ်တလော ရခဲ့သည့်ဒေတာများကိုသာမှတ်မိပြီး အချိန်ကြာသွားပြီဖြစ်သောကိစ္စမှန်သမျှ မေ့လျော့သွားသည်အဖြစ်မျိုးကို ရှောင်ကျဉ်နိုင်ကြမည်။

- အားလုံးပြီးစီး၍ အချက်အလက်များ မှန်မမှန်စစ်ဆေးနေသောအခါတွင်လည်း တစ်နေရာတည်းတွင်အကိုးအကားများ အကုန်အစင်ရှိနေခြင်းကြောင့် အချိန်သက်သာပြီး စိတ်တိုစရာလည်း နည်းသည်။

- အချုပ်အားဖြင့်ဆိုရသော် ဤနည်းကြောင့် ပို၍ မြန်မြန်နှင့် မှန်မှန်ရေးနိုင်လေသည်။

## ဖိုင်တစ်ခုနှင့်တစ်ခုကြား ဆက်နွယ်မှုကို ရှာဖွေခြင်း

မိမိ၏ စာရွက်စာတမ်းများကိုစုစည်းရာတွင်လည်းကောင်း၊ နောက်ကြောင်းပြန်၍ အချက်အလက်များကို ရှာဖွေရာတွင်လည်းကောင်း၊ တစ်ကြော့ပြန် စစ်ဆေးရာတွင်လည်းကောင်း၊ လွယ်ကူစေရန်၊ ပိုမိုလွယ်ကူအောင် ပြင်ဆင်ထားခြင်းအားဖြင့် မိမိလက်ထဲရှိ ဒေတာများ တစ်ခုနှင့်တစ်ခု မည်သို့ပတ်သက်နေကြောင်း သိရှိနေမည်ဖြစ်သည်။ သေချာသည်က ထိုဒေတာများ၏ အဆက်အစပ်ကို သုံးသပ်လိုက်သောအခါတွင် သင်မသိသေးသော ကိစ္စများအတွက် မေးခွန်းများထပ်မံပေါ်ထွက်လာနိုင်ခြင်းပင်ဖြစ်သည်။ ထိုအခါ သင်၏ စုဆောင်းထားသော ဒေတာဘဏ်တိုက်ထဲတွင် မည်သည့်အချက်များ ထည့်ဖြည့်ရန်လိုသည်ကို ရိပ်မိလာမည်။ အချက်အလက်အသစ်များက မိမိ၏ မှန်းဆချက်နှင့်ကိုက်ညီသောအခါတွင် ချက်ချင်း စိတ်က သိနိုင်သော အာရုံခံစားမှု ရှိနေမည်။ ထိုအခါမျိုးတွင် မိမိ မတွေးမိသေးသော အရာများကိုလည်း ရှာဖွေတွေ့ရှိလာနိုင်သည်။

ဒေတာများကို ရှုထောင့်သစ်မှ ဆက်စပ်ကြည့်သောအခါ

သာဓက။ ။

### အဆင့် (၁) - စတင် ဆက်စပ်မိခြင်း

ပြင်သစ်အမျိုးသားပါတီကိစ္စကို ကျွန်တော်တို့ ထောက်လှမ်းခဲ့ကြစဉ်က ကျွန်တော်တို့ တွေ့ရှိခဲ့သည်မှာ ထိုပါတီသည် တရားရုံးတွင် တရားရင်ဆိုင်ခြင်းကို နိုင်ငံရေး ဗျူဟာတစ်ရပ်အဖြစ် သုံးနေခြင်းကိုဖြစ်သည်။ သူတို့၏ နည်းဗျူဟာတွင် တရားရုံးကိုအခြေတည်၍ လှုပ်ရှားခြင်းမှာ ခိုင်မာစွာ ရှိနေကြောင်း ထိုပါတီအကြောင်း ကျွန်တော်တို့ ရယူခဲ့သော စာရွက်စာတမ်းများမှတစ်ဆင့် သုံးသပ်နိုင်ခဲ့သည်။ ၎င်းတို့နှင့် သက်ဆိုင်သော တရားရုံးရောက်နေသည့် ကိစ္စများ၏အမှုတွဲများ၊ သတင်းစာဖြတ်ပိုင်းများ၊ တရားရုံးမှတ်တမ်းများက အသုံးဝင်ခဲ့သည်။

### အဆင့် (၂) အမျိုးအစားခွဲခြားခြင်း

ဒေတာအရင်းအနှီး စုစည်းမှုပမာဏ ကြီးသထက် ကြီးမားလာသောအခါ အမျိုးအစားအလိုက် ဖိုင်များခွဲပစ်ရတော့သည်။ ပြင်သစ်အမျိုးသားပါတီက မဲလိမ်ထားသည်ဟုသော စွပ်စွဲချက်များကိုလည်းကောင်း တွေ့ရှိရသောအခါတွင် သီးသန့်ဖိုင်များ ခွဲဖွင့်ရတော့သည်။

အဆင့် (၃) အချို့သောဖိုင်များက အမျိုးသားပါတီဝင်များသည် နာဇီလက်သစ်များဖြစ်ကြသော ကတုံးတုံးထားသည့် skinhead များနှင့် ပတ်သက်နေသည်ကိုလည်း တွေ့ရှိခဲ့ရသည်။ ပါတီအနေဖြင့် တရားဝင် ငြင်းဆိုထားသည့်တိုင်အောင် ထို skinhead အားဖြင့် ဆက်စပ်နေရမည်ဟု ယူဆထားလိုက်သောကြောင့် ဖိုင်အသစ်ကို ထပ်ဖွင့်ရပြန်သည်။ နောက်ဆုံးတွင် skinhead နှစ်ဦးနှင့် အမျိုးသားပါတီ၏ မြူနီစပယ် အမတ်လောင်း တစ်ဦးတို့သည် ဆံပင်ရှည်နှင့် အမျိုးသားတစ်ဦးအား တိုက်ခိုက်ကြရာမှ တရားရုံးကို ရောက်သွားသည့် ကိစ္စနှင့်

ပတ်သက်သည့် အစီရင်ခံစာ တစ်စောင်ကို တွေ့ရှိခဲ့ကြသည်။ ထိုသူမှာ သူတို့၏ တိုက်ခိုက်မှုကြောင့် ကိုယ်အင်္ဂါ မသန်စွမ်းသူ ဖြစ်သွားရသည်။ ကျွန်တော်တို့သည် ထို အမျိုးသား၏ ရှေ့နေကို ဆက်သွယ်ခဲ့ကြသည်။

**အဆင့် (၄) ချိတ်ဆက်မှုများကို မြင်လာခြင်း**

ထိုရှေ့နေက အခြားလုပ်ကြံရန် ကြိုးစားသော အမည်မဖော်နိုင်သည့် အဖွဲ့တစ်ခုအကြောင်းကို ဖော်ပြထားသည့်အချက်အလက်ကို ကျွန်တော်တို့အား ပေးခဲ့သည်။ ထိုလူသတ်သမားအဖွဲ့သည် နတ်ဘုရားတစ်မျိုးအား ယုံကြည်ကိုးကွယ်သူများ ဖြစ်ပုံရသည်။ အမျိုးသားပါတီက ထိုတရားမဝင် လှုပ်ရှားနေကြသော နတ်ဘုရား ယုံကြည်သူများနှင့် ပတ်သက်သည့် ဖိုင်တစ်ခုကိုလည်း ကျွန်တော်တို့ ဖွင့်ပြီး သိမ်းထားခဲ့ရသည်။ ယခုအခါ ထိုဖိုင်ထဲသို့ skinhead တို့နှင့် အမျိုးသားပါတီဝင်များနှင့် skinhead တို့ကြားတွင် ဆက်စပ်ပေးနေသူများမှာ ထိုနတ်ကိုးကွယ်သည့် အုပ်စုဝင်များ ဖြစ်နေနိုင်သည်ဟူ၍ ဖြစ်သည်။။

**အဆင့် ၅။ ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်စုစည်းခြင်း**

ဖိုင်ပေါင်းများစွာမှာ အချက်အလက်များကို ကျွန်တော်တို့ ပြန်စုကာ ထိုမြေအောက်လှုပ်ရှားသူ နတ်ဘုရား နောက်လိုက်များနှင့် skinhead များကြား ဆပ်စပ်မှု၊ ထိုအထဲတွင် အမျိုးသားပါတီဝင်များ ပါဝင်နေမှုတို့နှင့်ဆိုင်သော ကိစ္စများအားလုံးကို ဆွဲထုတ်လိုက်သည်။ ယခုအခါ စုထားသော အချက်အလက်များတွင် skinhead တို့ အကြောင်း ပြောထားသော အမျိုးသားပါတီ အရာရှိများနှင့် အင်တာဗျူးများ၊ အမျိုးသားပါတီမှထုတ်သော စာစောင်များမှ ဖြတ်ညှပ်ထားသော အပိုင်းများ၊ အမျိုးသားပါတီမှ ရရှိခဲ့သော နတ်ဘုရားယုံကြည်သူများနှင့် အင်တာဗျူးများနှင့် အခြားစာရွက်စာတမ်းများပါဝင်သည်။ ထိုဖိုင်များအားလုံးသည် သူတို့အာလုံး ပါဝင်ပတ်သက်သော အမှုများကို အသေးစိတ် ဖော်ပြခဲ့သော စာအုပ်၏ အခန်းများအတွက် အခြေခံများဖြစ်လာခဲ့ကြသည်။

ဤအခန်းအားပြန်လည်သုံးသပ်ခြင်း

အရေးကြီးသည့်အချက်များနှင့် သုံးသင့်သည့် နည်းလမ်းများ

၁။ စာရွက်စာတမ်းများကို သတင်းစာဖြတ်ပိုင်းများအစ ရှိသည်တို့ကို ကိစ္စရှိလျှင် အလွယ်တကူရှာတွေ့နိုင်အောင် စီစဉ်ပါ။

၂။ ဒေတာများကို ရောက်လာချိန်တွင် အမည်ပေးခြင်း၊ စိစစ်ဖတ်ရှုခြင်းနှင့် ဖိုင်တွဲခြင်းတို့ကို ဆောင်ရွက်ပါ။

၃။ လိုသော အချက်အလက်များအားလုံးကို ရှေ့နောက် အစီအစဉ်တကျ တွဲထားနိုင်ရန် မာစတာဖိုင်တစ်ခုကို ဖန်တီးပါ။

၄။ အစီအစဉ်တကျဖြစ်အောင် ထားရင်း တွေ့လာသော ဟာကွက်များကို ထပ်မံ၍ ဖြည့်ထားပြီး နောက်ထပ် သုတေသနပြုရှာဖွေရန် ကိစ္စများကို မှတ်သားပါ။

၅။ ဖိုင်တစ်ခုမှ ဒေတာက အခြားဖိုင်တစ်ခုမှ ဒေတာနှင့်ဆက်စပ်နေသောအခါ ပတ်သက်မှုအလိုက် ချိတ်ဆက်ကာ ဖိုင်များကို ပုံစံသစ်ဖြင့် ပြန်စုစည်းရန်။

# ရေးသားခြင်း

၆

ရေးသားခြင်း

MARK LEE HUNTER ရေးသားသည်။

ဤအဆင့်တွင် စုံစမ်းရမည့်သတင်းကို ရှာတွေ့ပြီ။ ထိုသတင်း၏ ဖြစ်နိုင်ခြေကို မှန်းဆထားပြီးပြီ။
မိမိမှန်းထားသည်များ မှန်မမှန်ကို လွတ်လပ်စွာဖတ်နိုင်သော ရသမျှစာရွက်စာတမ်းများဖြင့်
တိုက်ကြည့်ပြီးပြီ။ လူပုဂ္ဂိုလ် သတင်းရင်းမြစ်များကိုလဲ မေးမြန်းပြီးပြီ။
ဒေတာများကို စုဆောင်းနေစဉ်တွင် တွေ့ရှိသမျှကိုစနစ်တကျထားသိုပြီးလိုသည်ကို ပြန်စစ်ဆေးရန်၊
သတင်းအဖြစ် ရေးသားရန်၊ ပြန်လည်စိစစ်ရန်ဖိုင်များဖွဲ့စည်းသည်။
ဤအဆင့်တွင် ဒေတာများကို ဇာတ်လမ်းတစ်ပုဒ်အဖြစ် စီကုံးကာ သတင်းတစ်ပုဒ်ကို ရေးသားတော့မည်။

## အခန်း(၆)

ထောက်လှမ်းရေးသတင်းတစ်ပုဒ်ကိုရေးရခြင်းသည် ရိုးရိုးသတင်းတစ်ပုဒ်ကိုရေးရခြင်းနှင့်တော့ တူမည်မဟုတ်ပေ။ ပြီးခဲ့သည့်အခန်းတွင် စာရွက်စာတမ်းများကို စနစ်တကျထားသိုခြင်းမှာ အရေးကြီးလှကြောင်း ဆွေးနွေးခဲ့သည်။ သုတေသနအတွက် လုပ်ခဲ့ရသော စနစ်ကျနမှုများသည် ယခုစာရေးချိန် အသုံးဝင်လာပေတော့မည်။ နောက်ဆုံးတွင် သတင်းကိုချရေးတော့မည့်အချိန်တွင် ပုံစံမျိုးစုံဖြင့် ရေးသားတတ်သူ တစ်ဦးဖြစ်ရမည့်အပြင် ရိုးရိုးသတင်းများထက်လည်း ပရိယာယ်ပါကာ တင်ပြပုံကို ဆွဲဆောင်မှုရှိအောင် ရေးရလေ့ရှိသည်။ ရေးသားမှုအတွက် လိုက်နာရသော အခြေခံစည်းကမ်းများမှာလည်း သာမန်သတင်းတစ်ပုဒ်ထက် ပိုမိုရှုပ်ထွေးသည်။ သတင်းထောက်သည် ဝတ္ထုရေးသူများသုံးလေ့ရှိသော ရေးပုံရေးနည်းများ၏ အားသာချက်များကို ရယူ အသုံးပြုကောင်း ပြုမည်ဖြစ်သော်လည်း ဝတ္ထုရေးသကဲ့သို့ ဖြစ်သွားမည်ကိုလည်းရှောင်ကြဉ်ရသေးသည်။ သတိပြုမိချင်မှ ပြုမိမည်ဖြစ်သော်လည်း အဆုံးသတ်တွင် မိမိ၏ ခံစားချက်များအားလုံး စာသားများထဲတွင် စိမ့်ဝင်သွားခဲ့သည်။

### စတိုင်ကို ရွေးသေအခါ စဉ်းစားရမည့်အချက်များ

### ၁။ ပျင်းစရာကောင်းသော ရေးဟန်မဖြစ်ရ

သတင်းထောက်တစ်ဦး၏အလုပ်မှာ အချက်အလက်များကို တင်ပြရန်သာဖြစ်ပြီး စာဖတ်သူမှာ ထိုအချက်အလက်များအပေါ် ကောက်ချက်ချ သုံးသပ်ခြင်းကသာ သတင်းစာပညာအမှန်ဖြစ်သည်ဟု ကျွန်တော်တို့ကို သင်ကြားခဲ့ကြသည်။ ထိုရှုထောင့်မှ စဉ်းစားသောအခါ သတင်းထောက်၏ အသံသည်လည်းကောင်း သတင်းထောက်၏ ခံစားချက်သည်လည်းကောင်း မည်သည့်အရောင်မျှ မစွန်းဘဲ ရှိရမည်။ ထိုနည်းမှလွဲ၍ အခြားသော ရေးသားပုံများမှာ တည်ခြင်း ခန့်ခြင်း မရှိဟု နားလည်ထားကြသည်။

သို့သော် ရေးသားသည့်အခါတွင် မိမိ၏ စိတ်ခံစားမှုကို မပယ်ဘဲ သင့်တင့်လျောက်ပတ်သောနည်းကိုသုံးကာ သတိဖြင့်မလွန်အောင်ရေးသားသည့်အခါတွင်မူ ကောင်းကျိုးများစွာရှိသည်ကို ကြုံခဲ့ရသည်။။ ထို့ကြောင့် သတင်းထောက်များသည် ၄င်းတို့၏ ပြင်းပြသော ဆန္ဒတစ်စုံတစ်ရာ၊၄င်းတို့၏ ယုံကြည်မှုများ၊ ၄င်းတို့၏ ကိုယ်ရည်ကိုယ်သွေးများကို ကို ထုတ်မပြရဟု ဆိုခြင်းမှာ ထူးဆန်းသော ကိစ္စဖြစ်သည်။ သတင်းစာကို ဖတ်ရှုလက်ခံရာတွင် ပရိသတ်တို့သည် ၄င်းတို့၏ ခံစားနိုင်သည့်အာရုံကို ဖွင့်ထားရသည်။ သူတို့သည် သတင်းထဲတွင် မြင်ရ ကြားရသောကိစ္စက သူတို့ထံ ရိုက်ခတ်လာခြင်းအပေါ် စိတ်ဖြင့်ခံစားကြသည်။ စိတ်ဖြင့် မခံစားလျှင် သူတို့မြင်သော ကြားသောအရာကို နားလည်နိုင်မည်မဟုတ်။ ထိုသို့ ခံစားစရာကို မပေးနိုင်သော သတင်းထောက်မျိုးသည် အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးရသူပင်ဖြစ်သည်။ ဖတ်သူ ကြည့်သူ၏စိတ်ကိုမျှ မနိုးဆွနိုင်ဟုဆိုလျှင် ထိုအလုပ်သည် ဇာတ်လမ်းဆုံးလေပြီ။

စုံစမ်းထောက်လှမ်းသူသည် အဖြစ်အပျက်တို့အတွက် ဘက်မလိုက်ဘဲ ကြားနေရမည်။ မိမိတွေ့သမျှကို မညာဘဲ ဖြောင့်မတ်စွာ တင်ပြရမည်ဆိုသည်မှာ မှန်၏။ သို့သော် ထိုအဖြစ်အပျက်များ၊ အချက်အလက်များကြောင့် လောကကြီးက မည်သို့ပင် ဖြစ်ပျက်နေသည်ဖြစ်စေ မိမိနှင့်မဆိုင်၊ မိမိက ကြားနေရမည့်သူသာ ဖြစ်သည်ဟူသော သဘောထားမျိုးကို ဆိုလိုသည်မဟုတ်ပေ။

နိုင်ငံရေးသမားများစွာသည် သတင်းထောက်များကို ဘက်မလိုက်သင့်ဟု ဆိုရာတွင် သူတို့အနေနှင့် သတင်းထောက်ကို ဖြစ်စေချင်သည့်ပုံစံမှာ တရားခြင်း မတရားခြင်း မည်သည့်ဘက်ကိုမျှမလိုက်ဘဲ နှလုံးသားမဲ့ခြင်းမျိုးဖြစ်သည်။ စုံစမ်းထောက်လှမ်းရေး သတင်းများကို တင်ပြရခြင်း၏ ရည်ရွယ်ချက်ကိုယ်တိုင်ကပင် ပြုပြင်စရာရှိသည်များကို ပြုပြင်ပေးရန်ဖြစ်သည်။ ကမ္ဘာကြီးကို ပြုပြင်လိုသည့် ဆန္ဒမှာ စိတ်ခံစားချက် လုံးလုံးဖြစ်ပြီး ကိုင်တွယ်ထိတွေ့နိုင်သည့်အရာမဟုတ်ပေ။ လူတစ်ယောက်ချင်းစီ၏ စိတ်အခံနှင့်လည်းဆိုင်သည်။

## အခန်း(၆)

အချက်အလက်များသည် စိတ်ခံစားချက်ပေါ်အခြေခံကာ ပြောဆိုသည့်အရာများမဟုတ်ကြပေ။ ထိုအချက်အလက်များ မှန်မမှန်ကို မေးခွန်းထုတ်ရန်လိုသည်။မည်သူက လေ့လာသည်ဖြစ်စေ ထိုအချက်အလက်များကို မေးခွန်းထုတ်ရမည်ဖြစ်သည်။ ဘက်မလိုက်ပဲ ပြောဆိုသောအချက်အလက်များသည် မိမိတို့ လိုချင်သော အပြောင်းအလဲပန်းတိုင်ဆီသို့သွားလောက်အောင် သွားရသောယာဉ်ဖြစ်သည်။ ပန်းတိုင်မဟုတ်။ အဆုံးသတ်တွင် ပရိသတ်တို့သည် သတင်းအချက်အလက် သက်သက်ကို သိလိုသူများမဟုတ်။ ထိုပေးလိုက်သော အချက်အလက်ကို အခြေခံပြီး ဖေါ်နိုင်သောအဓိပ္ပာယ်ကိုသိလိုကြသည်။ ထိုအဓိပ္ပါယ်အား ရေးပြသည်ကို ဖတ်ကြည့်ချင်ကြသည်။ ထို့ကြောင့်ပင် သတင်းမှာအရေးပါနေလသည်။ သတင်းထောက်သည် ထိုလိုအပ်ချက်ကို သိသူဖြစ်ရမည်ဖြစ်ပြီး ပရိသတ်ကို ဆွဲဆောင်နိုင်မည့်နည်းလမ်းဖြင့် ဇာတ်လမ်းကို အချက်အလက်များ၏ အကူအညီဖြင့် ပြောပြနိုင်သူဖြစ်ရမည်။

စာရေးသူတော်တော်များများမှာ စတိုင်နှင့်ပတ်သက်၍ စိတ်ပူတတ်ကြသည်။ ကျွန်တော်တို့ ယုံကြည်သည်ကမူ စတိုင်မှာ လူတစ်ယောက်၏ ပင်ကိုယ်သဘာဝ၊ စရိုက်လက္ခဏာများနှင့်ဆိုင်ပြီး အတင်းလုပ်ယူ စရာမလိုဘဲ တဖြည်းဖြည်းချင်း ကိုယ်ပိုင်စတိုင်ဟူ၍ ထွက်ပေါ်လာသည့်ကိစ္စမျိုးဖြစ်သည်။ စတိုင်ကြောင့် မိမိရေးမည့် အကြောင်းအရာက မှိန်သွားခြင်းမျိုး မဖြစ်သင့်ပေ။ မှိန်သွားခဲ့လျှင် စတိုင်ကို ဦးစားပေးလိုက်သဖြင့် အချက်အလက်များက အရေးမပါသလိုဖြစ်သွားခြင်း ဖြစ်နိုင်သည်။ စတိုင်ရိုးရိုးကလေးဖြင့် ရေးနေသော်လည်း ဇာတ်ရှိန်ကို မြင့်အောင်လုပ်လို့ရသကဲ့သို့ပင် ရှုပ်ထွေးနေသော စတိုင်တစ်ခုကြောင့် အကြောင်းအရာမှာ နားလည်ရခက်သည့်အဖြစ်သို့လည်း ရောက်သွားနိုင်သည်။ မိမိသုံးသောလက်နက်က မိမိကို ဒုက္ခပေးသည့်အဖြစ်မျိုး မရောက်ပါစေနှင့်။ ထောက်လှမ်းရေးသတင်းများတွင် အရေးကြီးသည်မှာ မိမိဖြင့် အတိုင်အဖောက် ကာရံပါနေသလို ရေးရန်ဖြစ်သည်။ စတိုင်ဘက်သို့ဇောင်းပေးလိုက်ခြင်းက မသွက်ပဲ ပို၍နှေးသွားနိုင်သည်။

### ၂။ သံသယကိုရှင်းရန်

ကြွယ်ပိုးကြွယ်ဝ ပုဂ္ဂိုလ်ကြီးများနှင့် အာဏာရှိသောသူများသည် သတင်းထောက်များကို လက်အောက် ငယ်သားသဖွယ် ဆက်ဆံတတ်ကြသည်။ ထိုအချက်ကြောင့်ပင် အချို့သောသတင်းထောက်များမှာ အလုပ်ကို မိမိမယုံကြည်ကြခြင်းဖြစ်သည်။ သတင်းထောက်များမှာ မိမိတို့နှင့် တွေ့ဆုံနေသောသူများက မိမိတို့ထက်ပိုပြီး စိတ်ဝင်စားဖွယ်ဖြစ်ကာ ပို၍လည်း တက်ကြွသူများဖြစ်ကြသည် ပို၍ အရေးပါသူများလည်းဖြစ်သူဟု မှတ်ယူ တတ်ကြသည်။ မိမိတို့မှာ ဂျာနယ်လစ်သာသာဖြစ်၍ ဘာမှမဟုတ်ဟူသော ခံစားချက်ဖြစ်သည်။

ထိုခံယူချက်မျိုးမှာ စုံစမ်းထောက်လှမ်းသော သတင်းထောက်ဘဝအတွက်မူ အလွန်အန္တရာယ် ကြီးပါသည်။ ထိုစိတ်သဘောထားမျိုးကို သင်ထင်ထားသည်ထက်ပင် သတင်းထောက်များတွင် ပိုတွေ့နိုင်သည်။ နှစ်စဉ်ပင် ကျွန်တော်သင်တန်းပေးသော သတင်းထောက်များထဲတွင် တော်တော်များများသည် အကြောင်းအရာကို ဖေါ်ထုတ်နိုင်ပြီး တွေ့ရသော ကိစ္စကိုလည်း သုတေသန ကောင်းကောင်းလုပ်နိုင်သူများဖြစ်ကြသည်။

သို့သော် ခက်နေသည်က သူတို့၏ စုံစမ်းရာမှ ရှာတွေ့သော တွေ့ရှိချက်များကို သူတို့မယုံခြင်းဖြစ်သည်။ မိမိကိုယ်ကို သစ္စာဖေါက်ခြင်းပင်။ သူတို့သည် လက်ခံချင်စရာမကောင်းသော မနှစ်မြို့နိုင်သော အမှန်တရားများကို သူတို့ ရှာဖွေတွေ့ရှိခဲ့သည်။ သို့သော် ထိုအရာတို့မှာ အမှန်တရားများမဟုတ်ကြောင်း ယုံလောက်အောင် ပြောတတ်သူ သတင်းရင်းမြစ်များအား သူတို့နေရာပေးလိုက်မိတတ်ကြသည်။ သူတို့ပေးလိုက်သော နေရာကို ကောင်းစွာ သုံးတတ်သူ သတင်းရင်းမြစ်များသည် သူတို့ ဖေါ်ထုတ်တွေ့ရှိမှုများမှာ အမှန်မဟုတ်ကြောင်းကို အမြော်အမြင်လိုလို၊ သတိပေးချက်လိုလို အချက်အလက်တွေနှင့်ရောပြီး ခြေဖျက်သွားတတ်ကြသည်။ သတင်းထောက်သည် သူ့အပြောတွင် မြောသွားတော့သည်။

## အခန်း(၆)

ဥပမာ- ကိုယ်ဝန်ဆောင်များကို ဆေးပညာသုံးက ကိုယ်ဝန်ဖျက်ချပေးသည့် ကိစ္စကို စုံစမ်းထောက်လှမ်းစဉ်က ဆုံခဲ့ရသော ကျော်ကြားသည့် ဆရာဝန်ကြီးတစ်ဦးနှင့်အင်တာဗျူးကို ဥပမာ ပေးပါမည်။ သူ့ပြောပုံမှာ "တစ်ခါတစ်လေ စုံတွဲတွေမှာ ကြုံလာရတဲ့ မရေရာ မသေချာမှုတွေက သူတို့ကို ဒီလမ်းရွေးရအောင်လုပ်တာပဲ။ ကိုယ်ဝန် ဖျက်ချတာကို အချို့ကလက်ခံမယ်၊ တစ်ချို့ကတော့ သိပ်လက်ခံချင်ကြမှာမဟုတ်ဘူး" ထိုဆရာဝန်၏ အပြောကို နားထောင်ကြည့်ပါ။ ချိုချိုသာသာပင်ဖြစ်ပြီး သူသည် သတင်းထောက်က တွေ့ထားပြီးဖြစ်သော အချက်ကို ငြင်းပယ်နေခြင်းဖြစ်သည်။ ကိုယ်ဝန်ကို ဖျက်ရန် မဖျက်ရန် ဆုံးဖြတ်သူမှာ ဆေးပညာကို ကျွမ်းကျင်သူတစ်ဦး ဖြစ်ပြီး ကိုယ်ဝန်ရသွားသည့်စုံတွဲမဟုတ်ကြောင်း သတင်းထောက်က သိထားပြီးဖြစ်သော်လည်း သူက လှပစွာ ငြင်းဆန်နေခြင်းဖြစ်သည်။ ထိုဇာတ်လမ်းတွင် ဆိုဆရာဝန်ကြီး၏ အပြောကို နေရာပို၍ ပေးလိုက်ခြင်းအားဖြင့် သတင်းထောက်သည် မိမိတွေ့ရှိချက်ကို မိမိသတ်ပစ်လိုက်သည်။ မိမိကို မိမိမယုံသည့် သံသယကို သတိပြုပါလေ။ နောက်ထပ် သတင်းထောက်အနေဖြင့် မှားတတ်သည့်နည်းတစ်ခုမှာ မိမိ၏ ပစ်မှတ်ကို မိမိသတင်း၏ အစောပိုင်းတွင် တိုက်ခိုက်သည့်လေသံမျိုးသုံးထားပြီး အဆုံးသတ်တွင် သူက ထင်သလောက်တော့လည်း မဆိုးပါဘူးဗျာ ဟူသော အပြောမျိုးဖြင့် ရေးသားတင်ပြထားခြင်းဖြစ်သည်။ ထိုအချက်ကိုကြည့်လျှင် သတင်းထောက်၏ မသိစိတ်မှ ကြောက်ရွံ့မှုကို မြင်ရမည်ဖြစ်ပြီး ပရိသတ်ကို မိမိနှင့် သဘောထားတူအောင်ထားရန် တောင်းဆိုနေသည်။ အကယ်၍ သင်သည် အမှန်တရားကိုရှာတွေ့ထားနိုင်လျှင် ထိုသူများ လုပ်သည့်အတိုင်း မတွန့်ဆုတ်ပါနှင့်။ မိမိတွေ့ထားသော အမှန်တရားအတွက် မိမိကိုယ်ကို 'မင်းတော်တယ်ကွ' ဟု ဂုဏ်ပြုလိုက်ပြီး တစ်ပြိုင်နက်ထဲတွင် အရှုးလုပ်ရန် ကြိုးစားသော သတင်းရင်းမြစ်များ၏ ပရိယာယ်ကို အနိုင်မပေးရန်လိုပါသည်။

### ၃။ ရက်စက်ပါ။ ညှံ့တော့မညှံ့ပါနှင့်။

စုံစမ်းထောက်လှမ်းခြင်းတစ်ခုမှာ စိတ်ဖိစီးမှုများနိုင်သောကြောင့် အချိန်ကြာလာသည်နှင့်အမျှ စိတ်ပျက်လာခြင်း၊ ငြီးငွေ့လာခြင်းများ၊ ဒေါသများ ဖြစ်လာတတ်ပါသည်။ ထိုအရာများအားလုံးကြောင့် သတင်းထောက် တစ်ယောက်သည် သတင်းရင်းမြစ်ရှေ့တွင် စိတ်မထိန်းနိုင်ပဲ ရန်စစော်ကားသည့် အမူအယာမျိုး ဖြစ်သွား နိုင်စေသည်။ ထိုအမူအယာမျိုးသည် တိုက်စစ်မဟုတ်ဘဲ ခံစစ်ဖြစ်နေသောကြောင့် တစ်ဖက်လူကို မိမိကို အားနည်းသူဟု မြင်သွားနိုင်သည်။ အကယ်၍ အသရေဖျက်မှုနှင့် တရားစွဲခံနေရသောအခါမျိုးတွင် ထိုအခြေအနေမှာ မိမိကို ယုံကြည်မှုပျက်ပြားစေသည်။

မိမိက တစ်ဖက်လူကို စွဲချက်တင်သောအခါ တည်တည်တံ့တံ့စွဲချက်မျိုးသာ ဖြစ်လျှက် စော်ကားမော်ကား အမူအယာမပါရပါ။ ထိုသို့လုပ်မိလျှင် ပြန်ပေးဆပ်သည့်အတိုင်းအတာမှာ များပါသည်။ မိမိထံတွင် အဆင်ခြင် ကင်းမဲ့စွာ စိတ်လွတ်ကိုယ်လွတ် ပြုမူတတ်သည်များတွေ့ရပြီဆိုလျှင် ပြန်လည် ပြင်ဆင်ပါ။

### မိမိစတိုင်ကို ပုံဖိုးနိုင်သည့်အရာများ

### မော်ဒယ်များကို သုံးကြည့်ခြင်း

ဇာတ်လမ်းကို ပြောပြသော အတတ်ပညာတွင် သူသူငါငါ ကြုံခဲ့ဖူးသည့် ပြဿနာများအားလုံးကို တစ်နည်းမဟုတ် တစ်နည်း ရှင်းနိုင်သူ ဥာဏ်ကြီးရှင်များ ရှိခဲ့ကြသည်။ ထိုဥာဏ်ကြီးရှင်များကိုယ်တိုင်ပင်လျှင် အခြားသူတို့ သုံးခဲ့သော ဇာတ်လမ်း ရေးသားပုံကို အတုယူခဲ့ကြသည်များလည်းရှိသည်။ (ဥပမာ- ရှိတ်စပီးယားသည် အခြားသော ပြဇာတ်ဆရာများနှင့် သမိုင်းဆရာများဇာတ်ကွက်များကို ယူသုံးခဲ့ဖူးသည်) မိမိသည်လည်း ထို့အတူပင်ဖြစ်သည်။ သင်ကိုယ်တိုင်မှာ ဥာဏ်ကြီးရှင် ဖြစ်နိုင်ပါသည်။ ရေးပုံရေးနည်း မော်ဒယ်ကို လိုက်ရှာ

## အခန်း(၆)

ရသည်ကပင် သင်၏ သုတေသနတစ်ပိုင်းဖြစ်သည်။ ရေးရန် အချက်အလက်ကိုရှာရသကဲ့သို့ ရေးပုံရေးနည်းကိုလည်း ရှာဖွေကြရသည်။

သင်သည် ပရောဂျက်တစ်ခုကို တာဝန်ယူနေရချိန်တွင် ထိုကိစ္စနှင့်ဆင်တူသော အကြောင်းအရာမျိုးကို ရေးသားခဲ့ကြသူများ၏လက်ရာကို ရှာဖွေပါ။ ထိုသူတို့ မည်သို့ရေးခဲ့ကြသည်ကို လေ့လာပြီး သူတို့အရေးအသား များထဲမှ မိမိနှင့် သက်ဆိုင်နိုင်သည်များကို သတိထားကြည့်ပါ။ အထူးသဖြင့် ဇာတ်လမ်းမှာ ကြီးမားကျယ်ပြန့်သော အခါမျိုးတွင် ပိုအရေးကြီးပါသည်။ သင်ရရှိထားသောအချက်အလက်များကိုသုံးကာ ထိုဇာတ်ကြောင်းကို ပြောရန် အတွက် အစိတ်အပိုင်းတိုင်းကို မိမိကိုယ်ပိုင် အသစ်ထွင်ရန် အချိန်ပေးနိုင်ရန် အတော်ပင် မလွယ်ကူသော ကိစ္စဖြစ်သည်။

ဥပမာ- ပစ်မှတ်ကို တရားခွင်ရောက်အောင် စွဲချက်တင်နိုင်စွမ်းရှိသော အမှုများကိုစုံစမ်းထောက်လှမ်းသူ သတင်းထောက်များမှာ အလွန် တာဝန်ကြီးပါသည်။ တစ်လျှောက်လုံးမှာ ဘေးရန်တွေ အများကြီးတွေ့နိုင်သည်။ ထိုဇာတ်လမ်းမျိုးကိုရေးလျှင် စိတ်ဝင်စားစရာဖြစ်အောင်ရေးရန်မှာ ခက်ခဲလှကြောင်း တောက်လျှောက် လက်ခံ ထားကြသည်။ Balzac သည် ထိုပြဿနာမျိုးကို အကောင်းဆုံးဖြေရှင်းပေးနိုင်သူဖြစ်ကာ သူ၏ Splendor နှင့် Miseries of the Courtisan ဟူသော "ရာဇဝတ်မှုကိုဖော်နိုင်သောဂုဏ်နှင့် တရားရုံးရောက်ရသည့် ဒုက္ခများ" စာအုပ်တွင် ရေးသားထားသည်။ ထောက်လှမ်းရေးသတင်းထောက်များအတွက် နောက်ပြဿနာတစ်ခုမှာ ဇာတ်ကြောင်းတွင်ပါဝင်သော ဇာတ်ကောင်များ သိပ်ကြီးကျယ်နေသောအခါ မည်သို့ ကိုင်တွယ်ရမည်နည်းဟူသော ကိစ္စဖြစ်သည်။ မိမိရေးရသည်က ဝတ္ထုမဟုတ်ပေ။ ဇာတ်လမ်းကို အနှောင့်အယှက်ပေးနေသည့် မိမိတို့ မလိုလားသော ဇာတ်ကောင်များကို ရှင်းသွားအောင် ကလောင်ဖြင့် သတ်ပစ်လိုက်၍ မရ။ အင်္ဂလိပ် ဝတ္ထုရေးဆရာ Anthony Trollope ကမူ သူ၏ ဇာတ်ကောင်များ၏စရိုက်များကို တစ်ပိုင်းစီလှစ်ပြကာ စာဖတ်သူကို တစ်ကြိမ်တည်း ဟုန်မသွားအောင် ရေးပြသည့်နည်းကို သုံးသည်။ ဇာတ်လမ်း တစ်ကွက်ခြင်း၊ တစ်ကွက်ချင်း စရိုက်ကို ဖေါ်ကျူး သွားနိုင်ခြင်းမျိုးဖြစ်သည်။ ရောမသမိုင်းပညာရှင် Tacitus နှင့် Suetonius တို့သည် ဝတ္ထုမဟုတ်သော အရေးအသားများနှင့် နိုင်ငံရေး အဖြစ်အပျက်များကို ဇာတ်လမ်းသဖွယ် ခြယ်မှုန်းရေးသားနည်းကို တင်ပြခဲ့ကြသူများဖြစ်သည်။ ရုပ်ရှင်ရိုက်သူ King Vidor ကမူ သရုပ်ဆောင်ရာတွင် လည်းကောင်း၊ ရိုက်ကူးရေးတွင်လည်းကောင်း၊ တည်းဖြတ်ရာတွင်လည်းကောင်း ဇာတ်လမ်းအတက်အကျ ကာရံသဘောဖြင့် ဖန်တီးသည့်နည်းကို တောက်လျှောက် စမ်းသပ်တင်ပြခဲ့သူ ဖြစ်သည်။

သင့်သနေနှင့် ပို၍ ရင်းနှီးပုံရသော လုပ်ပုံလုပ်နည်းကို ယူသုံးနိုင်ပါသည်။ မိမိတွင် သတင်းကို အထုပ်အထည်ဖြင့် ရှိနေရုံမျှဖြင့် မလုံလောက်၊ ထိုအထုပ်ကို ဖြည်ပြရာတွင် အနုပညာလည်း လိုသေးသည်။ ရှိနေသော မော်ဒယ်များထဲမှ လိုရာကိုယူသုံးပါ။ သုံးပြီးလျှင်လည်း မိမိက သူတစ်ပါး၏မော်ဒယ်ကို အသိအမှတ် ပြုသောအားဖြင့် ကျေးဇူးတင်ကြောင်း ဖေါ်ပြပါ။

### ဇာတ်ကြောင်းစုံလင်ကို မည်သို့ပြောမည်နည်း။

အချိန်ကာလအလိုက် ဖြစ်ပျက်ပုံအဆင့်ဆင့်ကို အခြေခံပြီး ပြောမည်လော။

နေရာဌာန အသီးသီးကို အခြေခံ၍ ဇာတ်အိမ်တည်မည်လော။

## အခန်း(၆)

စုံစမ်းထောက်လှမ်းရခြင်းများမှာ သတင်းတစ်ပုဒ်ရေးသားရာတွင် ပုံမှန်သတင်းရေးနည်းတွင်သုံးရသည့် 'ဘ' ခြောက်လုံးဘောင်ထဲသို့ ထည့်ရန် စဉ်းစားကြသည့်အခြေအနေမျိုးထဲသို့ ရောက်သွားနိုင်စေသည်။ ဘယ်သူလဲ၊ ဘာဖြစ်တာလဲ။ ဘယ်တုန်းကလဲ ။ ဘယ်နေရာမှာလဲ။ ဘာကြောင့်လဲဆိုသောမေးခွန်းများကိုပင် အတော် ဖြေယူရပါသည်။ စုံစမ်းထောက်လှမ်းသော သတင်းများတွင် ထို ဘခြောက်လုံးနေရာအတွက် ဖြည့်စရာ များပြားသည်။ ပို၍ ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ရေးပေးရသည်။ စုံစမ်းထောက်လှမ်းရာတွင် ဇာတ်ကောင်တို့၏ စရိုက်များ ပေါ်လွင်လာသည်။ ထိုဇာတ်ကောင်တို့တွင် သူတို့ဖြစ်ချင်သော ဆန္ဒများရှိသည်။ သွင်ပြင် လက္ခဏာများ ရှိသည်။ နောက်ကြောင်း ရာဇဝင်များ ရှိသည်။ ရာထူး၊ ဂုဏ်ထူးနှင့် ထင်မြင်ချက်များကို ကျော်လွန်ပြီး ပြောစရာ အချက်များ ရှိကြသည်။ စုံစမ်းထောက်လှမ်းနေရသော အဖြစ်အပျက်တို့မှာလည်း သူ့သမိုင်းနှင့်သူ၊ သူ့ထူးခြားချက်နှင့်သူ ပြောစရာရှိသည်များ ရှိနေကြသည်။ ဇာတ်လမ်းမှာ မည်ကဲ့သို့ စခဲ့ကြောင်း နေရာများက ကျွန်တော်တို့ကို ပြန်ပြောပြနိုင်ကြသည်။ ယခင်ကဖုံးကွယ်ထားရာမှ လက်ရှိ ပစ္စုပန်တွင် မည်သို့ အဖြစ်အပျက်များ ပေါ်ထွက်လာခဲ့ကြောင်းကိုလည်း ပြောပြကြသည်။ ထိုသို့ ပေါ်ထွက်လာခြင်းကြောင့် ဖြစ်လာနိုင်သည့် အခြေအနေများကိုလည်း ဖော်ပြကြသည်။ အတိုချုံးပြောရသော် ဖြစ်ကြောင်းကုန်စင်ကို ဇာတ်စုံခင်းပြခြင်းပင်။ ထိုဇာတ်စုံခင်းဖို့ရာ ကျောရိုးဖွဲ့စည်းပုံ တစ်ခုလိုပါသည်။

### ဇာတ်ကြောင်းပြောရာတွင် အဓိကသုံးသည့်နည်းလမ်းနှစ်ခုရှိပါသည်။

- ဖြစ်ရပ်များကို ကာလရွေ့လျောပုံအတိုင်း ရှေ့နောက်စီစဉ်ဖော်ပြခြင်း - ရှေ့ကဖြစ်သော ဖြစ်ရပ်ကို ရှေ့တွင်- နောက်ဖြစ်ရပ်ကို နောက်တွင်ရေးသည်။ ပထမဖြစ်ရပ်သည် နောက်ဖြစ်ရပ်များဆီသို့ ပရိသတ်အား ဆွဲခေါ်သွားသည်။
- နေရာကို အထူးပြုသောရေးနည်းကိုသုံးခြင်း - ဖြစ်ရပ်များကို အသေးစိတ်ဖော်ပြရာတွင် ဖြစ်ပျက်သွားသော နေရာ ဌာနကို အခြေပြု၍ ရေးသည်။ နေရာတစ်ခုကို အခြခံထားသော ဇာတ်လမ်းတစ်ပိုင်းစီသည် သီးသန့်ဖြစ်ရပ်များကို ဖော်ပြနေသော်လည်း ဇာတ်ကြောင်းတစ်ခုလုံးမှ အဖြစ်အပျက်များနှင့် အချိတ်အဆက်မိနေသည်။

ထိုကဲ့သို့ ကျောရိုးတည်ဆောက်ပုံမျိုးအတွက် အကောင်းဆုံးနမူနာနှစ်ခု ပြစရာ ရှိပါသည်။ တစ်ခုမှာ ဂရိကဗျာဆရာ ဟိုးမား၏ ထရိုဂျန်စစ်ပွဲအကြောင်း ခြယ်မှုန်းထားသေ ကဗျာ The Iliad ဖြစ်ပြီး ထိုကဗျာဇာတ်ထုတ်မှာ အချိန်ကာလ၏ စီးမြောမှုအတိုင်း ဇာတ်ကို တည်ဆောက်သွားခဲ့သည်။ နောက်ထပ် တစ်ပုဒ်မှာမူ ဟိုးမား၏ဇာတ်ပင်ဖြစ်ပြီ; The Odyssey ဖြစ်သည်။ The Odyssey မှာ ဇာတ်လမ်း တစ်ခုလုံးကို နေရာများစွာဖြင့်ရေးဖွဲ့ခဲ့ပြီး စာဖတ်သူအား တစ်နေရာစီဆွဲခေါ်သွားကာ ဇာတ်ကြောင်းကို ပြောပြသည်။ ထိုဇာတ်တွင် အချိန်ကာလ၏ အရေးပါပုံကို နေရာ၏ အရေးပါပုံထက် မှိန်ဖျော့ထားခဲ့သည်။ နေရာတစ်ခုစီသည် ဇာတ်ဆောင်တို့၏ လှုပ်ရှားမှုကို ဖေါ်ကျူးသွားခဲ့သည်။ ထိုပုံစံနှစ်ခုအနက်မှ တစ်ခုကို သင်၏ ဇာတ်လမ်းအတွက် သုံးနိုင်ပါသည်။

မိမိတွင်ရှိသောအချက်အလက်များအပေါ်တွင်မူတည်ပြီး သင့်တော်ရာ ကျောရိုးကိုသုံးနိုင်ပါသည်။ အဆုံးသတ်မှာ မည်သည့်နေရာတွင်ဖြစ်သည်ဟုမပြနိုင်သဖြင့် အချို့သောဇာတ်လမ်းများကို နေရာ အထူးပြု ကျောရိုးဖြင့် ရေးသားနိုင်မည် မဟုတ်ပါ။ ထိုဇာတ်လမ်းမျိုးကို အချိန်ကာလအလိုက် အဆင့်ဆင့် ဖြစ်ပျက် ခဲ့ပုံများကိုသာ အားပြုပြီး တင်ပြရေးသားရမည်။ အချို့သောဇာတ်လမ်းများကမူ ကမ္ဘာပေါ်တွင် ကျွန်တော်တို့ ယခင်ကမသိခဲ့ဖူးသော အံ့သြဖွယ်ရာ နေရာများစွာရှိကြောင်း၊ ထိုနေရာများ၏အရေးပါမှုကို မသိခဲ့ကြကြောင်း

ကောင်းစွာပြောပြနိုင်ကြသည်။ ထိုနေရာများ၏ အချက်အလက်များကိုရထားလျှင် နေရာအထူးပြုဇာတ်ကြောင်းကို ရေးဆွဲနိုင်သည်။

ဥပမာ- နေရာအထူးပြုကျောရိုးရှိသော ဖွဲ့စည်းပုံမျိုး ပြင်သစ်အမျိုးသားပါတီ၏အကြောင်းကိုရေးသားရာတွင် ကျွန်တော်တို့ သုံးခဲ့သည့်ထိုဇာတ်လမ်းသည် နေရာပေါင်းစုံတွင်ဖြစ်ပျက်ခဲ့ပြီး ဒေသအသီးသီး၏ အခင်းအကျင်းများ က အရေးပါခဲ့သည်။ အကယ်၍ အမျိုးသားပါတီသည် ထိုလှုပ်ရှားမှုကြီးကို ဗဟိုမှ ဦးဆောင်ထားသည်ဟု ယူဆရလျှင်မူ ကျွန်တော်တို့သည် သူတို့၏ လုပ်ရပ်များကိုအချိန်ကာလရေစီးထဲ ထည့်၍ တစ်ဆင့်ချင်း သုံးသပ် ပြသွားခြင်းက ပို၍ သင့်တော်နိုင်သည်။

## ထိုနည်းနှစ်ခုစလုံးတွင် ဆိုင်ရာကောင်းကျိုးများရှိကြပါသည်။

နေရာအထူးပြုကျောရိုးကို အသုံးပြုခြင်းက အခြေအနေတစ်ရပ်ကို မှန်းဆရာတွင် အဖြစ်အပျက်၏ အတိုင်းအဆကို ပို၍ သိရှိနိုင်သည်။ အချိန်ကာလကို ကျောရိုးယူလျှင်မူ အဖြစ်အပျက်၏ အကျယ်အဝန်းကို ရှင်းပြ နိုင်သည်ထက် ထိုဖြစ်နေသော အခြေအနေများ မည်သည့် အခြေအနေက အမြစ်တည်လာခဲ့သည်ကို သိရသည်။

အချက်အလက်များကို စုံစမ်းရှာဖွေခြင်းမပြုမီ မိမိက မည်သည့်ကျောရိုးဖြင့်ရေးမည်ဟု သတ်မှတ် ထားရန်မသင့်ပေ။ ပေါ်လာသောဇာတ်ကြောင်းအတိုင်း အားသန်သလိုသာရေးပါ။ ထိုသို့ ကြိုတင်ပုံစံ ခွက်ချ ထားခြင်းမှာ အဆင်မပြေနိုင်သည်ကို Michael Moore ၏ အတွေ့အကြုံကို နမူနာယူနိုင်သည်။ မှတ်တမ်း ရုပ်ရှင်ဖြင့်ကျော်ကြားသူ Michael Mooreo သည်နေရာအထူးပြုကျောရိုးဖြင့် ဇာတ်ကြောင်း ပြောရန် အားသန်သူဖြစ်သည်။ မိမိထိုးဖေါက်လိုသော နယ်ပယ်များကို တစ်ခုပြီးတစ်ခု ဖြတ်သန်းပြရန် Moore က ဇာတ်လမ်းကို ဆွဲယူသွားလေ့ရှိသည်။ ထိုနည်းမှာ အောင်မြင်ခဲ့သည်။ သို့သော် Feherenheit 911 သတင်းမှတ်တမ်း ခွေမျိုးတွင်မူ အလုပ်မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် သမ္မတ Bush ၏ မိသားစုနှင့် ဆော်ဒီ စော်ဘွားများ၏ ဆက်ဆံရေးကို ဖော်ပြရာတွင် နေရာကိုအထူးပြု၍ မပြနိုင်ဘဲ ထိုနှစ်ဖက် ဆက်ဆံရေးတွင် ရင်းနှီးလာခဲ့သော အတိုင်းအတာကို အချိန်ကာလအားဖြင့် ဆွဲယူပြသမှသာ အဆင်ပြေနိုင်သောကြောင့်ဖြစ်သည် အချိန်ကို သုံးမည်လော၊ နေရာကို သုံးမည်လောဆိုသည်ကို မိမိတို့ စုံစမ်းဖေါ်ထုတ်ရခဲ့သော အချက်အလက်များ အပေါ်အခြေခံပြီး ဆုံးဖြတ်သင့်သည်။ ဆုံးဖြတ်ပြီးသောအခါတွင် သင်နှင့် သင့်ကွန်ပျူတာတို့မှာ ဇာတ်လမ်းကျောရိုး၊ အဆင့်ဆင့်ကို ပြင်ဆင်နိုင်ကြတော့မည်။

## အချိန်ကာလအလိုက် အဖြစ်အပျက်များကို ဖွဲ့စည်းခြင်း၊ ကျစ်လစ်အောင်ဖွဲ့ခြင်း။။

အရစ္စတိုတယ်က ပြောခဲ့သည်။ ဇာတ်ကြောင်း ပြောခြင်းတွင် နိဒါန်း၊ စာကိုယ်နှင့် နိဂုံး သုံးခုစလုံး ပါဝင်ရမည် ဟုဆိုခဲ့သည်။ သို့သော် ထိုအကြံမျိုးမှာ သိထားလျှင် မမှားသော်လည်း ဂျာနယ်လစ်အရေးအသားမျိုး အတွက်မူ အသုံးမဝင်လှပေ။

ပထမဆုံး ကျွန်တော်တို့ ဂျာနယ်လစ်များတွေ့ရသည့် ပြဿနာမှာ ဇာတ်လမ်းတစ်ခုတွင် အဆုံးသတ် မည်သို့ဖြစ်မည်ကိုမဆိုနိုင်သေးခြင်းပင်။ ရေးရန်အဆင်သင့်ဖြစ်သည့်အချိန်သို့ ရောက်သည့်တိုင်အောင် ဇာတ်လမ်းက အဆုံးမသတ်သေး။ ဥပမာ- ကျွန်တော်တို့ လူသတ်သမားတစ်ယောက်ကို ဖော်ထုတ်နိုင်ခဲ့သည် ဆိုပါစို့။ ထိုသူမှာ ထောင်ကျမည် မကျမည်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိသူမှာ ကျွန်တော်တို့ မဟုတ်ပါ။ ထို့ပြင် ပြည်သူ့အတွက် အရေးကြီးသော

## အခန်း(၆)

လက်ငင်းဖြစ်နေသည့် ကိစ္စများ၊ ပြည်သူက စိတ်ဝင်စားနေရသည်များကို တင်ပြရန် ကျွန်တော်တို့ သတင်းထောက်များကို မျှော်လင့်ထားကြသည်။ ထိုစာဖတ်ပရိသတ်သည် ယခင်က မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ဆိုသော ကိစ္စထက်စာလျှင် လတ်တလော ဘာဖြစ်သွားခဲ့သည်ကို ပိုစိတ်ဝင်စားသည်။

ထို့ကြောင့် စုံစမ်းထောက်လှမ်းရေးသတင်းများတွင် ကျွန်တော်တို့က ယခုလတ်တလော ဘာတွေဖြစ်နေသည်ကို အရင်ပြပြီးမှသာ ထိုအပျက်တို့၏ နောက်ကြောင်းကို ပြန်ပြောရသည် ။ ထို့နောက် ထိုအတိတ်ကို ပစ္စုပ္ပန်နှင့် ပြန်လည်ဆက်စပ်ပြရသည်။ (သို့မှသာ စာဖတ်သူက ဇာတ်လမ်းကို ကျေညက်မည်) ထိုအဆင့်ပြီးသည့်နောက် အနာဂတ်တွင် ယခုအခြေအနေကြောင့် မည်သို့အကျိုးသက်ရောက်မှုရှိနိုင်သည် (သို့မဟုတ်) လက်ငင်းကြုံနေရသော ပြဿနာကို အနာဂတ်တွင် မည်သို့ဖြေရှင်းနိုင်မည်ကို ပြောပြနိုင်သည်။

ထို့ကြောင့် ဇာတ်လမ်းတွင် ပါဝင်သည့်အစီအစဉ်အတိုင်းဆိုလျှင် ပစ္စုပ္ပန်၊ အတိတ်နှင့် အနာဂတ်ဟူသော အပိုင်းသုံးပိုင်းဖြစ်သည်။ ထိုအပိုင်းသုံးပိုင်းတွင် စာဖတ်သူတို့ သိချင်သောအရာများကို သတင်းထောက်က ဖြေပေးရန် ဖြစ်သည်။

- ဤဇာတ်လမ်းကို အဘယ့်ကြောင့် အာရုံစိုက်သင့်သနည်း ။

- ဤမျှဆိုးရွားသော (သို့မဟုတ်) ဤမျှ ချီးကျူးစရာကောင်းသောအဖြစ်အပျက်သည် မည်သို့ ပေါ်ပေါက်လာသနည်း။

- ထိုဖြစ်ရပ်မှာ အဆုံးသတ်တော့မည်လား။ မည်သို့ အဆုံးသတ်သွားမည်နည်း။

သတင်းကို ရှည်ရှည်တင်ပြရသော သတင်းထောက်များအတွက်မူ အထက်ပါပုံစံမှာ သုံးနေကျပုံတစ်ခုဖြစ်သည်။ ထိုရေးပုံမှာ များသောအားဖြင့် ထိရောက်လှသည်။ သို့သော်လည်း သင့်အနေနှင့် မဖြစ်မနေသုံးရမည်ဟု မဆိုလိုပေ။ အမှန်တကယ်တွင် ဇာတ်ကြောင်းကို ဖြစ်ပျက်သလောက် အစအဆုံး အချိန်ကာလကျောရိုးပေါ်လိုက်၍ ပြောခြင်းသည် သုံးတတ်လျှင် အားကောင်းသော အရေးအသားကိုဖြစ်စေသည်။ မကြိုက်လျှင် ပြန်ပြင်ရန်လည်း လွယ်သည်။ ဥပမာ- အနာဂတ်ကာလကို အခြေခံထားသော လူသတ်မှုသတင်းတစ်ပုဒ်ကို ရေးသည်ဆိုပါစို့။ အသတ်ခံလိုက်ရသောသူ၏ မိဘများမှာ မသင်္ကာသဖြင့် တရားရုံးတွင် စစ်ဆေးခံရန် လာရောက်ရသည်။ လူသတ်မှုကို သူတို့ မကျူးလွန်ခဲ့ကြသော်လည်း ရဲက မီဒီယာသို့ သူတို့ ကျူးလွန်ခဲ့လေဟန် ရမ်းပြောနေသော သတင်းများကို ပေးနေသည်။ ထို့နောက် ဇာတ်လမ်းကို ပစ္စုပ္ပန်သို့ ပြန်ဆွဲယူလာသည်။ ထိုအမှုကို ရှုံ့ချခြင်းဖြင့် အဆုံးသတ်လိုက်သည်။ ထိုသို့ မရေးပဲ နောက်တစ်နည်းဖြင့် ရေးနိုင်သည်မှာ ဇာတ်လမ်းကို ဖြစ်ရပ်အားလုံး၏ ဦးဆုံးဖြစ်ပေါ်ခဲ့သည့် အတိတ်မှစနိုင်သည်။ ထို့နောက် ထိုဇာတ်လမ်းမှာ မည်သို့ အဆုံးသတ်မည်နည်းဟူသော မေးခွန်းဆီသို့ အတိတ်က အကြောင်းများကို ချက်ချင်းဆွဲယူသွားမည်။ သို့သော် မည်သည့်နည်းကို ရွေးရွေး မိမိရေးရမည့် ဇာတ်လမ်းတွင် ဒါတွေဘယ်လိုဖြစ်လာတာလဲ ဟူသော မေးခွန်းအတွက် အဖြေပါရှိရမည်။

မိမိက အချိန်ကာလ ရွေ့လျားမှုအလိုက်ပြောသော ဇာတ်ကြောင်းအတိုင်း ရေးတော့မည်ဆိုလျှင် အောက်ပါနှစ်ချက်ကို သတိထားရန်လိုပါသည်။

နံပါတ် (၁) ။ ကြည့်သူ ဖတ်သူကို ဆွဲဆောင်နိုင်သော အဖြစ်အပျက်တစ်ခုဖြင့် စတင်ပါ။ ထိုဇာတ်ကွက်မှာ မိမိတွင်ရှိသမျှ ဇာတ်ကွက်များထဲတွင် အားအကောင်းဆုံးဖြစ်ရမည်။ လက်ရှိတွင် နာကျင်ခံစားနေရသော လူတစ်ယောက် အကြောင်းဖြစ်ချင်ဖြစ်မည်။ နောင်တွင် ပြန်ပြီး မပြင်နိုင်လောက်အောင် ခိုင်မာသော အကျိုးသက်ရောက်မှုများ ကိုပေးသောအဖြစ်အပျက်တစ်ခု ကြုံခဲ့သည့် အတိတ်ကာလလည်း ဖြစ်ချင်ဖြစ်မည်။ မိမိတို့ကို စိတ်ညစ်ညူးစေသည့် အဖြစ်အပျက်များကို ဆက်လက် တွေ့မြင်နေရသော အနာဂတ်မြင်ကွင်း ဖြစ်ချင်ဖြစ်မည်။ ဘယ်လို ဇာတ်ကွက်ကိုမဆို အားကောင်းလျှင် သုံးနိုင်သည်။ သို့သော် ထိုခဏသည်

ကြည့်သူဖတ်သူ၏ အာရုံကို ဆွဲဆောင်နိုင်ပြီး သူအနေနှင့် ဒါ ဘယ်လိုဖြစ်တာပါလိမ့်ဟု မေးလိုစိတ် ချက်ချင်း ပေါ်လာရမည်။

- နံပါတ်နှစ် မှတ်သားရန်မှာ အဖြစ်အပျက်တို့ကို အချိန်ရှေ့တိုးနောက်ဆုတ် မကြာခဏမလုပ်ရ။ ပရိသတ်သည် အာရုံနောက်လာနိုင်သည်။ သင်သည် ကားတစ်စီးကိုမောင်းနေလျှင် ထိုသို့ရှေ့တိုးနောက်ဆုတ် မကြာခဏလုပ်ပြီး မောင်းပါက လိုက်ပါစီးနင်းရသူမှာ သက်သာမည်မဟုတ်ပေ။ ပရိသတ်လည်း ထိုနည်းတူပင်ဖြစ်မည်။ အကယ်၍ ပရိသတ်အား အတိတ်ဖြစ်ရပ်တို့ကိုပြလိုလျှင် ပစ္စုပ္ပန်ကာလကို ပြပြီးနောက် အတိတ်ဇာတ်ကြောင်းကို ကျေလည်အောင် ရှင်းပြပါ။ ၂၀၀၈ မှနေ၍ ၁၉၉၅ သို့ ချက်ချင်းခုန်သွား၍မရနိုင်သလို ၁၉၉၅ မှနေ ၂၀၀၆ သို့ ပြန်ခုန်ကူးရန် အဆင်မပြေပါ။ ဆက်လက်၍ ၂၀၀၆ မှ ၁၉၈၂ သို့ ပြန်ကူးသွားလျှင်မူ ဆိုဖွယ်မရှိပြီ။ ပရိသတ်အတွက် အချိန်ကာလအလိုက် ဇာတ်ကြောင်းကိုပြရာတွင် တတ်နိုင်သလောက် ရှင်းရှင်းလင်းလင်းပြပါ။ နေရာကို အထူးပြုသော ဇာတ်လမ်းကျောရိုးကို ယူလျှင်လည်း ဤအတိုင်းပင်ဖြစ်သည်။ နေရာအခြေပြုဇာတ်ကြောင်းကို ပြောသူများ၊ တူညီသောဖြစ်စဉ်များကို နေရာအသီးသီးတွင် နေထိုင်ကြသောသူများထံမှကြားရမည်။ ထိုသူများနှင့် တွေ့သောအချိန်မှာ ကွာသလို နေရာများလည်း ကွာကြသည်။ မိမိ၏ ဇာတ်လမ်း တစ်ခုလုံးတွင် ထိုနေရာနှင့် အချိန်များအား မည်သို့ ချိတ်ဆက်ထားသည်ကို မမေ့ဘဲ တစ်ခုစီကို ပြနိုင်မှ တန်ကာကျပါမည်။

## မာစတာဖိုင်ကိုသုံးရန်

မာစတာဖိုင်ထဲတွင် စာရွက်စာတမ်းများထဲမှ ကောက်နုတ်ထားသည့်အချက်အလက်များ၊ ဇာတ်ကောင်တို့၏ အတ္တုပတ္တိများ၊ မိမိ၏ အိုက်ဒီယာများနှင့် မှတ်စုများ အစရှိသည်တို့အား ထည့်သွင်းထားသည်ကို မှတ်မိကြပါလိမ့်မည်။ ယခုအချိန်တွင်ကား ထိုသို့ စုသိမ်းထားသည့်အတွက် ဝမ်းမြောက်ရမည့်အချိန်သို့ရောက်ပြီ။ မရေးမီကပင် ဇာတ်လမ်းကို ကျောရိုးကြိုတင် ဆွဲထားရသည်ကို မနှစ်သက်သည့် ကျွန်တော်တို့ကဲ့သို့သော သတင်းထောက်များအတွက် ထိုမာစတာဖိုင်က အသုံးဝင်လှသည်။

၁။ မာစတာဖိုင်ဖြင့် ဇာတ်လမ်းကျောရိုးကို ပြင်ဆင်ရန်

- မာစတာဖိုင်ကို ဖွင့်ပြီး တစ်ခေါက် အစအဆုံး ပြန်ဖတ်ပါ။

- လိုသည်ကိုယူပြီး မလိုသည်ကို လှီးထုတ်ရန် ဖိုင်အသစ် တစ်ခုဖြင့် နေရာသစ်တွင် သိမ်းဆည်းပါ။

- တစ်ဖန် ပြန်ဖတ်ပါ။ ယခုတစ်ခေါက်တွင် မိမိအတွက် မလိုတော့သော အချက်အလက်များကို ပစ်နိုင်ပြီ။

-နောက်တစ်ခေါက် ပြန်ဖတ်ပြီး အချိန်ကာလကို အခြေခံထားသော ကျောရိုး သို့မဟုတ် နေရာဒေသကို အခြေခံထားသော ကျောရိုးအတိုင်း အပိုင်းပိုင်းစီကာ ဆိုင်ရာအချက်အလက်များကို copy and paste လုပ်၍စုစည်းပါ။

- အချက်အလက်များထဲမှ အကောင်းဆုံးကို စိတ်တိုင်းကျရွေးယူပြီးပြီဟု မိမိကျေနပ်ချိန်အထိ အထက်ပါ အဆင့်နှစ်ခုကို အပြန်ပြန် ဆောင်ရွက်ပါ။

ထို့နောက် ပထမဆုံးဇာတ်လမ်းကျောရိုးတစ်ခုကို အောင်မြင်စွာရေးသားနိုင်သောအခါ အချောရေးရန် အဆင့်သို့ကူးနိုင်ပြီ။ မှတ်စုများနှင့် ဒေတာများကို စာပိုဒ်များအဖြစ်သို့ ပြောင်းရတော့မည်။ တဖြည်းဖြည်း အရှိန်ရလာက ဖိုင်တစ်ခုလုံးကို မွှေနှောက်စစ်ဆေးပြီး ကျေနပ်သည်အထိ ပြန်ရေးနိုင်သည်။

## အခန်း(၆)

ယခင်က မှတ်ထားခဲ့သော ကိုးကားရည်ညွှန်းချက်များကို footnote အဖြစ် စာမျက်နှာအောက်ခြေတွင် သိမ်းပါ။ သို့မှသာပြန်ရှာရန်၊ ပြန်လည်စစ်ဆေးရန် အလွယ်တကူ ရှာတွေ့နိုင်မည်။

၂။ မာစတာဖိုင်ထဲတွင် ဇာတ်ကွက် တစ်ခုချင်းကို ပုံဖော်ရေးသားပါ။ အကယ်၍ အချိန်ကာလအလိုက်ရေးရသော ကျောရိုးကို မယူပဲ နေရာဌာနကို အခြေခံကာ ရေးသားသည်ဆိုပါစို့။ မိမိရေးသားမည့် နေရာဌာန ရှုခင်းတစ်ခုစီ အတွက် ခေါင်းစဉ်ခွဲများကို ပေးပါ။ သတိကြပ်ကြပ်ထားရမည်မှာ

- ထိုဖြစ်ရပ်မြင်ကွင်းတစ်ခုစီကို ရေးသားပုံမှာ ဇာတ်လမ်းတစ်ခုလုံးကို အထောက်အကူပြုရမည်။

- ဖြစ်ရပ်မြင်ကွင်းတစ်ခုနှင့် တစ်ခုအကြား အကူးအပြောင်းမှာ စာဖတ်သူအတွက် ရှင်းလင်းထင်ရှားရမည်။

မာစတာဖိုင်ထဲတွင် ထိုမြင်ကွင်းအလိုက် မိမိစုထားသော ဒေတာများကို သင့်လျော်ရာခေါင်းစဉ်အောက်သို့ cut and paste လုပ်ပြီးပို့ပါ။ ထိုမြင်ကွင်းတစ်ခုစီကို မိမိအနေနှင့် သေချာစွာ ပြန်မြင်ပါစေ။ ထိုနေရာတွင် မည်သူရှိနေခဲ့သနည်း။ သူတို့ ဘာလုပ်နေကြသနည်း။ သူတို့ ဘာပြောကြသနည်း (ဒိုင်ယာလော့ခ်) နှင့် ထိုဖြစ်ရပ်ကို သင်ဘယ်လို သိခဲ့ရသနည်းဟူသောအချက်များပြန်တွေးရန်လိုမည်။ ထိုအစိတ်အပိုင်းများအားလုံးမှာ နေရာဌာန၏ မြင်ကွင်းကို ခြယ်မှုန်းရန်အတွက်လိုသည်။

တကယ့်ဖြစ်ရပ် စုံစမ်းမှုထဲမှ ကောက်နှုတ်ထားသော အောက်ပါ စာပိုဒ်ကို လေ့လာကြည့်ပါ။ ထိုရာဇဝတ်မှုကို မျက်မြင်သက်သေအဖြစ် မြင်လိုက်ရသူနှစ်ဦးမှာ သူတို့၏အထက်လူကြီးကို သတိပေးခဲ့သည်။ ကျွန်တော်တို့သည် ထိုအဖြစ်အပျက်ကိုရေးဖွဲ့ရာတွင် ထိုသူတို့၏ စွပ်စွဲချက်ကို ခိုင်မာသွားအောင်ရထားသော အချက်အလက်များထဲမှ ထုတ်ယူပြီး အသေးစိတ်ဖော်ပြထားသည်ကို တွေ့နိုင်သည်။ ရထားသော စာရွက်စာတမ်း အထောက်အထား ခိုင်မာကြောင်းကိုပြကာ ဖွဲ့စည်းသွားခဲ့သည်။

"သူတို့သည် အကြီးအကဲ Hubert Landais၏ ရုံးခန်းထဲသို့ ဝင်လာကြသည်။ Hubert ၏ လက်ထဲသို့ Christie ၏ ကတ်တလောက်ကို ထည့်ပေးလိုက်သည်။ ကုမ္ပဏီသည် Musillo မှ တစ်ဆင့် ပန်းချီကားများကို မှောင်ခို ခိုးထုတ်နေခဲ့သည်ဟု ၄င်းတို့က ပြောသောအခါ Landais ကပြန်မေးသည်။ ပြင်သစ်မှာ အဲဒီပန်းချီကား မကြာသေးခင်က ပြခဲ့တယ်ဆိုတာ မင်းတို့မှာ အထောက်အထားရှိလို့လား ဟု မေးလိုက်သည်။ Laclotte က သူ့ဖိုင်ကို ဖွင့်ကာ စာရွက်တစ်ရွက်ကိုထုတ်ပေးလိုက်သည်။ ထိုစာရွက်မှာ ဟောင်းလှပြီဖြစ်သော လက်နှိပ်စက်ဖြင့် ရိုက်ထားသော စာရွက်ဖြစ်သည်။ Musillo နှင့်ပတ်သက်သော အစီရင်ခံစာတစ်စောင်ဖြစ်ပြီး Louvre ပြတိုက်၏ ကိုယ်ပိုင်ဓါတ်ခွဲခန်းမှ ရရှိခဲ့ခြင်းဖြစ်ရာ ထိုဓါတ်ခွဲခန်း၏ ယခင်အကြီးအကဲဟောင်း Magdeleine Hours ၏ လက်မှတ်ထိုးထားသည်။ လက်မှတ်ထိုးထားသည့်ရက်စွဲမှာ ၁၇ ဧပြီ ၁၉၇၅ ဖြစ်သည်။

အကယ်၍ သင့်လက်ထဲတွင် ထိုကဲ့သို့မြင်ကွင်းကို အသေးစိတ်ခြယ်မှုန်းနိုင်ရန်အချက်အလက်မရှိလျှင် ထိုရုပ်ပုံလွှာ တစ်ချပ်ချင်းမှာ သဘာဝ ကျကျထွက်ပေါ်လာမည်မဟုတ်ပေ။ ထိုအချက်အလက်များမရှိလျှင် သင်သည် အဆင်သင့်မဖြစ်သေးဟုဆိုရမည်။ သို့မဟုတ် သင်သည် ထိုအဖြစ်အပျက်များကို သေချာနားလည်ဖို့ လိုနေ သေးကြောင်းကို ပြသည်။

**၃။ ဇာတ်လမ်း > အချက်အလက်**

- စုံစမ်းထောက်လှမ်းရေးသတင်းများကိုရေးသောအခါ ဖြစ်တတ်လွန်းသည့်အမှားမှာ စာဖတ်ပရိသတ်ကို အချက်အလက်များဖြင့် မွန်းကျပ်စေခြင်းပင်ဖြစ်သည်။ သတင်းထောက်က သူစုဆောင်းခဲ့သည့် အချက်အလက်များ

## အခန်း(၆)

သုံးရာတွင် မကျွမ်းကျင်သေးသောအခါ၌လည်းကောင်း၊ သတင်းထောက်က မိမိ သိထားသမျှကို စာဖတ်သူအား သွန်ချပြလိုသောအခါမျိုးတွင်လည်းကောင်း ဖြစ်တတ်သည်။ ထိုပြဿနာကိုဖြေရှင်းရန် နည်းလမ်းကြီး နှစ်ခုရှိပါသည်။

အချက်အလက်များကို အသေးစိတ်ချယ်မှုန်းသည့်နေရာတွင် သုံးပါ။ ကျွန်တော်တို့သည် လက်ထဲတွင် ရှိသော အချက်အလက်များမှာ မလုံလောက်ဟု ထင်တတ်ကြသည်။ သို့သော် အသေးစိတ်ကို ပြနေသောအချက် အလက်များမှာ တစ်ပုံတစ်ပင် ရလာတတ်သည်။ ထိုအသေးစိတ်ကျသော အချက်လက်ကို မိမိဇာတ်လမ်းကို ပိုကြွလာအောင် အရောင်တင်ရာတွင်လည်းကောင်းသုံးနိုင်သည်။

ထို့ကြောင့် အသေးစိတ်ကျသောအချက်များကို စာဖတ်သူ၏ စိတ်ဝင်စားမှုကို ဆွဲခေါ်ရန်အတွက်သာသုံးပါ။ ဥပမာ အိမ်သည် မီးလောင်ကျွမ်းနေပြီ (သို့မဟုတ်) စာဖတ်သူကို ပို၍ အတွင်းကျကျ အသိပေးရာတွင်သုံးပါ။ ဥပမာ - အရာရှိတစ်ဦး၏ရုံးခန်းမှာ မည်သို့ ပြင်ဆင်ထားသည်၊ မည်ကဲ့သို့သော ပစ္စည်းများဖြင့် ရုံးခန်းမှ သူ့နေရာကို ဝန်းရံထားသည်များအားပြခြင်းဖြင့် ထိုသူက အလေးထားလေ့ရှိသောအရာများကို စာဖတ်သူအား အသိပေးပြီး ဖြစ်သွားသည်။ ကျွန်တော်တို့ရဲဘော် Nils Hanson ကမူ ထိုအရာများကို ဇာတ်လမ်းရေစီးကြောင်းထဲမှ နေရောင်ဖြင့် အရောင်ဖြာထွက်လာသော အဖိုးတန်ကျောက်တုံးကလေးများသဖွယ်ဖြစ်သည်ဟုဆိုသည်။

- အချက်အလက်အသစ်တစ်ခုပေါ်လာသောအခါ မြင်ကွင်းမှာ တစ်မျိုးပြောင်းရမည် ။

သတင်းရင်းမြစ်အသစ်တစ်ခုပေါ်လာသောအခါ ၊ နေရာအသစ်တစ်ခုပေါ်ပေါက်လာသောအခါ၊ အချိန်အသစ် တစ်ခု ထပ်ဖြည့်သောအခါ အသစ်ဖြစ်လာသော မြင်ကွင်းကို ဖော်ပြရမည်။ ထိုမြင်ကွင်းများသည် အချက်အလက်များကို သယ်ဆောင်သွားမည့်ယာဉ်ဖြစ်သည်။

သတိပြုရန်မှာ

အချက်အလက်သက်သက်နှင့်တော့ ဇာတ်လမ်းဖြစ်မလာနိုင်ပေ။ ဇာတ်လမ်းကသာ အချက်အလက်တွေကို လူတွေဆီ သယ်သွားနိုင်သည်။

အကယ်၍ သတင်းသည် အချက်အလက်တွေ ကျပ်လွှန်း လေးလွန်းလျှင် သတင်းထောက်သည်လည်း လုပ်ထားသမျှ သဲထဲ ရေသွန်ဖြစ်နိုင်သည်။ မိမိဇာတ်လမ်း၏ ဖြစ်တည်မှုကို အထောက်အပံ့မဖြစ်လျှင် ထိုအချက်အလက်ကို မသုံးဘဲ ချန်ခဲ့ရမည်။ မည်မျှပင် မိမိအတွက် စိတ်ဝင်စားစားစရာကောင်းသော အချက်ဖြစ်စေ ချန်ထားရမည်ဖြစ်သည်။

### စီကုံးရေးသားနည်းအချို့

၁။ မိမိ၏ မှန်းဆချက်ကို စာရေးသားရာတွင် မည်သို့သုံးမည်နည်း။

မိမိဇာတ်လမ်း၏အစပိုင်းတစ်နေရာတွင် ဇာတ်ကြောင်းတစ်ခုလုံး၏အနှစ်ချုပ်ကို စာဖတ်သူအား ပေးနိုင်သော စာပိုဒ်တစ်ခုကို သင်ရေးရပေလိမ့်မည်။ ထိုစာပိုဒ်တွင် စာဖတ်သူအနေနှင့် သင်၏ အရေးအသားကို ဘာကြောင့် ဆက်ဖတ်သင့်ကြောင့် ပြောပြနေမည်။ ထိုသတင်းအတွက် သင့်တွင် hypothesis ခန့်မှန်းခြေ တည်ဆောက်ခဲ့သည်ဆိုလျှင် ထိုမှန်းခြေသည် ယခု ဤစာပိုဒ်အတွက် အသုံးဝင်ပြီ။ အကယ်၍ ထိုစာပိုဒ် မပါခဲ့လျှင်

## အခန်း(၆)

စာရေးသူသည် မိမိတို့အား မည်သည့်နေရာသို့ ခေါ်ဆောင်သွားမည် (ဘာကိုပြောမည်) မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို ပရိသတ်က မမှန်းနိုင်တော့ပါ။

ဆုရခဲ့သော သတင်းတစ်ပုဒ်မှ အရေးကြီးသောစာပိုဒ်တစ်ခုကို နမူနာအဖြစ် ကြည့်ရှုနိုင်ပါသည်။

၁၉၉၂ ခုနှစ်တွင် ဆိုရှယ်လစ်အစိုးရသည် အစိုးရအရာရှိများ တစ်ချိန်တည်း၌ ရာထူးများစွာယူထားသည့်မှုကိုပြုပြင်ရန် ကြိုးစားခဲ့ကြသည်။ ရွေးကောက်ပွဲဒီမိုကရေစီကို ကျင့်သုံးသော ပြင်သစ်တွင် အရာရှိများ၏လစာကို ဤသို့ထိန်းချုပ်ရန် ကြိုးစားခဲ့ကြသည်။ သို့သော် ထိုအစိုးရသည် နိုင်ငံရေးသမားအား မပေးရလိုက်ရသည့် ပိုနေသောလစာငွေများကို မည်သို့ သုံးစွဲရမည်ဟူ၍ မသတ်မှတ်ခဲ့ကြပေ။ ကျွန်တော်တို့ စုံစမ်းသိရှိရသလောက် ထိုနှစ်မှစ၍နောက်ထပ် ဆယ်နှစ်တာကာလအတွင်းအစိုးရငွေများထဲမှ ၄၅ သန်းသည် လက်ဝဲလက်ယာ နှစ်ဖက်စလုံးမှ နိုင်ငံရေး သမားများ၏ အိပ်ကပ်ထဲသို့ ရောက်သွားခဲ့ကြသည်။

စာဖတ်သူအား အနှစ်ချုပ်ကိုပြောပြနိုင်သည့် စာပိုဒ်ကို တိုတိုနှင့်လိုရင်းရေးပါ။ တိုတိုနှင့် ဖြစ်ကြောင်းကုန်စင်အားလုံးပါဝင်အောင် စာတစ်ပိုဒ်ထဲတွင် မပြောနိုင်သေးလျှင် သင်သည် ဇာတ်လမ်းတစ်ခုလုံးကို နားမလည်နိုင်သေး၍ဖြစ်သည်။

ဝတ္ထုရေးသူများသုံးလေ့ရှိကြသော အိုမင်းလှပြီဖြစ်သည့် နည်းလမ်းတစ်ခုမှာ ဖြစ်ပျက်နေသော အခြေအနေတစ်ရပ်ကိုဖော်ပြရန် သက်ဝင်လှုပ်ရှားနေသော ဇာတ်ကောင်တစ်ခုကို ထိုအခြေအနေအား ဖော်ပြခိုင်း လိုက်ခြင်းပင်ဖြစ်သည်။ သတင်းစာပညာတွင် ထိုနည်းမှာ ထပ်တလဲလဲပင် သုံးနေခဲ့ကြသည်ဟုဆိုနိုင်သည်။ သို့သော် အသုံးဝင်နေဆဲ နည်းလမ်းတစ်ခု ဖြစ်နေသေးသည်မှာ အမှန်ပင်။ ဇာတ်လမ်းတစ်ပိုဒ်က ပေးနိုင်သော ခံစားချက်ကို သိချင်နေကြသူ ပရိတ်သတ်အတွက်ရော၊ ရေးပြရသူ သတင်းထောက်အတွက်ပါ အသုံးဝင်သောနည်းတစ်ခုဖြစ်သည်။ မတရားမှုကြောင့် နစ်နာရသူတစ်ဦး၏ ကိုယ်တွေ့ကို ဆွဲထုတ်ပြလိုက်ခြင်းဖြင့် ဇာတ်လမ်းကိုတန်းပြီး သိသွားနိုင်သည်။

ထိုနည်း၏ နောက်ထပ်မူကွဲတစ်ခုမှာ ဇာတ်လမ်းကို နေရာဌာနတစ်ခုအား ခြယ်မှုန်းပြသော စာပိုဒ်ဖြင့် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ထိုနည်းလမ်းမှာ ရုပ်ရှင်ဆန်ပါသည်။ ကြည့်သူအား ဇာတ်လမ်း၏ ဖြစ်ပျက်နေသော ပတ်ဝန်းကျင်ကို ချခင်းပြပြီး ဇာတ်လမ်း၏အနှစ်သို့ ရောက်အောင် ဆွဲခေါ်သွားခြင်းမျိုးဖြစ်သည်။ သို့သော် ထိုနည်းမှာ နောက်ခံပတ်ဝန်းကျင်အခြေအနေကို ထူးခြားစေသည့်အချက်မရှိလျှင် မထိရောက်နိုင်ပေ။ မိမိက ထိုနောက်ခံအခင်းအကျင်း၏ အရေးကြီးပုံကို မပြောပြဘဲ မရပေ။ အကယ်၍ ဇာတ်ကောင်များ၏ ဇာတ်လမ်းများကို ရေးတော့မည်ဆိုလျှင် အောက်ပါတို့ကို သတိထားရမည်။

- မိမိပေးမည့် နမူနာဇာတ်ကောင်သည် ယခုသတင်းနှင့် လုံးဝကိုက်ညီမှုရှိရမည်။ ဇာတ်နာသူတစ်ဦးဖြစ်နေရုံမျှဖြင့် မဆီမဆိုင်ဆွဲသွင်းလာ၍ မရ။ ပြထားည့် ဥပမာက သတင်းအံဝင်ခွင်ကျဖြစ်အောင် ချိတ်မိရန်လိုသည်။

- နမူနာဇာတ်ကောင်တစ်ယောက်ကို တစ်ကြိမ်သာထည့်သုံးပြီး အကျိုးရှိအောင် သုံးတတ်ပါစေ။

- သတင်းထဲတွင် ဇာတ်ကောင်တစ်ဦးတည်း၏အကြောင်းကို တစ်ခါမက ထပ်ကြော့ပြီး ဥပမာ မပေးသင့်ပါ။ မိမိ၏ သတင်းကို ၎င်း၏ ဇာတ်လမ်းတစ်ခုတည်းဖြင့် ဖွဲ့စည်းထားမှသာ ထိုဇာတ်ကောင်အား ထပ်ကာ ထပ်ကာ ပြန်လည်ဖော်ပြနိုင်သည်။

အောက်တွင် ဆုရရှိခဲ့သော သတင်းတစ်ပုဒ်ထဲမှ ဇာတ်ကောင်ကို ထည့်သုံးထားပုံအား နမူနာကြည့်ရှုနိုင်သည်။ ထိုနမူနာတွင် အမေလုပ်သူက သမီး၏ နာကျင်ခံစားမှုကို ပြောပြခဲ့ရာ ကျွန်တော်တို့ အနေနှင့် သူမ ထမ်းပိုးထားရသော ကြေကွဲမှုကို မြင်နိုင်သည်။ သူမက ထိုဥပဒေမျိုးကို မပြဋ္ဌာန်းသင့်ခဲ့ကြောင်း တစ်နည်းအားဖြင့် ပြောပြနေသည်။

## အခန်း(၆)

"Carol Castellano က သူ့သမီး အသက်မရှင်ခဲ့ဘဲ သေသွားခဲ့လျှင် ကောင်းမည်ဟု တွေးသောအခါများရှိသည်။ ၁၉၈၄ ခုနှစ်တွင် မွေးခဲ့သော သမီးငယ်သည် သူ့ဗိုက်ထဲတွင် ၂၃ပတ်မျှသာ နေရသေးသည်။ ထိုသမီး Serena Castellano သည် ၁၉၈၄ Baby Doe ဥပဒေကြောင့် အသက်ရှင်ခဲ့သော ဒုက္ခိတ ကလေးပေါင်း နှစ်သိန်းငါးသောင်းအနက်မှ တစ်ဦးဖြစ်သည်။ Baby Doe ဥပဒေကို ၁၉၈၂-၁၉၈၄ ကာလတွင် ပြင်ဆင်ခဲ့ကြပြီး ကလေးတစ်ဦးလမစေ့ဘဲ မွေးလာခဲ့လျှင် ဆရာဝန်များမှာ အစွမ်းကုန် အားထုတ်ကြိုးပမ်းကာ အသက်ကို ကယ်တင်ကြရမည်ဟူ၍ ပြဋ္ဌာန်းခဲ့သည်။ ဖြစ်ပျက်ခဲ့သည်မှာ အစိုးရသည် ထိုကလေးများကို သေမင်းလက်ထဲမှ ပြန်လုထားခဲ့သော်လည်း သူတို့ဘဝများကို ကြည့်ရှုစောင့်ရှောက်ခဲ့သည်မဟုတ်ပါ။ သူတို့မိသားစုများကိုရော သူတို့ကိုပါ ဒုက္ခတောတွင် လွှင့်ပစ်ထားခဲ့သည်။

ထိုကလေးများကို မည်သူကမျှ ဂရုမပြုမိကြသလို သူတို့အကြောင်းကိုလည်း ဖော်ပြခြင်း နည်းပါးလှသည်။ Jerena Castellano သည် ထိုဥပဒေ မထွက်ပေါ်မီ နှစ်အနည်းငယ်က မွေးခဲ့လျှင် အသက်ရှင်ချင်မှ ရှင်ပေမည်။ မျက်စိမမြင်၊ ဦးနှောက်မှာ ကောင်းစွာ အလုပ်မလုပ်သောကြောင့် မဝါးနိုင်၊ စကားမပြောနိုင်၊ သူမ၏ ရင်ခေါင်းနှင့် ဝမ်းဗိုက်ဆိုင်ရာ အင်္ဂါများမှာ ပုံမှန်မဟုတ်သဖြင့် လူလောကထဲသို့ရောက်လာပြီး ပထမဆုံးရှစ်လမှာ ခွဲစိတ်ခန်းသို့ ခြောက်ကြိမ် ဝင်ခဲ့ရသည်။ မေ့ဆေးမပါသော ခွဲစိတ်မှုများဖြစ်သည်။

အကယ်လို့ ကျွန်မအနေနဲ့ လမစေ့ဘဲ မွေးလာတဲ့ ကလေးတစ်ယောက်ရဲ့ ခံစားရမယ့်နာကျင်မှုကိုသာ ကြိုသိနိုင်ခဲ့ရင် ကျွန်မကလေးကို ကျွန်မ ဒီလို အဖြစ်ခံမှာမဟုတ်ဘူး (နယူးဂျာဆီပြည်နယ် မျက်မမြင်ကလေးများ၏ မိဘများအစည်းအရုံးဥက္ကဋ္ဌ Carol Costellano ကပြောသည်)

ကျွန်မသမီးကို ကျွန်မသိပ်ချစ်ပါတယ်။ ပစ်လည်း မပစ်ရက်ပါဘူး။ ဒါပေမယ့် လမစေ့ပဲ ဒီလိုမွေးလာမယ်ဆိုတာကို ကျွန်မ သိခဲ့ရင် ကျွန်မ ဆေးရုံကို မသွားဘူး။ အိမ်မှာပဲမွေးပြီး သူ့ဘဝကံအတိုင်းဘဲ လက်ခံလိုက်မယ်။"

အထက်ပါစာပိုဒ်တွင် အောက်ပါတို့ကို မှတ်သားပါ။

Carol Costellano ၏ စဉ်းစားပုံကို စာဖတ်သူထံ ဆွဲထုတ် တင်ပြလိုက်ခြင်းအားဖြင့် စာဖတ်သူက အခြေအနေတစ်ရပ်ကို စဉ်းစားမိသွားစေသည်။ အမေတစ်ယောက်သည် သားသမီးကို အဘယ့်ကြောင့် သေစေချင်ရသနည်း။

- ထိုသို့ စာဖတ်သူကို တွေးမိပြီဆိုလျှင် ကျွန်တော်တို့၏ အနှစ်ချုပ်စာပိုဒ်ကို ပြောပြနိုင်ပြီ။ ထိုအချိန်တွင် ဤဇာတ်လမ်းအား ကျွန်တော်တို့ ဘာကြောင့် ပြောပြနေရသည်ကို စာဖတ်သူအား သိရှိစေမည်။

- တတိယစာပိုဒ်တွင်မူ စာဖတ်သူအား ကျွန်တော်တို့က ရင်နာစရာ သတင်း၏ အသေးစိတ်အချက်အလက်များ ဆက်ပြောပြမည်။ သတိထားရန်မှာ စာဖတ်ပရိသတ်သည် နာကျင် ကြေကွဲမှုကို များများစုတ်ယူနိုင်သူများ မဟုတ်ကြပေ။ ထို့ကြောင့် Carol Costellano ၏ အကြောင်းကိုကျွန်တော်တို့ စာဖတ်သူထံတင်ပြသောအခါ ဖြည်းဖြည်းအေးအေးသာပြသည်။ သူရခဲ့သော ဘဝထဲမှ ဉာဏ်ပညာကို ဆွဲထုတ်သွားခဲ့သည်။ ဤနည်းအားဖြင့် ကလေးတစ်ယောက်၏ ရင်နင့်စရာဒုက္ခကို မြင်လိုက်ရသော စာဖတ်သူကို အတန်ငယ် စိတ်သက်သာရာ ရစေသည် ။

### ၃။ နစ်နာထိခိုက်သွားသူကို စာဖတ်သူအား မပြသေးမီ မိမိက အလျင် လူလုံးထွက်ပြခြင်း

နစ်နာခံစားနေရသူများအကြောင်းကို ရေးပြလျှင် ဖြစ်စေ၊ ရုပ်ရှင်ရိုက်ပြလျှင်ဖြစ်စေ သတင်းထောက်သည် နစ်နာနေရသူကို မပြမီ မိမိကိုယ်ကို လူလုံးထွက်ပြခြင်းမျိုး လုပ်မိတတ်သည်။ နစ်နာနေရသူ၏ နာကျင်မှုများ ပွင့်အံနေသည်ကို ပရိသတ်အား ပြမည့်အစား မိမိကိုယ်တိုင်၏ ဒေါသထွက်မှုကို အရင်ပြလိုက်ခြင်းဖြစ်သည်။

## အခန်း(၆)

ထိုသို့ပြခြင်းမှာ မမှားသော်လည်း အမှားလုပ်မိဖို့ လွယ်ကူတတ်သော အခြေအနေတစ်ခုတော့ဖြစ်သည်။ ပြင်သစ်တွင် ကလေးဖျက်ချသည့် ကိစ္စကို စုံစမ်းစဉ်က ကျွန်တော့်သင်တန်းသားအချို့သည် အမျိုးသမီးတစ်ဦး၏ ကလေးဖျက်ချသည့် အတွေ့အကြုံမှာ ကြောက်စရာပင်ဖြစ်ကြောင်း ဆိုလာကြသည်။ ထို့နောက် သူတို့ ဆက်ပြောသည်မှာ သူမနှင့် သူမ၏ ခင်ပွန်းသည် ထိုစိတ်ဒဏ်ရာဖြင့် နေထိုင်သွားရတော့မည်ဖြစ်ပြီး ထိုခြောက်အိမ်မက်က သူတို့ကို အစဉ်ခြောက်လှန့်နေတော့မည် ဟူ၍ဖြစ်သည်။သတိထားကြည့်လျှင် တွေ့နိုင်ပါသည်။ ထိုစာကြောင်းတွင် အဖြစ်အပျက်အပေါ် သတင်းထောက်၏ အဓိပ္ပါယ်ကောက်ယူမှုက နစ်နာခဲ့ရသူ၏ ခံစားချက်ထက်ပင် ပို၍ ပေါ်လွင်နေသည်။ မသိလိုက်မသိဘာသာပင် သတင်းထောက်သည် နာကျင်ခံစားနေရသူ ကာယကံရှင်ကို မေ့လျော့သွားသည်။ အကယ်၍ မိမိရေးသော ဇာတ်ကြောင်းတွင် နာကျင်ခံစားရသူ၏ ဒုက္ခပါရှိအံ့။ ကာယကံရှင်၏ အသံဖြင့်ပြောပါ။ မိမိကလူလုံးမပြရ။

**အကယ်၍ သတင်းထောက်က လူလုံးထွက်မပြရလျှင် ဘေးကရောနေသင့်ပါသလား။**

စုံစမ်းထောက်လှမ်းခြင်း သတင်းများ အဓိက အသုံးဝင်သည်မှာ မိမိကိုယ်တိုင်ဖွင့်ဟ ပြောနိုင်စွမ်း မရှိသူများအတွက် ဂျာနယ်လစ်များက ကိုယ်စားပြောဆိုပေးရခြင်း ဖြစ်သည်။ J'accuse တွင် Zola ၏ အခန်းကိုကြည့်ပါ။ ဘာကီနာ ဖာဆိုမှ Nobert အကြောင်းကို ပြောသွားခြင်း ဖြစ်ပြီး အခြားလူပေါင်းများစွာတို့၏ အသံများပါဝင်သည်။ထိုကဲ့သို့လူအများကိုယ်စား မိမိကဇာတ်ကြောင်းပြောသူ ဖြစ်လာသော် သတင်းထောက်က လူလုံးထွက်ပြခြင်းမှာ သည်းခံနိုင်ဖွယ် ဖြစ်၏။ ထိုသို့ လူလုံးထွက်ပြတိုင်း သတိထားရမည်မှာ မိမိတို့ သတင်းထောက် အနေဖြင့် နစ်နာခံစားနေရသူတို့၏အဖြစ်ကို မကယ်တင်နိုင်သရွေ့ မိမိတို့ရနိုင်မည့် ဂုဏ်သတင်းကျော်ကြားမှုမှာ ဝမ်းမြောက်စရာ မရှိလှသည့် အဖြစ်ကိုပင်။

### ၄။ သတင်းရင်းမြစ်ကို စကားပြောခွင့်ပေးပါ။

- သတင်းစာ လောကတွင် လုပ်တတ်ကြသည့် အချိန်ဖြုန်းတီးမှုတစ်ခုမှာ သတင်းရင်းမြစ်က ပြည့်စုံစွာ တင်ပြပြီးသား ကိစ္စတစ်ခုကို သတင်းထောက်က ထပ်မံရှင်းပြနေခြင်းဖြစ်သည်။ ဇာတ်လမ်းထဲတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူများသည် ကိုယ်တွေ့ကို အကောင်းဆုံးပြောနိုင်သူများဖြစ်ကြသည်။ သူတို့အပြောတွင် အသက်ဝင်မှုများ၊ စိတ်ထက်သန်မှုဇောများပါလာနိုင်သည်။ သူတို့ ဆိုခဲ့ပြီးသား ကိစ္စတစ်ခုကို ဝါကျလှလှ တစ်ကြောင်း ထပ်ရေး ပြနေခြင်းအားဖြင့် သင်ကအဘယ့်ကြောင့် အချိန်ဖြုန်းရန် လိုသနည်း။

အကောင်းဆုံးနည်းလမ်းမှာ သတင်းရင်းမြစ်၏ ပြောဆိုချက်များကို မိမိရေးသားသော စာပိုဒ်များထဲသို့ရောမွှေကာ ဇာတ်ရှိန်ကို မြှင့်ယူသွားခြင်းဖြစ်သည်။ ထိုဥပမာတွင် ကျွန်တော်တို့သည် ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ၏ Baby Doe ဥပဒေအပေါ် ယူဆချက်များကို တင်ပြခဲ့သည်။ ဥပဒေ၏ ဆိုးကျိုးများ၊ ကြောက်စရာကောင်းသော အကျိုးဆက်များကို သူအတွင်းကျကျ သိနေသော ဖော်ပြခွင့်ပြုခဲ့သည်။

'မနှစ်က လော့စ်အိန်ဂျလိ Cedars Sinai ဆေးရုံက ဆရာဝန်တွေက ၁၃ အောင်စ လောက်ပဲရှိတဲ့ ကလေးတစ်ယောက်ကို ကယ်တင်နိုင်ခဲ့တယ်။ ကိုယ်ဝန်ခြောက်လနဲ့ လမစေ့ဘဲ မွေးလာတာ။ အဲဒီကလေး ရှင်အောင် လုပ်ဖို့ ကုသစရိတ် ဒေါ်လာ တစ်သန်းကုန်ခဲ့တယ်။ ဆေးရုံကလည်း ဆင်းပြီး နှစ်ပတ်လောက် အကြာမှာ ကလေး ဆုံးသွားတာပဲ။ အဲဒီ မိသားစုမှာ ကံကောင်းတာက သေမှုသေခင်းအတွက် အာမခံလုပ်ထားတာပဲ' ဟု Cedars Sinai ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ က Charlie Lahaie က ရှင်းပြသည်။

# အခန်း(၆)

'ခင်ဗျားကလေးလဲ အသက်မရှင်ဘူး။ ခင်ဗျား ဒေါ်လာတစ်သန်းကိုလဲ စိုက်ပေးရဦးမယ်ဆိုတဲ့ အဖြစ်မျိုးကို ခင်ဗျား စဉ်းစားကြည့်လို့တောင် ရမှာမဟုတ်ဘူး' ဟု သူကဆိုသည်။။။

အောက်ပါ စာပိုဒ်တွင် ကျွန်တော်တို့ ပြင်သစ်အစိုးရ အရာရှိတစ်ဦးအား ရှည်ရှည်လျားလျား ကိုးကားထားပါသည်။ အသံဖိုင်တွင် အသံသွင်းပြောထားသည်များကို ကိုးကားခဲ့ခြင်းဖြစ်သည်။ (ကျွန်တော်တို့သည် ပုံမှန်အားဖြင့် အသံဖမ်းရသည်ကို မကြိုက်ပါ။) အသံဖိုင်ကို ပြန်ဖြည်ရခြင်းက အလုပ်ကို နှေးစေသောကြောင့်ဖြစ်သည်။ သို့သော် ယခုကိစ္စတွင်မူ ခြွင်းချက်ဖြင့် အသံဖမ်းခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ပြင်သစ် အမျိုးသားပါတီသည် အသရေဖျက်မှုဖြင့် လူတကာကို တရားစွဲလိုသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သူတို့ ပြောသမျှကို တိတိကျကျ ကိုးကားထားကြောင်း အထောက်အထားပြနိုင်ရန် အသံဖမ်းထားရခြင်း ဖြစ်သည်။ ထိုဖမ်းထားသော အသံကို ပြန်ဖြည်ကာ ရေးသားသည့်စာပိုဒ်မှာ အချက်အလက်အားဖြင့် တန်ဖိုးသုည ဖြစ်သည်။ သို့သော် ထိုစာပိုဒ်က စကားပြောနေသော တစ်ဖက်လူ၏စိတ်နေစိတ်ထားကို ဖော်ပြသည်။ ထိုသူ၏ စရိုက်ကို ပြရန်မှာ ထိုစာပိုဒ်မပါပဲ မဖြစ်နိုင်ပေ။ ကျွန်တော်တို့သည် အဆိုပါ ဇာတ်လမ်းကို စာအုပ်ရေးသားသောအခါ ထိုစာပိုဒ်သည် မဂ္ဂဇင်းတစ်စောင်က ကောက်နုတ်ဖော်ပြခဲ့သောအပိုင်းဖြစ်လာခဲ့သည်။

'ဒီအစိုးရထဲမှာ- သူတို့လူတွေထဲမှာ- အရွယ်မရောက်သေးတဲ့ကလေးတွေကို ပြစ်မှားတဲ့ရောဂါနဲ့ ထောင်ချပစ်သင့်တဲ့ သူတွေ တစ်ပုံကြီးရှိသည်။ ခင်ဗျားသိလား၊ ခင်ဗျားသိလား။ Roger Holeidre ကပြောတယ်လို့ ခင်ဗျား ရေးလို့ရတယ်။ ခင်ဗျား အချိန်သာပေးလိုက်၊ အခု ငါးနာရီထိုးဖို့ ၁၅ မိနစ်ပဲ လိုသေးတယ်လို့ထင်တယ်။ ကျုပ်ပြောနေတာ ကြားလား။ ဟိုတစ်နေ့ညကလည်း ကျွန်တော် ပြောခဲ့သေးတယ်။ ရေပေါ် ပေါလောပေါ်နေတဲ့ အဲဒီ ညစ်ပတ်နေတဲ့ ရေပေါ်ဆီတွေကို ကြိုးပေးပစ်ရမယ်'။ အခန်းထဲမှာ ထိုင်နေတဲ့ မိန်းမတစ်ယောက်က ပြောတယ်။ 'အလိုလေးလေး။ မစ္စတာHoleindre, ဆိုးလိုက်တာ။ ဘာကြောင့် အဲဒီလူတွေကို ရှင်က ကြိုးပေးချင်ရတာလဲ' လို့ မေးတယ်။ ကျုပ်က ပြန်ပြောတယ်။ 'ဒီမှာအဒေါ်ကြီး၊ ကလေးတွေကိုမှ လိင်စိတ်နဲ့စွဲလန်းတဲ့ရောဂါကို ခင်ဗျားသိသလား' လို့။ သူက မသိဘူးလို့ ပြန်ပြောတယ်။ 'မသိရင် မှတ်ထား။ နိုင်ငံရေးသမားတွေဟာ ကုလားထိုင်ကို အလွဲသုံးစားလုပ်ပြီး ကလေးသေးသေးလေးတွေကို မုဒိမ်းကျင့်နေကြတဲ့ကောင်တွေ။ သုံးနှစ်၊ ငါးနှစ်၊ လေးနှစ်အရွယ် ကလေးလေးတွေ။ အဲဒါဆိုရင် ကြိုးပေးပစ်ရမှာပဲလို့ ခင်ဗျားပြောမယ်မဟုတ်လား အဒေါ်ကြီး'။

စာဖတ်ပရိသတ်သည် သတင်းထောက်က ပြောပြသော အချက်အလက်ချည်းကို လိုချင်သူများမဟုတ်။ သူတို့သည် ဇာတ်ကောင်များအကြောင်းကိုလည်း သိချင်ကြသည်။ ထိုသူတို့၏ စကားသံကို ကြားချင်သည်။ သူတို့ လွှမ်းခြုံ ထားသောအရောင်ကို မြင်ချင်သည်။ ထို့ကြောင့် သူတို့အကြောင်းကို ကျွန်တော်တို့ ပြောရမည်။ အချီအချ အပြောများသည် ထိုဇာတ်ကောင်၏ အကြောင်းကိုပြရန်အတွက် အထိရောက်ဆုံးဖြစ်သည်။ အရှည်အတို မည်မျှ ပြသင့်သည်ကို ဆုံးဖြတ်ပါ။ ထိုစကား၏ ထိရောက်မှုကို သုံးသပ်ပါ။ လိုသလောက်ကိုသာ သုံးပါ။

## ၅ ။ တည်းဖြတ်မှု အခြေခံ

သတင်းစာပညာတွင် တည်းဖြတ်ခြင်းမှာ အခရာဖြစ်ပြီး တည်းဖြတ်တတ်သူလက်ထဲသို့ ရောက်လျှင် ဇာတ်လမ်းတစ်ပုဒ်မှာကောင်းသွားသည်။ အနည်းဆုံး မိမိအပြင် အခြားတစ်ယောက်က ဖတ်ပေးသောအခါ လိုအပ်သည်များကို အကြံပေးပြီး ဇာတ်လမ်းကိုပိုမိုဖတ်ချင်စဖွယ်ဖြစ်အောင် လုပ်နိုင်ကြသည်။ ပြင်ဆင်စရာ ရှိလျှင်လည်း ပိုကောင်းအောင်လုပ်နိုင်သောနည်းလမ်းများသုံးကာ ပြင်နိုင်ကြမည်။ သို့သော် စာရေးသူမှာ အယ်ဒီတာ ကဲ့သို့ အပြင်လူကိုမပြမီ မိမိ၏စာကို တစ်လျှောက်လုံး တည်းဖြတ်နေသည့်အလုပ်ကို လုပ်နေရမည်။ ဖိုင်ကို ဖွင့်သည့် အခါတိုင်းတွင် ပြင်စရာတွ့လျှင် ပြင်နေရမည်။ စကားအသုံးအနှုန်းပိုပြီး အံဝင်ခွင်ကျဖြစ်လာအောင် ပြောင်းစရာရှိသည်များကိုပြောင်းရမည်။ ပြင်ဆင်ပြီးသည့်အခါတိုင်းတွင် နောက်ဆုံးအဆင့်ရောက်နေသည့် ဖိုင်ကို

နာမည်တစ်မျိုးဖြင့် တစ်နေရာတွင်သိမ်းပါ။ ရက်စွဲနှင့် မူကြမ်းအမှတ်စဉ်ကိုတွဲမှတ်ပါ။ ထို့ကြောင့် နောက်တစ်ခါ ပြန်ဖွင့်လျှင် ဖိုင်ပျောက်သည့်ပြဿနာ မရှိတော့ဘဲ အဆင့်ဆင့် ကောင်းမွန်အောင်လုပ်သွားနိုင်မည်။

## (က) တည်းဖြတ်ရာတွင် လိုက်နာရမည့် စည်းကမ်းသုံးခု

တည်းဖြတ်ခြင်းကြောင့် မိမိ၏သတင်းမှာ ပို၍ ရှင်းလင်းပြတ်သား အားကောင်းလာကာ အချိအချများဖြင့် ဝေဆာလာမည်။ တည်းဖြတ်နေစဉ် အောက်ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စစ်ဆေးကြည့်ပါ။ ထိုအရည်အသွေးများရှိလျှင် အခြေခံအားဖြင့် ဇာတ်လမ်းကောင်း တစ်ပုဒ်ဟုဆိုနိုင်ပြီ။

### ရှေ့နောက် ညီညွတ်မှု ရှိပါသလား ။

ထည့်သုံးထားသော အချက်အလက်များအားလုံးမှာ အံဝင်ခွင်ကျ ဖြစ်နေပါသလား။ ရှေ့နောက် ညီညွတ်မှု မရှိဘဲ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေကြသလား။ မိမိသုံးထားသော အထောက်အထားများသည် အချင်းချင်း လားရာ မတူကြဘဲ ဆန့်ကျင်ဘက်ဖြစ်နေခြင်းရှိလျှင် ပြန်ညှိပြီးပြီလား။

### ပြည့်စုံပြီလား။

ဇာတ်လမ်းထဲတွင် ပါရှိသောစာများသည် စာဖတ်သူသိလိုသမျှ မေးခွန်းများကို ဖြေပေးနိုင်ပြီလား။ သုံးထားသော အချက်အလက်များအားလုံးတွင် သင့်တင့်လျောက်ပတ်သော အကိုးအကားများဖြင့် ရည်ညွှန်းထား ပြီးပြီလား။

### စာဖတ်သူကို ဆွဲခေါ်နိုင်သလား။

ဇာတ်လမ်းမှာ အီနေလျှင်၊ မလိုဘဲ ပြန်ကျော့နေလျှင် စာဖတ်သူမှာ ကြာကြာမဖတ်နိုင်ပေ။

ထိုအရည်အချင်းများနှင့်ပြည့်စုံခြင်း ရှိမရှိ ပြန်စစ်ရာတွင် သုံးနိုင်သည့် အကောင်းဆုံးနည်းတစ်ခုမှာ ဖတ်ကြည့်လိုက်လျှင် နားမလည်နိုင်သည့် အချက်အလက်များ ပါနေသေးသလားဟု စစ်ဆေးကြည့်ရန်ပင်ဖြစ်သည်။ စာဖတ်သူမဝေဝါးစေရန်နှင့် နားမလည်နိုင်သည့်ကိစ္စကို ဖြေရှင်းနိုင်သောနည်းလမ်းများမှာ အောက်ပါ အတိုင်းဖြစ်သည်။

- စာပိုဒ်များတွင် ပညာရှင်လေ၊ ဗြူရိုကရက်လေဖြင့် သာမန်လူများ မရင်းနှီးသော ဝေါဟာရများကို တွင်တွင် သုံးထားမိလျှင် လူတိုင်းနားလည်နိုင်သည့်စာပိုဒ်များဖြစ်အောင် ပြန်ပြင်ရေးပါ။ ပညာရှင်လေသံကိုလျှော့ပါ။

- ဝါကျများရှည်လွန်းလျှင် ဖြတ်ပစ်ပါ။ သို့သော် တိုလွန်းအားကြီးလျှင်လည်း ရှည်လွန်းသောဝါကျကဲ့သို့ပင် လိုရင်းရောက်ဖို့ နှေးတတ်ကြောင်း သတိပြုပါ။

- စာပိုဒ်များ ရှည်လွန်းလျှင်လည်း ငြီးငွေ့တတ်ပါသည်။ လူတစ်ယောက်၊ အိုက်ဒီယာတစ်ခု၊ နေရာတစ်ခုသို့ ပြောင်းသွားတိုင်း စာပိုဒ်များလည်း ခွဲပစ်ပါ။

(ခ) စာကောင်းတစ်ပုဒ်သည် ရထားတစ်စင်းလိုပင်ဖြစ်သည်။ ရထားတွဲများသည် စီတန်းချိတ်ဆက်ကာ လိုရာခရီးသို့ရောက်အောင် သွားနိုင်သကဲ့သို့ပင်ဖြစ်သည်။ ရထား၏သဘောမှာ နောက်ထပ်ခရီးသည်များ တက်လာနိုင်ရန် အရှိန်အနည်းငယ်နှေးလိုက်ရသည်။ စာရေးသောအခါတွင်လည်း နောက်ခံရှုခင်း ရုပ်လုံး ကြွလာအောင် ရေးရသည့်အခါမျိုးမှာ ထိုရထားကို နှေးလိုက်သည့် အပိုင်းမျိုးပင်ဖြစ်သည် ။ သို့သော် လုံးလုံး ရပ်နား လိုက်ခြင်းမျိုးမဟုတ်ပဲ ရှေ့ဆက်ထွက်ခွာလာရသည်။ ထို့ကြောင့် မိမိရေးနေသောအခါတွင်ဖြစ်စေ၊ တည်းဖြတ်သော အခါတွင်ဖြစ်စေ၊ ဇာတ်လမ်း အနိမ့်အမြင့် အတက်အကျများကို ဇာတ်၏ ကာရံတေးသွားများကဲ့သို့ ဂရုစိုက်ပါ။

## အခန်း(၆)

စာဖတ်သူမှာ တစ်နေရာမှ တစ်နေရာသို့ရွှေ့လျားသကဲ့သို့ခံစားရနိုင်မည်။ အကယ်၍ ထိုသို့ ရွှေ့လျားအောင် မလုပ်နိုင်လျှင်ဤစာမှာ စာကောင်းတစ်ပုဒ် မဖြစ်နိုင်တော့။ ပြင်လိုသောအခါတွင် တစ်ပုဒ်လုံးကို ပြင်စရာမလိုပေ။ ပြဿနာ ရှိနေသောနေရာကိုသာ ပြန်ပြင်ပါ။ စာကောင်းတစ်ပုဒ်ဖြစ်ရန် ဖြတ်ပစ်ရန် ထပ်ထည့်ရန် များကို လိုသလို ဆောင်ရွက်ကြရမည်။

### (ဂ) လိုအပ်မှသာ တစ်ပုဒ်လုံးကို ပြန်ပြင်ရေးပါ။

အထက်တွင်ဖော်ပြခဲ့သော နည်းများသည် ဇာတ်လမ်းတစ်ပုဒ်ကို ရှေ့နောက် ညီညွတ်အောင်၊ ပြည့်စုံအောင် ရေးသားနိုင်ရန်အထောက်အကူ မပြုဟု ခံစားရလျှင် တစ်ပုဒ်လုံးကို ပြန်ရေးဖို့လိုနေပြီဖြစ်သည်။ ဇာတ်လမ်း အချိုးအချ အချိတ်အဆက်မပါလျှင်လည်း ပြန်ရေးကောင်းရေးရန် ဆုံးဖြတ်နိုင်သည်။ စာကို တစ်လုံးနှစ်လုံးပြောင်းရုံမဟုတ်ဘဲ ပြန်ရေးရတော့မည်ဆိုလျှင် ဇာတ်လမ်းကျောရိုးကို ပြန်ပြင်ရတော့မည်။ ထိုကျောရိုးအတိုင်း အသစ်ပြန်ရေးဖွဲ့ရ တော့မည်။ ထိုအခါမျိုးတွင် မပစ်ဘဲ ပြန်သုံး၍ ရနိုင်သော စာပိုဒ်များကိုရှာပြီး အားလုံးကို ပစ်လိုက်မည့်အစား များနေနိုင်သည့်နေရာများကို ရှာဖွေပါ။ ဖြစ်တတ်သည်မှာ အဆင်မပြေသော စာပိုဒ်များ ကျစ်အောင် ပြန်ချုံ့လိုက်လျှင်ကောင်းသွားတတ်ခြင်းပင်။ ဇာတ်လမ်းထဲမှ မိမိထည့်လိုသည့်အားအကောင်းဆုံးအပိုင်း များကိုယူပြီး ပြန်လည်ချိတ်ဆက်ပါ။ ဖွဲ့စည်းရေးသားပါ။ မည်သို့မှ ပြန်မသုံးနိုင်တော့သည်များကို တစ်နေရာဖယ်ထားလိုက်ပါ။

### (ဃ) စာရေးသားရာတွင် တွေ့ရသည့်ပြဿနာများ၏ ၉၅ရာခိုင်နှုန်းခန့်ကို ဖြေရှင်းနိုင်သည့် နည်းလမ်း သုံးသွယ်

### ဖြတ်၊ ဖြတ်၊ ဖြတ်

ပြဿနာတက်နေသော စာပိုဒ်ကို တည်းဖြတ်ရန် အကောင်းဆုံးနည်းလမ်းမှာ ဖြတ်ပစ်ခြင်းပင်ဖြစ်သည်။ အကယ်၍ စာတစ်ပိုဒ်ကို သုံးခါထက်ပို၍ ပြန်ပြင်ရေးနေရပြီဆိုလျှင် ထိုအပိုဒ်ကို ဆက်ပြင်နေရခြင်းမှာ အချိန်ကုန်ရုံသာ ရှိသည်။ ရှေ့တွင် လုပ်စရာများရှိသေးသည်။ Hemingway ၏ ခေါင်းလောင်းထိုးသံ ဘယ်သူထံ For whom the bell tolls ဝတ္ထုတွင် သူ အကြိမ် ၆၀ ကျော်မျှ ပြန်ရေးခဲ့ရသော စာပိုဒ်တစ်ခုရှိသည်။ သို့သော် နောက်ဆုံးအချိန်ထိ ထိုလက်ရာ ကို အဆင်ပြေသည်ဟု သူမထင်ခဲ့ပါ။ ဟဲမင်းဝေးလို လူပင် မလုပ်နိုင်ခဲ့သောကိစ္စကို သင်လည်းလုပ်နိုင်မည်မထင်ပေ။ ထို့ကြောင့် ထိုစာပိုဒ်ကို ဖြတ်သာပစ်လိုက်ပါ။။

### (င) စာပိုဒ်ထဲက အဖုအထစ်များ သင့်ကို သတိပေးနေသည်များဖြစ်ကြသည်။

မိမိပြောချင်နေသည့်အကြောင်းအရာကို နားမလည်သေးလျှင်သော်လည်းကောင်း၊ ပြောဖို့မလိုဟု ထင်နေလျှင် သော်လည်းကောင်း၊ စာပိုဒ်တစ်ခုကို ချောအောင်ရေးရန် ခက်ခဲနေနိုင်သည်။ အများအားဖြင့် ရေးသင့်မရေးသင့်ကို ချင့်ချိန်နေရသော ဒုတိယအကြောင်းရင်းကြောင့် ဖြစ်ရခြင်းက ပိုများပါသည်။ မိမိဆိုလိုရင်းကို အချိန်ယူကာစဉ်းစားပါ။ ထိုအစိတ်အပိုင်းသည် စာရေးသားခြင်းအတွက် အလွန်အရေးပါသည့် အစိတ် အပိုင်းဖြစ်သည်။ ထိုစဉ်းစား၍ရေးရင်းရေးရင်းအချိန်များတွင်ရေးသောစာမှာ ပို၍နက်ရှိုင်းကျယ်ပြန့်လာသည်။

### (စ) ဘယ်လောက်အထိ ရှည်ရှည်ရေးသင့်သလဲ။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်ကမူ အမေရိကန် မဂ္ဂဇင်းတစ်စောင်များသည် စာလုံးရေ ခုနှစ်ထောင် အထိရှိသော စာမူများကို ပုံနှိပ်ဖော်ပြခဲ့ကြသည်။ ယခုအခါ မဂ္ဂဇင်းများနှင့် သတင်းစာများသည် စုံစမ်း ထောက်လှမ်းရေးသတင်းမျိုးကိုပင် စာလုံးရေ ၂၅၀၀ ကျော်ထိ ရေးခွင့်မပြုကြတော့ပေ။ ဗွီဒီယိုရုပ်ရှင်အဖြစ်

ထွက်လာသော ထောက်လှမ်းရေး သတင်းခွေများမှာလည်း ထိုနည်းတူပင်ဖြစ်သည်။ အတိုက်ကို ပိုဦးစားပေးလာကြသည်။ နေရာအခက်အခဲကြားမှပင် အလုပ်ဖြစ်အောင် ရေးကြရသည်။ တစ်ခါတစ်ရံတွင် တိုတိုတုတ်တုတ်ရေးထားသော်လည်း ကျစ်လစ်ကောင်းမွန်သောစာက မိမိတို့ပရိသတ်ထံသို့ ပေးလိုက်သော သတင်းစကားကို ပိုမိုထိရောက်စွာပို့ပေးနိုင်သည်ကို သတိပြုရမည်။ ( မီဒီယာ အတော်များများတွင်မူ အဆီပိုများရောပြီး ပြနေသေးသည်) ။ ရှည်နေသောစာကို တိုအောင် ဖြတ်ထုတ်လိုက်မည့်အစား အခြားနည်းလမ်းကိုလည်း သုံးနိုင်ပါသည်။ ဥပမာ- သတင်းစာများ၏ သမိုင်းတွင် အကြောင်းအရာများကို ပုံနှိပ်ဖော်ပြပုံ နည်းအမျိုးမျိုးကိုသုံးပြီး ပရိသတ်စိတ်ဝင်စားအောင်လုပ်တတ်ကြသည်။ အောက်ပါနည်းများထဲမှ တစ်ခုခုကိုသုံးကာ အများပြည်သူနှင့် မီဒီယာအတွက် အကျိုးမယုတ်စေဘဲ ဆောင်ရွက်ရန်ဖြစ်သည်။

### အခန်းဆက်များဖြင့်တင်ပြခြင်း

တစ်ပုဒ်တည်းအရှည်ရေးရန် မဖြစ်နိုင်သောအခါမျိုးတွင် တိုအောင်ဖြတ်ပြီး အခန်းဆက်ဖြင့် ဖော်ပြနိုင်သည်။ ထိုအခါ မီဒီယာအတွက်လည်း စီမံခန့်ခွဲရလွယ်ကူသည်။ လူသိများအောင် လုပ်ရာတွင်လည်း အတိုကပို၍ လွယ်ကူပြီး ထိရောက်မှုရှိသည်။ ဇာတ်လမ်းတစ်ပိုင်းစီသည် ပရိသတ်ကို ဆွဲဆောင်နိုင်သဖြင့် ဝင်ငွေတိုးအောင်လုပ်ရာတွင်လည်း ထိရောက်နိုင်သည်။ မီဒီယာအနေဖြင့် နောက်ဆုံးတွင် အပိုင်းများအားလုံးကို တစ်ပေါင်းတစ်စည်းတည်း ထုတ်လိုက ထုတ်နိုင်သည်။

### ဇာတ်လမ်းတစ်ခုတည်းကို မီဒီယာများစွာတွင် ပုံစံပြောင်းဖော်ပြခြင်း

- သတင်းစာသည် သတင်းအတိုကိုသာဖော်ပြပေးရန်နေရာသာရှိခဲ့လျှင် ဝက်ဘ်ဆိုက်ဒ်သည် ထိုဇာတ်လမ်းအရှည်ကို ဖော်ပြကောင်း ဖော်ပြနိုင်မည်။ မိမိ၏ ဇာတ်လမ်းဖြစ်သောကြောင့် မည်သည့်ပုံစံဖြင့်ပုံနှိပ်ဖော်ပြသည်ဖြစ်စေ မူပိုင်ခွင့်ကို မိမိလက်ထဲတွင် ရှိအောင်ထားရမည် ။ မီဒီယာများတွင်လည်း ပြန့်နိုင်သလောက် ပြန့်အောင်ထုတ်လွှင့်နိုင်သည်။

- မိမိ၏ ကုန်အမှတ်တံဆိပ်ကို တည်ဆောက်ပါ။ မိမိBrand ဖြစ်စေသည့် မှတ်မှတ်သားသားရှိမည့် ရေးသားပုံကို တည်ဆောက်ပါ။ သို့မှသာ ထိုအရေးအသားကိုမြင်လျှင် မိမိBrand မှန်း သိနေကြမည်။

### ပုံနှိပ်ဖော်ပြရန် နေရာမည်မျှလိုနိုင်သနည်း။

စုံစမ်းထောက်လှမ်းရေးသတင်းများစွာသည် ရှည်လွန်းပြီး ပြွတ်သိပ်နေသောအကြောင်းအရာများ ပါရှိကြသည်။ သတင်းတစ်ပုဒ်တည်းအတွက် များလွန်းသောအချက်အလက်များကို ပစ်ထည့်ထားကြပြီ သတင်းထောက်၏ မှန်းဆချက်ကို ထောက်ခံသည့် အချက်အလက်မှန်သမျှကို ထောင့်အသီးသီးမှ ဖော်ပြထားကြသသည်။ ဤသို့တစ်ကြိမ်တည်းနှင့် စာဖတ်သူ အီလည်လည်ဖြစ်သွားလောက်အောင်ရေးမည့်အစား အကြောင်းအရာတစ်ခုတည်းကိုပင် စာဖတ်သူနှင့် ပြတ်တောက်မသွားအောင် အချိန်နည်းနည်းခြားပြီး ပုံမှန်ဖော်ပြပေးနေခြင်းမျိုးမှာလည်း နည်းလမ်း တစ်ခုဖြစ်သည်။ သို့သော် ပရိသတ်ကို မေ့လောက်အောင်ပစ်ထားပြီး နောင်မှတစ်ခါပေါ်လာပြန်သောဇာတ်လမ်းမျိုးကိုမူ ပရိသတ်ကလည်း အကြောင်းအရာကို မမှတ်မိ၊ မိမိကိုလည်း ထိုက်စွာအားနားလည်တတ်ကျွမ်းသူအဖြစ် အသိအမှတ်မပြုနိုင်သည့် အဖြစ်သို့ရောက်သွားတော့သည်။ ဤအချက်ကို သတိထားပြီး

ဂျာနယ်လစ်အနေဖြင့် မိမိ၏ အမှတ်တံဆိပ် Brand တစ်ခုကို တည်ဆောက်ထားနိုင်သလို မီဒီယာအတွက်လည်း အမှတ်တံဆိပ် ခိုင်မာစေနိုင်သည်။

### ၆။ ဇာတ်သိမ်းကိုစိတ်စောခြင်း

ဇာတ်ကြောင်းကုန်စင်ကို ပြောရသည့်အတတ်တွင် ကျွမ်းကျင်စွာ နိဂုံးချုပ်တတ်ခြင်းလည်းပါသည်။

သို့ရာတွင် ဂျာနယ်လစ်တို့ ကိုင်တွယ်နေရသော ဇာတ်လမ်းများတွင် ဇာတ်သိမ်းခန်းပါချင်မှ ပါသည်။ ဇာတ်သိမ်းခန်းမပါလျှင် ဂျာနယ်လစ်မှာ ပါသယောင်ဖန်တီး၍ မဖြစ်ပါ။ ဇာတ်သိမ်းဟု ရေးရမည့်အစား ဇာတ်လမ်းကို နားလိုက်ရသည့်သဘောမျိုးဖြင့် အဆုံးသတ်ရလေ့ရှိသည်။ ဇာတ်သိမ်းခြင်းနှင့် ဇာတ်လမ်းကို တစ်ခန်း ရပ်နားလိုက်ခြင်းတို့ မည်သို့ကွာသနည်းဟု မေးလာဖွယ်ရှိသည်။ ဇာတ်သိမ်းခန်းမှာ ရှုပ်ထွေးမှုများကို အားလုံး ကျေလည်အောင် ဖြေရှင်းပြီးသည့် အခြေအနေဖြစ်သည်။ ဇာတ်လမ်းကို တစ်ခန်းရပ်ခြင်းကမူ အဖြစ်အပျက်တို့တွင် ဆက်လက်စောင့်ကြည့်စရာများရှိနေသေးသော်လည်း မိမိတို့အတွက်မူ ရောက်နေရာအရပ်တွင် ခေတ္တ တစ်ခန်း ရပ်လိုက်ခြင်းဖြစ်သည်။

လက်တွေ့၌ ပြဿနာ၏အဖြေကို ဇာတ်သိမ်းတွင် ထည့်ပေးစရာ မိမိလက်ထဲတွင် အဖြေ မရှိသော်လည်း တစ်စုံတစ်ရာကို အဖြေအဖြစ် ထည့်ပေးလိုက်ချင်သည့်ဇောကို ရှောင်ကျဉ်ရန် သတင်းထောက်အနေဖြင့် သတိထားရမည် ဖြစ်သည်။ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ထိုဖြေရှင်းနည်းကို စဉ်းစားနေခြင်းမရှိလျှင်မူ သတင်းထောက်အနေဖြင့်လုပ်နိုင်သည်မှာ ပြဿနာ၏ အဖြေက ဤပုံဤနည်း ဖြစ်နိုင်ပါသည်ဟု အကြံပြုခြင်း ပင်ဖြစ်သည် ။ ထိုအခါမျိုးတွင် စာရှည်ရှည်ရေးရန် လိုချင်မှ လိုပါမည်။ ပြင်သစ် ကိုလိုနီနယ်Guyaneတွင် ထောက်လှမ်းခဲ့သော သတင်းစာဆရာ Albert Londres ၏ ဇာတ်လမ်း အဆုံးသတ်ပုံမှာ ချီးကျူးဖွယ်ဖြစ်သည်။

"ကိုင်း- ကျွန်တော်ထောက်လှမ်းရသည့်အလုပ်မှာ ပြီးပြီ။ အစိုးရသာ လုပ်ငန်းစရန်လိုတော့သည်" ဟု ရေးသား ခဲ့လေသည်။

အကယ်၍ တစ်စုံတစ်ယောက်က တာဝန်ယူ ဖြေရှင်းရန် လိုအပ်သည်ဟုယူဆလျှင် ထိုအချက်ကို စာဖတ်သူ ရှင်းအောင်ရေးပါ။ မိမိ၏ အိုက်ဒီယာကိုလည်း ချပြနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မိမိမှာ စာရေးသူအဖြစ် သုတေသနကို ကောင်းစွာဆောင်ရွက်ခဲ့သောကြောင့်ဖြစ်သည်။ သတင်းထောက် မိမိကိုယ်တိုင်မှာ ကျွမ်းကျင်သူ တစ်ပိုင်း ဖြစ်နေပြီ။ ထိုပြဿနာမျိုးကို ယခင်က ရှင်းပေးခဲ့ဖူးသူများ၏ အမြင်ကိုလည်း ဆွပေးနိုင်သည်။ ထိုပြဿနာကို ဝင်ရှင်းရန် တာဝန်ရှိသူတို့ကိုလည်း လက်ညှိုးထိုးပြနိုင်သည်။ သုံးနိုင်သော ပရိယာယ်တစ်ခုမှာ ထိုနောက်ဆုံးပိတ် အဖြေစကားကို မိမိက ဝင်ပြောပေးမည့်အစား ဤသတင်းတွင် ပါဝင်ခဲ့သော သတင်းရင်းမြစ် တစ်ယောက်၏အသံကို ငှား၍ သုံးလိုက်ခြင်းပင်ဖြစ်သည်။

နောက်တစ်နည်းမှာ ထိုကိစ္စကို စုံစမ်းစဉ်က ကြုံခဲ့ရသောအခိုက်အတန့်တစ်ခုကို အဆုံးသတ်တွင် ထည့်သုံးမည်ဟု စိတ်ကူးခဲ့ခြင်းမျိုး ရှိနိုင်လျှင် ယခုသုံးရန် အချိန်ရောက်ပြီ။ ဆုရခဲ့သော သတင်းတစ်ပုဒ်တွင် ပါရှိခဲ့သော သာဓကကို ပြပါမည်။ ပြင်သစ်မှ ရောဂါပိုးပါနေသော သွေးများထုတ်ရောင်းသည့်အမှုကို စုံစမ်းနေစဉ်က ကျွန်တော်တို့စိတ်ထဲတွင် စွဲထင်ခဲ့သည့်မြင်ကွင်းကို မှတ်မိနေသဖြင့် ပြန်သုံးဖြစ်ခဲ့ခြင်းဖြစ်သည်။ ထိုသတင်း၏ နိဂုံးတွင် သတင်းရင်းမြစ်၏ မှတ်ချက်နှင့်အတူ ကျွန်တော်တို့မြင်ခဲ့ရသော နေရာတစ်ခုကို ပြန်ခြယ်မှုန်း ပြခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ထိုနေရာသို့ရောက်ခဲ့စဉ်က ကျွန်တော်တို့ ကြားခဲ့ မြင်ခဲ့ရသည်များနှင့်

## အခန်း(၆)

ပတ်သက်ပြီး ရက်စက်လွန်းသည်ဟု ထင်ခဲ့သည်များလည်း ရှိသည်။ မြင်ကွင်းကိုပြပြီးသောအခါ နောက်ဆုံး ထိုသူ၏ စွဲချက်ကို ရေးခဲ့သည်။

"ဆရာဝန်တွေက တခြားသူတကာထက် ဘာကြောင့်သာနေရမည်နည်း။ သည်လူတစ်ယောက်တည်းကိုပင် မည်သည့်အတွက်ကြောင့် အပြစ်မြင်နေကြရသနည်း။ မည်သည့်အတွက်ကြောင့်ဆိုသည်ကို ဥပမာပြောပြပါမည်။ သူ့ကို ရာထူးမှအနားမယူပဲ အဘယ့်ကြောင့် ဆက်ရှိနေရသနည်း။ ဖြစ်ပျက်ခဲ့သည်များကို အဘယ့်ကြောင့် လူသိရှင်ကြား မရှုတ်ချခဲ့သနည်းဟု မေးရာတွင် သူကကျွန်တော့်မှာ ကလေးတွေ ကြီးအောင် မွေးရဦးမယ် ဟူ၍ဖြစ်သည်။ တရားခွင်တွင် သူ၏ နောက်၌ ထိုင်နေခဲ့ကြသူ လူအုပ်ကြီးများလည်း တစ်ချိန်က သူ့လိုပင် သားသမီး ရှိခဲ့ကြသူချည်းဖြစ်သည်။ ယခုအခါ ထိုသူတို့၏ သားများသည် တရားခွင်တွင် စွဲချက်တင်ခံနေရသည့်သူနှင့် အခြားအမည်မဖော်နိုင်သော ပုဂ္ဂိုလ်များ၏ သစ္စာဖောက်မှုကြောင့် သေဆုံးခဲ့ရလေပြီ။"

ဇာတ်လမ်း၏ အဆုံးသတ်တွင် အပိတ်စကားကိုပြောသူမှာ သင်ကိုယ်တိုင်ပင် ဖြစ်စေ၊ အခြားတစ်ဦးဦးကို ပြောခိုင်းသည်ဖြစ်စေ ထိုနောက်ဆုံးစကားကို အမှန်တရားဟု ကောက်ယူကြမည်ဖြစ်သည်။ ထောက်လှမ်းရသော ဖြစ်ရပ်များစွာသည် နောက်ဆုံးတွင် စာရေးသူ၏ နိဂုံးဝါကျနှစ်ကြောင်း သုံးကြောင်းရေးလိုက်သောကြောင့် ရှေ့က သယ်လာသမျှ ပစ်လိုက်ရသည်များရှိခဲ့ဖူးသည်။ စာရေးသူသည် ဖြစ်ရပ်များက အမှန်တရားအား ဝန်ခံနေကြသည်ကို မကြားရဲခြင်း ဖြစ်ပြီး အမှန်ကိုပြောရမည်ကို ကြောက်နေကြသည်။ ထိုသို့ ကိုယ့်ဇာတ် ကိုယ်ပြန်ဖျက်ဆီးသောကိစ္စမျိုးမှာ အောက်ပါ အပြောမျိုးကြောင့်ဖြစ်သွားနိုင်သည်။ "နောက်ဆုံးတော့ ဘယ်လိုပဲ ပြောပြောပါ။ ကျွန်တော်တို့ရဲ့ သတင်းလိုက်ခဲ့တဲ့ ပစ်မှတ်က ဒီလောက်ကြီး ဆိုးခဲ့တာတော့လည်း မဟုတ်ပါဘူး"ဟု ဆိုလိုက်သောအခါမျိုးတွင်ဖြစ်သည်။ ထိုအပြောမျိုးတွင် ဆိုခဲ့သောပစ်မှတ်ကို သတင်းထောက်က ကြောက်ရွံ့နေခြင်းအား သိနိုင်သည်။ ပစ်မှတ်က သူ့အားခွင့်လွှတ်စေလိုခြင်းသဘောကို မြင်ရသည်။ (စိတ်ပညာရှင်ကြီးတစ်ဦးဖြစ်သော Erich Fromm ကဆိုခဲ့ဖူးသော စကားရှိသည်။ အချို့သော သူများက ဟစ်တလာကို ကြောက်ရွံ့ကြောင်း ဝန်ခံလိုက်ရမည်ထက်စာလျှင် ကြည်ညိုပြလိုက်သည်မှာ သူတို့ အတန်ငယ်မျှ အရှက်ကွဲသက်သာသောကြောင့်ဖြစ်သည်ဟု ဆိုသည်)

သို့မဟုတ် အထက်ပါအတိုင်း နိဂုံးပိုင်းတွင် ချော်သွားရသည့်အဖြစ်မျိုးမှာ လေးစားထိုက်သော ကြီးကြီးကျယ်ကျယ် ပုဂ္ဂိုလ်ကြီးတစ်ဦး၏ စကားကို ကိုးကားပြလိုက်ခြင်းကြောင့်လည်းဖြစ်နိုင်သည်။ ထိုသို့ကိုးကားလိုက်ခြင်းကြောင့်ပင် မိမိကိုယ်တိုင် အထက်က ပြောထားသော စကားများကို မယုံသဖြင့် အခြားသူ၏ အပြောကို ငှားလိုက် ရသလိုဖြစ်သွားသောကြောင့်ဖြစ်သည်။ ပညာရှင်စကားကို ကိုးကားက "ဘဝဆိုတာ ပြဿနာတွေနဲ့ ပြည့်နေ တာပါပဲ။ ကျွန်တော်တို့ရဲ့ စိတ်ကောင်း စေတနာနဲ့ သိက္ခာရှိရှိ ရပ်တည်တာက ရှိနေတဲ့ ပြဿနာကို ဖြေရှင်းသွားနိုင်မှာပါ" ဆိုသော တရားချသလိုလိုစကားလုံးမျိုးဖြစ်သည်။။ ထိုအပြောမျိုးကြောင့် မိမိလုပ်ထားသမျှကို အရေးမပါသည့် အဖြစ်မျိုးသို့ ရောက်သွားနိုင်သည်။

မိမိတွေ့ခဲ့သော အမှန်တရားကိုလက်ခံရန် ဝန်မလေးပါနှင့်။ အမှန်ကိုလက်ခံရန်ဆိုသောအလုပ်မှာ ထင်သလောက် မလွယ်ပါ။ မလွယ်သော်လည်း မိမိအလုပ်ကိုတန်ဖိုးတက်စေမည်မှာ သေချာသည်။ မိမိ အားထုတ်ထားသည့် အလုပ်ဖြစ်သည့်အတွက်ကြောင့်လည်း မိမိသိထားသည်များအပေါ် အခြေခံ၍ စွဲချက် တင်နိုင်သည်။ အချိန်အဆကို သိနိုင်သည်။ တရားမျှတမှုရှိအောင်လုပ်နိုင်သည်။ လုံးဝ မှန်ကန်သည်ဟု မိမိ သိထားသော အချက်အလက်များကို ကိုင်ထားပြီး ထိုဘောင်အတွင်းမှ ပြောသည့်အတွက်ကြောင့် မမှားနိုင်။ အမှန်တရားများကို ဆွဲထုတ်ပြပြီးကာမှ မိမိကိုယ်တိုင် ပြထားသည့်အရာများမှာ မမှန်ပါဟု မဆိုသင့်။

# စာမူစစ်ဆေးခြင်း

၉

## စာမူအရည်အသွေးစစ်ဆေးရာတွင် သုံးသောနည်းလမ်းများနှင့် စောင့်ထိန်းရမည့် ကျင့်ဝတ်များ

NILS HANSON, MARK LEE HUNTER,
PIA THORDSEN ESIFH DREW SULLIVA ရေးသားသည်။

ဤအဆင့်တွင် စုံစမ်းရမည့်သတင်းကို ရှာတွေ့ပြီ။ ထိုသတင်း၏ ဖြစ်နိုင်ခြေကို မှန်းဆထားပြီးပြီ။ မိမိမှန်းထားသည်များ မှန်မမှန်ကို လွတ်လပ်စွာဖတ်နိုင်သော ရသမျှစာရွက်စာတမ်းများဖြင့် တိုက်ကြည့်ပြီးပြီ။ လူပုဂ္ဂိုလ် သတင်းရင်းမြစ်များကိုလဲ မေးမြန်းပြီးပြီ။ ဒေတာများကို စုဆောင်းနေစဉ်တွင် တွေ့ရှိသမျှကို စနစ်တကျထားသိုပြီး လိုသည်ကို ပြန်စစ်ဆေးရန်၊ သတင်းအဖြစ် ရေးသားရန်၊ပြန်လည်စိစစ်ရန် ဖိုင်များဖွဲ့စည်းသည်။ ဒေတာများကို ဇာတ်လမ်းတစ်ပုဒ်အဖြစ်စီကုံးကာ သတင်းတစ်ပုဒ်ကို ရေးသားသည်။ ဤအဆင့်တွင် ရေးသားထားသော စာ၏ အရည်အသွေးနှင့်ပတ်သက်ပြီး ပြောစရာမရှိအောင် စစ်ဆေးသည်။

အခန်း(၇)

# စာမူပါအချက်အလက်များမှန်အောင်စစ်ခြင်းဆိုသည်မှာ အဘယ်နည်း။

သင်သည် ဇာတ်လမ်းကို ရေးသားရန် သုတေသနများ ပြုခဲ့၏။ ဇာတ်လမ်းနှင့်ပတ်သက်သော အချက်အလက်များကိုစုဆောင်းပြီး စနစ်တကျ သိမ်းဆည်း၏။ ဇာတ်လမ်းကို အချောရေးသား၏။ ဂုဏ်ပြုပါသည်။

နောက်တစ်ဆင့်တွင် မိမိရေးသောစာကို အများသူငါ ဝင်ရောက်ဖတ်ရှုနိုင်ကြမည်ဖြစ်ရာ သူတပါးမကြည့်မီတွင် ရေးထားသလောက်ကို မှန်အောင်စစ်ကြရတော့မည်။ ထိုအခါ စာမူအရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းစတော့မည်။ ထိုလုပ်ငန်းကို fact-checking အချက်အလက်များကို စိတ်ချနိုင်ရန် စစ်ဆေးခြင်းဟု ခေါ်သည်။

ကမ္ဘာတစ်လွှားတွင် ထိတ်တန်းစုံစမ်းထောက်လှမ်းရေးသတင်းရေးသားရာ အဖွဲ့များတွင် အယ်ဒီတာ တစ်ဦး (သို့မဟုတ်) အချိန်ပြည့် ဝန်ထမ်းဖြစ်ပြီး စာမူပါအရေးအသားများကို နောက်ဆုံးပိတ်တွင် မှန်မမှန်စစ်ဆေးပေးသော သူတစ်ဦးပါဝင်ရသည်။ ထိုစာမူစစ်ဆေးပေးသူက စုံစမ်းထောက်လှမ်းခဲ့သောသတင်းသည် အထောက်အထား လုံးဝပြည့်စုံပြီး ကောင်းစွာရေးသားထားသော စာတစ်ပုဒ်ဖြစ်မဖြစ်ကို စစ်ဆေးပေးသည်။ ထိုစစ်ဆေးခြင်းတွင် အဓိကအားဖြင့် အပိုင်းလေးပိုင်းပါဝင်သည်။

- သတင်းထောက်က အမှန်ကို ပြောနေခြင်း ဟုတ်မဟုတ် စစ်ဆေးရသည်။ တစ်နည်းအားဖြင့် ရေထားသော ဇာတ်လမ်းမှာ လီဆယ်ထားခြင်းဟုတ်မဟုတ် စစ်ဆေးရသည်။ ထိုဇာတ်လမ်းတွင်သုံးထားသော အချက်အလက်များက မှန်ကန်ရုံမျှမက ဇာတ်လမ်းတစ်ပုဒ်လုံး၏ ဆိုလိုရင်းကလည်း မှန်ကန်ရမည်။ အကယ်၍ ရေးထားသည့်အတိုင်း မဟုတ်ဘဲ အခြားဖြစ်နိုင်ခြေနောက်တစ်မျိုး ရှိနေသေးလျှင် ရေးထားသည့်စာမှာ အမှားရှိနေပြီ။
- ဇာတ်လမ်း တစ်ခုလုံးတွင်ထည့်သုံးထားသော သတင်းရင်းမြစ် သို့မဟုတ် သတင်းရင်းမြစ်များ အားလုံးကို သတင်းထောက်က သိရှိသည်မှာ မှန်ကန်ကြောင်း စစ်ဆေးသည်။ သတင်းရင်းမြစ်များ၊ အထောက်အထားများကို ခိုင်မာခြင်း ရှိမရှိ စစ်ဆေးခဲ့သည်အဆင့်တွင် ထိုစာရွက်စာတမ်းများတွင်ပါနေသော အမှားများကို တွေ့ရှိပါက မိမိစာမူပါကိုးကားချက်များကို ပြန်လည်ပြင်ဆင်ခဲ့ခြင်း ရှိမရှိကို စစ်ဆေးသည်။ တစ်ချိန်တည်းတွင် မိမိရေးထားသော စာများ၌ အကျိုးမရှိသော စိတ်ခံစားမှုများ ကိုဖော်ပြမိခြင်း မျိုးပါဝင်နေခြင်း ရှိမရှိ စစ်ဆေးပေးသည်။ သတင်းပစ်မှတ်အပေါ် သတင်းထောက်က ရိခြင်း၊ ပြောင်ခြင်း၊ ရန်စခြင်း၊ မောက်မာခြင်းတို့သည် အရေးအသားထဲတွင် ပါဝင်နေခြင်းရှိမရှိ၊ စာရေးစဉ်က မိမိစိတ်ထဲတင် ခံစားနေရသည်များစွာတွင် ထင်ဟပ်နေခြင်းရှိမရှိ စစ်ဆေးပေးသည်။
- ထပ်ပြောပါမည်။ သင်ရေးထားသော ဇာတ်လမ်းတွင် အမှားမပါရပါ။ အမှားပါနေလျှင် ပါသောအမှားကိုဖြတ်ပစ်ပါ။ ရေးထားသော စာတွင် သတင်းထောက်၏အသံမှာ ဖြစ်သင့်သည့်အတိုင်းအတာထက် မမာရ၊မပျော့ရ။

ကျွန်တော်တို့၏မိတ်ဆွေ Ariel Hart မှာ ကိုလံဘီယာသတင်းပညာရီဗျူးတွင် ထိပ်တန်း စစ်ဆေးသူဖြစ်သည်။ သူကဆိုသည်မှာ "စာမူဆိုလို့ ငါးမျက်နှာလောက် ရှည်အောင်ပဲ ရေးရေး၊ နှစ်ပိုဒ်လောက်ပဲ တိုအောင်ရေးရေး၊ အမှား မပြင်ရဘဲ လွှတ်လိုက်ရတာ တစ်ခါမှမရှိဘူး" ဟူ၍ဖြစ်သည်။

သူကထပ်ပြီး ရှင်းပြသည်မှာ "စာမူတွေမှာ သတင်းထောက်က ဘက်လိုက်တယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး တွေ့ရတာကတော့ ရေးတဲ့သူက တစ်ခုခုကို အဓိပ္ပာယ်ကောက် လွဲသွားရင် ဘက်လိုက်တယ်လို့ စွပ်စွဲခံရတာမျိုးဖြစ်နိုင်တယ်။ ကျွန်မ ထောက်ပြရင်တော့ သူတို့တွေက ပြန်ပြင်ပေးကြပါတယ်။ ဒါပေမဲ့ အများဆုံး တွေ့ရတာကတော့ စာမူတွေအားလုံးဟာ အချက်အလက်တွေ လွဲတတ်ကြတာပါ။ ဥပမာ- ခုနှစ်သက္ကရာဇ်တွေမှားတာ၊

# အခန်း(၇)

ဒေတာတွေက ခေတ်မမှီတော့တာ၊ စာလုံးပေါင်း မှားတာတွေပေါ့။ နောက်ပြီး လူတိုင်းသိနေတဲ့ ထုတ်ပြန်ကြေညာချက် တစ်ရပ်ကနေ ယူထားတဲ့အချက်အလက်ဖြစ်ပေမယ့်လည်း သတင်းထောက်က သတင်းထဲ ချရေးတော့ မှားသွားတာမျိုးပေါ့။ နောက်ပြီး စိတ်ထဲက မှတ်မိသလိုထင်နေတာတွေကို လက်တန်းချရေးတဲ့အခါမှာလည်း မှားကြတယ်။ "အဲဒါကို မစစ်နဲ့တော့၊ မှန်နေပြီ" လို့ စာရေးသူက ဘယ်လိုပဲပြောပြော ထပ်စစ်လိုက်ရင် အမှား တွေ့တာပါပဲ။"

သတင်းသမားများမှာ အမှားလုပ်တတ်ကြပါသည်။ လူတိုင်းမှားတတ်သည်။ တစ်ခါတစ်ရံတွင် သင်၏ ရေးပုံက မှားပြီး တစ်ခါတစ်ရံတွင် ရေးထားသော အကြောင်းအရာကမှားသည်။ မည်သို့ပင်ဖြစ်စေ၊ မှားလျှင် ပြဿနာ တက်နိုင်သည်။ လူတော်တော်များများကမူ အမှားများကို ပြန်ပြင်တတ်ကြသည်။ အပျော်တမ်း သတင်းထောက်များ ကမူ မိမိအမှားများကို မည်သူမျှ မတွေ့နိုင်ဟု ထင်ကြသည်။ ကံမကောင်းသည်မှာ တစ်ယောက်ယောက်က အမြဲတွေ့တတ်ခြင်းပင်။ ထိုတစ်ယောက်မှာလည်း မိမိကိုမကြည်ဖြူသူ ဖြစ်နေတတ်သည်။ မိမိအမှားကို လက်မခံလိုလျှင်၊ မပြင်လိုလျှင် သတင်းထောက်တစ်ဦးအနေဖြင့် လုပ်သင့်သည်မှာ စိတ်ခါတ်ကို ပြင်လျှင်ပြင်၊ မပြင်လျှင် အလုပ်ပြောင်းရုံသာဖြစ်သည်။

တစ်ခါတစ်ရံတွင် မိမိလုပ်နေရသောအလုပ်ထဲတွင် စာမူ အရည်အသွေးကို စစ်ပေးနိုင်သူတစ်ယောက်မျှ ထားခဲ့ဖူးခြင်းလည်း ဖြစ်တတ်ပါသည်။ မည်သူကမျှ သင်ရေးပြီးသား ဇာတ်လမ်းကို မစစ်ခဲ့ပေးဖူးခြင်းလည်း ဖြစ်နိုင်ပါသည်။ မစစ်ခဲ့ဖူးလျှင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါသည်။

- အနည်းဆုံး စာမူစစ်ရန် လူနှစ်ဦးလိုသည်။ စာရေးသူနှင့် စာစစ်ပေးမည့် အခြားတစ်ယောက်ဖြစ်သည်။ နှစ်ယောက်လုံး၏ လက်ထဲတွင် စာမူ မိတ္တူတစ်ခုစီ ကိုင်ထားရမည်။

- စာတစ်ပိုဒ်လုံးကို ဖတ်ပြီး ဆိုလိုရင်းကို နားလည်အောင်ပြန်ဖတ်ပါ။။ ဘက်လိုက်သည့်အမြင်မျိုး ဖြစ်နေသည်လား (သို့မဟုတ်) မျှတသောအမြင်ဟု ဆိုနိုင်ပြီလားစစ်ဆေးပါ။ တစ်ခုခုလိုနေသေးသည်ဟု ခံစားရသလား။ ဘယ်သူလဲ။ ဘာဖြစ်သွားတာလဲဟူသော ဘခြောက်လုံးဆိုင်ရာ မေးခွန်းများကို ဖြေရာတွင် မိမိတို့ရေးထားသည်နှင့် ကွဲပြားနေသော အခြားအဖြေများရှိနေသလား စစ်ဆေးပါ။

- ထို့နောက် ဇာတ်လမ်းတစ်ခုလုံးတွင် သုံးထားသည့်အချက်အလက်တစ်ခုချင်းစီကို စစ်ပါ။ ဝါကျ တစ်ကြောင်းချင်းစီကို စစ်ပါ။ စာစစ်သူ အယ်ဒီတာ၊ လုပ်ဖော်ကိုင်ဖက်၊ ရှေ့နေ၊ နားလည်တတ်ကျွမ်းသူ မိတ်ဆွေတစ်ဦးဦး အစရှိသူများက စာရေးသူအား ဒီအချက်ကို ခင်ဗျား ဘယ်လိုသိခဲ့တာလဲ ဟူသော မေးခွန်းမျိုး မေးပါ။

- စာရေးသူက အကိုးအကား သတင်းရင်းမြစ်အထောက်အထားတစ်ခုကို ဖော်ပြထားသည်ဆိုပါစို့။ ထိုအထောက် အထားမှာ စာရွက်စာတမ်းတစ်ခုဖြစ်နေခဲ့လျှင် ထိုစာရွက်ပါ အချက်များကို အတိအကျ ကိုးကားထားခြင်းဟုတ်မဟုတ် စစ်ဆေးကြရမည်။ အကယ်၍ ကိုးကားထားသည်မှာ အင်တာဗျူးတစ်ခုဖြစ်လျှင်လည်း အင်တာဗျူးမှတ်စုများကို ပြန်ကြည့်ကာ စစ်ကြရမည်။ သို့မဟုတ် အသံသွင်းထားသောဖိုင်ကို ပြန်နားထောင်ရမည်။

- အကယ်၍ သတင်းရင်းမြစ်ကိုဖော်ပြရန် အကိုးအကားလုံးဝရှာမတွေ့သေးလျှင် စာရေးသူက ထပ်ရှာပါ။ လုံးဝ မတွေ့တော့လျှင် ထိုစာပိုဒ်ကို ဖြုတ်ချခဲ့ရန်ဖြစ်သည်။

- သတင်းထဲမှ ပစ်မှတ်၏ ရည်ရွယ်ချက်များ၊ ကြံစည်မှုများ၊ အတွေးများကို စာရေးသူအနေဖြင့် အဓိပ္ပါယ် ကောက်လွဲနေခြင်း ရှိမရှိ ၊ စာမူအရည်အသွေး စစ်ဆေးသူက စိစစ်ကြရသည်။ ယေဘုယျအားဖြင့် အဓိပ္ပါယ်ကောက် လွဲနေသည်ဟုထင်လျှင် ဖြုတ်ခဲ့ရန်ဖြစ်သည်။ သို့သော် ထိုသဘောထားမျိုးကို မှန်ကန်ကြောင်း အထောက်

# အခန်း(၇)

အထားပြနိုင်သည့်စာရွက်စာတမ်းများရှိခဲ့လျှင်မူ စာမူကို လွှတ်ပေးနိုင်သည်။ ဥပမာ - ပစ်မှတ် တစ်ဦး၏ ဒိုင်ယာရီများ သို့မဟုတ် ပေးစာများတွင် ထိုကဲ့သို့ အကြံအစည်များ၊ အတွေးများကို ဖေါ်ပြထားလျှင်မူ ခွင့်ပြုပေးနိုင်သည်။

- အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း လုပ်ဆောင်ပုံအဆင့်ဆင့်မှာ မရှုပ်ထွေးလှပါ။ အတန်ငယ် ငြီးငွေ့စရာဟု ထင်ကောင်းထင်နိုင်သော်လည်း စစ်ဆေးသည့်ကိစ္စပြီးမြောက်အောင် ဆောင်ရွက်နိုင်သည်နှင့်အမျှ သတင်းမှာ အမှားမပါသောသတင်းဖြစ်ကြောင်း ပိုသေချာလာသည်။။ ဤသတင်းကြောင့် ထွက်ပေါ်လာမည့် အကျိုးဆက် များကိုလည်း ပို၍မြင်သာလာသည်။ ယခုစစ်ဆေးသည့်အဆင့်တွင် အပင်ပန်းခံလိုက်ရသော်လည်း ငြီးငွေ့စရာဟု မမြင်သင့်။ မိမိပြောသောစကားကို မိမိသေချာအောင် မသိရကောင်းလောဟူသော စွဲချက်ဖြင့် သက်ဆိုင်သူတို့က တရားစွဲလာလျှင်သော်လည်းကောင်း၊ ဖြေရှင်းရလျှင်သော်လည်းကောင်း ရင်ဆိုင်ရသည့် ဒုက္ခထက် များစွာ စိတ်သက်သာဖွယ်ဖြစ်ပါသည်။

## ကျင့်ဝတ်လိုက်နာမှုကို စိစစ်ခြင်း

### ဂျာနယ်လစ်အနေဖြင့် စာမျက်နှာပေါ်မှရန်စခွင့်ရှိသည်ကို အခွင့်အရေးမယူရန်

ရေးထားသော စာမူတွင် ရန်စွယ်ငေါငေါအရေးအသားများ၊ မောက်မာမှုများကို ဖြုတ်ပစ်ရမည်ကို သတင်းထောက်များ နားလည်ကြပါသည်။ ထိုအပြောအဆို အရေးအသားများသည် သင့်ကို တရားရုံးသို့ပို့ရန် တစ်ဖက်လူကို ဆွပေးသည့်အရေးအသားမျိုး ဖြစ်သွားနိုင်သည်။ (သို့မဟုတ်) သတင်းရင်းမြစ်မှာ စိတ်ဆိုးအရှက်ရကာ ကိုယ်ထိလက်ရောက် အကြမ်းဖက်တိုက်ခိုက်ခြင်းမျိုး လုပ်လာနိုင်သည်။

ဂျာနယ်လစ်များက ပစ်မှတ်များကို လှောင်ပြောင် ထေ့ငေါ့တတ်ကြသည်မှာမဆန်းပါ။။ သို့သော် ထိုအမူအယာများကို ဖော်ပြချင်လျှင် အတွေးအမြင်နှင့်အယ်ဒီတာအာဘော်ကဏ္ဍတွင် ဖေါ်ပြပါ။ အယ်ဒီတာ့ အာဘော်သည် အယ်ဒီတာ့အာဘော်သာဖြစ်ပြီး အထင်တစ်ခုထက်မပိုပေ။ သို့သော် စုံစမ်းထောက်လှမ်းသည့် သတင်း တစ်ရပ်တွင်မူ အထင်များပါဝင်၍မရပေ။ အထင်များထည့်လျှင် အာလုံး ဒုက္ခရောက်သွားနိုင်သည်။

သတင်းထောက်များသည် မိမိတို့၏ ကလောင်အား တလွဲမသုံးရန် လွန်စွာအရေးကြီးသည်။ မိမိစုံစမ်း ထောက်လှမ်းခြင်း၏ရလဒ်အဖြစ် တစ်စုံတစ်ဦးသည် မလွဲမသွေအရေးယူခံရတော့မည်မှာ သေချာနေလျှင် ထိုသတင်းတွင် သတင်းထောက်က စော်ကားမော်ကားလေသံကို အပိုဆုအဖြစ် ထပ်ထည့်ရန် မလိုအပ်တော့ပေ။

သတင်းထောက်များသည် ပင်ပန်းနေသောအခါတွင်လည်းကော်း၊ ကြောက်လန့်နေသောအခါတွင်လည်း ကောင်း၊ ပို၍ အထိအခိုက်များအောင်လုပ်တတ်သည်ကို တွေ့ရှိခဲ့ဖူးပါသည်။ အားကုန်လောက်အောင် ပင်ပန်းနွမ်းနယ်နေသည့်အခါတွင် ရန်လိုလာသည်။ ရန်လိုသောအမူအယာများမှာ စိတ်ဖိစီးမှု များခြင်းကိုပြသည်။ မောက်မာ ခက်ထန်လာခြင်းမှာ အပြင်တွင်လည်းကောင်း၊ စိတ်ထဲတွင်လည်းကောင်း ဖြစ်လာနိုင်သည်။ မိမိတွင်လည်း ဖြစ်ပေါ်လာနိုင်သလို သတင်းရင်းမြစ်တွင်လည်း ထိုလက္ခဏာမျိုး တွေ့နိုင်သည်။ ထိုခံစားချက်မျိုး သင့်ထံတွင် ဖြစ်မလာနိုင်ဟု မတွေးပါနှင့်။ ဖြစ်နိုင်ပါသည်။ ဖြစ်လည်း ဖြစ်ပါလိမ့်ဦးမည်။ အန္တရာယ်ကို ကြိုမြင်ပါ။ ထိုခံစားချက်များ ပေါ်နေချိန်တွင် မိမိရေးလိုက်သော စာသည် သတိလက်လွတ်မဟုတ်ဘဲ ရေးလိုက်သော စာများဖြစ်ရန်လိုသည်။

## အခန်း(၇)

### ပစ်မှတ်အားတုံ့ပြန်ဖြေရှင်းရန် အခွင့်အရေးပေးပါ။

ပစ်မှတ်တစ်ဦးကို မည်သို့မျှပြန်လည်ဖြေရှင်းခွင့်မပေးပဲ မိမိတို့ တွေ့ရှိမှုအပေါ်အခြေခံကာ ၄င်းအား တိုက်ခိုက်ရန် လုံးဝလုံးဝ မစဉ်းစားပါနှင့်။ သူတို့အား ဖြေရှင်းခွင့်ပေးလိုက်သောအခါတွင် ယုတ္တိမရှိသော အဖြေတစ်ခု ပြန်ပေးကောင်းပေးပါလိမ့်မည်။ မည်သို့ပင် ဖြစ်စေ၊ ထိုအဖြေကိုပင် ကိုးကားပါ။ မိမိတို့ပြောသော အချက်များ အားလုံးကို မှတ်ချက်မပေးလိုကြောင်း ပစ်မှတ်က ပြန်ငြင်းကောင်းငြင်းနိုင်သည်။ ထိုသို့ အကြောင်းမပြန်ရန် ရွေးချယ်ခဲ့ကြောင်းကိုလည်း ပရိသတ်အားသတင်းထောက်က ရှင်းပြနိုင်သည်။ သို့သော် ပြန်မဖြေသည့်အတွက်ကြောင့် သတင်းရင်းမြစ်ထံတွင်အပြစ်ရှိလေဟန် လေသံဖြင့် မတင်ပြရ။ လူတိုင်းသည် ဂျာနယ်လစ်ကို စကားပြန်ပြောလိမ့်မည် မဟုတ်။ ပြန်မဖြေတိုင်း အပြစ်ကျူးလွန်ထား၍ စိတ်မလုံခြုံသူဟု မစွပ်စွဲအပ်။ တစ်ချိန်တည်းတွင် ဂျာနယ်လစ်နှင့် စကားပြောရန် ချည်းကပ်လာသူတိုင်းသည်လည်း အရင်းခံရိုးသားသူဟု မဆိုနိုင်ပါ။

ရန်လိုသော သတင်းပစ်မှတ်များနှင့် အဆက်အသွယ်လုပ်ရာတွင် စုံစမ်းထောက်လှမ်းခြင်း၏အစောပိုင်းတွင် ဆောင်ရွက်ရန် တိုက်တွန်းလိုပါသည်။ ထိုသို့ ဆက်သွယ်စုံစမ်းသောကြောင့် သင့်အား အန္တရာယ်ပေးနိုင်သည့် အခြေအနေမှလွဲ၍ ဖြစ်နိုင်လျှင် ပစ်မှတ်ကို စောစောဆက်သွယ်ပါ။ ထိုသို့တိုက်တွန်းရသည်မှာလည်း အကြောင်းရှိ၍ ဖြစ်သည်။ တစ်ခါတစ်ရံတွင်မိမိပစ်မှတ်က ပြောလိုက်သော စကားတစ်ခွန်းကြောင့် ဇာတ်လမ်းနှင့် ပတ်သက်ပြီး မိမိထင်ထားသမျှ တလွဲစီဖြစ်နေခြင်မျိုး တွေ့ရှိသွားတတ်သောကြောင့် ဖြစ်သည်။ မေးလိုက်မှ တလွဲများဖြစ်နေကြောင်း သိသွားသောအခါ အတော်နောက်ကျနေပြီ။ ထိုကိစ္စကို စုံစမ်းရန် လပေါင်းများစွာအင်အားစိုက်ခဲ့ရလျှင် အချိန်ကုန်ရသည်မှာ နှမြောစရာဖြစ်သည်။

### သင်၏ သတင်းရင်းမြစ်ကို လေးစားကြောင်းပြရန် နည်းများ

ဆွီဒင်မှ SVT ရုပ်သံတွင် စုံစမ်းထောက်လှမ်းရေးသတင်းဌာန၏ အကြီးအကဲ Nils Hanson က သူ၏သတင်းထောက်များကို အောက်ပါအချက်များ လိုက်နာစေသည်။ သတင်းရင်းမြစ်များကို ဝေဖန်ရာတွင် နည်းလမ်း ကျမကျ ပြန်လည်စိစစ်ရန်ဖြစ်သည်။

ပထမဦးဆုံး - သတင်းကို ပြန်စစ်ပါ။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်း ကုမ္ပဏီတစ်ခုကို ဝေဖန်ခဲ့ခြင်းပါရှိလျှင် မှတ်သားပါ။ အဝေဖန်ခံရသောသူထံ မိမိတို့ ဝေဖန်ထားသော အချက်များကို အကြောင်းကြားခဲ့ပြီးပြီလား စစ်ဆေးရန်၊ အကြောင်းမကြားရသေးလျှင် အကြောင်းကြားရန်။ အကြောင်း မကြားလိုလျှင် အဘယ့်ကြောင့်နည်း။ ခိုင်လုံသော ရှင်းလင်းချက်မရှိ၍မရ။ ဥပမာ ထိုသို့အကြောင်းကြားခဲ့လျှင် မိမိမှာ အဖမ်းခံရနိုင်သည်၊ သို့မဟုတ် အသတ်ခံရနိုင်သည် အစရှိသည့် အကြောင်းပြချက်များကြောင့်ဖြစ်လျှင် လက်ခံသည်။

- အဝေဖန်ခံထားရသူက မိမိအား ဝေဖန်ထားသောအချက်များအားလုံးကိုပြန်လည်ဖြေရှင်းချက်ထုတ်ခဲ့သလား။ မဖြေရှင်းခဲ့လျှင် တစ်စုံတစ်ခုမှာ မှားယွင်းနေပြီ။ ထိုမှားယွင်းမှု အထောက်အထားကို စောစောကပင် ရှာတွေ့ပြီး ဖြစ်ရမည်။

## အခန်း(၇)

- ထိုသတင်းရင်းမြစ်ထံမှာ အဖြေ သို့မဟုတ် တုံ့ပြန်ချက်ကို ရရှိရန် သတင်းထောက်က အားထုတ်ခဲ့သည့် အထောက်အထားရှိပါသလား။ မိမိသတင်းစုံစမ်းနေစဉ်အတွင်း ရနိုင်သည်များကို စုဆောင်းထားပါ။

- အဝေဖန်ခံထားရသူကို ပြန်လည်တုံ့ပြန်ရန်လုံလောက်သည့်အချိန် ပေးထားပါသလား။ မိမိမေးခွန်းက ရှုပ်ထွေးလျှင် စဉ်းစားရန် အချိန်များများပေးရန်လိုပါသည်။

ဝေဖန်ချက်များအား တစ်ဖက်မှ ပြန်လည်တုံ့ပြန်နေသူမှာ အမှန်တကယ် သတ်ဆိုင်သူဟုတ်ပါရဲ့လား။ သတင်းထောက်များသို့ ပြန်လည်ဖြေရှင်းချက်ထုတ်ရန် တာဝန်ပေးခံရသူတို့မှာ မေးထားသော မေးခွန်းနှင့်ပတ်သက်၍ ဘာမှမသိထားသော အတွင်းရေးမှူးများ၊ လက်အောက်ခံ ရာထူးများမှ ပုဂ္ဂိုလ်များသာ ဖြစ်နေတတ်သည်ကို တွေ့လျှင် သင်အုံ့သြကောင်း အံ့သြပါလိမ့်မည် ။

- ဝေဖန်ခံထားရသူတို့က ပြန်ချေပရာတွင် ၄င်းတို့၏ အကောင်းဆုံးရှင်းပြချက်များကို စာဖတ်သူထံ ချပြခွင့်ရခဲ့သလား။ မရခဲ့လျှင် ထိုသူ၏ အခွင့်အရေးမှာ ဆုံးရှုံးသွားတော့မည် ဖြစ်ကြောင်း သတိပြုရမည်။ မိမိဘက်က အရေးကြီးသည့် အကြောင်းအရာတစ်ခု ထည့်ရေးဖို့ ပျက်ကွက်သွားလျှင် မိမိအတွက် မကောင်းသလို သူ့ဘက်ကို အပြည့်အဝ ပရိသတ်ထံ ချပြခွင့်မရခြင်းသည်လည်း မတရားပါ။

- သတင်းရင်းမြစ်များနှင့်အင်တာဗျူးပြီးနောက် သူတို့ပြောခဲ့သည့် စကားများကို မည်သို့ သတင်းထဲ၌မည်သို့ ထည့်သွင်းအသုံးပြုမည်ကို ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ ကြိုတင်ကြည့်ခွင့်ရလိုပါသည်ဟု တောင်းဆိုလာသူများကို ကြုံဖူးပါလား။ သတင်းရင်းမြစ်တွင် မိမိပြောသော စကားအား မည်သို့သုံးမည်လဲဟူသော မေးခွန်းကို သတင်းထောက်အား မေးပိုင်ခွင့်နှင့် သူပြောထားသည့်အတိုင်း တိတိကျကျကိုးကားထားခြင်း ရှိမရှိ ပြန်လည်ကြည့်ရှုခွင့်ရှိပါသည်။ (သို့သော် မည်သည့်အချက်အလက်ကိုမျှ ဖယ်ထုတ်ခွင့် မရှိပါ) သတင်းတစ်ပုဒ်လုံးကို ကြည့်ခွင့်ပေးပါဟု တောင်းဆိုရန်လည်း အခွင့်အရေးမရှိပါ။ သတင်းတစ်ပုဒ်မှာ သတင်းရင်းမြစ်တစ်ဦးတည်းကိုသာ အခြေခံပြီး ရေးထားသော ဇာတ်လမ်းမျိုး ဖြစ်နေသည့် ကိစ္စမျိုးတွင် သတင်းကို တစ်ပုဒ်လုံးပြန်ကြည့်နိုင်ရန် ခြွင်းချက်အားဖြင့် ခွင့်ပြုသည်မှအပ မည်သူ့ကိုမျှ သတင်းတစ်ပုဒ်လုံး ကြည့်ခွင့်မပေးရပါ။ အခြားအခြေအနေ တစ်ခုမှာ နည်းပညာပိုင်းအရ ရှုပ်ထွေးသည်ဖြစ်ရာ ပညာရှင်အနေနှင့် ၄င်းကိုယ်တိုင်က ဝင်မစစ်ပေးလျှင် မှားသွားနိုင်သည်ဟု စိုးရိမ်နေရသော အခြေအနေမျိုးတွင်ဖြစ်သည်။ (သိပ္ပံပညာနှင့် ဆိုင်သော သတင်းများတွင်လည်း ဤသို့ကြည့်ခွင့် ပေးရလေ့ရှိပါသည်)။

### အန္တရာယ်ပေးနိုင်သော သတင်းရင်းမြစ်များနှင့် ဆက်ဆံလျှင်

အရှေ့ဥရောပတွင် ရာဇဝတ်မှု ကျူးလွန်လေ့ရှိသော လူဆိုးဂိုဏ်းများနှင့်ပတ်သက်ပြီး ထောက်လှမ်းရာတွင် ထူးချွန်လှသော Drew Sullivan ကမူ ထိုသို့ အန္တရာယ်ပြုနိုင်သော သတင်းရင်းမြစ်များနှင့် ဆက်ဆံရာတွင် ဆောင်ရွက်ရမည့် အချက်များကို အကြံပြုထားသည်။ လူဆိုးဂိုဏ်းများနှင့်မဟုတ်သည့်တိုင်အောင် ထိုသို့ အန္တရာယ်ပြုနိုင်သူများနှင့် ဆက်ဆံရေးတွင်လည်း ထိုနည်းများက အကျိုးဝင်ပါလိမ့်မည်။

- တယ်လီဖုန်းတွင်သာ စကားပြောခြင်း၊ သို့မဟုတ် လူချင်းတွေ့ဆုံရန် ချိန်းဆိုရာတွင် အများသူငါ မြင်တွေ့နိုင်သော နေရာများတွင်သာ ချိန်းခြင်း

- ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်၍ မည်သည့်အချက်ကိုမျှမပေးခြင်း(ဥပမာ- မိမိချစ်သူ၏ အမည်နှင့် အလုပ်အကိုင်၊ မိမိမွေးရပ်မြေအစရှိသည်ဖြင့်)

**အခန်း(၇)**

- တည်တည်တံ့တံ့သာဆက်ဆံခြင်း - ရင်းနှီးလိုခြင်း၊ ချစ်စနိုးပြုမူခြင်း၊ ရယ်ရွှင်ဖွယ်ပြုခြင်း၊ အီစီကလီလုပ်ခြင်း အစရှိသည့်အမူအယာများပါသောမာယာများထဲ တိုးမဝင်သွားရန်ဖြစ်သည်။ တစ်ချိန်တည်းတွင် ကြောက်စိတ်ကို ထုတ်မပြရပါ။

- သတင်းထွက်ပေါ်လာချိန်တွင် ၎င်းတို့အနေဖြင့်မှတ်ချက်ပေးလိုလျှင် ဆက်သွယ်နိုင်ရန် လိပ်စာတစ်ခုကို ပေးခဲ့နိုင်သည်။ (သို့သော် မည်သည့်အခါမှ မိမိနေထိုင်ရာလိပ်စာကို မပေးရ)

- မိမိတစ်ဦးတည်း တွေ့ဆုံကြားသိခြင်းမျိုး မဖြစ်ရပါ။ ထိုသူတို့နှင့် တွေ့ဆုံသောအခါ မိမိဘက်က သတင်းထောက် အဖော်တစ်ဦးပါပါစေ။ ဒုက္ခရောက်တော့မည့်အခြေအနေရှိသောအခါမျိုးတွင် ဆက်သွယ်ရန် တယ်လီဖုန်းနံပတ်များ အသင့်ပါပါစေ။

အထက်ပါအချက်များအားလုံး ပြည့်စုံပြီဆိုလျှင် အရေးအကြီးဆုံးမှာ သင်၏ကြောက်စိတ်ကို ထုတ်မပြရန် ဖြစ်သည်ဟု ကျွန်တော်တို့ယူဆသည်။ ကြောက်ရွံ့ခြင်းကြောင့် တစ်ဖက်လူက သင်လုပ်နေသော အလုပ်အကြောင်းကို သင်ကိုယ်တိုင်က အယုံအကြည်မရှိဟုထင်သွားနိုင်ပြီး သင့်ကိုယ်သင်လည်း ယုံကြည်မှု အားနည်းသည်ဟု ထင်တတ်သည်။ တစ်ချိန်တည်းတွင် သင်သည် အန္တရာယ်ပေးနိုင်သည်ဟု ယူဆသွားတတ်သည်။ အဘယ့်ကြောင့် ဆိုသော် ကြောက်ရွံ့နေရသော တိရစ္ဆာန်ဖြစ်စေ လူဖြစ်စေ မှန်းဆရခက်ခဲသောကြောင့် ဖြစ်သည်။ ထိုသို့ ကြောက်လန့်နေသူများမှာ အဆင်ခြင်မဲ့ တိုက်ခိုက်တတ်သူများဟု အထင်ခံရနိုင်သည်။

အန္တရာယ်ကောင်များကြားထဲ ရောက်နေသောအခြေအနေတွင် ကြောက်လန့်တတ်ခြင်းမှာ သဘာဝ ကျပါသည်။ နောက်တစ်ခေါက် ထပ်ပြောပြပါဦးမည်။ ထိုအခြေအနေမျိုးကို ကိုင်တွယ်ရန်မှာ စိတ်ထဲပေါ်လာသော ခံစားချက်ကို ဖြစ်ရပ်တစ်ခုအဖြစ် ချရေးလိုက်ပြီး ခွဲခြမ်း စိတ်ဖြာ သုံးသပ်ကြည့်ရန် ဖြစ်သည်။ မိမိ၏ စိတ်ခံစားချက်ကို အလုပ်နှင့် ပတ်သက်နေသောဘောင်တစ်ခုထဲသို့ ပစ်ထည့်လိုက်ခြင်းက မိမိက သောကအတန် လှမ်းသောနေရာမှကြည့်ပြီး အပြင်လူကဲ့သို့ ဆင်ခြင်သွားနိုင်တော့သည်။

## ပွင့်လင်းမြင်သာသော ချည်းကပ်ပုံ

ဤနည်းမှာ Sullivan ၏နည်းနှင့်ဆင်တူသော်လည်း ပို၍ ပွင့်လင်းမြင်သာပြီး မိမိဘက်က စတင်လှုပ်ရှားခြင်းကို ဦးစားပေးဆောင်ရွက်သည်။ ပူလစ်ဇာဆုရထားသော Denorah Nelsm က အကြံပြုထားသောနည်းဖြစ်သည်။ သူမ၏ စုံစမ်းထောက်လှမ်းမှုတိုင်းတွင် အသစ်ပါဝင်လာသောသူတိုင်းအား သူမ၏လက်ရှိ ဆောင်ရွက်နေသည့်အရာ များကို ရှင်းပြပြီး သူမတွေ့ရှိထားမှုများကိုလည်းဝေမျှသည်။ ထို့ပြင် ထိုတွေ့ရှိချက်များအပေါ်တွင်လည်း တစ်ဖက်လူ၏ ထင်မြင်ချက်ကိုတောင်းသည်။ သူမက ထိုနည်းလမ်းက ရဲတစ်ဦး၏ ဇာတ်လမ်းကို စုံစမ်းရာတွင် သုံးခဲ့သည်။ ထိုရဲမှာ သူ့လုပ်သက်တစ်လျှောက်လုံး သူတစ်ပါးကို ဒုက္ခပေးခဲ့သူဖြစ်သည်။အဆင့်တိုင်းတွင် သူ့ထံမှ မှတ်ချက်ကို တောင်းယူခဲ့ရာ ဇာတ်လမ်းကို ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ ပြသည့်အချိန်တွင် ထိုရဲအရာရှိဟောင်းက တော်တော်ကောင်းပါတယ်။ ငါခံစားရတာလဲ ဒီအတိုင်းပဲ ဟု ပြောခဲ့သည်ဟုဆို၏။ ဤစာအုပ်ကို ဖတ်ရှုသူအချို့ကမူ ဤမျှလောက်ပွင့်လင်းရန် မဖြစ်နိုင်ဟု ဆိုကြသည်။ အရိုးခံအတိုင်း ပြောပြခြင်းသည် သူတို့၏ နိုင်ငံများမှ အာဏာပိုင်များ၊ ဩဇာကြီးသူ သတင်းပစ်မှတ်များအတွက် မဖြစ်နိုင်၊ ရာဇဝင် လူဆိုးများနှင့်ဆိုလျှင် ပို၍ပင် ဖြစ်နိုင်စရာမရှိဟု ဆိုကြသည်။ “သတင်းကို မဖေါ်ပြခင်မှာ သူတို့ကိုဖုန်းဆက်ပြီး အတည်ပြုခိုင်းဖို့ ဆိုတာ ဘယ်လို ဖြစ်နိုင်ပါ့မလဲ ။ အဲဒီသတင်းရင်းမြစ်တွေက သတင်းမှာ ရေးထားသလောက်ကို မဟုတ်ဘူးလို့ ပြောမှာပဲ။ အဲလိုမှ မဟုတ်ရင် သတင်းကို မထုတ်ခင်မှာ သတင်းထောက်ကို ဖိနှိပ်ဖို့ သူတို့ ကြိုးစားမှာပဲ။”

# အခန်း(၇)

သတင်းထောက်တို့မည်သည် မိမိတို့ နိုင်ငံ အခြေအနေကိုမိမိတို့ အသိဆုံးဖြစ်သည်။ ကျွန်တော်တို့က သင်တို့ထက်ပို- မသိနိုင်။

သို့ရာတွင် ကျွန်တော်တို့၏ အတွေ့အကြုံအရ ထိုကဲ့သို့သော အခြေအနေများတွင် ဂျာနယ်လစ်၏ ဩဇာမှာပင် သင်တို့သတိထားမိသည်ထက်ပို၍မြင့်မားပါသည်။ အထူးသဖြင့် သတင်းထောက်၏အမူအရာမှာ မိမိတွင် လုပ်ပိုင်ခွင့်ရှိသူအဖြစ်ထင်ရှားပြီး ပွင့်လင်းမြင်သာမှုနှင့်လည်း အလုပ်လုပ်နိုင်သူ၊ အင်အားရှိသူဟု တစ်ဖက်လူက သိသွားလျှင် တစ်ဖက်လူ၏ ယုံကြည်လိုက်လျောမှုကိုရတတ်သည်။ ထိုသို့ မိမိကိုယ်ကို ရဲဆေးတင်ထားသော အခါတွင် ကြောက်ရွံ့မှုများလည်း နည်းပါးပြီး အခြားသူကလည်း သင်ကြောက်စိတ်မရှိကြောင်း သိပါလိမ့်မည်။

မည်သည့်နည်းလမ်းပင် ရွေးချယ်သည်ဖြစ်စေ၊ မိမိရွေးချယ်သည့်လမ်းမှာ မှန်ကန်ကြောင်း ယုံကြည်ဖို့လိုပါသည်။ တစ်ဖက်က သတင်းရင်းမြစ်သည် သတင်းထောက်က မိမိကိုယ်ကို ယုံကြည်မှု ရှိလျှင်သော်လည်းကောင်း၊ မရှိရင်သော်လည်းကောင်း သတိထားမိသွားပါလိမ့်မည် ။

## မာစတာဖိုင်ကို စာမူအရည်အသွေး စစ်ဆေးရာတွင် အသုံးပြုခြင်း

အခန်း (၅)တွင် မာစတာဖိုင်ကို မည်သို့ ပြင်ဆင်သင့်ကြောင်း ကျွန်တော်တို့ ဆွေးနွေးခဲ့ကြသည်။ သတင်းထောက်သည် မာစတာဖိုင် (သို့မဟုတ်) မိမိစုံစမ်းသော အကြောင်းအရာနှင့်ပတ်သက်သော အချက်အလက်များကို ဘက်စုံ ထောင့်စုံမှ မှတ်သားနိုင်မည့် ဖိုင်တစ်စုံကိုထားရှိရန် အကြံပြုခဲ့ကြသည်။ ထိုဖိုင်များကြောင့် ယခုအချိန်တွင် သင်သည် ရှေ့နေများနှင့် စာမူစစ်ဆေးသူများ၏နှစ်သက်ခြင်းကို ခံရပေတော့မည်။

မာစတာဖိုင်ထဲတွင် အချက်အလက်များကို ဆိုင်ရာတွဲစပ်ပြီး ပြည့်စုံစွာမှတ်သားထားခဲ့လျှင် မိမိသုံးထားသော အချက်အလက်များအား မည်သည့်နေရာများမှရခဲ့သည်ကိုလည်း သိထားပြီးဖြစ်နေမည်။ မိမိရေးထားသော ဇာတ်လမ်းထဲ၌ ကိုးကားထားသော သတင်းရင်းမြစ်တိုင်းကို ထည့်သွင်းဖော်ပြရန်မလိုပေ။ သို့သော် အကဲဆတ်သော မှုခင်းများကို ရေးသားရာတွင်မူ ထိုအကိုးအကား စာရွက်စာတမ်းများကို တပါတည်း ထည့်သွင်းပေးလိုက်ခြင်းက စစ်ဆေးရသူအတွက် ပို၍ အထောက်အကူဖြစ်သည်။ မိမိထည့်သုံးထားသော စာရွက်စာတမ်း အထောက်အထား တိုင်းကို မိတ္တူ အသစ်ကူးထားပြီး ရှာရလွယ်ကူသည့်နေရာတွင် စုသိမ်းထားရမည်။ စာမူစစ်ဆေးသူအတွက်မူ ထိုအထောက်အထားများမှာ မရှိမဖြစ် ပစ္စည်းများဖြစ်သည်။ သတင်းရေးသူအတွက်လည်း ထိုဖိုင်မှာ အလွန် အရေးကြီးလှသည်။ ထိုအကိုးအကားများကို စနစ်တကျ သိမ်းထားသောအခါ လိုအပ်တိုင်း မာစတာဖိုင်ထဲတွင် ခေါက်တုံ့ခေါက်ပြန်ရှာရသည်ထက်ပို၍သက်သာနိုင်ပါသေးသည်။ အဘယ့်ကြောင့်ဆိုသော် အချို့သော ဖိုင်များမှာ သတင်းထဲတွင် ထည့်ပြီး ရည်ညွှန်းထားခြင်းမဟုတ်ဘဲ ကိုးကားထားသောကြောင့်ဖြစ်သည်။

သင့်အနေနှင့် ရယ်ချင်စိတ် ပေါက်လာသော်လည်း မရယ်စေလိုပါ။ ကျွန်တော်တို့ တိုက်တွန်းလိုသည်မှာ ဇာတ်လမ်းထဲတွင် ကိုးကားရည်ညွှန်းထားသမျှကို အောက်ခြေမှတ်စု ဖြင့် အမှတ်စဉ်ထိုးကာ သိမ်းဆည်းထားသော ဖိုင်တစ်ခုရှိခြင်းမှာ ကိုးကားထားသည့် စာရွက်စာတမ်းများကို ပြန်ရှာရာတွင် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ အချိန် အနည်းငယ်ပိုကုန်သည်မှာမှန်သော်လည် နောက်ဆုံးတွင် ဒေတာပြန်ရှာရသောကြောင့် မည်သူမျှ အချိန် ကုန်စရာမလို၊ ဒေါသထွက်စရာမလိုသောနည်းဖြစ်သည်။ အောက်ခြေမှတ်စုထားခြင်းမှာ လက်ဝင်သော်လည်း မိမိက ပစ်မှတ်ဖြစ်သူကို ချေပရန် အချက်အလက်များ ပြင်ဆင်ထားရန် လိုသောအခြေအနေတွင် အချိန်ကုန်မည်ကို မကြောက်သင့်ပေ။။ ထိုနည်းကို သုံးလျှင် မာစတာဖိုင်ပေါ်တွင်ပါသော ကိုးကားစရာများကို footnote ထဲသို့ copy & paste လုပ်၍ ပြောင်းခြင်းမျိုးသာမဟုတ်ပဲ အချိန်နည်းနည်းသာသုံးလျှက် မိမိကိုးကားထားသော စာရွက်စာတမ်းကို ပြန်ကြည့်စေလိုသည်။ မိမိရေးထားသော အချက်နှင့် ထိုမူရင်းစာရွက်စာတမ်းတွင် ဖော်ပြ

ထားချက်များ ဆန့်ကျင်နေခြင်း ရှိမရှိ တိုက်ဆိုင်စစ်ဆေးသင့်သည်။ မိမိတို့အနေဖြင့် ထိုစာရွက်စာတမ်းများကို ကိုးကားရာတွင် စာပိုဒ်များ မှားရေးထားခြင်း၊ အကျဉ်းချုံ့ရေးရာတွင် မမှန်ကန်ခြင်း၊ စာပိုဒ်များကို ထုတ်ယူကိုးကားရာတွင် မမှန်ခြင်းတို့ရှိမရှိ သတိပြုရမည်။ ထိုအမှားမျိုးသည် တစ်ချိန်လုံးတွေ့ရတတ်သည့် အမှားမျိုး ဖြစ်ပြီး တစ်စုံတစ်ဦးက တွေ့ရှိ၍ ထောက်ပြစရာဖြစ်လျှင် ထိုအမှားသေးသေးကလေးများသည် မိမိ နမော်နမဲ့နိုင်ခြင်းကို ပြနေကြမည်ဖြစ်သည်။

အချို့သော လှည့်ကွက်များကြောင့်လည်း စာရွက်စာတမ်းများ စုဆောင်းခြင်းနှင့် အောက်ခြေမှတ်စုထားခြင်းတို့တွင် ကသောင်းကနင်း ဖြစ်တတ်သည်။ အဘယ်ကြောင့်ဆိုသော် အင်တာနက် စာမျက်နှာများသည် မိမိယူသုံးသဖြင့် အောက်ခြေတစ်ခုတွင် မှတ်ထားရန် ဝက်ဘ်ဆိုဒ်လိပ်စာကိုသာ ကူးယူထားလိုက်သောကြောင့် ထိုဝက်ဘ်ဆိုဒ် ပျက်သွားလျှင် မိမိအတွက် အထောက်အထားမရှိတော့ခြင်းပင်ဖြစ်သည်။ထို့ကြောင့် အင်တာနက် ဝက်ဆိုဒ်ကိုမှတ်သားသောအခါ ထိုစာမျက်နှာအလိုက် save ထားရန်ဖြစ်သည်။ မိမိ၏ ဇာတ်လမ်းကို ပုံမနှိပ်မီတွင် မိမိသတင်းထဲတွင် သုံးထားသော URL ကိုသာမက စာမျက်နှာကိုပါ save ထားမှသည် သင့်တွင် အထောက်အထားပြစရာ ရှိမည်။ ဝက်ဘ်ဆိုဒ်များသည် အပြောင်းအလဲများသောကြောင့် မိမိတွင် သိမ်းထားသည့် ဖိုင်မရှိလျှင် ကိုးကားရည်ညွှန်းစရာ မရှိမဖြစ်နိုင်တော့ပါ ။

The International Herald Tribune က ထိုအတွေ့အကြုံမျိုး ရှိခဲ့ဖူးသည်။ ထောက်လှမ်းရေးသတင်းထဲတွင် ဝက်ဘ်ဆိုဒ်တစ်ခုကို ကိုးကားထားရာ ထိုဝက်ဘ်စာမျက်နှများကို ကြိုတင်သိမ်းထား၍သာတော်သည်။ အဘယ့်ကြောင့် ဆိုသော သတင်းကို ပုံနှိပ်ထုတ်ပြန်ပြီးသည်နှင့်တစ်ပြိုင်နက် ထိုစာမျက်နှာကို ဖြုတ်ချသွားသောကြောင့် ဖြစ်သည်။ မိမိ၏ အကိုးအကားအထောက်အထားများကို အဖြစ်ဝက်ဘ်ဆိုဒ်များနှင့် link များကို အင်တာနက်တွင် upload လုပ်ပေးခြင်းအားဖြင့်လည်းကောင်း၊ CD ဖြင့် လည်းကောင်း စာမူစစ်ဆေးသူထံ ပေးပို့နိုင်သည်။

မိမိသုံးစွဲနေသော အီလက်ထရွန်းနစ်မီဒီယာများမှာ လုံခြုံခြင်း ရှိမရှိစစ်ဆေးနေပါ။ ကျွန်တော်တို့၏ မိတ်ဆွေတစ်ဦးသည် နိုင်ငံတကာ ကုမ္ပဏီကြီး တစ်ခုတွင် အလုပ်လုပ်နေစဉ်က သတင်းတစ်ခုကို စုံစမ်းထောက်လှမ်းနေရာ ထိုသတင်းနှင့်ပတ်သက်သော အချက်အလက်များကို ကုမ္ပဏီက ပေးထားသော ဒေတာသိမ်းထားနိုင်သည့် ဝက်ဘ်ဆိုဒ်တွင် သိမ်းထားသည်။ သို့သော် သူက တခြားတစ်နေရာသို့ အလုပ်ပြောင်းသွားသောအခါ ထိုဝက်ဘ်ဆိုဒ်တွင် သူက ဝင်ရောက်သုံးစွဲခွင့်မရှိတော့ပေ။ ထိုအဖြစ်မျိုးမကြုံစေချင်ပါ။

## သတင်းကြောင့်ဖြစ်လာမည့် စိတ်ပိုင်းဆိုင်ရာ ကြိုတင်ခန့်မှန်းနိုင်သော ထိခိုက်မှုများကို ဆန်းစစ်ခြင်း

## သတင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများရှိမရှိ ကြိုတင်မှန်းဆ ဆန်းစစ်ခြင်း

စာမူ၏အရည်အသွေးကို စစ်ဆေးသော အလုပ်သည် ပါဝင်သူတိုင်း အပေါ် အကျိုးသက်ရောက်မှု တစ်ခုခုတော့ ရှိနိုင်မည်။ မည်ကဲ့သို့သော သက်ရောက်မှုမျိုး ဖြစ်သနည်း။ သက်ရောက်မှုများသည် ထင်ထားသည်နှင့် ဆန့်ကျင်ဘက်လည်း ဖြစ်နိုင်ကြသလို သူ့ဘာသာ အလိုလို ပျောက်သွားမည့်အရာမျိုးလည်းမဟုတ်ကြပါ။

ပထမဆုံး မိမိ၏ ဒေတာများကို ဇာတ်လမ်းထဲသို့ ဖွဲ့စည်းထားသိုပြီးသည့် နောက်တစ်ခေါက် ပြန်ဖတ်ကြည့်ချိန်တွင် ထိုအချက်အလက်များကို ကောက်ယူခဲ့စဉ်က ရရှိခဲ့သော စိတ်ခံစားမှုများကို ပြန်လည်ရောက်ရှိလာနိုင်သည်။ မိမိတွင် ဖြစ်ပျက်ခဲ့သော ဒေါသများ၊ ကြောက်ရွံ့စိတ်များ၊ စိတ်ဓါတ်ကျမှုများ၏ ပဲ့တင်သံကို ပြန်လည်ကြားယောင်လာမည်။ ထူးဆန်းစွာပင် မိမိ၏ ပစ်မှတ်အဖြစ် စုံစမ်းထောက်လှမ်းခဲ့ရသူအား သနားစိတ်ဝင်လာနိုင်သည်။ ထို့နောက်တွင်မူ ထူးထူးခြားခြား ကျန်ရစ်ခဲ့နိုင်သည်မှာ ကြောက်စိတ်ဖြစ်သည်။

## အခန်း(၇)

ထိုခံစားချက်ကိုပေါ်လာလျှင် ရေးမှတ်ထားပြီး ပြန်သုံးသပ်ခြင်းက ဉာဏ်ရှိသော လုပ်ရပ်ပင်။ ခံစားချက်ကို ချရေးပြီး နောက်ခံတွန်းအားများကို သုံးသပ်ရန်ကြိုးစားရင်း ထိုခံစားချက်များကို ရှေ့ဆက်သွားရန် ခွန်အား အဖြစ်သို့ပြောင်းရန်ဖြစ်လာမည်။ မိမိ၏ စိတ်ခံစားချက်များကို ပေးသော ပတ်ဝန်းကျင်အခြေအနေအကြောင်းကို မှတ်စုရေးထားသောအခါ မိမိမှတ်မိနေသော ထိုအခိုက်အတန့်မှာ ဇာတ်လမ်းထဲတွင် စာပိုဒ်တစ်ခုအဖြစ် နေရာဝင်ယူ သွားနိုင်သည်။

ဇာတ်လမ်းတစ်ခုလုံးကို စုံစမ်း တင်ပြရန်ကြိုးစားနေသော ဖြစ်စဉ်တစ်လျှောက်တွင် တစ်ချိန်ချိန်၌ မိမိတွင် အထင်မှား၊ အမြင်မှားများ ရှိနေပြီလားဟု ထင်လာနိုင်သော၊ အထင်ရောက်စေနိုင်သော အခြေအနေများ ရှိလာနိုင်သည်။ ထိုစိုးရိမ်မှုများမှာ အကြောင်းကြောင်းကြောင့် ဖြစ်ပေါ်လာသော်လည်း ထိုအကြောင်းရင်းတိုင်းမှာ ခိုင်လုံသည်ဟု မဆိုနိုင်ပါပေ။ မိမိရေးသားထားသည်များထဲတွင် အမှားများပါဝင်နေသည်မှာလည်း ဖြစ်နိုင်ခြေရှိသော ကိစ္စဖြစ်သည်။ ထိုသို့ သံသယ ပေါ်လာသောအခိုက်တွင် မှန်မမှန် ပြန်လည်စစ်ဆေးရန်လည်းလိုပါမည်။။ သို့သော် မိမိမှာ တကယ်ဖြစ်နေသော အမှန်တရားကို ရှာတွေ့ခဲ့သူလည်းဖြစ်နိုင်သည်။ သို့သော် ထိုတွေ့ရှိသောအရာမှာ ခါးသီးလွန်းသောကြောင့် လက်မခံလိုခြင်းလည်း ရှိနိုင်သည် ( ပြင်သစ်အစိုးရ ဌာနများအနေဖြင့် AIDS ရောဂါပိုး ပါဝင်သော သွေးများကို ရောင်းချခဲ့သော အကြောင်းတွေ့ရသောအခါ Anne - Marie Casteret က ငါတော့ ရူးသွားပြီထင်တယ် ဟု တွေးမိခဲ့ဖူးသည်။

နောက်ထပ်ဖြေရှင်းနည်းတစ်ခုကမူ မိမိ၏ ဒေတာများကို နောက်ထပ် အနီးကပ်တစ်ခေါက် ပြန်ကြည့်ပြီး သုံးသပ်ရန်ဖြစ်သည်။ ထိုဒေတာများက ကမ္ဘာကြီးသည် ပျော်စရာမကောင်းတော့ကြောင်း၊ မိမိထင်ထားသည်ထက် များစွာ အကျည်းတန်ကြောင် ပြန်မြန်ရသောအခါတွင် မိမိတွင် ထိုအဖြစ်အပျက်များအား ပြောင်းလဲပစ်နိုင်သည့် အင်အားရှိကြောင်း လက်ခံနိုင်သည်နှင့်အမျှ စိတ်သက်သာရာရလာမည်။ မိမိမှားခဲ့လျှင်လဲ မှားပြီဟု သိလျှင်သိချင်း ဝန်ခံနိုင်သည်။ ထိုသို့ သဘောပေါက်သွားခြင်း မှတစ်ဆင့် နောက်ထပ်အမှားများးကိုလည်းး မြင်လာနိုင်သည်။

မှတ်သားရန်မှာ အမှားများစွာသည် ဇာတ်လမ်းတွင် တွေ့ရသော အဆက်အစပ်မရှိသည့်အချက်မျးကို မိမိဘာသာ စိတ်မှန်းဖြင့် ဆက်စပ်ပစ်လိုက်ခြင်းမှ ဖြစ်လာရသည်။ (Columbo) အဓိက သုံးသွားသောနည်းတွင်မူ သံသယဖြစ်ဖွယ် လူတစ်ဦးကို ဖိတ်ခေါ်ပြီး ထိုအချက်အလက်များကိုချပြပြီး ဆက်စပ်ခိုင်းခြင်းဖြစ်သည်။ မိမိ ထောက်လှမ်းထားသော ဇာတ်လမ်းကို ရေးသားနေချိန်တွင် သင်၏စိတ်ထဲတွင် မိမိဘာသာ လှည့်စားနေခြင်း များစွာဖြစ်လာနိုင်သည်။ သင့်စိတ်ထဲတွင် အောက်ပါအတိုင်း ပြောမိသည့်အခါမျိုး ရှိပါလိမ့်မည်။ "ဘာဖြစ်သွားတယ် ဆိုတာကိုတော့ သေချာမသိဘူး။ ဖြစ်သွားတာက ဒီလိုမျိုးဖြစ်မယ်ထင်တယ်" ဟု ဟနေသောအပေါက်ကို ဖြည့်တွေးလိုက်ခြင်းမျိုးဖြစ်သည်။ အများအားဖြင့် စိတ်ကူးထဲက ဖြည့်တွေးသော အတွေးထက် လက်တွေ့ ဖြစ်သွားခဲ့သောအရာက ပို စိတ်ဝင်စားစရာကောင်းပါသည်။ သင်က လိုနေသောနေရာကို မှန်းပြီး ဖြည့်ပြောထား သည်မှာ မှန်လျှင် စာဖတ်သူကို ထိုအရာမှာ သင်၏ စိတ်မှန်းဖြစ်ကြောင်း သိခွင့်ပေးပါ။ သင်မသိလျှင် မသိသေး ကြောင်းဝန်ခံပါ။ မသိသေးသည်ကို သိသယောင် အထင်ခံရခြင်းဖြစ်တော့မည်မဟုတ်ဘဲ မိမိသိထားပြီးသမျှ အချက်များကြောင့် ရလာသော ဩဇာကို ပို၍ ခိုင်မာအောင် တည်ဆောက်နိုင်မည်။ အဆုံးသတ်တွင် စာရေးသူနှင့် စာမူ စီစစ်သူတို့မှာ တစ်ဖက်ကို တစ်ဖက် စိတ်ဆိုးအောင်လုပ်မိတတ်ကြသည်။ သူတို့နှစ်ဖက်လုံးတွင် ဖိအားများရှိ နေကြပြီး တာဝန်လည်းကြီးကြသည်။ ထိုအခြေအနေတွင် ရောက်နေသူတို့၏ ဆက်ဆံရေးမှာလည်း ပိုကောင်းလာရန် ခဲယဉ်း သည်။ သူတို့နှစ်ဦးအကြားတွင် အဆင်မပြေလျှင် ရလာဒ် မကောင်းနိုင်သဖြင့် ဆက်ဆံရေးကို မပြေလည်ဖြစ်စေသည့် အကြောင်းရင်းများကိုလည်း ကောင်းကောင်းဖြေရှင်းနိုင်သည့် နည်းလမ်းကိုလည်းကောင်း အရေးတယူ ရှာဖွေကြရမည်။

# အခန်း(၇)

စာရေးသူဘက်မှကြည့်လျှင် သူရေးထားသမျှအချက်အလက်များ၊ သူ၏ အဓိပ္ပါယ်ဖွင့်ဆိုမှုများ မှားနေသည်ဟု ပြောလျှင် သူ့ကို စိန်ခေါ်နေပြီဟု ခံစားရနိုင်သည်။ တစ်ဖက်တွင်လည်း စာမူစစ်ပေးနေသူမှာ သူ့စာမူကိုဖတ်သော ပထမဆုံး ပရိတ်သတ်က သူ့ဇာတ်လမ်းအပေါ် ယုံကြည်ရန်ငြင်းဆိုနိုင်သလို မငြင်းဆိုနိုင်ဘဲလည်းနေနိုင်သည်ကို သဘောပေါက်နိုင်သည်။ စာရေးသူသည် မိမိ၏ ဇာက်လမ်းအပေါ် စိတ်ရောကိုယ်ပါ မြှုပ်နှံထားခဲ့လျှင် အချက်အလက်တိုင်းမှာသူ၏ သွေးသားထဲတွင် စိမ့်ဝင်နေတော့သည်။ ထို့ကြောင့် ထိုဇာတ်လမ်းနှင့်ပတ်သက်ပြီး ပြောဆိုလာလျှင် စိတ်လှုပ်ရှားလွယ်ပြီး တိုက်ရိုက်ပြန်ရှင်းတတ်သည်။ တစ်ဖက်က စာမူကို စိစစ်သူမှာလည်း စာရေးသူ အံချော်သွားမည်ကို စိုးသည်။ သို့တည်းမဟုတ် စိတ်ခံစားချက်ပေါ်တွင် အခြေခံကာ ရေးသားထားခဲ့သည်များ ဖြစ်နေမည်ကိုစိုးသည်။ နောက်ဆုံးတွင် စာမူနှင့် ပတ်သက်၍ ထောက်ပြလျှင် မပြင်မည်ကို စိုးသည်။

ထိုကဲ့သို့သော ပဋိပက္ခများမှမရှောင်နိုင်ကြပေ။ သို့သော် နှစ်ဘက်စလုံးကို တတ်နိုင်သမျှ စာမူကို အကောင်းဆုံးဖြစ်အောင် လုပ်ရန်အတွက် စိတ်ဆုံးဖြတ်မထားကြလျှင် ပို၍ပင် အခြေအနေ ဆိုးနိုင်သေးသည်။ အတ္တမာနနှင့် ကြောက်စိတ်ကြောင့် နှစ်ဘက်စလုံးက အမုန်းစကားများပြောလာလျှင်၊ မယုံကြည်နိုင်ကြလျှင် ထိုသူနှစ်ဦးမှာ ဆက်လက်၍ အတူတကွ အလုပ်မလုပ်သင့်တော့ပေ။

ထို့ကြောင့် စုံစမ်းထောက်လှမ်းရေး သတင်းပရောဂျက်တစ်ခုတွင် အစပိုင်းကပင် မိမိ၏ စာမူအား မည်သူက စစ်ဆေးမည်ကို သိထားသင့်သည်။ ထိုအခါ နှစ်ဦးပူးတွဲကာ မည်သို့ အလုပ်လုပ်နိုင်ကြမည်ကို သိထားနိုင်သည်။ မိမိတို့ချင်းချင်းကြား ခင်မင်မှု တည်ဆောက်ရန် နောက်ဆုံး မိနစ်ထိ စောင့်ပြီးမှ မလုပ်သင့်။ အကယ်၍ ထိုနှစ်ယောက်အတူတွဲပြီး အလုပ်မဖြစ်လျှင် ပရောဂျက်၏ အောင်မြင်မှုကို ထိခိုက်သည်။

# ပုံနှိပ်ခြင်း

## ၈

## ပုံနှိပ်တော့မည်ဆိုလျှင်

MARK LEE HUNTER ရေးသားသည်။

ဤအဆင့်တွင်ကျွန်တော်တို့သည်စာမူကိုပုံနှိပ်ဖော်ပြပါတော့မည်။
ပရိသတ်များများဖတ်အောင်မြှင့်တင်ရေးလုပ်ပါမည်။
ထိုစာမူပါအချက်အလက်များကိုမမှန်မကန်စွပ်စွဲကြသူများအား ပြန်ပြီးခုခံကြရပါမည်။

## အခန်း(၈)

သင်သည်အချိန်အတော်ကြာမြုပ်နှံကာစုံစမ်းထောက်လှမ်းခဲ့ပြီးပြီ။ အင်အားစိုက်ထုတ်ပြီး အရေးကြီးသည့် ဇာတ်လမ်းတစ်ပုဒ်ကို ရှာဖွေတွေ့ရှိခဲ့ပြီ။ ထိုဇာတ်လမ်းနှင့်ပတ်သက်သောအချက်များကို အထောက်အထားများဖြင့် မှန်ကန်ကြောင်းစစ်ဆေးပြီးပြီ။ ယခုထိုစာမူကိုပုံနှိပ်ရန် အချိန်သို့ရောက်ပြီ။ ပုံနှိပ်ဖော်ပြလိုက်သည်နှင့် ထိုသတင်းနှင့်ပတ်သက်ပြီး အုံးအုံးကြွက်ကြွက်ဖြစ်နိုင်သမျှဖြစ်အောင်လုပ်သည့်နည်းဖြင့်ဖြန့်ချိရတော့မည်။

**အဘယ့်ကြောင့်နည်း။**

ရှေ့ဆက်ဖြစ်ရန်မသင့်တော့သောတစ်စုံတစ်ရာသည်ထိုသတင်းကြောင့်ရပ်တန့်သွားတော့မည်လော။
သို့မဟုတ်အခြားနည်းဖြင့်ပြောင်းလဲသွားတော့မည်လော။ ရှေ့လျှောက်သင်၏ စာမူကို ပရိသတ်ကြားတွင် ပြောကြဆိုကြဝေဖန်သမျှကိုချေပပြောဆိုရတော့မည်။ ( ယခင်အခန်းများတွင် တရားရုံးသို့ရောက်နိုင်သည့် ကာကွယ် ချေပခြင်းမျိုးအထိဆွေးနွေးခဲ့ကြသည်)။ မိမိကပြန်လည်ချေပခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ လူသိများအောင်တော့ လုပ်ကြရဦးမည်။

**အဘယ့်ကြောင့်နည်း။**

သတင်းလောကတွင်တကိုယ်တော်လှုပ်ရှားသောသတင်းထောက်မှာများသောအားဖြင့်အဆုံးအရှုံးများတတ်သည်။အကောင်းဆုံးဖြစ်နိုင်ခြေမှာလုပ်ငန်းမထိရောက်ခြင်း၊ အမေ့လျော့ခံဖြစ်ခြင်းတို့ဖြစ်ပြီး အဆိုးဆုံးဖြစ်နိုင်ခြေမှာတရားရုံး၏အပြစ်ဒဏ်ကို ရခြင်းဖြစ်သည်။ The Journalism of Outrage ဟူသောဒေါသဖြင့် တုံ့ပြန်ရေးသားနည်းဟူသောသတင်းမျိုးနှင့်ပြောင်းပြန်ဖြစ်သည်မှာ ကျွန်တော်တို့၏ အတွေ့အကြုံအရ စုံစမ်းထောက်လှမ်းရေး သတင်း ရေးသားနည်းများတွင် ရလဒ်အဖြစ်အချက်အလက်များစွာ စုစည်းကျန်ရစ်သည့်အပြင် မိတ်ဆွေများရှာဖွေကာ ပူးပေါင်းဆောင်ရွက်မှုကို အောင်မြင်ရေးလမ်းစဉ်အဖြစ် အလေးထားရန် တိုက်တွန်းသည်။

ထို့ပြင်စုံစမ်းထောက်လှမ်းရေး သတင်းများသည် ရိုးရိုးသတင်းများထက်စာလျှင် အချိန်၊ငွေနှင့်ခွန်အား စိုက်ထုတ်ရခြင်းပိုများသည်။ အဆုံးသတ်တွင် မူမိမိတို့အင်အား စိုက်ထုတ်ထားသလောက်ကို ပြန်ရအောင် မလုပ်ဖြစ်လျှင် အတော်ပင်မိုက်မဲရာကျပါလိမ့်မည်။အနည်းဆုံး မီဒီယာကထိုသတင်းကိုဖော်ပြသည့်အတွက် မိမိတို့ရသင့်သော ပိုမိုကြီးမားသည့်ဂုဏ်သရေ၊ လေးစားအားကျခံရခြင်းတို့ကို ရအောင်ယူကြရမည်။ ထို့ပြင်အများပြည်သူက မိမိတို့အား ပိုမိုသိရှိလာနိုင်သည့် အခွင့်အရေးကို ရရှိကြမည်။ သို့ဖြစ်ရာ လွတ်လပ်ပြီး သတင်းအချက်အလက်များစွာကို ပေးနိုင်သောမီဒီယာကရသော ငွေကြေးအကျိုးအမြတ်မှာအခြား မီဒီယာများထက် ပိုမိုကြီးမားနိုင်သည်ကို ဖော်ပြနေသည်။ စာဖတ်သူတို့သည် ၎င်းတို့ထံတင်ပြလာသော စာ၏တန်ဖိုးကို သိမြင်နားလည်သူများဖြစ်အောင်လည်း အားထုတ်ကြရမည်။

စာမူကိုပုံနှိပ်တင်ပြရာတွင်လည်းကောင်း၊ မိမိ၏အရေးအသားကို ချေပပြောဆိုရာတွင် လည်းကောင်း၊သတင်းအားပြည်သူကြားသို့ ပိုမိုပြန့်နှံ့အောင်လုပ်ရာတွင်လည်းကောင်း လိုအပ်သောအခြေခံလုပ်ငန်း အဆင့်ဆင့်ကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

# အခန်း(၈)

## ပုံနှိပ်ထုတ်ဝေခြင်း

ပုံနှိပ်ခြင်းမပြုမီစာမူကိုကောင်းစွာတည်းဖြတ်ကြရမည်။ စုံစမ်းထောက်လှမ်းရေးသတင်းများနှင့် မရင်းနှီးသော ကော်ပီအယ်ဒီတာများသည် အချက်အလက်များကိုမှားယွင်းပြီး ဖြတ်တောက်လိုက်တတ်သဖြင့်စာမူ၏ အရှိန်အဝါ လျော့ပါးသွားနိုင်သည်။ အရေးကြီးသည်များကို ပြန်ထည့်ပေးရန် ကော်ပီအယ်ဒီတာနှင့် အတိုက်အခံလုပ်ရန် သော်လည်းကောင်း၊ မလိုအပ်သည့်နေရာများတွင် တင်းမခံဘဲလိုက်လျောနိုင်ရန်လည်းကောင်း အဆင်သင့်ဖြစ်ကြရမည်။

စာမူနှင့်အတူသင့်လျော်သည့်ရုပ်ပုံများ သရုပ်ဖော်ပုံများပါဝင်နေရန် သတိပြုရမည်။အရည်အသွေးမကောင်းသော ဂရပ်များ၊ သရုပ်ဖော်ပုံနှင့်ဓါတ်ပုံများကြောင့် စာမူအားမကောင်းတော့ဘဲနားလည်ရပိုခက်ခဲသွားတတ်ပြီး ဆွဲဆောင်မှုမရှိ ဖြစ်တတ်သည်ကိုလည်း သတိပြုရမည်။

## စာမူကိုသင့်တင့်သောခေါင်းကြီးဖြင့်ထည့်သွင်းထားခြင်းရှိမရှိစစ်ဆေးကြရမည်။

မိမိ၏စာမူ၏ ဆိုလိုရင်းနှင့်မကိုက်ညီသည်များကို အယ်ဒီတာကဆွဲထုတ်ပြီး ခေါင်းတင်ထားလျှင်လက်မခံရပါ။ မိမိ၏ စာမူထဲတွင်ပြောထားသောအချက်အလက်များနှင့်မသက်ဆိုင်သည့်ခေါင်းစဉ်ကိုပေးပြီးလူစိတ်ဝင်စားအောင်လုပ်ခြင်းကိုလည်း လက်မခံသင့်ပါ။

သတင်းစာတွင် ဤစာမူအား အသင့်တော်ဆုံး အကောင်းဆုံး နေရာတွင်ထည့်ပေးရန် အယ်ဒီတာထံတောင်းဆိုကာ ပရိသတ်များထံ အပျံ့နှံ့ဆုံးရောက်ရှိနိုင်အောင်ကြိုးစားရမည်။

## ပြည်သူများထံရောက်သွားသောသတင်းအတွက်ချေပခုခံခြင်း

မိမိစုံစမ်းခဲ့သောဇာတ်လမ်းတွင် ပါရှိသောရင်းနှီးနေသည့် သတင်းရင်းမြစ်များအားလုံးကို မည်သည့်နေ့ရက်တွင် မီဒီယာထဲတွင် ပါလာမည်ဖြစ်ကြောင်း အကြောင်းကြားထားနိုင်သည်။ ထိုသူများအားလုံးကို သူတို့သတင်းပါလာသော စာစောင် သို့မဟုတ် ကြည့်ရှုနိုင်သော ဝက်ဘ်ဆိုက် လိပ်စာအားပေးဖြစ်အောင်ပေးရမည်။ ထိုကိစ္စအား ကိုင်တွယ်နေသော လွှတ်တော်အမတ်များနှင့် နိုင်ငံရေးခေါင်းဆောင်များကိုလည်း ထိုသတင်းကို ဖတ်ဖြစ်အောင်လက်ထဲ ထည့်ပေးရမည်။

ပုံနှိပ်ထုတ်ဝေခြင်း ပြုလုပ်တော့မည့်အချိန်နှင့် ကပ်နေသောအခါမျိုးတွင် မီဒီယာနှင့်အရပ်ဘက် လူ့အဖွဲ့အစည်း ကဏ္ဍတွင် လှုပ်ရှားနေကြသော ရင်းနှီးသည့်လုပ်ဖော်ကိုင်ဖက်များကို ထိုသတင်းနှင့်သတင်းတွင် ကိုးကားထားသော ရည်ညွှန်းစာရွက်စာတမ်းများ ပေးပို့နိုင်သည်။ ထိုသူတို့သည် သတင်းတွင်ရည်ညွှန်းထားသော စာရွက်စာတမ်းများကို လိုချင်သည့်တိုင်အောင် ချက်ချင်းအလွယ်တကူရရှိရန် မလွယ်ပေ။ သို့ဖြစ်ရာ သတင်းသက်သက်ကိုသာပို့ပြီး အထောက် အထားကိုမပို့သေးလျှင် ထိုသူတို့အနေဖြင့်ကိုးကားရန် ဝန်လေးသွားနိုင်သောကြောင့် အရေးကြီးသော ရည်ညွှန်း စာရွက်စာတမ်းများကိုပါပေးပို့ခြင်းဖြစ်သည်။

## အခန်း(၈)

ထိုစာမူပါဖော်ထုတ်ချက်များနှင့် ပတ်သက်၍ ပြည်သူ့အရေးဆွေးနွေးခန်းများ ( အခြားမီဒီယာများတွင်လည်းကောင်း၊ တက္ကသိုလ်များတွင်လည်းကောင်း၊ ပြည်သူ့လူ့အဖွဲ့အစည်းများတွင်လည်းကောင်း )ဆွေးနွေးဖြစ်ကြရန်လည်း စီစဉ်ပေးနိုင်သည်။

မိမိအား တန်ပြန်တိုက်ခိုက်လာသူများ ရှိလာနိုင်သည်ကိုလည်း မျှော်လင့်ထားပါ။ ထိုသူတို့၏ တရားဝင်တုံ့ပြန်ချက်များအပေါ် အခြေခံပြီး စွဲချက်များကို ပြန်လည်ချေပရန် စာမူအသစ်တစ်ပုဒ်ကို ပြင်ဆင်ကာ၄င်းတို့၏ခံစစ်ကိုဖြိုချပါ။ Annie- Marie Casteret**သည်** ထိုနည်းကိုအောင်မြင်မှုများစွာ ရရှိခဲ့သည့်ရောဂါပိုးပါသောသွေးများအကြောင်းထောက်လှမ်းသောသတင်းထွက်ရှိလာချိန်တွင် အသုံးပြုခဲ့သည်။

### ပြည်သူများကြားတွင်ပျံ့နှံ့အောင်လုပ်ခြင်း

သတင်းမထုတ်ပြန်မီအချိန်တွင် ထိုသတင်းအကြောင်းကို ကြိုတင်ကြော်ငြာထားနိုင်သည်။ စုံစမ်းတွေ့ရှိမှုများမှ အရေးပါသော တွေ့ရှိချက်များကို ဝါကျအနည်းငယ်ဖြင့် တိုတိုတုတ်တုတ်ဖော်ပြနိုင်သည်။ ထွက်လာချိန်တွင် ဖြန့်ချိမှုကိုအမြင့်ဆုံးအနေအထား ရောက်အောင်ဆောင်ရွက်မည်။

မိမိမီဒီယာနှင့် ပြိုင်ဖက်မဟုတ်သော မီဒီယာများတွင်တပြိုင်တည်း ဖြန့်ချိခြင်းများကိုလည်း ပြုလုပ်နိုင်သည်။ ပြည်ပနိုင်ငံများနှင့်အခြားသော မီဒီယာကဏ္ဍများတွင်လည်း ဖော်ပြနိုင်သည်။ ဥပမာ- ပုံနှိပ်မီဒီယာတွင် ထုတ်ပြန်သောသတင်းကို ရေဒီယိုတွင်လည်း တချိန်တည်းထုတ်ပြန်နိုင်သည်။ ရေဒီယိုသတင်းကိုလည်း ထိုနည်းတူပင်ဖြစ်သည်။

အင်တာနက်ဖိုရမ်များကို ထိုစာမူထွက်လာသည့်ကိစ္စအား အကြောင်းကြားရန်နှင့်သက်ဆိုင်ရာ ပြည်သူ့လူ့အဖွဲ့အစည်းများအား ဆော်ဩရန်တို့ကိုလည်းဆောင်ရွက်နိုင်သည်။

### နိဂုံး

မိမိသတင်းကို မီဒီယာကြီးတစ်ခုက ဖော်ပြသည်ဖြစ်စေ၊ မီဒီယာအသေးတစ်ခုကဖော်ပြသည်ဖြစ်စေ၊ ထိုသတင်းကိုဖတ်ရသူများက ၄င်းတို့အတွက် ထိုသတင်းမှာ အရေးကြီးကြောင်း သတိထားမိနေစေခြင်းကအဓိကကျသည်။ အခြားမည်သည့်ရလဒ်ကိုမျှ မရနိုင်ခဲ့သောသတင်းမျိုးဖြစ်နေခဲ့လျှင်ပင် ထိခိုက်နစ်နာရသူများထဲတွင် ပါဝင်သောစာဖတ်သူများတွင် သူတို့အတွက်တစ်စုံတစ်ယောက်ကိုယ်စားပြု တင်ပြပေးနေသည်ဟူသောခံစားချက်မှာ ကျန်ရစ်မည်။

မိမိအလုပ်မှ ထွက်ပေါ်လာသည့်ရလဒ်ကို နားထောင်ရန်အချိန်ယူပါ။ ဝေဖန်ချက်များကို နားထောင်ပါ။ ထိုဝေဖန်ချက်များကို ပြန်လည်အသုံးချပါ။ အချို့သောသူများကမူမိမိအား ဇာတ်လိုက်တစ်ဦးသဖွယ်ဆက်ဆံလာကြမည်။ မိမိကလူအများထံမှ ဆက်လက်လေ့လာသင်ယူနေသရွေ့ ထိုသို့ဆက်ဆံလာခြင်းမှာလည်း ပြဿနာမရှိပါ။

အခြားစိတ်ကူးစိတ်သန်းရှိခဲ့လျှင် အကောင်အထည်ဖော်ပါ။ မိမိကျင်လည်ရာ နယ်ပယ်ပြောင်းရွှေ့ကောင်း ပြောင်းရွှေ့မည်။ လုပ်ကိုင်နေသောကဏ္ဍ ပြောင်းလျှင်ပြောင်းမည်။ သေချာသည်မှာ ထိရောက်သောအလုပ်ကို ရွေးလုပ်ပြီး မထိရောက်သော အလုပ်များကိုသင်က ရွေးချယ်တော့မည်မဟုတ်။ မည်သို့ပင်ဖြစ်စေ စုံစမ်းထောက်လှမ်းသည့် သတင်းတစ်ပုဒ်ပြီးတိုင်းတွင် သင်သည်ပိုပြီး အားအင်ပြည့်လာခဲ့သည်။

မည်သည့်နေရာကိုရောက်နေသည်ဖြစ်စေ၊ မိမိသုံးလေ့ရှိသောနည်းများကိုမိမိနှင့်အတူယူသွားပါ။ အောင်မြင်ပါလိမ့်မည်။ ကျွန်တော်တို့လည်း ထိုနေရာများတွင်ရှိခဲ့ဖူးသော်ကြောင့်ထိုကာလများကိုသိနေခြင်းဖြစ်ပါသည်။

သင့်ကိုကျွန်တော်တို့က ကြိုဆိုလိုက်ပါသည်။ ကံကောင်းပါစေသတည်း။

# အကြံပြုလိုသောရည်ညွှန်းစာအုပ်စာတမ်းများ

စုံစမ်းထောက်လှမ်းရေး သတင်းရေးသားနည်းကို စိတ်ဝင်စားလျှင် ဆက်လက်လေ့လာကြပါဦး။ ဤစာမျက်နှာတွင် ပါရှိသော စာအုပ်စာတမ်းများမှာ ထိုနေရာသို့ဝင်ရန် လမ်းစများပင်ဖြစ်သည်။ ထိုစာအုပ်များအားလုံးနီးပါးသည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားခြင်းဖြစ်ပြီး အချို့မှာနိုင်ငံတကာ ဘာသာစကားအမျိုးမျိုးဖြင့် ရေးသားထားကြသည်။ ဘာသာစကားကို စာပေများလေ့လာနိုင်သည့်အထိ ကျွမ်းကျင်အောင်ကြိုးစားကာ စုံစမ်းထောက်လှမ်းရေးသတင်းစာပညာဘာသာရပ်တွင် တွေ့ရှိနိုင်သည်များကို လေ့လာကြည့်ရန် တိုက်တွန်းလိုပေသည်။

## စာအုပ်များ


LEONARD DOWNIE, JR.,
The New Muckrakers.
New Republic Books, 1976.
ဝါးတားဂိတ်အပြီးတွင် ရေးသားသောစာအုပ်ဖြစ်သည် ဝါရှင်တန်ပို့စ်မှ အရေးပါသူတစ်ဦးက ရေးသားခဲ့ခြင်းဖြစ်ပြီး ထိုသမိုင်းမှတ်တိုင်အဖြစ်အပျက်ကြီး၏ ဝိဉာဉ်နှင့် ပါဝင်ပတ်သက်ခဲ့သူများအကြောင်းကိုကောင်းစွာဖမ်းဆုပ်ပြနိုင်သော စာအုပ်ဖြစ်သည်။

BRANT HOUSTON,
Computer-assisted reporting:
A Practical Guide.
St. Martin's Press, 1996.
ဒေတာများကိုစုံစမ်းထောက်လှမ်းရေးတွင်မည်သို့သုံးနိုင်သည်ကိုအကောင်းဆုံးလမ်းညွှန်နိုင်သောစာအုပ်ဖြစ်သည်။

BRANT HOUSTON, LEN BRUZZESE,
STEVE WEINBERG
The Investigative Reporter's Handbook: A Guide to Documents, Databases and Techniques.
Bedford/St. Martin's, 4th Edition (2002).
စုံစမ်းထောက်လှမ်းရေးသတင်းထောက်များနှင့်အယ်ဒီတာများအတွက်လက်စွဲစာအုပ်နောက်ဆုံးမူဖြစ်သည်။ ခေတ်မီသောနည်းလမ်းများစွာအသုံးပြုထားသည်။

MARK HUNTER,
Le Journalisme d'investigation en France et aux Etats-Unis.
Presses universitaires de France, coll; Que sais-je?, 1997.
နေရာနှစ်ခုတွင်ပေါ်ပေါက်ခဲ့သောစုံစမ်းထောက်လှမ်းရေးသတင်းစာပညာပုံစံများကိုနှိုင်းယှဉ်ရှင်းပြသည်။ အရေးပါသောစုံစမ်းထောက်လှမ်းရေးသတင်းကြီးများမှ အတွေ့အကြုံများကိုအသေးစိတ်ရှင်းပြထားသည်။ ပြင်သစ်ဘာသာဖြစ်သည်။

GAVIN MCFADYEN,
Investigative Journalism.
2nd edition. T&F Books, 2009.
London Centre for Investigative Journalism ကိုတည်ထောင်သူ အတွေ့အကြုံကြွယ်ဝသည့်ရုပ်သံစုံစမ်းထောက်လှမ်းရေးဂျာနယ်လစ်တစ်ဦးရေးသားသည့်လက်စွဲစာအုပ်ဖြစ်သည်။

DAVID L. PROTESS, FAY LOMAX COOK,
JACK C. DOPPELT, AND JAMES S. ETTEMA,
The Journalism of Outrage: Investigative Reporting and Agenda-Building in America.
New York: The Guilford Press, 1991.
စုံစမ်းထောက်လှမ်းရေးသတင်းများလိုက်ရာတွင်အကျိုးကျေးဇူးတစ်ခုခုဖြင့် အဆုံးသတ်အောင်မည်သို့ဆောင်ရွက်ရမည်နည်း၊ အမေရိကအပြင်ဘက်စုံစမ်းထောက်လှမ်းရေးလောကတွင်မည်သို့အသုံးတည့်နိုင်သနည်းဆိုသည်ကိုရေးသားထားသည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

PAUL CRISTIAN RADU,
Follow the Money:
A Digital Guide for Tracking Corruption.
International Center for Journalists
Romanian Centre for Investigative Journalism, 2008.
Free download:
http://www.icfj.org/Resources/FollowtheMoney/tabid/1170/Default.aspx.
စီးပွားရေးလုပ်ငန်းကြီးများအား နိုင်ငံအသီးသီးတွင်ထောက်လှမ်းရာ၌မည်သို့အချက်အလက်ရှာဖွေရမည်ကိုလမ်းညွှန်ထားသော ဂျာနယ်လစ်လက်စွဲစာအုပ်ဖြစ်သည်။ အချက်အလက်ရှာဖွေနည်းများပါဝင်သည်။

TOM WOLFE
The New Journalism.
London: Pan, 1975.
ဆောင်းပါးကောင်းများစွာပါဝင်သော စာအုပ်ဖြစ်သည်။ နက်ရှိုင်းစွာထောက်လှမ်းရသောကိစ္စများတွင်သတင်းရင်းမြစ်များနှင့်ဆက်ဆံရေးတည်ဆောက်ပုံ၊ စာမူရေးသားရာတွင်သတင်းကြောင့်ရလာမည့်အကျိုးကျေးဇူးများထိရောက်မှုရှိအောင်ဇာတ်လမ်းသဖွယ်ရေးသားပုံများတင်ပြထားသည်။

# ဝက်ဆိုက်ဒ်များ

http:/ / www.arij.net

International Media Support u Arab Reporters for Investigative Journalism ကိုအကူအညီများစတင်ပေးအပ်ခဲ့စဉ်ကဖြစ်ဖြစ်မြောက်မြောက်လုပ်သည့်ကိစ္စများ ရှိနိုင်ပါ့မလားဟု တွေးတောစရာဖြစ်သည်။ ယခုဝက်ဘ်ဆိုဒ်စာ ထိုဌာနက လုပ်ခဲ့သမျှအတွက်သက်သေပင်ဖြစ်သည်။ ဒေသတွင်းရော၊ နိုင်ငံတကာအဆင့်တွင်ပါ အရေးပါလာသည့်စုံစမ်းထောက်လှမ်းရေးသတင်းဌာနတစ်ခုလည်းဖြစ်လာခဲ့ပါသည်။

http:/ / www.cin.ba/ Home.aspx

Drew Sullivan တည်ထောင်သောဘော့စနီးယား-ဟာဇီဂိုးဗီးနားအကြောင်းရေးသားသည့် ဝက်ဘ်ဆိုဒ် ဖြစ်သည်။ Center for Investigative Report ဟုခေါ်ခဲ့ရာမှ CIN ဟု ဖွဲ့စည်းလိုက်ပြီး ရာဇဝတ်မှုနှင့် အဂတိလိုက်စားမှုများတင်ပြရာတွင်စံပြသတင်းဆိုဒ်တစ်ခုဖြစ်လာခဲ့သည်။

http:/ / www.crji.org

ရိုမေးနီးယားဂျာနယ်လစ်များ၏ စုံစမ်းထောက်လှမ်းရေးသတင်းဝက်ဘ်ဆိုဒ်ဖြစ်သည်။ ငယ်ရွယ်သောရည်မှန်းချက်ကြီးမားသောသတင်းထောက်များ၏ လက်ရာများကိုတွေ့နိုင်သည်။

http:/ / www.centerforinvestigativereporting.org

ကယ်လီဖိုးနီးယားပြည်နယ်အော့ကလန်တွင်အခြေစိုက်သောစုံစမ်းထောက်လှမ်းရေး သတင်းထောက်များ စုဝေးရာဖြစ်သည်။ ဝါးတားဂိတ်နောက်ပိုင်းတွင်သတင်းထောက်များ အမှီအခိုကင်းစွာဖြင့်သတင်း စုံစမ်းထုတ်ပြန်ခဲ့သည့်သမိုင်းကြောင်းထင်ရှားစွာရှိသည်။

http:/ / www.fairreporters.org

အာဖရိကသတင်းလောကနှင့်လိုက်လျောညီထွေဖြစ်သောစုံစမ်းထောက်လှမ်းနည်းများကိုပံ့ပိုးပေးသောစုံစမ်းထောက်လှမ်းရေးသတင်းထောက်များဖိုရမ်ဖြစ်သည်။

http:/ / www.globalinvestigativejournalism.org

နိုင်ငံပေါင်း ၅၀ ကျော်မှထောက်လှမ်းရေးသတင်းထောက်များစုစည်းထားသည့်စုံစမ်းထောက်လှမ်းရေးသတင်းစာပညာကွန်ရက်ဖြစ်သည်။ တစ်နှစ်လျှင်နှစ်ကြိမ်ခန့်ကွန်ဂရက်ပွဲမှန်ကျင်းပသည်။ ကွန်ဖရင့်တွင်တင်ပြမှုသည်ကို ဒေါင်းလုပ်ရယူနိုင်သောနေရာဖြစ်ပြီး သတင်းထောက်များအတွက်အသုံးတည့်မည့်လုပ်ကိုင်ဆောင်ရွက်ရန်နည်းလမ်းများလည်းပေးသည်။ Global-L mailing list သို့ဝင်ရောက်ကာအချက်အလက်များရယူနိုင်သည်။

http:/ / www.ire.org

ကမ္ဘာပေါ်တွင်ပထမဆုံးတည်ထောင်သောစုံစမ်းထောက်လှမ်းရေးသတင်းထောက်များနှင့်အယ်ဒီတာများအဖွဲ့ထဲမှတစ်ခုဖြစ်သည်။ အကြောင်းအရာပေါင်းများစွာကိုထောင်ချီတွေ့ရှိနိုင်ပြီး သင်တန်းဆရာများအနေဖြင့် အဖွဲ့ဝင်ကြေးပေးကာ သတင်းထောက်များအတွက်သင်ကြားရေးအကြံပြုချက်များရယူနိုင်သည်။

http:/ / markleehunter.free.fr

စာရေးသူ Mark Lee Hunter ၏ ဝက်ဘ်ဆိုဒ်ဖြစ်ပြီး ဤစာအုပ်ပါနည်းလမ်းများကိုအသုံးပြုထားသောဆောင်းပါးများနှင့်စာအုပ်များမှကောက်နုတ်ချက်များကိုတွေ့နိုင်သည်။

http:/ / www.publicintegrity.org

The Center for Public Integrity သည်ထောက်လှမ်းရေးလုပ်ငန်းများတွင်သက်တမ်းအရင့်ဆုံး အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အထောက်အပံ့များရရှိသောထိုအဖွဲ့ကြီးမှထုတ်ပြန်သည့်သတင်းများကိုကမ္ဘာအရပ်ရပ်ကစံတစ်ခုအဖြစ်လေ့လာကြရသည်။ ထိုအဖွဲ့ကြီးတွင်ပါဝင်သူများသည် The International Consortium of Investigative Journalists ကို တည်ထောင်ခဲ့ကြသည်။

http:/ / www.i-scoop.org

Scoop ခေါ် ဒိန်းမတ်မှစုံစမ်းထောက်လှမ်းရေးသတင်းများသင်ကြားပေးသည့်ဌာနဖြစ်သည်။ ဥရောပတလွှားတွင်စုံစမ်းထောက်လှမ်းရေး သတင်း ပရောဂျက်များကိုလည်းဆောင်ရွက်သည်။ စုံစမ်းထောက်လှမ်းရေးသတင်းလောကတွင်လေးစားရသူများပါဝင် ဆောင်ရွက်နေခြင်းဖြစ်သည်။

စုံစမ်း ထောက်လှမ်းရေး အထူးပြုသတင်းစာပညာ၏ သဘောတွင် အာဏာလက်ကိုင်ရှိသူတစ်ဦးက အခြားသူများ မသိနိုင်အောင် ဖုံးကွယ်ထားသော အရေးကိစ္စများကို ဖေါ်ထုတ်ခြင်း၊ သို့မဟုတ် ထိုသူက မရည်ရွယ်သော်လည်း ဖုံးကွယ်နေသည့် သတင်းများကို စုံစမ်းထောက်လှမ်းရခြင်းများပါဝင်သည်။ ထိုကဲ့သို့သော လျှို့ဝှက်မှုများ၏ နောက်ကွယ်တွင် ရှိနေတတ်သော ရှုပ်ထွေးသည့် အကြောင်းအရာများ၊ အခြေအနေများကို အကျိုးအကြောင်း ဆင်ခြင်သုံးသပ်ကာ အများပြည်သူထံသို့ အရောက် ဖွင့်ထုတ်တင်ပြခြင်းဖြစ်သည်။ ဤနည်းအားဖြင့် စုံစမ်းထောက်လမ်းရေးအထူးပြု သတင်းစာပညာသည် ယူနက်စကိုက အလေးထားလုပ်ရှားနေသည့် မီဒီယာ လွပ်လပ်ခွင့်နှင့် ပြည်သူတို့၏ ကြားသိပိုင်ခွင့် အတွက် အရေးပါသော အခန်းကဏ္ဍမှ အကျိုးပြုနေပါသည်။ မီဒီယာက ပြည်စောင့်ခွေးအဖြစ် ထမ်းဆောင်ရန် တာဝန်ယူရခြင်းမှာ ဒီမိုကရေစီစနစ်တစ်ခု၏ အစိတ်အပိုင်းပင် ဖြစ်သည်။ ထို့ကြောင့်ပင် ကမ္ဘာအရပ်ရပ်တွင် စုံစမ်း ထောက်လှမ်းရေးအထူးပြု သတင်းစာပညာ အားကောင်းလာစေရေးအတွက် ယူနက်စကိုအနေဖြင့် အပြည့်အဝကူညီအားပေးလျက် ရှိပါသည်။ ယခု ထုတ်ဝေလိုက်သော စာအုပ်မှာလည်း စုံစမ်းထောက်လှမ်းရေး အထူးပြုသတင်းစာပညာ ပြန့်ပွားရေးအတွက် အရေးပါသော အထောက်အပံ့တစ်ခုဖြစ်မည်ဟု ယုံကြည်ပါသည်။ ဂျာနယ်လစ်များနှင့် မီဒီယာသမားများအတွက်သာမက သတင်းစာပညာပြန့်ပွားရေးအတွက် ဆောင်ရွက်နေသူများ၊ မီဒီယာသင်တန်းပေးသူများအတွက် တန်ဖိုးရှိသော စာအုပ်တစ်အုပ်ဖြစ်မည်ဟုမျှော်လင့်ပါသည်။

Jānis Kārkliņš

ဆယ်သွယ်ရေးနှင့် သတင်းအချက်အလက်ဌာန၊ လက်ထောက်အထွေထွေ ညွှန်ကြားရေးမှူး
ယူနက်စကို

ယူနက်စကိုဆက်သွယ်ရေးနှင့်
သတင်းဌာန

ISBN 9 789231 041891

ISBN: 9789231041891